www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

နွယ်ထက်ရင့်သောနွယ်

(အချစ်လုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၄၊ စက်တင်ဘာလ၊ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ကြယ်စင်မှူးဝေ ၈၉၅.၈၃

နွေထက်ရင့်သော...နွေ / ကြယ်စင်မှူးဝေ။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၄ ။

၂၁၈ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။

(၁) နွေထက်ရင့်သော...နွေ


# ကြယ်စင်မှူးဝေ

# နွေထက်ရင့်သော... နွေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နေသူရ. . .

ခြောက်ပေလောက်ရှိသည့်အရပ်နှင့် ခပ်ရှင့်ရှင့်ရုပ်က သူ့ရဲ့ကျစ်လစ်လှပသည့် ကိုယ်ခန္ဓာနှင့် တွဲဖက်လိုက်တော့ ဟောလီးဝုဒ်မင်းသားတွေလို ချောချောခန့်ခန့်။ သန့်တော့ မသန့်နိုင်ပါ။ သူ့အလုပ်က ကုန်တင်ကား ဒရိုင်ဘာ။ အသက်က အစိတ်မပြည့်သေးတဲ့လူငယ်။

လူတွေကတော့ ကားဒရိုင်ဘာ၊ ကားစပယ်ယာဆိုသည်နှင့် လူလည်ပန်ကာတွေ၊ အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်စားသည့်သူတွေလို့ အများအားဖြင့် ယူဆတတ်ကြသည်။

သို့သော် လောကကြီးထဲမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေသလိုပဲ သူတို့ကားလောကမှာလည်း လူကောင်းရော လူဆိုးပါ ရှိကြပါသည်။ လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေး၊ ကိုယ်လမ်းကိုယ်ဖောက်ကြတာပဲလေ။ သူဟာ သူ့အပေါင်းအသင်းတချို့ပြောသလိုပဲ ငကြောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်၊ အချဉ်တစ်ကောင်တော့မဟုတ်။ သို့သော် သူ့အဖြစ်က နည်းနည်းလေး စံလွဲနေလေတော့ ပြောသမျှခံနေရသည့်အဖြစ်။

အင်းလေ. . . လမ်းဆုံးတော့လည်း ရွာတွေ့ကြမှာပါ။ မြွေမှန်လျှင် တွင်းဝင် ဖြောင့်ပြမှာပါ။ ကားမောင်းလျှင် အတွေးများလို့မရသည့်မို့ ကားနားလျှင်တော့ သူ့အတွေးထဲမှာ စိတ်ကိုလွှင့်တင်ထားမြဲ။

ယခုလည်း ရန်ကုန်-မန္တလေးကုန်ကားတွေကို သူမောင်းရသည်မို့ ခရီးဆုံးရောက်သည့်အခါ သူတို့ကားပိုင်ရှင်၏ပွဲရုံအပေါ်ထပ်မှာ သူနားရမည်။ မနက်ကားဆို ညရောက်ပြီး၊ ညကားဆို မနက်မှာ ရောက်မြဲမို့ ယခု သူ့အလှည့်က မနက်ထွက်မို့ ညနေခြောက်နာရီမှာ ရောက်ခဲ့ပြီ။

စပယ်ယာကိုညိုကတော့ ထုံးစံအတိုင်း ယမကာလုလင်လုပ်ဦးမည်ထင်ရဲ့၊ အပေါ်ထပ်မှာ သူတစ်ယောက်တည်း။ အောက်ထပ်ကတော့ ပွဲရုံစီပီ ဆူလို့ညံလို့။ နေ့မှန်းမသိညမှန်းမသိ။ ကားအဝင်အထွက်တွေကလည်း ရှုပ်မှရှုပ်။

နေသူရ ရေမိုးချိုး၊ အနားမှာရှိသည့်ထမင်းဆိုင်မှာ ထမင်းစားပြီးသည်နှင့် အပေါ်ထပ်မှာ အနားယူလိုက်၏။ သူ့မျက်ဝန်းထဲမှာ အလိုလိုမြင်လာတာက မြလင်းကြည်ဖြူ။

ဆံပင်ရှည်လေးနှင့် ယဉ်ကျေးသိမ်မွေ့လှပသည့် သူ့ရဲ့ချစ်သူလေးဟာ ဟောက်(စ်)ဆင်းနေသည့် ဒေါက်တာမလေးပါ။ ချစ်သူကိုမြင်ယောင်လိုက်သည်နှင့် သူ့နှလုံးသွေးတွေ ပူနွေးလာတာ ယခုထိ။ ချစ်သူသက်တမ်း ခုနစ်နှစ်ထိ ရှိလာပေမယ့် သူ့နှလုံးသားဟာ ယခုထိ ပူနွေးလတ်ဆတ်ဆဲပါ။ အချိန်တွေ ကြာလာပေမယ့် သူ့အချစ်က အိုရင့် ပေါ့





လျော့မသွား။

ဒါကြောင့်လည်း သူငယ်ချင်းတွေက ငြောင်ဘွဲ့ပေးကြခြင်း၊ ကောက်ရိုးပုံစောင့်တဲ့ခွေးလို့ ပြောကြခြင်းဖြစ်မည်။

မြလင်းကြည်ဖြူ. . . တဲ့။

ချစ်စရာအမည်နာမလေးနှင့် ချစ်စရာကောင်းမလေးဟာ သူ့ချစ်သူပေါ့။ ပြီးတော့ ဘယ်လောက်ဂုဏ်ယူစရာကောင်းသိုက်သလဲ။ သီချင်းတွေထဲမှာ စာအုပ်တွေထဲမှာ ကဗျာတွေထဲမှာ တင်စားရေးကြသလိုပေါ့။ ဘာတဲ့. . . ဥယျာဉ်မှူး. . . အဲ! အချစ်ဥယျာဉ်မှူးဆိုဘာလိုပေါ့။

သူ့ထက် နှစ်နှစ်ငယ်သည့် သူ့ချစ်သူလေးဟာ သူ့လို လူကြမ်းတစ်ယောက်နှင့် တန်တော်မတန်။ သူ့လိုလူကိုချစ်ခဲ့မိသည့်ချစ်သူလေးကို သူကတော့ တယုတယ တမြတ်တနိုးချစ်နေမှာ။

ကြည့်ပါဦး. . . ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနှင့်အောင်သည့် ချစ်သူမလေးခမျာ ဆေးတက္ကသိုလ်တက်ချင်ပေမယ့် မိုးလက်လှမ်းမမီဖြစ်နေခဲ့ရသည်။ နိုင်ငံတော်က ဆုတွေဘာတွေ ပေးကြပေမယ့် ထိုဆုတွေဟာ ဆေးကျောင်းတစ်လျှောက်လုံးတက်ရလောက်အောင်တော့ မလုံလောက်ပါ။

ဖောင်ဒေးရှင်းတွေက တာဝန်ယူသည်ဆိုပြန်တော့လည်း သူ့အချက်အလက်နှင့်ကိုက်ညီမှ။ သည်တော့ ချစ်သူခမျာ ဆေးကျောင်းတက်ရတော့ဘဲ စတိုးဆိုင်စာရေးမ လုပ်ရတော့မလိုလို၊ အထည်ချုပ်စက်ရုံမှာပဲ လုပ်ရတော့မလိုလို။

သူ့မိဘတွေဆိုတာကလည်း ဖအေက အမှုသမား၊ မအေကစက်ချုပ်ရင်း မိသားစုရဲ့မနိုင်ဝန်ကို ထမ်းနေရသူ။ မောင်နှမကလည်း



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်။

သူကတော့ မရှိမရှားမိသားစုကပါ။ မအေမုဆိုးမပေမယ့် အစ်မဖြစ်သူက အထက်တန်းပြဆရာမ၊ ယောက်ဖက နာမည်ကြီးကျူရှင်ဆရာ၊ မိဘရဲ့ခြံနှင့်အိမ်မှာနေကြပြီး အစ်မလင်မယားရဲ့လုပ်စာကို ကပ်စားနေခဲ့ရသလို၊ အမေကတော့ မြေးကိုထိန်းကျောင်းရင်း မအားမလပ်နှင့် အလုပ်ရှုပ်နေရပေမယ့် အိမ်မှာ အလုပ်အားနေရတာသူ။

အဲ. . . သူကလည်း ဆယ်တန်း သုံးခါဖြေမှ အောင်တာဆိုတော့ ဘွဲ့တံဆိပ်က နည်းတာမဟုတ်။ သူငယ်ချင်းညီအစ်ကိုရဲ့ဝပ်ရှော့မှာ သွားသွားလည်ရင်း ဝါသနာအရ ကားလည်းမောင်းတတ်သလို၊ ကားလည်းတော်ရုံတန်ရုံဆို ပြင်တတ်နေတာပါပဲ။ အမောင်းလိုင်စင်တောင်ရလို့။

ယောက်ဖက ဝင်ငွေအရှာကောင်းတော့ အိမ်မှာဆို ဘုရားတစ်ဆူလောက်နီးနီး ညြဖာကြီးနေပြီး၊ အမေကလည်း မျက်နှာသာပေးရ၊ အစ်မကလည်း သူ့ယောက်ျားကိုများဆို ပြာလို့။ ငါးခြောက်ဆို ဖုတ်ပြီးသား၊ ရေဆို ခပ်ပြီးသား။

သူ ကြည့်လို့မရခဲ့။ ယောက္ခမအိမ်မှာ အခန့်သားတက်နေပြီး သူ့ကိုပဲ ထိုင်ရှိခိုးရတော့မည့်ပုံ။ ဘယ်ရမလဲ. . . ဒီကလည်း နေသူရပဲဟာ။ ရပ်ကွက်ထဲက ငပွကြီးပဲဟာ။

ကိုယ့်သမိုင်းကြောင်းကိုပြန်တွေးမိတော့ နေသူရ ပခုံးတွန့်မိပါ၏။ သမိုင်းကြောင်းက ဒဏ်ရာတွေပရပွနှင့် အဲလိုစခဲ့တာ။ မအေနှင့်အစ်မကို ပြောပစ်လိုက်ခဲ့၏။

"အမေတို့ ဘာဖြစ်လို့ သူ့ကိုထိုင်ရှိခိုးမတတ် မျက်နှာချိုသွေးနေကြတာလဲ။ ကျွန်တော်ကြည့်လို့မရဘူးနော်"





ကလေးနို့တိုက်နေသည့်အစ်မနှင့် အဝတ်တွေတစ်ပုံကြီးကို မီးပူတိုက်နေသည့်အမေ့ရုပ်တွေက သားမက်တော်ကြီး ကြမ်းကြားလေကြားကြားသွားမှာစိုးသည့်ပုံနှင့် ပြာပြာသလဲ။

"ဟဲ့ နင်ကပဲပြောရတယ်ရှိသေး၊ တစ်နေ့တစ်နေ့ ဝပ်ရှော့ဆိုင်သွားပြီး ကျားထိုး၊ ဟေးလားဝါးလားလုပ်၊ စားချိန်တန်တော့ ပြန်လာစား၊ လည်ရာပြန်စားရေး ဝန်ကြီးလုပ်နေတဲ့နင့်ကြောင့် မအေနဲ့အစ်မက မျက်နှာငယ်နေရတာ"

"ဘာမှမဆိုင်ဘူး၊ ကျွန်တော့်ကိုကျွေးရတော့ရော ဘာဖြစ်လဲ။ တစ်နေ့မှတစ်နပ်လောက် စားတာများ ပြောနေရသေးတယ်။ ဗဒင်တို့ဝပ်ရှော့မှာ ဘယ်အချိန်ဝင်စားစား. . . ရတယ်"

"ဒါဆို အဲဒီ နင့်ယောက်ဖအိမ်မှာ သွားစားပါလား"

"ဩော်. . . အစ်မ. . . အစ်မ၊ ကျွန်တော်တို့သားအမိရဲ့အိမ်နဲ့ခြံကို မောင်ပိုင်စီးချင်လို့ထင်တယ်။ အဆင်ကြည့်ရတာ"

"ဘာပြောတယ်၊ မေမေ့ကိုထည့်မပြောနဲ့။ ငါ့အခုပြောနေတာနင့်ကိုပြောနေတာ။ နင်က အလုပ်မရှိအကိုင်မရှိ ယောင်ခြောက်ဆယ်လုပ်နေတော့ ငါတို့မှာ နင့်အတွက် သူ့ကိုဖားနေရတာ"

"မလိုပါဘူး၊ ကျုပ်အစ်မ ယူတာပဲ. . . ကျုပ်လိုယောက်ဖတစ်ယောက်လုံးကိုလည်း ရှာကျွေးရမှာပေါ့ဗျ"

"တော်စမ်း. . . တော်ကြစမ်းဟယ်၊ သမီးကလည်း တော်တော့၊ သားလည်းတော်တော့။ မောင်နှမတွေ ချစ်ချစ်ခင်ခင်နေကြပါ"

"မေမေက မေမေ့သားဘက်က အမြဲပါတယ်။ သမီးတို့လင်မယားက သူ့ကိုလုပ်ကျွေးနေရတာကျ မမြင်ဘူးလား"

www.burmeseclassic.com



"ဟင်! မမကို မေမေ ကျောင်းထားရတာကျတော့ရော။ ပညာရေးတက္ကသိုလ် ငါးနှစ်ထားလိုက်ရတာ မေမေ့မှာရှိသမျှရွှေလေးကို ပြောင်ရော။ ကျွန်တော့်အတွက် ဘာမှမကုန်ဘူး"

"နင်လည်း ငါ့လိုတော်အောင် ကြိုးစားပါလား။ ဆယ်တန်းကို တောင် မနည်းအောင်ရတဲ့ကောင်ကများ"

"ကျွန်တော် အဆင့်မြင့်မြင့်အောင်လည်း မေမေ မထားနိုင်တော့ပါဘူး။ ဆက်မထားနိုင်ရင် မေမေ ရင်နာရဦးမယ်"

"ဒါကြောင့်လျှော့ဖြေတာပေါ့ ဟုတ်လား။ အဟက်. . . ဟက်တော်တော်ရယ်စရာကောင်းတဲ့ သားလိမ္မာလေး"

"မမကျတော့ရော မအေ့အိမ်ပေါ်တက်နေပြီး မအေကို ကလေးထိန်းခိုင်း၊ ထမင်းချက်ခိုင်းတာ တရားသလား။ မမတို့လင်မယား အိမ်ငှားနေပြီး အိမ်ဖော်ငှားရရင် အနည်းဆုံး တစ်သိန်းခွဲ နှစ်သိန်းကုန်မှာလည်း ထည့်တွက်ဦး။ ခုတော့ သူတို့ကျေးဇူးကပဲ အနန္တ။ မေမေ. . . သူတို့ကို နင်ချလိုက်၊ ပြီးရင် အိမ်ကိုတစ်ခြမ်းကန့်ပြီး အိမ်ငှားတင်လိုက်၊ ဒီလိုတိုက်မျိုးဆိုရင် အနည်းဆုံး တစ်လတစ်သိန်းခွဲ နှစ်သိန်းဝင်တယ်။ ဘော်ဒါဆောင်သဘောမျိုးသာ ငှားလိုက်၊ ခုတော့ သူတို့လင်မယားကပဲ ကျေးဇူးရှင်လိုလိုဘာလိုလို။ ကန့်ချပစ်လိုက်စမ်းပါ။ ဒါမှ အကြောင်းသိသွားရအောင်။ မိဘကျေးဇူး မအေ့ကျေးဇူးသိသွားရအောင်"

နေသူရ အမှန်တွေချည်းပြောနေတော့ မိုးသီတာ ဆွေ့ဆွေ့ခုန်နေလေပြီ။ တကယ်လည်း မိခင်ရှိသမျှပစ္စည်းတွေ ပြောင်ခဲ့တာ သူ့ကိုကျောင်းထားရလို့ပါပဲ။ ဖေဖေထားခဲ့သည့်ခြံနှင့်တိုက်ကလေးကို သူတို့အိမ် သူတို့ခြံလိုသဘောထားပြီး မေမေနှင့်သူက မျက်နှာငယ်ငယ်နှင့်





နေရတော့မည့်ပုံစံ။

"ဟင်! နင်. . . နင် ဆယ်တန်းလောက်နဲ့ ဒါမျိုးကျ တယ်ပြောတတ်ပါလား။ ခွေးဟဲ့. . . ခွေး. . . နင် ငါတို့ကျွေးတဲ့ထမင်းကိုစားပြီး ငါတို့ကို ကျေးဇူးပြန်ကန်းနေတယ်။ မေမေ. . . မေမေ့သားကို မဆုံးမတော့ဘူးလား"

"သမီးကရော ကိုယ့်မောင်လေးကို မဆုံးမဘဲ ရန်စွယ်ငေါငေါဖြစ်နေတာ တရားရဲ့လား"

အိမ်မှာ သူ့ယောက်ျား အောင်မြင့်မြတ် ပြန်မရောက်သေးခင်မို့ သားအမိတွေ တိုးတိုးကျိတ်ပြီး ရန်ဖြစ်နေကြတာပါ။ မမမိုးသီတာသည် သူ့ထက် အသက်ခုနစ်နှစ်ကြီးပေမယ့် အတ္တကြီးသူ တစ်ကိုယ်ကောင်းဆန်သူပီပီ မောင်ကို ဘယ်တုန်းကမှမညှာ။

သူသာ အကြီးပီပီ မေမေ့ထံမှ အရာအားလုံးကို အရယူလိုသူ၊ အောင်ပိုင်စီးပြီး လက်ဝါးကြီးအုပ်လိုသူ၊ သို့သော် မေမေ့ရင်ထဲမှာ သားငယ်လေးရှိနေတာ သူမသိ။

မေမေ တစ်ခွန်းဝင်ထောက်လိုက်တော့ မမမိုးသီတာ တစ်ချက်ငြိမ်သွားသည်။ သို့သော် ခဏပါပဲ။ မကြာခင် နှုတ်မှ ပွစိပွစိနှင့်ဆက်ပြီး မြည်တွန်တောက်တီးနေလျှင် နေသူရ လမ်းထိပ်မှ ဗဒင်တို့ဝပ်ရှော့သို့ ထွက်လာခဲ့လိုက်သည်။

ကိုးတန်းနှစ်ကတည်းက ဗဒင်တို့ညီအစ်ကိုရဲ့ဝပ်ရှော့မှာ စတည်းချပြီး အလုပ်တွေပုံနေတာမြင်လျှင် ကိုယ်ပါ ဝင်နှိုက် ဝင်လုပ်ရင်း အခုဆယ်တန်းသုံးခါဖြေလို့ အောင်တော့၊ အသက် (၁၈)နှစ်။ သူဟာ ကားပြင်တာလည်း ဖြစ်၊ ကားမောင်းလည်း ကျွမ်းကျင်နေပါပြီ။ အဝေးသင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ကျောင်းတက်တော့မည်။

သို့သော် သူ့အတည်တကျတော့ အလုပ်မလုပ်သေးပါ။ ကားပြင်တာက ဆီချေးတွေပေပြီး ကားမောင်းဖို့က မောင်းစရာကားမရှိသေးလို့ပါ။ သူမောင်းတာ ပြင်ပြီးသွားသည့်ကားတွေကို စက်စမ်းရင်း မောင်းတာပါပဲ။ နောက် ဗဒင်ရဲ့ဂျစ်ကားလေးပေါ့။

ဗဒင်နှင့် အစ်ကိုမြဒင်ဟာ အညာမှလာသည့် အညာသားလေးနှစ်ယောက်ပါ။ သူတို့ဘကြီးရဲ့ခြံထောင့်မှာ ဝပ်ရှော့ဆိုင်သေးသေးလေးဖွင့်ရင်း ယခုတော့ ရိုးသားမှု၊ ကြိုးစားမှုတို့ကြောင့် ဘကြီးရဲ့ခြံကိုပိုင်ပြီး ဝပ်ရှော့ကလည်း အတော်နာမည်ရနေခဲ့ပါပြီ။

ဒီလိုပဲ လုပ်ရင်းကိုင်ရင်းနှင့် အတူစား အတူသောက်ပေါ့။ နေသူရအတွက် သူတို့အိမ်ဟာ တကယ့်ကိုစားအိမ်သောက်အိမ်။

နေသူရ ခြင်ထောင်အမိုးကိုကြည့်ပြီး အတိတ်ကိုပြန်သွားနေရတာ မောလာတော့ အိပ်ရာပေါ်မှထထိုင်ပြီး အိပ်ရာဘေးစားပွဲမှ ရေပုလင်းကိုဆွဲယူပြီး ပုလင်းလိုက် မော့လိုက်သည်။

သည်စဉ် အပေါ်သို့တက်လာသည့် ကိုညို့ရုပ်က ပြုံးစိစိ ရယ်ကျဲကျဲ။ ကိုညိုဟာ သဘောကောင်းပေမယ့် အသောက်အစားလေး နည်းနည်းရှိသည်။

"ဟေ့ကောင် သူရ"

"ဘာတုန်းဗျာ၊ ကျွန်တော် အိပ်တော့မလို့"

အသက်သုံးဆယ်လောက်ရှိပြီး အသားညိုညို၊ ပိန်ပိန်နှင့် ကိုညိ





ဟာလည်း လူလွတ်ပါ။

"ဟ! ကောင်လေးရ၊ ဒီမှာ. . . ငါ အမဲကစ်ကောင် တွေ့ထားလို့ လိုက်မလား။ သန့်တယ် မောင်၊ ကောင်မလေးက ငယ်ငယ်လေးရယ်။ ပထွေးကပို့လို့ ရောက်နေရတာတဲ့။ ဟိုဘက်လမ်းထဲက ဒေါ်ပုကြီးအိမ်မှာ"

"တော်ဗျာ. . . ကျုပ် ဒါတွေဝါသနာမပါတာ ကိုညိုသိသားပဲ။ ကြားရတာနဲ့တင် ရင်တွေနာလို့၊ ပထွေးက မယားပါသမီးကို ရောင်းစား၊ ခင်ပျားတို့က ဝင်ပြီး ဆွမ်းကြီးလောင်းကြ။ ကျွန်တော် ဝါသနာမပါဘူး"

"အေးပေါ့၊ မင်းကတော့ မမလေး ဆရာဝန်ဖြစ်ဖို့ တံပိုးတွာပ်ခံနေရတဲ့နွားဆိုတော့ ကျန်တာတွေ ဘယ်စိတ်ဝင်စားတော့မလဲ။ လူ့ဘဝဆိုတာ တိုတိုလေးပါကွာ၊ ပျော်အောင်တော့ နေရမှာပဲ မောင်"

"လူဆိုတာ ကိုယ့်ခံယူချက်နဲ့ကိုယ်ပေါ့၊ သူများကို မပုတ်ခတ်နဲ့ဗျာ။ ကျုပ်နဲ့ထိပ်တိုက်မတိုးချင်ရင် ကျုပ်ကိုမဖေဖန်နဲ့။ ကျုပ် ဘယ်သူ့ကိုမှ ထိခိုက်အောင်မနေဘူး"

"အေးပါကွာ. . . ဆောရီးပါ၊ ဒါဆိုလည်း ငါသွားပြီ။ မနက်မိုးအောင် ပြန်လာခဲ့မယ်"

"ကြွ. . . ကြွ"

ကိုညို ဆင်းသွားတော့ သူ အိပ်ရာပေါ်မှာ ခြေပစ်လက်ပစ်အိပ်နေလိုက်ပေမယ့် အောက်ထပ်ပွဲရုံမှ ဆူညံသံများကြောင့် အိပ်လို့မပျော်ခင်၊ သူ့စိတ်တွေ အတိတ်သို့ပြန်ရောက်သွားခဲ့ပြန်သည်။ လွန်ခဲ့သော ခြောက်နှစ်ကျော် ခုနှစ်ကလေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များနှင့် ရှိုက်ငို သည်းနင့်နေသည့်ချစ်သူမလေးကိုကြည့်ရင်း နေသူရရင်မှာ နာကျင်စူးနင့်ရပါသည်။ သူဟာ အများအမြင်မှာ ကျွတ်ဆတ် မာကျောကျော၊ ပြန်မပြော နားမထောင်သည့်ကောင်လေးပေမယ့် ယခုထိ အရက်မသောက်၊ ဖဲမရိုက်။ ယုတ်စွအဆုံး ဆေးလိပ်ပင် မသောက်။ အဲ. . .ကွမ်းတော့ နည်းနည်းပါးပါးစားသည်။

သူဟာ လေးနက်တည်ကြည်သည့်စိတ်ဓာတ်ရှိသူမို့ အမှန်တရားကိုပဲ မြတ်နိုးသလို၊ ချစ်သူဆိုလည်း အသည်းနင့်အောင် ချစ်တတ်ခဲ့ပါသည်။ ခေတ်ပေါ်ကောင်လေးတွေလို One go, Two come, Three wait မဟုတ်။ တစ်ယောက်ဆိုတစ်ယောက်ပါပဲ။ ယခုထိတော့ သူကလည်း မြလင်းကို အသည်းပေါက်မတတ်ချစ်တုန်း။ မြလင်းကလည်း သူ့လိုယောင်ခြောက်ဆယ်ကို သမ္မတကြီးဖလောက် အားကိုးတုန်း။

အိမ်နီးချင်းတွေမို့ ငယ်သူငယ်ချင်းတွေ၊ အဲ. . .ငယ်ပေါင်းတွေမို့ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိပြီးသား။

"မငိုပါနဲ့ မြလင်းရယ်၊ အခု နင့်ကို ကျောင်းက ရပ်ကွက်က လူကြီးတွေကပေးတဲ့ဆုငွေတွေရော၊ ရွှေတံဆိပ်တွေရောဆို မနည်းဘူး။ ဆေးတက်ရင် တစ်နှစ်စာလောက်တော့ ရလောက်ပါတယ်"

သူက အားပေးတော့ မြလင်းခမျာ မဲ့မဲ့လေး။ သူတို့နှစ်ယောက် နေသူရ စတည်းချရာ ဗဒင်တို့ဝပ်ရှော့ရဲ့နောက်ဘက် အိမ်ကလေးထဲမှာ တိုင်ပင်နေကြတာပါ။ အဲ. . . တိုင်ပင်တယ်ဆိုတာထက် မြလင်း ငိုတာကို သူက ထိုင်ကြည့်နေရတဲ့အဖြစ်။

"မရှိတော့ဘူး၊ အဖေက တောင်းသုံးလိုက်၊ အမေက တောင်းသုံးလိုက်နဲ့၊ ကြွေးတွေလည်း ဆပ်ရတယ်။ ငွေလေး ဆယ်သိန်းပဲ ဆရာမ





ယူသိမ်းထားလို့ ကျန်နေတာ"

"ခက်လိုက်တာဟာ"

"မြလင်းကတော့ ဆေးကျောင်းကိုလျှောက်ထားတာ အခုပြန်ကျလာပြီ။ နင် ငါ့ကိုကျောင်းထားပေးပါလားဟင်။ ငါကြီးရင် နင့်ကိုပဲ ယူပါ့မယ်။ ငါ ဆရာဝန်မ ဖြစ်ရင် နင်ထိုင်စားပေါ့ဟယ်"

မြလင်း နောက်များနေသလားလို့ နေသူရ မျက်လုံးပြူးကြည့်နေတော့ သူမပုံစံက အတည်။

"နင် ကားမောင်းတတ်တယ်မဟုတ်လား၊ သူဌေးကားတွေ ကုန်ကားတွေ ဝင်မောင်းပေါ့။ ဒရိုင်ဘာလစာက သုံးသိန်းလောက်ရတာတဲ့ အင်း. . .တစ်သိန်းခွဲ နှစ်သိန်းရလည်း ကျောင်းတက်လို့ရပါတယ်။ ဒရိုင်ဘာမလုပ်ရလည်း စပယ်ယာ ဝင်လုပ်ပေါ့"

"နင်တကယ်ပြောနေတာလား မြလင်း"

"ဟုတ်တယ်လေ. . . နင် ငါ့ကိုမယုံရင် ငါ နင့်ကိုတိတ်တိတ် လက်ထပ်ပေးထားပါ့မယ်။ ငါ ဆရာဝန်ဖြစ်တော့ နင့်ကို လူသိရှင်ကြား လက်ထပ်မယ်"

သူ့ချစ်သူ မြလင်းကြည်ဖြူဟာ ကျောင်းတက်ချင်လွန်းလို့ မကြံကောင်းမစည်ရာတွေကို ပြောနေလျှင် နေသူရ စိတ်မကောင်းဖြစ်ရသည်။

"မြလင်းရယ်. . . နင့်ရောဂါကလည်း မသေးပါလား"

"နင်ပဲစဉ်းစားကြည့်လေ. . . သူရ၊ ငါကြိုးစားရဲ့နဲ့ ကံကြမ္မာကြီးက ငါ့ကိုမျက်နှာသာမပေးခဲ့ဘူး။ ဆေးဝင်ခွင့်ရရဲ့သားနဲ့ ငါမတက်ရဘူးလားဟယ်။ နင် ငါ့ကိုထောက်ပံ့ပါ. . .နော်။ ငါ နင့်အပေါ် သစ္စာရှိပါ့မယ်။ နင့်ကိုပဲ ယူပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါစဉ်းစားဦးမယ်ဟာ၊ ငါ့လိုကောင်ကို ဘယ်သူက ဒရိုင်ဘာခန့်မလဲ။ ပြောတော့လွယ်တယ်၊ အလုပ်က မလွယ်ဘူးထင်တယ်"

"နင်ကလည်း အဖြစ်ဘက်က မစဉ်းစားဘူး၊ အပျက်ဘက်ကပဲ စဉ်းစားနေတယ်။ ငါကျောင်းတက်နိုင်တော့မယ်ဟာ၊ ရှိတဲ့ငွေနဲ့ ကျောင်းစတက်ပြီ။ နင် ငါ့ကိုတကယ်ချစ်တယ်ဆိုရင် ငါ့ကိုကျောင်းဆက်ထားဖို့ အလုပ်လုပ်ပေါ့. . . ဒါပဲ"

ချစ်သူပေးတဲ့တာဝန်က တကယ့်ဟဲဗီး။ (၁၈)နှစ်သာသာ ကောင်လေးတစ်ယောက်ကို (၁၇)နှစ်ကောင်မလေး ပေးအပ်တဲ့တာဝန်။

ချစ်သူ့အမိန့်၊ ချစ်သူပေးအပ်တဲ့တာဝန်မို့ နေသူရ ကြိုးစားကြည့်ရပါဦးမည်။

သူ့ရဲ့အတိုင်ပင်ခံအမတ်တွေကတော့ ဗဒင်နှင့် အစ်ကိုမြဒင်။



အခန်း ( ၂ )

"ငါ့ကိုပြောထားတာ တစ်ယောက်တော့ရှိတယ်။ ဒီရန်ကုန်ထဲတော့ မဟုတ်ဘူးကွ။ ရေနံချောင်းက ဆရာတော်တစ်ပါးပဲ။ သူ့ကားသာပြင်ရင်းနဲ့ ကားမောင်းတတ်၊ စက်လည်း နည်းနည်းပါးပါးပြင်တတ်တဲ့ ဒကာတစ်ယောက် လိုချင်တယ်ဆိုထားတာ"

"ဟာဗျာ. . .ဘုန်းကြီးကားတော့ မမောင်းချင်ပါဘူး၊ ဒကာဒကာမတွေကများတော့ ပစိပစပ်တွေများတယ်။ သည်းသည်းလှုပ်နေတဲ့သူများတဲ့ ဘုန်းကြီးဆို ပိုဆိုးသေး"

"ငါကတော့ သွားစေချင်တယ်ကွာ၊ ကုသိုလ်လည်းရ ဝမ်းလည်းဝတယ်။ ဆရာတော်က အသက်ကြီးကြီးပါ၊ သက်တော်ခြောက်ဆယ်ကျော်ရှိတယ်။ နေ့တိုင်းလည်း ခရီးဝေးမမောင်းရပါဘူးကွာ။ မြို့ထဲနဲ့ တောင်ကျောင်းကျင်လောက်ပေါ့။ လစာ သုံးသိန်းလည်းပေးမယ်။ မင်းလို ကားမောင်းခါစလူတစ်ယောက်အတွက် နယ်မှာမောင်းရတာ ပိုအဆင်ပြေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ကိုယ်က ကားမောင်းလိုင်စင်သက်တမ်းက နုနုလေးရယ်၊ ဒီရန်ကုန်မှာ မောင်းချင်လို့ ဘယ်သူမှလက်ခံမှာမဟုတ်ဘူး''

''ကျွန်တော်က မြလင်းကို တစ်ဖတ်တစ်ခါလောက်ဖြစ်ဖြစ် အခစားဝင်ချင်တာဗျ။ အခြေအနေပေးရင်ပေးသလို တွေ့ချင်သေးတာ''

''တော်. . . တော်. . . တော်. . . သူရ၊ ဒီအချိန်မှာ ဒါတွေမစဉ်းစားနဲ့ဦးကွာ။ ဒီလောက်အဆင်ပြေတဲ့ကိစ္စ၊ ငါကတော့ မင်းလက်ခံစေချင်တယ်။ မင်းသွားမယ်ဆို ငါလှမ်းပြီးဖုန်းဆက်လိုက်ရုံပဲ။ ဘယ့်နှယ်လဲ''

အစ်ကိုမြဒင် တိုက်တွန်းနေပေမယ့် သူ့သူငယ်ချင်းဗဒင်ကတော့ အီလည်လည်။

''မင်းကွာ. . . ဒီအရွယ်လေးနဲ့ လုပ်ငန်းခွင်ဝင်တော့မလို့လား။ မင်း. . . မြလင်းကရော ဟန်ပါ့မလား။ အခုကတည်းက နဖားကြိုးထိုးထားတဲ့မိန်းမ၊ တော်ကြာ ဆရာဝန်လည်းဖြစ်ရော မင်းရင်ဘတ်ကြီးကို ခြေထောက်နဲ့ စုံကန်သွားမှာ''

''ဟေ့ကောင်! မြဒင်၊ သူများကို အပျက်ဘက်ကချည်း မပြောနဲ့ကွာ။ မင်းသူငယ်ချင်း ဒီမှာ ဟေးလားဝါးလားလုပ်နေမယ့်အစား အလုပ်တစ်ခုခုလုပ်နေတာ ပိုမကောင်းဘူးလား''

''ဟာ. . . အစ်ကိုကလည်းဗျာ၊ ဟိုက နဖားကြိုးထိုးတဲ့ကိစ္စ ဒီကောင်က ဘွတ်အဲဆိုပြီး ရှန်းရမှာလားဗျ။ ဒီအရွယ်နဲ့ လုပ်ငန်းခွင်ဝင်စရာလား''

''မင်းတို့ အဲဒါတွေခက်တာပဲ၊ ငါပြောတာက အလုပ်လုပ်ဖို့ပဲ၊ ကျန်တာ သူ့ကိစ္စ။ သူ့သမိုင်း သူရေးပစေ''

''အစ်ကိုကလည်း အခြေအနေက သူ့သမိုင်းကို မြလင်းကြည့်ရေးတော့မှာဗျ။ အလုပ်လုပ်မိလို့ကတော့ သူ့ကိုထောက်ပံ့ရတော့မှာပဲ''

''အဲဒါဆိုလည်း ဘာဖြစ်လဲကွာ၊ ကောင်မလေး ဆရာဝန်ဖြစ်တော့လည်း သူရကိုပဲ ယူမှာမဟုတ်လား။ အပ်ပင်စိုက်ပေးတဲ့ဥယျာဉ်မှူးကြီးပေါ့''

''အစ်ကို မသိပါဘူး၊ ဒီလောက်နှစ်ရှည်လများကြီး ပခုံးနဲ့ထမ်းပြီး ရင်ဘတ်ကြီးတစ်လုံးနဲ့ ရင်းနှီးပေးပြီးတော့မှ သစ္စာဖောက်သွားရင် သူရ သေရောပေါ့''

ညီအစ်ကိုနှစ်ယောက် စကားစစ်ထိုးနေလိုက်ကြတာ ကာယကံရှင်ဖြစ်သည့်နေသူရ ဘာမှဝင်မပြောသာ။ ရေပက်မဝင်ဆိုတာမျိုး။

နောက်ဆုံး အစ်ကိုမြဒင်က သူ့ကိုမေးခဲ့သည်။

''ကဲ! သူရ၊ ဘယ်လိုသဘောရလဲ။ ကာယကံရှင်က ပြောပါစေဦးကွာ။ ဗဒင်ကတော့လေ''

''ကျွန်တော်လုပ်မယ် အစ်ကို၊ မြလင်းနဲ့ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘဝရေ့ရေးအတွက် ကျွန်တော်အလုပ်လုပ်မှဖြစ်မယ်။ အမေကတော့ အိမ်မှာနေလို့ဖြစ်သေးတယ်။ အိမ်မှာလည်း ကျွန်တော်က လူပိုကြီးဖြစ်နေတဲ့အတူတူ''

''အေးပေါ့ကွာ၊ လူဆိုတာ အလုပ်လုပ်နေရမှာပဲ။ အဲဒီအလုပ်ဟာ အများအတွက် အကျိုးမပြုတောင် တစ်ယောက်ယောက်အတွက် အကျိုးပြုနေတယ်ဆိုရင် ကောင်းတာပဲ။ ကဲ! ဆရာတော်နဲ့ငါ ချိတ်ဆက်လိုက်ဦးမယ်''

ဒီလိုနဲ့ သူ့ဘဝ စတင်ခဲ့ရာ. . .







www.burmeseclassic.com

www.burmeseclassic.com



ဆရာတော့်ကျောင်းမှာ ကားမောင်းရတာ အဆင်ပြေပါသည်။ သောတ အသားတင်။ မြလင်းထံ တစ်လ နှစ်သိန်းပို့ပြီး မေမေ့ကို ငါး သောင်း ကန်တော့သည်။ ကျန်တာတော့ သူ့အသုံးစရိတ်ပေါ့။

ဆရာတော်မှာ သူ့နယ်တွင် ဩဇာအာဏာကြီးမားသူမို့ ကား မောင်းရသည့်သူ့မှာလည်း အဆင်ပြေပါသည်။ မြလင်းထံသို့တော့ ဖုန်း ဆက်ရုံ။ တစ်လတစ်ခါတောင် တွေ့ရဖို့မလွယ်။ ကိုယ်လည်း မအား သူလည်း မအား။

ချစ်သူတို့ဘဝ တွေ့ချိန်ကိုမရှိ။ ကြာတော့ နေသူရ ဒီအလုပ် ကို စိတ်ပျက်လာသည်။ သို့သော် အစ်ကိုမြဒင်ရော မြလင်းပါ တားသည် ဖြောင်းဖြသည်။ ဒီလိုနဲ့ လေးနှစ်ကြာသည့်အခါမှာတော့ ဆရာတော် ပ လွန်တော်မူသွားသဖြင့် သူ ရန်ကုန်သို့ပြန်လာခဲ့ရသည်။

ကံစွမရှိ။ ဒီလိုအချိန်မှာတော့ သူဟာ အသက်လည်း နှစ်ဆယ် ကျော်လာ၊ ကားမောင်းသက်လည်း ငါးနှစ်လောက်ဖြစ်လာပြီမို့ အစ်ကို မြဒင်ရဲ့အကူအညီနှင့်ပင် 'ရွှေဟင်္သာ'ပွဲရုံရဲ့ကုန်ကားတွေကို မောင်းခွင့်ရ ခဲ့သည်။

ဒီလိုနဲ့ ရန်ကုန်–မန္တလေး၊ မန္တလေး–ရန်ကုန် ကုန်တင်ကားတွေ ကို သူမောင်းခွင့်ရခဲ့သည်။ ယခုဆို ချစ်သူမြလင်းပင် ဟောက်(စ်)ဆင် နေပါပြီကော။ နွားချေးပုံထဲမှာ ရွှေကြာပွင့်ပေါက်သည်ဆိုသလိုပါပဲ။ မြ လင်းတို့မောင်နှမသုံးယောက်မှာလည်း သူ့အစ်ကိုက ဆိုက်ကားသမား ရုပ်ဘဲ။

သူ့ညီမက ဆေးဆိုင်စာရေးမ။ ဒီလိုပဲ ပေါ့ပေါ့နေပေါ့ပေါ့စာ တွေ့၊ အနာဂတ်မရှိကြသူတွေ၊ ဖအေကလည်း ဟိုသားဆီတောင်း အရက်





သောက်၊ ဒီသမီးဆီတောင်း အရက်သောက်။

ဒီတစ်ခေါက် သူ မြလင်းအိမ်ရောက်ခဲ့တော့ သူ့ဖအေနှင့် မောင် နှမတွေရဲ့အချိုးက တစ်မျိုး။ လူကို မတူသလိုမတန်သလိုနှင့်။ အင်းလေ၊ မြလင်း နားလည်လျှင် ပြီးတာပါပဲ။

အင်း. . .မြလင်းအတွက် သနပ်ခါးတုံးဝယ်သွားရမည်။ မေမေ့ ဖို့လည်း လက်ဖက်နှင့်အကြော်စုံ ဝယ်သွားရမည်။ မမနဲ့တူလေးအတွက် လည်း တစ်ခုခုပေါ့။ ဝယ်သွားရမည်။

အတွေးကိုနိဂုံးချုပ်လိုက်ရင်း အိပ်ပျော်သွားတော့ အိပ်မက်ထဲ မှာလည်း မြလင်းကြည့်ဖြူ။

●

"ကိုရေ. . .ထတော့ကွာ၊ မြလင်း နောက်ကျတော့မယ်။ ကား ဆောင်းပို့ပါဦး"

သူတို့တိုက်ခန်းလေးက ချစ်စဖွယ်။ မြလင်း လာနှိုးတော့ သူ အင်းအဲနှင့် မိန်းမအပေါ် အသားယူလို့၊ ဆေးရုံသွားဖို့အတွက် ပြင်ဆင် ထားလို့ မွှေးကြိုင်သန့်ပြန့်နေသည့် ဇနီးသည်က သူ့ကိုငုံ့ပြီး နှာခေါင်း ချစ်လိုက်၊ နားသယ်မွှေးဆွဲလိုက်နှင့် ကျီစယ်နေလျှင် သူ မြလင်းကိုဆွဲ ဖွေ့ထည့်လိုက်၏။ အိပ်ရာပေါ်မှာ နှစ်ယောက်သား လုံးလားထွေးလား။

"အား. . .ကို. . .ကို မကောင်းဘူးကွာ၊ ဒီမှာ ဆေးရုံသွားဖို့ ပြင်ဆင်ထားတာတွေ သွားပါပြီ။ အကျီတွေ ကျေကုန်ပါပြီ။ သနပ်ခါး တွေလည်း ပျက်ကုန်ပြီ။ လျော်ပေး. . .ကို လျော်ပေး"

"လျော်ပေးမယ်. . .လျော်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ပေါက်ပေါက်နှင့် မြလင်းကိုအတင်းဖွေ့ အတင်းနမ်း ရင်း ပွဲကြမ်းနေတော့ ဒေါက်တာမကြီးခမျာ သူ့ရဲ့လက်အောက်မှာ ပြာ ပြားဝပ်လို့။

"မှတ်ထား. . . ယောကျ်ားကိုနိုးတာ အနမ်းနဲ့မနိုးဘဲ နားသယ် မွေး ဆွဲနှုတ်တဲ့မိန်းမ. . . မှတ်ပြီလား"

နှစ်ယောက်သား နှုတ်ခမ်းလေးတစူစူနှင့် ကြည်နူးချမ်းမြေ့ ကြစဉ် သူတို့အိပ်ခန်းထဲသို့ အတင်းဝင်လာကြတာ သူ့အဖေနှင့် သူ့မောင် နှစ်ယောက်စလုံး မူးယစ်ရှုပြလို့။

"ဟေ့ကောင်! မင်းလိုကားသမားအစုတ်ပလုတ်နဲ့ ငါ့သမီး ဆရာ ဝန်မကြီးနဲ့ တူသလားတန်သလား။ အမဲရိုးနှယ် ဟင်းအိုးမှအားမနာသ တာ မင်းလိုကောင်မျိုးပဲ"

"ဘာဗျ. . . ဒါ ကျုပ်ပြုစုပျိုးထောင်ထားရတဲ့ ပန်းကလေးဗျ ကျုပ်နဲ့မှမတန်ရင် ဘယ်သူနဲ့သွားတန်မလဲ"

"ဟား. . . ဟား. . . ဟား. . . မင်းက အကျိုးလိုလို့ ညောင်ရေ လောင်းတဲ့ကောင်ပဲကွ။ မင်းက အတ္တသမားပဲ။ တစ်ကိုယ်ကောင်းသမား ပဲ။ ကိုယ့်ချစ်သူကောင်းစားရေးဆိုတာ ဘာမှနားမလည်တဲ့ကောင်"

မြလင်းရဲ့အဖေက ပြောလိုက်၊ မောင်အမူးသမားက ပြောလိုက် ရယ်လိုက်။ သူသည်းမခံနိုင်။ နှစ်ယောက်စလုံးကို လက်သီးတွေနှင့် ဆွဲထိုးနေလိုက်တာ အုန်းသီးတွေခွဲရသလို ခွပ်ခနဲခွပ်ခနဲ။ အရသာရှိလိုက် တာ။

ကြည့်နေရင်းကပင် သူတို့ကိုယ်မှ ဒဏ်ရာတွေ ပေါက်ပြဲကုန်ပြီ သကြဲန်ရေတွေလို သူတို့ရဲ့သွေးတွေ ပန်းထွက်လာတော့ မြလင်းက သူ့





စိတ်နာပြီး ကျောခိုင်းထွက်သွားလေရာ. . .

"မြလင်း. . . မြလင်းရေ. . . မြလင်း၊ ကိုယ့်ကိုမထားခဲ့ပါနဲ့အချစ် ရယ်။ ကိုယ့်ဘဝကို မင်းအတွက် ပေးဆပ်ခဲ့သူပါ။ ကိုယ့်အသက်တောင် အပ်နှင်းထားတာပါ"

သူ တစာစာအော်ရင်း မြလင်းနောက်သို့ပြေးလိုက်နေစဉ် တစ် ဖက်မှ မောင်းနှင်လာသည့် ကုန်တင်ကားကြီးနှင့် ဒုန်းခနဲတိုက်မိ. . .

"အား. . . သေပါပြီ၊ နာလိုက်တာ"

အိပ်မက်ကလည်း နာလိုက်တာ။ ကိုယ်ဖြစ်ချင်သလို မဖြစ်ရ တဲ့အိပ်မက်ကြီးပါလား။ သူ အလန့်တကြားနိုးလာတော့ တစ်ကိုယ်လုံး ချွေးတွေ စို့ရွှဲနေခဲ့သည်။

ဒါ. . . အတိတ်နိမိတ်လား။ သူမက်ခဲ့တဲ့အိပ်မက်အတိုင်း သူတို့ နှစ်ယောက် စိတ်ဝမ်းတွေ ကွဲကြရဦးမှာလား။ သူပြန်သုံးသပ်ကြည့်လိုက် တော့ ခုနစ်လုံးလုံး ပန်းနှင့်ထမ်းတင်၊ ရင်ဘတ်ကြီးနှင့် ထမ်းတင်ခဲ့ရသည့် သူ့ကို သူတို့သမီး ဆရာဝန်မ ဖြစ်ခါနီးသည်နှင့် မလိုလားကြတော့သည့် ပုံ။

ဩော်. . . လောကကြီး တော်တော်တရားကျစရာကောင်းပါ လား။ အပင်လေးတစ်ပင်ကိုရှင်သန်အောင် ရေလောင်း ပေါင်းသင် မြေ စာကျွေးခဲ့ရသည့် သူ့ကဏ္ဍဟာ ဘာမှမဟုတ်တော့သလိုပါပဲလား။

ရွှဲနစ်နေသည့်ချွေးတွေကို အင်္ကျီဟောင်းနှင့်သုတ်ပစ်ရင်း သူ ရေကို ပုလင်းလိုက် မော့ချပစ်နေရသည်။

ဩော်. . . မြလင်းရယ်. . .

ကိုယ့်ရင်တွေ ပူလောင်လိုက်ရတာ။ ကိုယ့်အဖြစ်က မေ့တဲ့ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကို တုံးခုလို လှမ်းနေရတာ မဟုတ်ပါဘူး။

ကိုယ်စိုက်ပျိုး ပြုစုခဲ့ရတဲ့အပင်လေးကိုက ကိုယ်နဲ့လက်လှမ်းမမီအောင် မြင့်တက်သွားတာ။ ကိုယ်ပဲ လက်လှမ်းမမီအောင် ပြုစုယုယမိတာပါ။

အနာဂတ်ကို မျှော်မှန်းကြည့်လိုက်တော့ အရာရာဟာ မှုန်ဝါးဝါး။ သူ့ရင်ထဲမှာလည်း နွေရာသီက ရင့်အို ပူလောင်လို့ပါလော။



## အခန်း ( ၃ )

အဝေးပြေးကားမောင်းသမားဆိုတော့လည်း ကုမ္ပဏီဒါရိုက်တာတစ်ယောက်လိုတော့ နုသစ် သန့်ပြန့်မနေ။ အသက်အစိတ်ကျော်ရုံလေးပေမယ့် လူက ရင့်ကျက်ခန့်ငြားနေရသည်။

သူ့ပင်ကိုစိတ်က နူးညံ့ပေမယ့် အခြေအနေရ သိပ်နုနေလျှင် သူများဖိမှာစိုးလို့ လူရှိန်အောင် ဝတ်စားဆင်ပြင်ရသည်။ သူ့ရုပ်ချောချောမှာ ယခုတော့ လူကြမ်းမင်းသားပုံပေါ့။ ကိုရီးယားမင်းသားတွေလို မိတ်ကပ်အဖွေးသားနှင့် နုသစ်မနေ။ အမေရိကန်မင်းသားတွေလို ရုပ်က ခပ်ရင့်ရင့်၊

ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနှင့် သမထားသည့်ရုပ်မှာ ပင်ကိုအသားဖြူဖြူလေးက ကြေးနီရောင်သန်းနေပြီး ဗလက အခုရင်လို ခပ်နွဲ့နွဲ့မဟုတ်တော့ဘဲ တောင့်တင်းကြံ့ခိုင်လို့။

ကားသမားပေမယ့် အရက်မသောက် ဖဲမရိုက်။ အင်း. . . ဘီယာ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ဘူးတလေတော့ စုတ်တတ်ပါသည်။ နို့မို့ ဘုရားလောင်းဆိုပြီး ထွေ့တတ်ကြလွန်းလို့ပါ။

သူ့အမြဲဝတ်တာ တီရှပ်နဲ့ ဂျင်းဘောင်းဘီ။ နောက် အပေါ်က ဂျာကင်ထပ်ဝတ်လို့။ ဒါဟာ အဝေးပြေးကားမောင်းသမားတစ်ယောက်ရဲ့စတိုင်ပေါ့။ နောက် လူရှိန်အောင် နှုတ်ခမ်းမွေးလေး၊ ဆံပင်ရှည်လေး ထားပြီး လူမိုက်ဂိုက်ဖမ်းလိုက်တော့ ဘယ်သူမှအနိုင်မကျင့်ရဲတော့။ နောက် သူက အမှန်တရားရဲ့ဘက်တော်သားမို့. . .

"ဒီကောင့်ကို သွားမစနဲ့၊ သူက မြွေပွေးလိုကောင်။ သူ့မထိရင် ဘာမှမဖြစ်ဘူး။ သူ့သွားထိလို့ကတော့"

ဆိုပြီး ကားသမားအချင်းချင်း၊ နီးစပ်ရာအချင်းချင်း လေးစားဖော်ရသွားသည်။ နောက် တကယ့်လောကထဲကိုဝင်ပြီး လှုပ်ရှားနေရတာမို့ သူ ကိုယ်လုံပညာလည်း သင်ထားရပါသည်။ ဖိုက်ကြကြေးဆို ကိုယ်မနာရအောင်ပါ။

မနက်ခြောက်နာရီမှာ သူတို့ကား ပြန်ထွက်လာတော့ ကိုညို လည်း အချိန်မီပြန်ရောက်လာခဲ့သည်။ သူ့ရုပ်က စပ်ဖြဲဖြဲ။

"မင်းကွာ. . .ဘာဖြစ်လို့ ဒီလောက်ရှောင်နေရတာလဲ။ ဒီတစ်ခါ တကယ်တန်တယ် မောင်။ ကောင်မလေးက အရိုင်းလေးရယ်"

"တော်ဗျာ. . .ဒီအကြောင်းတွေ မကြားချင်ဘူး၊ ခင်ဗျားဝါသနာပါရင် မတားပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ လာမပြောနဲ့"

"သြော်. . .ငါက အစားကောင်းလေးများ စားရရင် ကိုယ်ခင်တဲ့သူ သတိရသလို ကောင်မလေးက အသစ်စက်စက်လေးမို့"

"တော်! တော်! ခင်ဗျားတို့နှလုံးသားတွေကို တကယ်အံ့သြ





တယ်။ အဲဒီကောင်မလေးသာ ခင်ဗျားနှမဆိုရင်ဆိုပြီး ကိုယ်ချင်းစာမကြည့်ဘူးလား"

"သြော်. . .ခက်ပါဘိ သူရလေးရယ်၊ ငါတို့က အမျိုးကောင်းသမီးလေးတွေကို ဖျက်ဆီးနေတာမှမဟုတ်ဘဲ။ သူ့ဘာသာသူ ပျက်ပြီးသား ကောင်မလေးတွေကို ဝါသနာအရ"

"တော်ပြီဗျာ၊ ကျုပ် ခင်ဗျားနဲ့တွဲနေရတာတောင် မသတီတော့ဘူး။ ဒီအကြောင်းတွေပြောရင် ခင်ဗျားကို ကျုပ်စကားမပြောတော့ဘူး"

"အေးပါကွာ. . .အေးပါ၊ နောက်မပြောတော့ပါဘူး"

နှစ်ယောက်တည်းသွားရတဲ့ခရီးမို့ ကိုညို၊ သူနှင့်အချင်းမများချင်ပါ။ ပါးစပ်ပိတ်ပြီး အေးချမ်းစွာပင် သူ့အလုပ်တာဝန်များကို လုပ်ဆောင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်နှင့် ပြန်လာသည့်နေသူရ။ ဒီနေ့တစ်ရက်နားရမှာမို့ အိမ်ကိုအရင်ဝင်လိုက်သည်။ ယခုဆို သူဟာ အိုးပစ်အိမ်ပစ်နှင့် အလုပ်လုပ်နေတာ ခုနစ်နှစ်ပြည့်တော့မည်။

ဒီလိုပဲ အိမ်ကို တစ်လတစ်ခါနှစ်ခါသာ ဝင်လာဖြစ်သည်။ ဒါတောင် ဆရာတော့်ထံမှာ ကားမောင်းတုန်းကဆို အိမ်တောင် ခဏခဏ ပြန်လို့မရ။

သို့ပေမယ့် သူ မေမေ့ကိုဦးထိပ်ထားပါသည်။ မေမေလိုသည် ဖြစ်စေ မလိုသည်ဖြစ်စေ တစ်လကို ငါးသောင်းမှန်မှန် ကန်တော့သည်။ ရောက်ရာဒေသမှ မေမေ့ဖို့ လက်ဆောင်ပစ္စည်းလေးတွေ ဝယ်လာတတ်သည်။

ဒါတောင် သူ့ကို သားမိုက်လို့ခေါ်ချင်သေးသည်။ သူမှားမဟုတ်ပါဘူး။ ကိုယ့်အနစ်မလင်မယားပါ။ သူတို့တွေ ဘယ်လိုစိတ်နာအောင်ပဲ





လုပ်လုပ်၊ သူ အခြေခံသဘောတရားကိုတော့ နှလုံးသားမှလက်ခံထားသည်။ အိမ်မှာ သူ့ကိုအမြဲတမ်းမျှော်လင့် လက်ကမ်းကြိုနေသည့် ကျေးဇူးရှင်မေမေ ရှိနေသည်ပဲ။

ယခုလည်း သူ ချိတ်ထားသည့်ခြံတံခါးကိုဖွင့်ပြီး ခြံထဲသို့ အသံမကြားအောင် ဝင်လာခဲ့သည်။ နောက် အိမ်ရှေ့ တိုက်ရှေ့တံခါးက ပိတ်ထားသည်မို့ အသံကြားရာနောက်ဘက်သို့ ဝင်လာခဲ့တော့ မီးဖိုထဲမှာ ထမင်းဟင်းများ ချက်ပြုတ်နေသည့်မေမေ့ကိုတွေ့လျှင် သူ့ရင်ထဲမှာ နင့်ခနဲ။

မိန်းမမို့ ထမင်းဟင်းချက်ရတာ မဆန်းဘူးဆိုပေမယ့် သားမက်ကျူရှင်ဆရာက မျက်နှာကြောတင်းလွန်း ချေးများလွန်းတာ၊ ဇီဇာကြောင်လွန်းတာကြောင့် ဟင်းတွေဖွယ်ဖွယ်ရာရာ ချက်နေရရှာသည့်မေမေ့ခမျာ ပင်ပန်းမှာပါပဲ။

နောက် မြေး ရှစ်နှစ်သားရဲ့ဝေယျာဝစ္စ။ နောက် သမီးလင်မယားမိသားစု၏အလုပ်တွေ။ မေမေတစ်ယောက်တည်း ဒိုင်ခံပြီး လုပ်နေရတာ။

ဩော်. . . ဒုက္ခ. . . ဒုက္ခ။

မလိမ္မာသည့်သမီးဟာ မေမေ့ကို ညောင်ပင်မျိုသလို မျိုတော့မှာလား။ ကျေးဇူးရှင် မွေးသမိခင်ကြီးကို ထမင်းကျွေးထားရတယ်ဆိုပြီး အသားယူနေပေမယ့် မေမေ့ကို အိမ်ဖော်တစ်ယောက်လို ခိုင်းစေနေခဲ့တာ။

ဒါကို သူကြည့်နေသင့်ပါသလား။ ချစ်သူမျက်နှာပဲ တစ်ကမ္ဘာထင်ပြီး မေမေ့ကို သူလျစ်လျူရှုထားသလိုဖြစ်နေပြီလား။ အသက်ခြောက်ဆယ်အရွယ်ပေမယ့် စိတ်ဆင်းရဲရသဖြင့် မေမေ့အသွင်က အိုစာပါသည်။ ပိန်ပိန်ပါးပါး အသားဖြူဖြူနှင့် မေမေ့ခမျာ ပါးလွှာလို့။



www.burmeseclassic.com

www.burmeseclassic.com



သူ မေမေ့ကို စိတ်မချမ်းမသာနှင့် ကြည့်နေစဉ် မမနှင့် သူ့ရဲ့ယောက်ျား အပြင်မှပြန်လာသံ ကြားလိုက်ရသည်။ မနက်ကိုးနာရီလောက်ရှိသေးပေမယ့် သူတို့လင်မယား ဘယ်နေရာမှပြန်လာသည်မသိ။

ဒီနေ့ တနင်္ဂနွေနေ့မို့ ဝတ်ကောင်းစားလှတွေနှင့် မီးဖိုထဲသို့ဝင်လာကြပြီး အောင်မြင့်မြတ်ကပင် မေမေ့ကို. . .

"အဘွားကြီး မပြီးသေးဘူးလား၊ ဒီနေ့ ဆန်းဒေးမို့ မိသားစုလိုက် တိရစ္ဆာန်ဥယျာဉ်သွားပါမယ်ဆိုမှ"

"ပြီးတော့မှာပါကွယ်၊ ခဏ. . . ခဏလေးစောင့်ပါ"

"ဟော! သားလည်း ဘယ်ရောက်နေတယ်မသိဘူး။ ဟင်! ခုထိအိပ်ရာထဲက မထသေးပါလား။ ဟာ. . . သားကိုယ်တွေပူပြီး ချွေးတွေရွှဲနေပါလား။ ကြည့်စမ်း! ကြည့်စမ်း! မေမေ. . . သားကို တစ်ချက်တောင်ဝင်မကြည့်ဘူး။ အံ့ရော. . . အံ့ရော. . . ကိုယ့်မြေးမဟုတ်တဲ့အတိုင်းပဲ"

"ငါလည်း မီးဖိုထဲမှာ အမြန်ပြီးအောင် ချက်ပြုတ်နေရတာနဲ့ သူ့ကိုသွားမကြည့်မိဘူး"

"ပြောမနေနဲ့ မိုးရေ မိုးအမေက သူ့သားမှသူ့သား။ သူ့သားဘယ်တော့ပြန်လာမလဲဘဲ တွေးနေမှာပေါ့။ နားစွင့်နေမှာပေါ့"

"အဲဒါခက်တာ မောင်ရေ၊ မိဘများ မလိမ္မာတဲ့သားသမီးကိုပဲပိုချစ်ကြတယ်။ လိမ္မာတဲ့သားသမီးကျ ခေါင်းထဲထည့်တာမဟုတ်ဘူး။ ခုနေ သူ့သားများ လာခေါ်ကြည့်ပါလား၊ ချက်ချင်း ကောက်လိုက်သွားမှာ။ ကဲ. . . တိရစ္ဆာန်ဥယျာဉ်သွားဖို့ လုပ်မနေနဲ့တော့၊ ဆေးခန်းသွားဖို့ပဲလုပ်တော့"

"တောက်! မင်းအမေဟာလေ၊ ဆန်ကုန်မြေလေးပဲ။ ဘာမှ





အားမကိုးရဘူး။ အလကား. . . အဘွားကြီး"

ကိုယ့်အမေကို ဒီအထိပြောနေတော့ သူ့ရင်ဘတ်ကြီးတစ်ခုလုံးခံမရပ်နိုင်ဖြစ်ပြီး ဒေါသတွေ ပေါက်ကွဲထွက်လုလု။ သို့သော် သူဟာအရင်လိုလူငယ်လေးတစ်ယောက် မဟုတ်တော့ဘဲ လူပေါင်းစုံနှင့်ဆက်ဆံပြီး လုပ်ငန်းခွင်မှာ ကျင်လည်နေရသူမို့ ဒေါသကိုမျိုသိပ်တတ်ပါသည်။

တံခါးဖွင့်ထားသည့်မီးဖိုဘက်မှ သူ တစ်လှမ်းချင်း အိမ်ထဲသို့ဝင်သွားလိုက်လျှင် မေမေ့ကိုမြည်တွန်တောက်တီး ဖိနှိပ်ပြောဆိုနေကြသည့်လင်မယားနှစ်ယောက်လုံး တစ္ဆေသရဲကို မြင်လိုက်ရသလို လန့်သွားကြ၏။

"ဟင်! နင် ဘယ်အချိန် ရောက်လာတာလဲ၊ အသံမပေးဘာမပေးနဲ့"

အစ်မအသံက မလုံမလဲ။ ကိုယ့်အပြစ်ကို ဖုံးကွယ်သည့်အသံနှင့်။

"ခင်ဗျားတို့အပြင်က ပြန်မလာခင်ကတည်းက ရောက်နေတာ။ ခင်ဗျားတို့ ဘယ်ဇာတ်လမ်းတွေရိုက်နေပြီး ဘာဇာတ်ကွက်တွေ ကနေသလဲဆိုတာလည်း ကြည့်ခဲ့ရသပေါ့"

နေသူရဆိုတာ ဟိုးလွန်ခဲ့သည့် ခုနစ်နှစ်တုန်းကလို မိုက်ရူးရဲကျွတ်ဆတ်ဆတ်နှင့်ကောင်လေး မဟုတ်တော့ပြီမို့ အောင်မြင့်မြတ် ဖြူတော့သွားသည်။ သို့သော် သူက အများကိုအမှန်လုပ်ချင်သူပီပီ ဒေါသထွက်သည့်ရုပ်နှင့်. . .

"အံမာ! မင်းကရော သားတစ်ယောက်လုပ်နေပြီး ဘာတာဝန်တွေ ကျေနေလို့လဲ။ မင်းပေးတဲ့ တစ်လငါးသောင်းနဲ့သာ စားနေရရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေ ထမင်းဝေတ်ပြီးသေမှာပဲ။ ငါတို့ကျွေးထားလို့ မင်းအမေ အသက်ရှင်နေရတာ"

ဒီလောက်ထိ အလွန်အကျူးပြောလာတော့ နေသူရ ဆတ်ဆတ်ခါနာရသလို ဒေါ်မိုးသူလည်း မခံမရပ်နိုင်ဖြစ်ရ၏။ ခါတိုင်းက သမီးငွဲ၊ မြေးငွဲနှင့် တစ်ယောက်တည်း ကြိတ်မှိတ်ခံနေခဲ့ရသမျှ ယခုကျ သားဆိုသော အားကိုးနှင့်. . .

"ငါ့ကို အိမ်ဦးခန်းတင်ထားပြီး တယုတယကျွေးထားတာကို။ မီးဖိုထဲမှာနေရပြီး အကြွင်းအကျန်စားနေရတဲ့ဘဝ"

"ကြည့်စမ်း! ကြည့်စမ်း! မိုး. . . မင်းအမေ ကျေးဇူးတွေ ကန်းနေပြနေတာ တွေ့လား။ ဒါကြောင့် မောင်တို့အိမ်ပြောင်းကြမယ်၊ အိမ်ခွဲထွက်မယ်ဆိုတာ မင်းရဲ့ မေမေတစ်ယောက်တည်း သနားလို့ဆို။ ခုတော့ မင်းအမေ သူ့သားအားရအောင် ကျေးဇူးကန်းပြနေတာ မမြင်ဘူးလား"

သားမက်ကာပဲ တစ်ပြန်စီး ဒေါသတွေထွက်၊ ဆွေ့ဆွေ့တွေခုန်နေလျှင် နေသူရ သူ့စကားအတိုင်း နင်းလိုက်သည်။ အေးအေးနှင့်ပါပဲ။

"ကောင်းပြီ ကျေးဇူးရှင်ကြီး၊ ဒီတစ်ပတ်အတွင်း ခင်ဗျားတို့အိမ်ရှာ။ ခင်ဗျားတို့ကို မေမေပြုစုလုပ်ကျွေးခဲ့ရတာ ရှစ်နှစ်ကျော်ပြီ။ ကျုပ်အမေလည်း အရိုးပေါ်အရေတင်ပဲ ကျန်တော့တယ်။ ခုချိန်ကစပြီး ကျုပ်အမေကိစ္စ ကျုပ်ဖာသာရှင်းမယ်။ ကျုပ်ဖာသာ လုပ်ကျွေးမယ်"

သူ့အသွင်ကိုကြည့်ပြီး မိုးသီတာရော အောင်မြင့်မြတ်ပါ ဆွေ့ဆွေ့ခုန်နေတာ၊ အနာပေါ်တုတ်ကျလို့ပဲဖြစ်မည်။

"ဟင်! နင်က ခုမှဘာဇွဲပါးဝနေတာလဲ။ ဒါ နင့်အိမ်မို့လို့ ငါတို့ကို နင်ချနေတာလား"





"အလကား. . . မယားတရူး။ ကိုယ့်ကိုယ်ကိုယ် နွားဖြစ်လို့ဖြစ်မှန်းမသိတဲ့ကောင်။ ဟိုတစ်ဖက်က မက်လုံးပေးထားတာနဲ့ အဟုတ်ကြီးမှတ်ပြီး ကြိုးရှန်းရှာဖွေ ကျောင်းထားလိုက်ရတာ။ ကျောင်းလည်းပြီးရော ဟိုက သူ့ကိုထားခဲ့မှာ"

"အဲဒါ ကျုပ်သမိုင်းပါ၊ ခင်ဗျားနဲ့မဆိုင်ပါဘူး။ ခင်ဗျားသာ လက်ဖျားငွေသီးနေတာနဲ့ ယောက္ခမ. . . ယောက္ခမမှန်းမသိ၊ မြေမျိုမယ့်ကောင်"

တစ်ယောက်တစ်ခွန်း စကားတွေများနေရတာ နေသူရနှင့် မိုးသီတာလင်မယား။ ဒေါ်မိုးသူ မနေနိုင်။

"ဟဲ့! ကလေးနေမကောင်းဘူးဆို၊ ဆေးခန်းသွားပြကြဦး။ တော်ကြတော့. . . လူကြားမကောင်းဘူး"

"မေမေက သူ့သားဘက်က လွန်တာတော့ မပြောဘူး။ သူက အငယ်ဖြစ်ပြီး သမီးတို့ကို နင်ချနေတာ ဘာမှမပြောဘူး။ ဒါကြောင့် ဟိုအမိုက်ရိုင်းကောင်က ကန်းတက်နေတာ"

ဒီတစ်ခါတော့ ဒေါ်မိုးသူ ငြိမ်မနေနိုင်တော့ပါ။ သူ့သမီးနဲ့သားမက်က သူ့ကို ကြိတ်ကြိတ်သလိုကြိတ်ပြီး အရှည်ညှစ် အနိုင်ကျင့်နေကြတာ ကြာပြီလေ။ သူ့သား အားကိုးရှိတုန်း တွန်းလှန်ပစ်မှရတော့မည်။ ညှာင်ပင်တွေကိုလေ။

"သူက လက်ရှိပဲ၊ ညည်းတို့က လက်ကွဲ။ ဆင်းစရာရှိ ညည်းတို့ပဲ ဆင်းရမှာပေါ့။ ငါလည်း အသက်ကြီးလှပြီ။ ကျန်းမာရေးမကောင်းဘူး။ ညည်းတို့ကို ချက်ပြုတ်ကျွေးမွေး လျှော်ဖွပ်ပေးရတာ ပင်ပန်းလှပြီ။ ညည်းတို့အိမ်ခွဲဆင်းသွားကြပေတော့"

"ကဲ! မှတ်ပြီလား။ မေမေ. . . လွယ်လွယ်နဲ့မဆင်းရင် ရှင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လူကြီး တိုင်မလား။ တရားရုံးမှာပဲ သွားတိုင်ရမလား။ ခုကတည်းက စဉ်းစားထားနော်''

သွားအမိနှစ်ယောက်၏စကားကို ကြားရလျှင် အောင်မြင့်မြတ်နှင့် မိုးသီတာတို့ ဆွေ့ဆွေ့ခုန်နေကြတာ အရူးနှင့်ပဲ တူနေတော့သည်။

''ဆင့်မယ်. . . ဆင်းမယ်၊ မောင် ခုချက်ချင်း အိမ်ရှာ။ မိုးတို့ အနှစ်နာခံနေရတာ အလကားပဲ။ မိုးကတော့ ကိုယ့်မိခင်ဆိုပြီး သံယောဇဉ်တင်းနေခဲ့ရတာ။ အဟင့်. . . ဟင့်. . . သူကတော့ သားမှသားပဲ''

''တော်ပြီ. . . တော်ပြီ၊ ဘာမှမပြောနဲ့တော့ မိုး။ သူနေမကောင်းဖြစ်လည်း တို့မှာ တာဝန်မရှိတော့ဘူး။ ကောင်းတာပေါ့ကွာ. . . ငါ လုပ်ကျွေးစရာမလိုတော့ဘူးပေါ့''

''အိမ်ရှာပါဆို မောင်ရယ်၊ ခုချက်ချင်းပဲ ပြောင်းမယ်။ ဒင်းတို့ မျက်နှာတွေ မကြည့်ချင်ဘူး''

လင်မယားနှစ်ယောက် ဖုန်းနှစ်လုံးနှင့်အလုပ်ရှုပ်နေကြပြီး မကြာမီ အိမ်ရှေ့သို့ ကားနှစ်စီးရောက်လာခဲ့ပြီး အိမ်ပြောင်းဖို့ ပြင်ကြတော့၏။ ငွေပေါ်နေသည့်လင်မယားမို့ အရာရာ ရေကန်အသင့်ကြာအသင့်ပါ။

တိုက်ခန်းတစ်ခုကို ဗျပ်ခနဲကောက်ဝယ်ပြီး ဗျပ်ခနဲပြောင်းသွားလိုက်ကြတာ မိခင်ကိုပင် ကန်တော့မသွားကြ။ သြော်. . . တော်တော်တရားကျစရာကောင်းတာပဲ။

မိခင်မြေကြီးရဲ့မြေဆီမြေနှစ်တွေကို စားသုံးပြီး မြင့်မား ထိုးတက်သွားသည့် သစ်ပင်တစ်ပင်ရဲ့ဘဝ၊ ဖွံ့ဖြိုးဝေစည်ပါစေလို့ပဲ ဒေါ်မိုးသူ ဆုတောင်းမိပါသည်။ သူ့သမီး ပြောဆို နာကြည်းသွားခဲ့သည့်စကားတွေ အတွေးမီးလျှံတွေ။





''မေမေက သားဘက်ကိုပဲ ရပ်တည်တော့ အဲဒီသားဆိုး သားမိုက်နဲ့ပဲ နေပေတော့။ သမီးနဲ့ဘာမှမဆိုင်တော့ဘူး။ သမီး တာဝန်မဟုတ်တော့ဘူး။ စောလှူးမင်းလိုပဲ ကျွန်စစ်သားကိုအထင်လွဲပြီး ငရမန်ကန်းရဲ့လက်ထဲမှာ ခွေးသေဝက်သေ သေရစ်ပေတော့''

''ကြွ. . . ကြွ. . . ကျွန်စစ်သားမင်းကြီး၊ ကိုယ့်ယောက်ျားလည်း ကိုယ်နိုင်အောင်ထိန်းဦး။ တော်ကြာမှ ကျွန်စစ်သားကနေ ကျွန်ရစ်မင်းဖြစ်ပြီး မျက်ရည်နဲ့နှပ်နဲ့ သုတ်နေရပါဦးမယ်''

''ကြည့်စမ်း. . . ကြည့်စမ်း. . . နင်က ငါ့ကိုကျိန်စာတိုက်နေတာပေါ့လေ။ ခွေးကောင်. . . အမိုက်ရိုင်းကောင်''

''ဆဲပါဗျာ. . . ဆဲပါ၊ ကိုယ့်မှာ သားရှိတာလည်း သတိတရားရှိုးနော်။ ဝဋ်ဆိုတာ ဘဝမကူးဘဲ လည်တတ်တယ်။ ငရဲဆိုတာ ဘဝကူးဘူး။ ကိုယ့်စေတနာမှန်ကန်ခဲ့ရဲ့လား၊ ဖြူစင်ခဲ့ရဲ့လားလို့ပဲ နဖူးပေါ်သက်တင် စဉ်းစားလိုက်''

အတ္တတွေ မာနတွေနှင့် တဟုန်းဟုန်းတောက်လောင်နေသည့်မှိုနေသူရပြောသည့်စကားတွေ သူ့အစ်မနားထဲ ဝင်မဝင်မသိရပေမယ့် သူတို့ကတော့ အိမ်ပြောင်းသွားသည့်အစ်မကို အားလုံးအဆင်ပြေချောမွေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့နေမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

နွေလယ် (၁၂)နာရီလောက်မှာ မိုးသီတာတို့မိသားစု အိမ်ပြောင်းသွားခဲ့ကြပေပြီ။ နောက်တိုက်ခန်းအသစ်ကို နေရာပင် ပြောမသွားကြ။ လိပ်စာလည်းမပေး။ ခြေရာဖျောက်သွားသည့်နှယ်။

ဒေါ်မိုးသူကတော့ ရင်ထဲမှာ စိတ်မကောင်းတာရော၊ အေးချမ်းသွားတာရော ရောထွေးနေခဲ့သည်။ သားအမိနှစ်ယောက်တည်း ကျန်ခဲ့တော့ ဒေါ်မိုးသူ ညှို့ခန်းဆက်တီပေါ်မှာ ထိုင်ချရင်း. . .

"ခုလိုအေးအေးချမ်းချမ်းမနေရတာ ကြာလှပြီ သားရယ်။ ကဲ! သမီးကတော့ မအေကိုပစ်သွားပြီ၊ သားကရော ဘယ်တော့ပစ်သွားမှာလဲ"

"သားက ဘယ်တော့မှပစ်မသွားပါဘူး မေမေရယ်. . . မေမေဘုရားရှိခိုး၊ ပုတီးစိတ်နဲ့ အေးအေးချမ်းချမ်းနေရအောင် သားက ထားချင်တာပါ။ သားလာတိုင်း မေမေ့မှာ ကလေးထိန်းရ ထမင်းချက်ရ အဝတ်





လျှော်ရနဲ့ တစ်ခါမှအားတယ်မရှိဘူး။ သမီးနဲ့သားမက်ကိုပြုစုနေရတာ။ ဒီကြားထဲ သူတို့က ရှာကျွေးနေရတဲ့ပုံစံပြောနေကြတော့ သား မေမေ့အတွက် ရင်နာရတယ်"

"သံယောဇဉ်မီးကနေပဲ လောင်မြိုက်ခံရတာပေါ့ သားရယ်။ ကဲ! ခုတော့ တို့သားအမိနှစ်ယောက်ပဲ အေးအေးချမ်းချမ်းရှိတော့တယ်။ သားကုန်ကားကြီးတွေမောင်းနေတာလည်း မေမေ စိတ်မချမ်းသာပါဘူး သားရယ်။ သားရော ဗဒင်တို့လိုပဲ ကားဝပ်ရှော့ထောင်ပါလားကွယ်"

"အရင်းအနှီးက လိုသေးတယ် အမေရဲ့။ ကားဝပ်ရှော့ထောင်တယ်ဆိုတာ မလွယ်ဘူး"

သည်အခါ မေမေပြုံးလိုက်ပုံက ဝင်းဝင်းပပ။

"သားက ဘယ်လောက်ဆို လောက်မှာလဲ။ မေမေ့မှာ သားပေးထားတဲ့ပိုက်ဆံတွေ ဘဏ်မှာစုထားတာ ရှိပါတယ်ကွယ်"

"ဗျာ! မေမေ့ကို ကျွန်တော်ပေးထားတာ တစ်လမှ ငါးသောင်းတည်းရယ်ပါ။ မုန့်ဖိုးပဲဖိုးလောက်ပဲ ပေးတာလေ"

"စုပါများတော့ တောင်ပို့လေ သားရဲ့၊ မေမေက သားပေးတဲ့ငွေလေးကို တစ်ပြားမှမသုံးရက်လို့ ဘဏ်မှာစုထားတာ။ အခုဆို ခုနှစ်နှစ်ပြည့်တော့မှာဆိုတော့ ဘဏ်တိုးတွေဘာတွေနဲ့ဆို သိန်းငါးဆယ်တောင် ကျော်နေပါပြီကွယ်"

"ဗျာ! "

ကြည့်စမ်း! သူကတော့ ချစ်သူကို ရှာရသမျှ ပုံပေးပြီး မေမေ့ကို တစ်လ ငါးသောင်းလေး ပေးတာ၊ မေမေက မသုံးရက်ဘဲ စုထားသတဲ့။ သူ မျက်ရည်တွေတောင် လည်လာပြီး မေမေ့ဒူးကို ကျုံးဖက်၊



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်မှာ ဆင်းထိုင်ရင်း ငိုရှိုက်မိတော့မတတ်။

မိဘမေတ္တာများ အေးမြလိုက်တာ။

ချစ်သူရဲ့မေတ္တာကရော. . .

ဟောက်(စ်) ဆင်းနေပြီဖြစ်သည့် ချစ်သူ မြလင်းကြည်ဖြူဟာ အရင်လို ကျိုးကျိုးနွံနွံတောင် မရှိတော့။ လေသံက မာလာသလို သူ့မိသားစုကလည်း မာနမျက်နှာတွေနှင့်။

"ဒါ ငိုစရာလား သားရယ်၊ အဲဒီငွေရယ်၊ သားဖေဖေရဲ့ ပင်စင်လေးတွေ စုထားတာရယ်. . . ပေါင်းတော့ သိန်းတစ်ရာကျော်နေပြီလေ၊ သား ဝယ်ရှော့မထောင်ချင်လည်း ကားလေးတစ်စီးလောက် ဆွဲစားရင် မရဘူးလား။ မေမေကတော့ ကိုယ့်သားသမီး အေးအေးချမ်းချမ်းနေချင်ပါပြီကွယ်"

"သားစဉ်းစားပါဦးမယ် မေမေရယ်၊ အကောင်းဆုံးအဖြေကို သား စဉ်းစားပါ့မယ်။ ကဲ! မေမေ၊ သား. . . မြလင်းဆီ ခဏသွားလိုက်ဦးမယ်နော်"

"အေးပါ သားရယ်. . . အေးပါ။ ရန်တွေဘာတွေလည်း ဖြစ်မနေနဲ့ဦးနော်. . . သား"

"ဗျာ. . ."

မေမေ့စကားကြောင့် သူ အံ့အားသင့်သွားလျှင် မေမေက သူ့ကျောလေးကိုပုတ်ပြီး တရားချခဲ့သည်။

"သူ့အမေနဲ့မောင်က အမူးသမား၊ အရူးသမားတွေဆိုတော့ စကားပြောအဆင်မပြေမှာစိုးလို့ပါ သားရယ်။ တကယ်တော့ မြလင်းတစ်ယောက်ပဲ သူ့အိမ်မှာ ကောင်းတာလေ။ နောက်ချေးပုံပေါ် ကြာပွင့်သင်





ပါပဲကွယ်။ သားက စိတ်ဆတ်တော့ မေမေက သည်းခံစေချင်တာပါ။ လူမိုက်ကို လူမိုက်မှန်းသိရင် ရှောင်တာ အကောင်းဆုံးပေါ့ သားရယ်။ ခွေးကောင်းနဲ့ ခွေးရူးကိုက်ရင် ခွေးကောင်း နားရွက်ဖြတ်ခံရတာလေ"

"စိတ်ချပါ မေမေရယ်၊ သားစိတ်ကိုလျှော့ထားပါတယ်။ မြလင်းနဲ့အကြောင်းဆုံရင်တောင် ယောက်ဖ ယောက္ခမဒဏ်တော့ တော်တော်ခံရမှာပဲ"

မေမေ့ကိုနှုတ်ဆက်ခဲ့ပြီး သူ လမ်းဟိုဘက်ရှိ မြလင်းတို့အိမ်သို့ သွားလိုက်သည်။ မြလင်း ဒီနေ့ အိမ်မှာရှိတာ သူသိသည်လေ။ ဖုန်းနှင့်အဆက်အသွယ်က ရပြီးသား။

မြလင်းတို့အိမ်ဟာ သစ်သားအိမ်လေးပါ။ ခေတ်ကောင်းတုန်းက ဆောက်ထားသလား။ မိဘအမွေလားတော့မသိ။ ခြံနှင့်ဝင်းနှင့်ပါပဲ။

သူ လက်ဆောင်တွေနှင့် ရောက်သွားတော့ မြလင်းအိမ်ရှေ့မှာ ကားတစ်စီးဆိုက်လို့။ သူ မျက်မှောင်ကြုတ်သွား၏။ ဆရာဝန်မကြီးမို့ ကားနှင့် မိတ်ဆွေတွေဘာတွေ ရှိကုန်ပြီလား။ သို့သော် ငယ်စဉ်ကလို တစ်ဖွတ်ထိုး တဖောက်ကန်းမဟုတ်တော့ပါ။

သူ အိမ်ပေါ်သို့တက်သွားတော့၊ ဧည့်ခန်းထဲမှာ လူရွယ်တစ်ယောက်နှင့်အတူ မြလင်းကို ပူးပူးကပ်ကပ်တွေ့လိုက်ရသဖြင့် သူ့မျက်စိတွေ ပြာခနဲဖြစ်သွားရ၏။

ဒီအချိန်မှာပဲ မီးဖိုဘက်မှ သူ့အမေ ဒေါ်လင်းလင်းဖြူ ကော်ဖီနှင့်မုန့်ပန်းကန်များ တင်ဆောင်ထားသည့်လင်ဗန်းနှင့် ထွက်လာခဲ့သည်။

"ဟော! မောင်သူရ. . . လာ. . . ထိုင်လေ။ ဘယ်တုန်းက ပြန်ရောက်သလဲ။ ကားမောင်းရတာ အဆင်ပြေလား။ ကုန်ကားတွေ မောင်း

www.burmeseclassic.com



ရတာ အသက်အန္တရာယ်နီးပါတယ်။ ဒီ မောင်အောင်သက်ထွန်းရဲ့ကုမ္ပဏီမှာဝင်ပြီး ကားမောင်းပါလား''

မြင်တာနှင့် လှမ်းပြီးနှိုက်ကွပ်လိုက်ပေမယ့် သူ အောင့်သက်သက်နှင့်ပင် ဆက်တီတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။ သည်တော့မှ မြလင်းက သူ့ကိုပြုံး၍ပြပြီး သူ့ရှေ့မှ သန့်ပြန့်နုရွနေသည့်လူရွယ်နှင့် မိတ်ဆက်ပေးလေ၏။

"ကိုအောင်. . . ဒါ မြလင်းရဲ့ငယ်သူငယ်ချင်းလေ။ သူ့နာမည်က နေသူရတဲ့။ မေမေပြောသလိုပဲ ကုန်ကားတွေမောင်းတယ်။ ကားမောင်းတာကတော့ ဘာကျွမ်းသလဲမမေးနဲ့။ ကိုအောင့်ကုမ္ပဏီမှာ ဒရိုင်ဘာခန့်ပေးပါလား''

"ရပါတယ်၊ မြလင်းမျက်နှာနဲ့ လုပ်ပေးရမှာပေါ့ဗျာ။ ချာတိတ်ရဲ့အရည်အချင်းကိုတော့ ကြည့်ရဦးမယ်လေ''

အောင်သက်ထွန်း၏အပြောနှင့်အကြည့်က ခပ်ကျော့ကျော့ပါ။ နေသူရရင်ထဲ မခံချင်စိတ်က ပင်လယ်လှိုင်းတံပိုးလို အဆမတန်ရုန်းကြလျက်။

စဉ်းစားကြည့်ပါ။ ကိုယ်မြင့်တင်၊ ထမ်းတင်ပေးခဲ့လို့ ဒီအခြေ ဒီအနေရောက်မှ ကျွန်တော်တင်သည့် ရွှေမင်းသမီးက အခြေကြီး အနေကြီးနှင့်။ အောင်သက်ထွန်းဆိုသူကို ဦးစားပေး ဗန်းတင်နေလိုက်တာ။

သူ ဘုပြန်မှုတ်ပစ်လိုက်သည်။

"မလိုပါဘူးဗျာ၊ ကျွန်တော့်ဘာသာ ကုန်ကားမောင်းနေရတာ အဆင်ပြေပါတယ်''

သည်တော့လည်း အောင်သက်ထွန်းရုပ်က မထိမဲ့မြင်နှင့်။





"ဟုတ်တာပေါ့လေ၊ ကုန်ကားမောင်းရတာကတော့ လွတ်လပ်တာပေါ့။ ပျော်စရာကောင်းတာပေါ့။ နေချင်သလိုနေ စားချင်သလိုစား၊ တကယ့်ကို လူငယ်သဘာဝ လူငယ်အရသာအပြည့် ခံစားရတာပါ။ သတိလည်းထားဦးနော် ကိုယ့်ညီ။ ခုခေတ်က အေတွေ ဘီတွေက ပေါမှပေါ''

ဒါ သူ့ရဲ့ဂုဏ်သိက္ခာကို စော်ကားလိုက်တာပဲ။ ချနင်းလိုက်တာပဲ။ နေသူရ သည်းမခံနိုင်လောက်အောင်ပင်။ ဒါလား ကုမ္ပဏီက MD.

"ကျုပ်က ဒါမျိုးတွေ ဝါသနာမပါဘူးဗျ။ ကိုယ့်ချစ်သူအပေါ်မှာ သစ္စာမဖောက်ဘူး။ ချစ်သူရဲ့ရှေ့မှာရော ကွယ်ရာမှာပါ သစ္စာတရားကို အသက်ထက်ပိုပြီး တန်ဖိုးထား ထိန်းသိမ်းတယ်။ မြလင်း. . . ငါပြန်မယ်။ ဒီမှာ ဒီလအတွက် ငွေနှစ်သိန်း''

ငွေနှစ်သိန်းထုပ်ကို တင်ပေးခဲ့ပြီး နေသူရ ပြန်ဆင်းသွားတော့ မြလင်းမျက်နှာက ပျက်ချင်ချင်။ သို့သော် သူ့အမေကြီးက လည်ပြီးသား။

"အဟင်း. . . ကြွေးယူတုန်းကတော့ အလုံးလိုက်။ ကြွေးပြန်ဆပ်တော့ ဒီဇိုပဲလေ။ အလီလီအလာလာပဲ''

"ဘယ်လို. . . အန်တီ''

"ဩော်. . . သူတို့က သူငယ်ချင်းတွေလေ၊ အဲဒီကောင်လေး ကားအက်ဆီးဒင့်ဖြစ်တုန်းက အန်တီကပဲ ရှိတဲ့ခွဲကြိုးလေး လက်ကောက်လေးရောင်းပြီး စိုက်လျော်ထားခဲ့ရတယ်။ မများပါဘူး. . . သိန်းနှစ်ဆယ်တည်းပါ။ အဲဒါ သူက အလုံးလိုက်ပြန်မပေးနိုင်တော့ အတိုးသဘောနဲ့ တစ်လ နှစ်သိန်းပေးတယ်လေ။ သမီးမှာ အဲဒါကပဲ ကျောင်းတက်ဖို့ အထောက်အကူရတာပေါ့''

"ဩော်. . . သူ့ပုံစံကိုက ခပ်ကျော့ကျော့နဲ့၊ သူကပဲ မြလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထားနေရတဲ့ပုံ''

''သူက ကျောင်းသားဘဝက ခေါင်းအရိုက်ခံထားရတော့ ခေါင်းနည်းနည်းမကောင်းဘူးလေ။ ဘဝင်ရူးဆန်ဆန်ပေါ့ကွယ်''

မြလင်းကြည်ဖြူ ငြိမ်နေရပေမယ့် စိတ်ကတော့ သိပ်မရှင်း။ သူလုပ်တာ မှန်ရဲ့လား။ နေသူရအပေါ်မှာ ရက်စက်ရာ၊ သစ္စာမရှိရာများ ကျနေမလား။

အို. . . ငါ သူနဲ့ဆိုရင် အဆင်ပြေမှာမဟုတ်ဘူး။ သူ့ပုံစံက ကြမ်းကြမ်းတမ်းတမ်းနဲ့။ လူကလည်း စုတ်ပြတ်ပေရေနေတာပဲ။ ကိုအောင်သက်ထွန်းဆိုရင်တော့ တိုက်နဲ့ကားနဲ့။ ဝင်ငွေကလည်း ကောင်းတယ်။

''နော်. . . မြလင်း''

''ရှင်. . . ကိုအောင် ဘာပြောလိုက်တယ်''

''ညြော်. . . မြလင်းနဲ့ကိုယ် အားတဲ့ရက်မှာ ချောင်းသာ သွားကြရအောင်လို့''

''ဟင်! ဘယ်ဖြစ်မလဲ၊ လက်မထပ်ရသေးဘဲနဲ့ လျှောက်သွားလို့မဖြစ်ပါဘူး''

''အမယ်လေးဗျာ၊ ဆရာဝန်မကြီးကလည်း လူငယ်လေးကျနေတာပဲ။ နှစ်ယောက်တည်းသွားမှာမှမဟုတ်ဘဲ။ သူငယ်ချင်းတွေနဲ့ သွားမှာလေ''

''မြလင်း အားလည်းမအားပါဘူးရှင်၊ ဒီလက သားဖွားဆောင်မှာ ကျမှာလေ။ နားရက်မရှိဘဲ. . .''

သူမ ရှင်းချက်ထုတ်နေစဉ် ဖုန်းဝင်လာသဖြင့် မြလင်း ကိုင်လိုက်တော့ သူမထင်သည့်အတိုင်း နေသူရထံမှဖုန်း။ သူမ ခပ်လှမ်းလှမ်းသို့





သွားရ၏။

''မြလင်း. . . အဲဒီကောင်က ဘယ်သူလဲ။ နင် သစ္စာဖောက်နေပြီလား''

''မဟုတ်ပါဘူး၊ နောက်မှ အကျိုးအကြောင်းပြောမယ်''

''မရဘူး အခုပြော. . . အခုရှင်း။ ဘာလဲ. . . နင်က ဆရာဝန်မကြီးဖြစ်ပြီဆိုပြီး ငါ့ကိုကန်တာလား''

''ဟာ! မဟုတ်ပါဘူးဆိုမှ တော်ပြီ. . . တော်ပြီ ငါနောက်မှဆက်လိုက်မယ်''

မြလင်း ဖုန်းကိုပိတ်ထားလိုက်ပြီး အောင်သက်ထွန်းနှင့် စကားဆက်ပြောနေစဉ် အိမ်ရှေ့မှာ ဆူညံဆူညံကြားရသဖြင့် လှမ်းကြည့်လိုက်လျှင် သူ့အစ်ကိုမင်းကြည်ဖြူနှင့် နေသူရကိုတွေ့လိုက်ရသည်။

တစ်ယောက်က ဆိုက်ကားသမား အမူးပါ။ တစ်ယောက်က အဝေးပြေးကားမောင်းသမား။ နှစ်ယောက်လုံး အဆင့်မရှိလို့ ရန်ဖြစ်ကြတာ ကိစ္စမရှိ။ သူ့လိုဆရာဝန်မတစ်ယောက်အဖို့ သိက္ခာကျလှသည်။

''အမေ. . . အမေ သွားရှင်းပါဦး။ ဟိုမှာ အမေ့သားနဲ့ဟိုကောင်''

''တောက်! ဒီနှစ်ကောင်ကလည်း တွေ့လိုက်တာနဲ့ ကိုက်ဖို့ပဲ။ နေဦး. . . ရပ်ကွက်ရုံးကိုသွားတိုင်ရဦးမယ်။ မကောင်းတဲ့ရပ်ကွက်မှာနေရတာ မဟန်ပါဘူး၊ ကလေကလွင့်တွေ ဂျလေဘီတွေ''

သူ့အမေဆင်းသွားတော့ မြလင်း အောင်သက်ထွန်းကို အမြန်ပြန်ခိုင်းလိုက်ရသည်။ ကြာလျှင် မလွယ်။ ညောင်မြစ်တူးတာနဲ့ ပုတ်သင်ဥတွေ ပေါ်ကုန်တော့မည်။ အပြင်မှာ နေသူရ ပွဲကြမ်းနေသည်လေ။

''ကိုအောင့်ကို အဲဒါကြောင့် အိမ်လည်မလာပါနဲ့လို့ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



မြလင်းတို့ရပ်ကွက်က အဆင့်မရှိတဲ့လူတွေချည်းပဲနေကြတာ။ တစ်ယောက်နဲ့တစ်ယောက် မဟုတ်တာပြောရမှာလည်း ဝန်မလေးဘူး။ ခုပဲကြည့်၊ ဟိုကောင် နေသူရ ပြောနေတာ၊ မသိရင် သူကပဲ မြလင်းကို ကျောင်းထားပေးနေသလိုလို"

"သူ့ကိုထောင်ချပစ်လိုက်ပေါ့ မြလင်းရဲ့၊ ဘာသနားနေစရာလိုသလဲ"

"ဩော်... သူ့မိဘတွေရဲ့ကျေးဇူးတွေရှိခဲ့ဖူးတော့ ဒီလိုပဲ သည်းခံရတာပေါ့။ ကဲ! ကိုအောင် ပြန်... ပြန်တော့"

"ကိုယ်မှ မြလင်းကိုမတွေ့ရရင် မနေနိုင်တာဘဲကွာ။ မြလင်းကလည်း အားမှမအားတာ။ ဆေးရုံတွေပဲ လျှောက်လှည့်နေရတာ"

"အားရင် ဖုန်းဆက်ပါ့မယ်။ ကဲ! ပြန်တော့"

အောင်သက်ထွန်း ကားနှင့်ထွက်သွားချိန်တွင်ပင် သူတို့အိမ်ထဲသို့ နေသူရတစ်ယောက် ဒေါကြီးမောကြီးနှင့် ဝင်လာခဲ့သည်။ သူ့နောက်မှ မင်းကြည်ဖြူကလည်း တုတ်တစ်ချောင်းကိုကိုင်ရင်း လိုက်လာခဲ့၏။ စောစောစီးစီးမူးနေလိုက်သေးသည်။

"ဟော့ကောင်... မင်းလို အစုတ်ပလုတ် ကားသမားနဲ့ ငါ့ညီမ ဆရာဝန်မ တူသလားတန်သလားကွ။ အမဲရိုးနဲ့ဟင်းအိုး"

"အဲဒီလိုဆရာဝန်မဖြစ်အောင် ဘယ်သူထားပေးတာလဲ။ တစ်ရပ်ကွက်လုံးသိတယ်။ ခင်ဗျားတို့အကြောင်း ဖုံးထားချင်ရင် နေရာပြောင်းလိုက်"

"အေး... ပြောင်းမှာ... ပြောင်းမှာ၊ ဒီကအိမ်နဲ့ခြံကိုရောင်းပြီး တခြားကိုပြောင်းမှာ။ အလကားရပ်ကွက်... ကလေကချေ ဂျလေဘီတွေ





နေတဲ့ရပ်ကွက်"

"အဲဒီလိုပြောနေတာကိုက ခင်ဗျားညီမကို ကျူပ် ကျောင်းထားပေးနေရတယ်ဆိုတာ ဝန်ခံလိုက်တာပဲဗျ။ ခင်ဗျားတို့ လူဆိုရင် ခင်ဗျားတို့လုပ်ရပ် မှန်မမှန် သင့်မသင့် စဉ်းစားပေါ့"

"မြလင်း... နင်ကရော နင့်မိဘတွေ မောင်ညီမတွေနဲ့ အတူတူပဲလား။ ငါထင်ထားတာ နင်တစ်ယောက်တော့ စိတ်ဓာတ်မြင့်မြတ်မယ် မှန်ကန်မယ်ထင်ထားတာ"

"တော်တော့ နေသူရ၊ နင်အရမ်းလွန်နေပြီ။ ငါ့ဗြဲသည်ရှေ့မှာ ငါ့ကိုအရှက်ခွဲတယ်။ မဟုတ်တိုင်တက်ပြလွန်းတယ်။ ငါ့သိက္ခာကိုတောင် မထောက်ဘူး။ နင့်ကိုငါမုန်းတယ်... ထွက်သွား"

မြလင်းရပ်က တင်းမာနီရဲနေလျှင် နေသူရ အံ့အားတသင့်။ ဒီဘစ်ယောက်ကိုဖြင့် ကိုယ့်လူလို့တွက်ထားမိတာ၊ အခုတော့ သင်းလည်း ဒီပုတ်ထဲကပဲ ဒီပဲပါပဲလား။

"ညီမလေးရယ်၊ အစ်ကို့ကိုကြည့်ပါဦး။ ဒီကောင် လက်သီးနဲ့ ထိုးထားတာ။ အား... ကျွတ်! ကျွတ်! "

မင်းကြည်ဖြူက သူ့နှုတ်ခမ်းမှသွေးစများကိုပြလျှင် ဒေါ်လင်းသင်းဖြူရော မြလင်းပါ ဒေါသတွေ အလကားရတိုင်း နင်းကန်ထွက်ပြနေကြ၏။

"ဟင်... နင်တော်တော်မိုက်ရိုင်းနေပါလား။ ငါ့အစ်ကိုကို ထိုးကြိတ်ထားလိုက်တာ။ မူးနေတဲ့လူပဲ၊ နင် ဘယ်လိုလုပ်လုပ် ခံရမှာပေါ့"

"နင့်အစ်ကိုက အရင် ငါ့ကိုပြေးရိုက်တာ။ ငါရှောင်ပေးလိုက်တော့ သူ့ဖာသာ အားလွန်ပြီးဖြစ်တာ။ ငါ့ပယောဂ မပါဘူး။ သေချာ



www.burmeseclassic.com

www.burmeseclassic.com



လည်းကြည့်ဦး။ လက်သီးနဲ့ထိုးတဲ့ဒဏ်ရာလား၊ တိုင်နဲ့ဆောင့်မိတဲ့ဒဏ်ရာလားဆိုတာ''

''တော်. . . တော်. . . မျက်စိနဲ့မြင်နေရတဲ့ကြားထဲက ဝါးလုံးကို ဝါးခြမ်းဖြစ်အောင်ပြောတယ်။ နင့်ကို ရဲတိုင်မယ်၊ ငါ့သားကို သွေးထွက်သံယိုဖြစ်အောင်လုပ်တဲ့ကောင်။ ကလိမ်ကကျစ်ကောင်''

ဒေါ်လင်းလင်းဖြူ ဒေါသထွက်နေတာ သဘာဝမကျ။ အမိက က နေသူရကို ပြဿနာရှာနေခြင်းသာ။ မြလင်းကြည်ဖြူတစ်ယောက် ဟောက်(စ်)ဆင်းလို့တောင် ပြီးတော့မည်မို့ နေသူရ မလိုတော့။ ဘုရားပြီးလို့ ငြိမ်းဖျက်ကြခြင်းပါပဲ။

နေသူရ ခေါင်းတညိတ်ညိတ်နှင့် သဘောပေါက်စွာ ပြုံးနေတော့ မြလင်းရုပ်က မလုံမလဲ။ ဒီကောင်ရဲ့ခွန်အားတွေကို သူ့အတွက် ဝါးမျိုစုပ်ယူခဲ့သည်လေ။

''မြလင်း. . . မြလင်း. . . ငါက နင့်ကို ရိုးသားဖြူစင်သန့်ရှင်းတဲ့ စပယ်ပွင့်လေး၊ သမင်မလေးလို့ထင်ထားခဲ့တာ။ အခုကျမှ အစွယ်ပြူးပြူးနဲ့ ဘီလူးမကြီးမှန်း သိရတော့တယ်''

မြလင်းကြည်ဖြူ မျက်နှာပျက်နေပေမယ့် သူ့အမေနှင့်မောင်က ပျော့ညံ့တော့မည့်မြလင်းအတွက် အားဝင်ဖြည့်ကြသည်။

''နင့်လိုကောင်စားမျိုးကပဲ ပြောရတယ်ရှိသေး။ နင်က ငါ့သမီးကို ဝက်လိုအစာကျွေးခဲ့တာပဲ။ စေတနာရှိလို့မှမဟုတ်တာ။ တစ်နေ့မှာ သတ်စားမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ငါ့သမီးကိုအစာကျွေးနေတာ''

''ခင်ဗျားပေးတဲ့ဥပမာက. . . ရှန်ရှင်း ရိုင်းစိုင်းလွန်းပါတယ်ဗျာ။ အသက် (၁၈)နှစ်တောင် မပြည့်သေးတဲ့ ကောင်လေးနဲ့ ကောင်မလေး





သိပ်ချစ်ကြတဲ့ချစ်သူနှစ်ယောက်။ ကောင်လေးက မိဘအိမ်မှာ လူပေါ့ကြော့လေးပါဗျ။ ချစ်သူရဲ့မျက်ရည်တွေကို မကြည့်ရက်လို့ နတ်ရေတန်ထဲပစ်ချလိုက်သလို ကိုယ့်ဘဝကိုယ် မျက်လှည့်ပြလိုက်သလို ပြောင်းလဲပစ်လိုက်ပြီး ပခုံးအသားမာတက်အောင်၊ ကျွဲပခုံးထအောင်၊ လက်တွေ ဒုံကိုင်အောင် ကားမောင်းပြီး. . . ဆေးကျောင်းထားခဲ့တယ်။ ဒါလားဗျ ဝက်လို အစာကျွေးတာ၊ ဒါလားဗျ. . . သတ်စားဖို့ အစာကျွေးနေတာ။ ဟား. . . ဟား. . . ဟား. . . ရယ်ရတယ်ဗျာ. . . တကယ်ရယ်ရတယ်''

ရယ်ရတယ်ဆိုပေမယ့် ရယ်မောနေသည့်နေသူရရဲ့ ရယ်သံက အသည်းအက်သံ။ မျက်ဝန်းမှာလည်း မျက်ရည်တွေ ရစ်ဝိုင်းလို့။

ဆယ်ကျော်သက်ကတည်းက အရူးအမူးချစ်ခဲ့ရသည့် မြလင်းကြည်ဖြူ။ ရယ်နေရာမှ ရုပ်တဲ့လိုက်တော့ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လို့။ ခံစားချက်က ပြင်းသည်လေ။

''ဒါပေါ့လေ၊ ကျုပ်က ကျုပ်ရဲ့နှလုံးသားကို မြေဆီလွှာလိုကျွေး၊ ကျုပ်ရဲ့နှလုံးသွေးနဲ့ လောင်းပြီး အချစ်သစ်ပင်ကို စိုက်ပျိုးခဲ့ပေမယ့် ကျုပ်စိုက်ပျိုးခဲ့မိတဲ့အပင်က အဆိပ်ပင်ဖြစ်နေတော့ အဆိပ်သီးပဲ သီးတော့ပေါ့''

''ဟဲ့အကောင်. . . တော်. . . တော်တော့၊ နင်မူးရင်လည်းပြန်တော့။ နင်ဒီမှာ့မှာက်ထိ ငါ့သမီးကို ရင့်ရင့်သီးသီးပြောစရာမလိုဘူး။ နင့်သို ကြုံရာအရပ်မှာ ကြုံရာမိန်းမပျက်နဲ့ ညအိပ်နေတဲ့ကားသမား အစုတ်အပြတ်ကများ ငါ့သမီးနဲ့ တူသလားတန်သလား''

''ဟော့ကောင်. . . သွားတော့၊ ရုပ်ကိုက စုတ်ပြတ်နေတဲ့ကောင်၊ အနှလက်နဲ့ ရွှေခွက်နှိုက်ချင်လို့ရမလား။ သွား. . . ငါလှမ်းပြီး ရဲခေါ်နန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လိုက်မယ်။ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်။ သွား. . . ထွက်သွား"

သူ့ကို ခွေးတစ်ကောင်လို ဝိုင်းပြီးနှင်ထုတ်ကြ၊ ရိုက်မထုတ်ကြရုံတမယ်။ တော်တော်တရားကျဖို့ကောင်းတဲ့အိမ်ပါပဲ။ ဒါပေါ့လေ. . . ဒီလောက် စာရိတ္တတွေ စိတ်ဓာတ်တွေ စုတ်ပြတ်သတ်နေတဲ့အိမ်က မိန်းကလေးကိုမှ သူက ချစ်မိခဲ့ပေသကိုး။ ခံပေါ့။

သို့သော် သူကလည်း ပုထုဇဉ်လူသားပီပီ နည်းနည်းလေးတော့ ပြန်ပက်လိုက်ချင်ပါသည်။

"မြလင်း. . . နင် လိပ်ပြာသန့်သလား"

"ဘာကိုလဲ"

"နင်ပြန်စဉ်းစားလိုက်လေ၊ နင် ဆေးကျောင်းတက်ချင်လို့ ရူးနေတဲ့အချိန်တုန်းက ပြောခဲ့တဲ့စကားတွေ၊ ဆွဲခဲ့တဲ့စီမံချက်တွေ"

"ဒါကတော့"

ရှေ့ဆက်ပြီး မြလင်း စကားမဆက်နိုင်တော့။ ဩော်. . . သူ့မြလင်းဟာ ဟိုတုန်းကလို စံပယ်ဖြူလေးမဟုတ်တော့။ နှင်းဆီနက်လို ဆူးတွေနှင့် မာကျောရိုင်းစိုင်းခဲ့ပြီ။

"ငါ့ခွန်အားတွေ ငါ့ရဲ့စေတနာ မေတ္တာတွေ ငါ့ရဲ့ပေးဆပ်မှုတွေကို ခုနှစ်နှစ်လုံးလုံး စားသုံး နင်းထက်ခဲ့ပြီး နင်အမြင့်ရောက်သွားတာ နင် လိပ်ပြာသန့်ရဲ့လား"

မြလင်း သူ့ကိုဘာမှပြန်ပြောစရာစကားမရှိ။ သို့သော် ပြန်တွေးပြီး နောင်တရနေပုံလည်းမဟုတ်။ သူ့စိတ်ထဲမှာ ကားတဝီဝီစီးပြီး တိုက်ကြီးပေါ်မှာ ခုန်တက်နေလေပြီလားမသိ။





"ငါကလည်း ယောက်ျားတစ်ယောက်ပါ၊ မာနနဲ့ကောင်ပါ။ နင့်ရဲ့မာယာစက်ကွင်းထဲမှာ ညို့ချက်ထဲမှာ တလည်လည်နဲ့ ဝဲလည်နေရတဲ့ ဘဝဆိုးကြီးက ငါလွတ်ပြီ"

". . ."

"ငါ့မှာဖြင့် တစ်လောကလုံး အမှောင်ဖုံးပြီး နင့်အတွက်ပဲ ကြိုးရုန်းရှာဖွေနေခဲ့ရတာ။ ဒီနေ့ကစပြီး မိန်းမယုတ်တစ်ယောက်ရဲ့လက်က ငါလွတ်သွားပြီ။ ဘီလူးမ သွေးစုပ်ဖုတ်ကောင်မရဲ့လက်က ငါလွတ်သွားပြီ။ နင်တို့အသိုင်းအဝိုင်း နင်တို့မိသားစု. . . နောက် နင်ပေါ့၊ ဘဝတစ်လျှောက်လုံး သာယာချမ်းမြေ့လှပပါစေလို့ ငါဆုတောင်းပေးခဲ့ပါတယ်"

နေသူရ ချာခနဲလှည့်ထွက်ခဲ့တော့ ဒေါ်လင်းလင်းဖြူနှင့် မင်းကြည်ဖြူက မျက်နှာကိုမဲ့ရွဲ့ပြီး ကျန်ခဲ့သည်။ မြလင်းကြည်ဖြူကတော့ စိတ်ထဲမှာ တအုံ့နွေးနွေး။ သူ့ချစ်သူ လူချောလူလှလေးဟာ တကယ့်ကို ဘဝသမားကြီးဖြစ်ကာ သူ့ကိုကျောင်းထားပေးခဲ့ရှာတာ။

သည်စဉ် နေသူရ ဖျတ်ခနဲပြန်လှည့်လာတော့ သားအမိသုံးယောက်စလုံး လန့်သွားကြသည်။ အမှားလုပ်ခဲ့ မတရားလုပ်ခဲ့ကြသူတွေမို့ သစ်ရွက်ကြွေကျသံကိုတောင် လန့်နေကြရမည့်အဖြစ်။

"ဘာလဲ"

ဒေါ်လင်းလင်းဖြူ မေးလိုက်တော့ နေသူရ နှုတ်ခမ်းမဲ့ရင်း. . .

"ကျုပ်ပေးခဲ့တဲ့ပိုက်ဆံ နှစ်သိန်း ပြန်ပေး"

"ဘာ! အဲဒါ ဒီလအတွက် ငါ့သမီးကျောင်းစရိတ်လေ"

"သေလိုက်! ခင်ဗျားကြီး အဲဒီမှာ လဲသေလိုက်။ ကျုပ် ခုနစ်နှစ်လုံးလုံး ကျောင်းထားပေးခဲ့ပြီးတာတောင် ကျန်နေသေးတဲ့ [illegible]လေးလ



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျားတို့ ဆက်မထားနိုင်ဘူးလား။ ဒါမှမဟုတ် စောစောကလာတဲ့ ခင်ဗျားသားမက်လောင်းဆီမှာ တောင်းလိုက်''

မြင်နေရသည့်စားပွဲပေါ်မှ ငွေနှစ်သိန်းထုပ်ကို ဖာတ်ခနဲကောက်ယူပြီး နေသူရ အိမ်ပေါ်မှဆင်းသွားတော့ ဒေါ်လင်းလင်းဖြူတစ်ယောက် နေသူရကို ကျိန်ဆဲကျန်ခဲ့သည်။

''ခွေးတိရစ္ဆာန်. . . ကားမောင်းရင်း ကားမှောက်ပြီး သေပါစေ သွားလေရာ လာလေရာ ဘေးအမျိုးမျိုးသင့်ပါစေ။ ပေးပြီးသားပိုက်ဆံများ ပြန်တောင်းသွားရသေးတယ်''

မြလင်းကြည်ဖြူကတော့ ယခုလအတွက် ရှင်းစရာလင်းစရာ ရှိသည့်စရိတ်များကိုတွေးပြီး စိတ်ညစ်သွားမိသည်။

နေသူရကိုပြန်ပြီး ချိတ်ဆက်ရကောင်းမည်လား။ သို့သော် နေသူရဆိုတာလည်း သူမရဲ့ခြေရင်းမှာ ဝပ်ဆင်းနေမည့် ထားရာနေ၊ စေရာသွားမည့် အည့်စားယောက်ျားတစ်ယောက် မဟုတ်တာ သူမရင်ထဲ သိနေမိပါသည်။



## အခန်း ( ၆ )

အသည်းကွဲတယ်ဆိုတာ တော်တော်အခံရခက်တာပဲ။ မာနနှင့် တင်းခံနေပေမယ့် လူက အိပ်ရာထဲမှာ လူးလူးလိမ့်လိမ့်။

ခုအချိန် ကားမောင်းလျှင်လည်း ဒေါ်လင်းလင်းဖြူ ကျိန်ဆဲသလို ကားတိုက်မှုတွေဖြစ်ကုန်မှာမို့ သူ ကားမောင်းမလိုက်၊ ကုန်တင်ကားမောင်းသည့်အလုပ်မှ ထွက်လိုက်သည်။ သူအလုပ်မလုပ်ဘဲ အိမ်တွင်းအောင်းနေတာ တစ်ပတ်ရှိပေပြီ။

မေမေ့မျက်စိအောက်မှာပဲ မေမေ့မေတ္တာတွေကိုခံယူကာ သူ နောင်တတွေ ရနေမိသည်။ မေမေကတော့ ဖြောင်းဖြရှာပါသည်။ တရားချခဲ့သည်။

''သားရယ်၊ ကောင်းတဲ့ဘက်ကပဲ တွေးပေးလိုက်ပါ။ သားရဲ့ သုံးလအားထုတ်မှုကြောင့် ဆရာဝန်တစ်ယောက် ဖြစ်လာရတယ်ဆိုတော့ သား ကုသိုလ်ရတာပေါ့ကွယ်။ ဒါ ကောင်းတဲ့အလုပ်ပဲလေ၊ ငါ့ကိုလှည့်



www.burmeseclassic.com

www.burmeseclassic.com



စားရက်လေခြင်းလို့မတွေးနဲ့။ မိန်းမဆိုတာ တည်ငြိမ်ခဲကြသားပဲကွယ် ဗိုလ်အောင်ဒင်သီချင်း သားကြားဖူးတယ်မဟုတ်လား"

"ကြားဖူးတယ် မေမေ၊ ဘာတဲ့...မိန်းမဆိုတာ ဆောင်းလေ ပမာညီ၊ အတွင်းသဘော ဘယ်မတည်၊ ပြောင်းလဲတတ်သည်"

အသံပြုကြီးနှင့်အော်ရင်း နေသူရ စိတ်လွှတ်နေစဉ် အိမ်ပေါ်သို့ အစ်ကိုမြဒင် တက်လာခဲ့သည်။

"ဟော့ကောင်! ငါက မင်း ဒီလောက်တောင် အကောင်းပကတ ကျန်ပါ့မလားလို့"

"ပါးပါးလေးပါဗျာ၊ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝ အပျက်မခံပါဘူး"

"အေး...တော်သေးတာပေါ့ကွာ၊ ဘဝမပျက်ပေမယ့် ဘဝ တော့ ခပ်ယဲ့ယဲ့ရှိတော့တယ်မဟုတ်လား။ တောက်! ဒီကောင်မလေး ဒီ လောက်ဖောက်ပြန်ပြောင်းလဲသွားလိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး။ သူ့မိ တွေ သူ့အစ်ကိုတွေကတော့ အစကတည်းက ငါကြည့်လို့မရပါဘူး"

"ထိုင်...အစ်ကို၊ ကျွန်တော့်ဆီ ဘာလာလုပ်တာလဲ၊ အစ် က အားတာမဟုတ်ဘူးလေ"

"ဟုတ်တယ်၊ မင်းဘယ်လိုများနေသလဲလို့ ငါလာကြည့်တာ နောက်တစ်ချက်က ငါ့မိတ်ဆွေတစ်ဦးက ကားဒရိုင်ဘာလိုတယ်ဆို ကွ။ စိတ်ချရတဲ့လူဆိုတော့ ငါ မင်းကိုပဲပြေးမြင်မိတယ်"

"တော်ပါပြီဗျာ...ဘယ်သူ့ကိုမှ ထောက်ပံ့စရာမလိုတော့ ကျွန်တော် ကားမောင်းစရာမလိုတော့ပါဘူး။ မေမေနဲ့သားအမိနှစ်ယော အေးအေးချမ်းချမ်းပဲနေတော့မယ်"





"အံမယ်! ပုံစံက ရွှေကြောတွေ့ထားတဲ့ပုံစံနဲ့၊ လူပဲကွ...ရည်း စားနဲ့ကွဲတာနဲ့ အလုပ်မလုပ်ရဘူးလို့ ဘယ်ဘုရားက ဟောထားလဲ။ ငါ့ မိတ်ဆွေက တစ်လကို လေးသိန်းပေးမှာ။ ဒီရန်ကုန်ထဲတင်၊ မင်းအမေ နဲ့မဝေးတော့ဘူးပေါ့။ ဘယ့်နှယ်လဲ"

"သူက ဘာဖြစ်လို့ ဒရိုင်ဘာတစ်ယောက်ကို လေးသိန်းတောင် ပေးရတာလဲ"

"ဘာလဲ...များလို့လား၊ တစ်လ လေးသိန်းဆိုတာ ဘာရှိမှတ် လို့ကွ။ ကဲ! လုပ်လိုက်စမ်းပါ။ တစ်နေ့တစ်နေ့ ငါ့ကိုအပူကပ်နေတာ ငြီးလာလို့ကွာ"

"ကဲ! လုပ်မယ်ဗျာ၊ ဒါပေမဲ့ ကျုပ်ကို ခပ်ကျောကျောတွေလုပ် ဘာလို့ကတော့ ဆောရီးပဲနော်"

"အေးပါကွာ...အေးပါ၊ သူဌေးတွေပေမယ့် စိတ်ကောင်းရှိ ပါတယ်ကွာ"

"ပြီးရော"

အစ်ကိုမြဒင် မေမေ့ကိုနှုတ်ဆက်ပြီး ပြန်သွားလျှင် သူ မေမေ မီးဖိုဘက်သို့ လျှောက်လာခဲ့သည်။ မေမေ့ခမျာ ယခုမှ လောင်းရိပ် သည့်ပန်းလို ပြည့်ပြည့်ဝဝ နေရရှာ၏။ သူ မေမေ့ကိုနောက်ဘက် က်ထားရင်း...

"မေမေ ထမင်းချက်ရတာ မမောသေးဘူးလား။ လမ်းထိပ်က မှာ ချိုင့်ဆွဲစားလိုက်ရင် ပြီးရော။ သားအမိနှစ်ယောက်တည်းကို"

"မမောပါဘူး သားရယ်၊ ဆိုင်ထမင်းဆိုင်ဟင်းနဲ့ အိမ်ချက်နဲ့ ယ်တူမလဲ သားရဲ့၊ ခုလို ကိုယ့်သားလေးနဲ့ အေးအေးချမ်းချမ်းနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ စိတ်ချမ်းသာပါဘီကွယ်။ သားမိန်းမယူရင်လည်း မေမေနဲ့တည့်မယ့် လူလိုသိမယ့်မိန်းမမျိုးကိုရှာနော်။ ကျီးအာသီးလိုမိန်းမမျိုး မရှာနဲ့''

''အင်းပါ၊ သား. . . မိန်းမ မယူတော့ဘူး။ လူပျိုကြီးပဲလုပ်တော့ မှာ''

''စကားကို အကုန်မပြောနဲ့၊ အစားပဲကုန်အောင်စား။ ကဲ! သား ထမင်းစားတော့မလား''

''မစားသေးပါဘူး၊ သား အလုပ်ရပြီဆိုတဲ့အကြောင်း မေမေ့ကို ပြောမလို့ပါ''

''ဟင်!. . . သား ဘယ်ကိုသွားဦးမလို့လဲ။ ကုန်ကားတွေလည်း မမောင်းပါနဲ့တော့ သားရယ်။ ညအချိန်မတော် ဟိုင်းဝေးမောင်းနေရတာ အန္တရာယ်များလှပါတယ်။ ညဘက်ဆိုတာ နာနာဘာဝတွေဘာတွေ ထွက်တယ် သားရဲ့။ သားအလုပ်မလုပ်လည်း ရှိတဲ့ငွေလေးနဲ့ မေမေ အိမ်ဆိုင် ဖွင့်လို့ရတယ်''

''မေမေကလည်း ဒီရန်ကုန်ထဲတင် သူဌေးကားကိုမောင်းရမှာ ပါ မေမေရဲ့။ အိမ်ကိုလည်းပြန်လာလို့ရမယ်။ တစ်လကို လေးသိန်းဆို တော့ မဆိုးပါဘူးနော်''

''မေမေကတော့ ကိုယ့်ခြံထဲတင် ဝပ်ရှော့. . .''

''ဟာ. . . မေမေကလည်း အစ်ကိုမြဒင်တို့ဝပ်ရှော့ရှိနေတာပဲ။ သား တစ်စင်မထောင်ချင်ပါဘူး''

''အေးလေ၊ သူဌေးကားမောင်းတယ်ဆိုတော့ သား အောက် ကျမှာပေါ့''

''တအားစီးပိုးလာရင်တော့ သားပြန်ထွက်လာမှာပေါ့ မေမေ





ပူတာရင်တော့ ဆက်လုပ်မှာပေါ့''

''မေမေက သားကို ကိုယ်ပိုင်လုပ်ငန်းနဲ့ ကောင်းကောင်းမွန်မွန် နေစေချင်တာ။ ကိုယ်ပိုင်လုပ်ငန်းကတော့ ပိုကောင်းတာပေါ့ သားရယ်''

''နောက်တော့ဖြစ်လာမှာပေါ့ မေမေရယ်၊ အခိုက်အတန့်တော့ လုပ်ကြည့်လိုက်ဦးမယ်။ အိုးမကွာအိမ်မကွာပေါ့''

ဒေါ်မိုးသူ သားအတွက် ရတက်မအေးရသလို ပြောင်းရွှေ့သွား သည့်သမီးနှင့်မြေးအတွက်လည်း စိတ်မကောင်းဖြစ်ရသည်။ မိဘရင်ကို ခြေကုတ်ယူပြီး ဝါးမျိုစားသောက် ကြီးထွားသွားသည့် သစ်ပင်များလိုပါ ပဲ။ မိခင်က ယခု မြေး ရှစ်နှစ်အရွယ်အထိ သမီးနှင့်သားမက်၊ မြေးတို့ ရဲ့တာဝန်ဝတ္တရားများကို ထမ်းဆောင် အလုပ်အကျွေးပြုခဲ့ပေမယ့်. . .

ကျေးဇူးမတင်ဘဲ စိတ်ဆိုးဒေါသတွေနှင့် ရင်ဘတ်ကို ခြေစုံကန် ပြီး ထွက်ခွာသွားခဲ့ကြပေပြီ။ မိခင်ညောင်ညိုပင်ကြီးကတော့ ထွက်ခွာ သွားသည့် ငှက်ကလေးတွေကို သတိရ လွမ်းဆွတ်နေရသည်ပါပဲ။

သားမက်ကြောင့် စိတ်တွေ အရမ်းဖိစီးနေရတာရယ်၊ သားကို သမီးနှင့်သားမက်က မကြည်ဖြူကြတာရယ်ကြောင့် သူ သားဘက်က ရပ်တည်လိုက်တာပါ။

သူမရဲ့ဖက်ပေါ် ခွစီးနေကြသည့်သူတွေကို သားက ဖယ်ရှားပေး ခဲ့တာ မှန်ပေမယ့် သမီးနဲ့မြေး အဆင်မပြေမှာ စိတ်ပူနေမိသည်။ သို့သော် သူတို့က ဘာမှမဆက်သွယ်ကြတော့လည်း ဒေါ်မိုးသူ ဘာမှမတတ်နိုင် ပါ။

''ကဲ! မေမေ၊ ဘုရားရှိခိုး ပုတီးစိတ် အနားယူ အေးအေးဆေး ဆေးနေနော်။ သားက မေမေ့လက်ရာဆို ကြိုက်ပြီးသား။ ဟင်းချိမ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်ချက်၊ တော်ပြီပေါ့၊ မေမေ အပင်ပန်းမခံနဲ့။ သားက ကားသမား၊ အကြမ်းခံပြီးသား”

“အမယ်လေး သားရယ်၊ ဂုဏ်ယူစရာမဟုတ်တာ ကြုံဖန်ပြီး ဂုဏ်ယူမနေပါနဲ့။ ကားသမားဆိုလိုက်တာနဲ့ လူတွေက အထင်သေးချင်နေကြတာ”

“သားကတော့ လူဆိုးမဟုတ်ပါဘူးနော်၊ မေမေ့ရှေ့မှာရော ကွယ်ရာမှာပါ ဘာမှမဟုတ်တာ မလုပ်ဘူး။ ဆေးလိပ်တောင် မသောက်ဘူး။ ကွမ်းလေး နည်းနည်းပါးပါးလောက် စားတာပါ”

“ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ မေမေ့သားက အလိမ္မာတုံးလေးပါ။ ကဲ! ခုချိန်ကစပြီး အတိတ်ကအရိပ်တွေကိုဖယ်လိုက်၊ မေ့လိုက်တော့။ တို့သားအမိတွေ ဘဝကိုပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းကြစို့နော်”

“ကောင်းပါပြီခင်ဗျား၊ မေမေ့သားအလိမ္မာတုံးလေး အသည်းကွဲနာကို အလုပ်နဲ့ပဲ ကုစားပါတော့မယ်”

“မာနနဲ့ကုစားရမှာ သားရဲ့။ ထီးလည်းထီးဂုဏ်၊ ဖိနပ်လည်း ဖိနပ်ဂုဏ်ပဲ။ ဆရာဝန်မကြီးမှ ဂုဏ်ရှိတာမဟုတ်ပါဘူး။ အရက်မသောက် ဖဲမရိုက်၊ ရိုးသားဖြောင့်မတ်ပြီး. . . ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ဂုဏ်ကလည်း အတိုင်းအဆမရှိပါဘူး။ အဝေးသင်နဲ့လည်း ဘွဲ့ရပြီးသား”

“ကဲ! မေမေ၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်မနေနဲ့။ သား အစ်ကိုမြဒင်နဲ့ပဒင်တို့ဆီ သွားလိုက်ဦးမယ်။ အလုပ်ဝင်ဖို့အတွက် ချိတ်ဆက်လိုက်ဦးမယ်လေ”

“ဟိုအိမ်ဘက်တော့ ယောင်လို့တောင်မသွားနဲ့နော်။ သူ့ဖအေ





နဲ့သူ့အစ်ကိုက လူမိုက် လူရမ်းကားတွေ။ သူရော ဘာထူးလို့လဲ။ ကဲပါ သားရယ်၊ သားလည်း နောင်ကျဉ်နေပါပြီ”

“စိတ်ချပါ မေမေ၊ သူတို့အိမ်ကိုမသွားတော့ပါဘူး။ သားခေါင်းထဲမှာ သူ့ကိုဖယ်ထုတ်လိုက်ပါပြီ။ ဝဋ်ကြွေးရှိလို့ ပေးဆပ်လိုက်ရတယ်ပဲ မှတ်လိုက်ပါတယ်”

“အေးချမ်းတာပေါ့ သားရယ်၊ အဲဒီလိုပဲ နှလုံးသွင်းလိုက်ပါ”

သားအမိနှစ်ယောက် စိတ်ထားတတ်အောင်ပဲ ကြိုးစားရင်းနှင့် မြလင်းကြည်ဖြူကို သူတို့ဘဝထဲမှ ဖယ်ထုတ်လိုက်ရုံသာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

အစ်ကိုမြဒင် ကားနှင့်လိုက်ပို့သဖြင့် သူအလုပ်ဝင်ရမည့်သူဌေး အိမ်သို့ နေသူရ လိုက်လာခဲ့ရသည်။ သူဌေးအိမ်သို့မသွားခင် အစ်ကို မြဒင်တို့ညီအစ်ကို၏ကွပ်ညှပ်မှုကြောင့် သူ့မှာ ဆံပင်ညှပ် နုတ်ခမ်းမွေး ရိတ်၊ နောက် အဝတ်အစားဆိုလည်း သပ်သပ်ရပ်ရပ်။

ရှပ်အဖြူလက်ရှည်၊ ကော်လာကတုံးနှင့် ဦးဂျမ်းပုဆိုးနက်ပြာ ကွက်။ မှန်ထဲကြည့်လိုက်တော့ သူ့ပုံစံက အတော်သားသားနားနားဖြစ် နေသည်။

"မင်း အဝေးပြေးကားမောင်းသမားမဟုတ်တော့ဘူး။ လူမှာ အဝတ် တောင်းမှာ အကွပ်တဲ့။ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်မနေ နဲ့တော့ကွာ။ မင်းရဲ့အရှည်အသွေးကို ပြပစ်ရမယ်။ အလကားဟာတွေ၊ ဟို မပေါ်သဓောတ်တော်ထဲကလိုပေါ့ကွာ၊ မထိုက်တန်တဲ့သူက လွှင့် ပစ်ပေမယ့် မင်း ထိုက်တန်တဲ့သူနဲ့ တွေ့ရဦးမှာပဲ"





ဗဒင်ရဲ့စကားတွေက သူနှင့်မြလင်းရဲ့ဇာတ်လမ်းအတွက် မခံ မရပ်နိုင်ဖြစ်နေသည့်စကားတွေပါ။

"မင်းတို့ညီအစ်ကိုလုပ်နေပုံက ငါ့ကို မိန်းမတောင်းရအောင် သွားနိုင်းတာကျနေတာပဲ။ မထူးပါဘူး. . . တိုက်ပုံအကျီသာ ပေးပါတော့"

"ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲကွာ၊ မင်းက ဖြစ်သလိုနေ ဖြစ် သလိုစားနေတော့ ရုပ်ကိုပျက်နေတယ်လေ။ ဒါကြောင့် ငါတို့က အရောင် တင်ပေးရတာပါ။ ကဲ. . . မင်းဘယ်လောက်ချောသွားသလဲ၊ ကြည့်စမ်း"

"တော်ပါကွာ. . . ငါမနေတတ်တော့ဘူး။ ငါ့ဘာသာ လွတ်လွတ် လပ်လပ်နေပါရစေ။ ရှပ်လက်ရှည်နဲ့ ပုဆိုးနဲ့ အသက်ရှူကျပ်လိုက်တာ ကွာ"

"ကဲ! သည်းခံ ကိုယ့်လူ. . . သည်းခံ။ အခုက အလုပ်အင်တာ ဗျူးသွားမှာ။ သူဌေးသဘောကျအောင် ဝတ်ရမှာပေါ့။ ဂျလေဗီရှပ်ဆိုရင် ဘယ်သူက ခန့်မှာလဲ"

"ဘာလဲ. . . ငါ့ကိုတန်းခန့်မှာမဟုတ်ဘူးလား။ အစ်ကိုပြောတော့ သူဌေးက လူရှာခိုင်းတာဆို"

"အေးပါ. . . ဟုတ်ပါတယ်၊ ပြောပြီးသားပါ။ ဒါပေမဲ့ ဥပမိလေး လည်း ပြရတာပေါ့ကွာ။ ကဲ! စကားများမနေနဲ့၊ ရောက်တော့မယ်"

နှစ်ယောက်သား ခြံဝင်းတစ်ခုရှေ့သို့ရောက်လျှင် နေသူရ ခြံ ဝင်းကိုလှမ်းမျှော်ကြည့်လိုက်၏။ တကယ့်သူဌေးကြီးတွေပါလား။ နှစ်ထပ် တိုက်ကြီးက ခမ်းနားလှပသလို ခြံဝင်းထဲမှာလည်း ကွန်ကရစ်လမ်းတွေ မြက်ခင်းတွေ အလှစိုက်ပင်တွေ ရေကူးကန်တွေနှင့် လှလှပပ။

အစ်ကိုမြဒင် ကားဟွန်းနှိပ်လိုက်တော့ ခြံတံခါးပွင့်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကားကို အိမ်ရှေ့ဆင်ဝင်အထိ မောင်းဝင်လိုက်သည်။

"လာ. . . နေသူရ၊ အိမ်ထဲထိဝင်ရမှာ"

"အိမ်သားတွေရော"

"စောင့်နေလိမ့်မယ်"

"အိမ်သားတွေ အများကြီးလား"

"မများပါဘူး၊ မိသားစုသုံးယောက်တည်းပါ"

"ဪ"

သူတို့နှစ်ယောက် အိမ်အကူကောင်မလေးခေါ်သွားသည့်အတိုင်း လိုက်သွားလိုက်သည်။ ကျယ်ဝန်းသည့်ဧည့်ခန်းကြီးထဲသို့ ရောက်သွားကြတော့၊ ဧည့်ခန်းထဲမှာ ထိုင်နေကြသည့်သားအမိနှစ်ယောက်ကို တွေ့ကြရသည်။

မအေက အသက်ငါးဆယ်ကျော်လောက်ဖြစ်နိုင်ပြီး သမီးက အသက်အစိတ်လောက်အရွယ်။ တည်ကြည်အေးချမ်းသည့်အလှပိုင်ရှင်ပါပဲ။ ခေတ်ပေါ်အမျိုးသမီးတွေလို ကလက်တက်တက်အပြင်အဆင်မျိုး မဟုတ်။ ဆံပင်ရှည်နှင့် မြန်မာအမျိုးသမီးဝတ်စုံနှင့်။

"လာလာ. . . မောင်မြဒင်၊ အရေးဟဲ့ဆို မင်းကိုပဲ အားကိုးနေမိတာ။ သူလား. . . မောင်နေသူရဆိုတာ"

"ဟုတ်ပါတယ် အန်တီ၊ နေသူရဆိုတာလေ။ သူရ. . . ဒါက သူဌေးကတော် ဒေါ်မြနှင်းဦးတဲ့၊ သူလေးကတော့ အန်တီ့သမီး ငွေနှင်းလေပြည်"

"ဟုတ်ကဲ့. . . ကျွန်တော် နေသူရပါခင်ဗျာ"

"အေး. . . ထိုင်ပါကွယ်. . . ထိုင်ပါ"





ကိုယ်က ဒရိုင်ဘာမို့ တွေ့ရတာ ဝမ်းသာပါတယ်ဆိုပြီး လက်ဆွဲနှုတ်ဆက်နေလို့မရ။ သည်တော့ နေသူရ ကျိုးနွံစွာနှင့်ပင် သူတို့ပြသည့် ဆိုဖာတစ်ခုမှာ ဝင်ထိုင်ရသည်။

ဒေါ်မြနှင်းဦးမှာ သူဌေးကတော်ဆိုပေမယ့် မာနရုပ်မရှိပါ။ ပြုံးယောင်ယောင်မျက်နှာက အေးချမ်းလျက်။ သူ့သမီးငွေနှင်းလေပြည်ကတော့ သူ့အမေလောက် မျက်နှာမချို။ ယောကျာ်းပျိုတစ်ယောက်မို့ အကဲခတ်သည့်အကြည့်နှင့်။

အစ်ကိုမြဒင်နှင့် တော်တော်လေးရင်းနှီးကျွမ်းဝင်ကြပုံ။ အစ်ကိုမြဒင်ကလည်း လူရိုးလူကောင်းလေ။

"အခု မောင့်အန်ကယ်က ကျန်းမာရေးမကောင်းတော့ ဆိုင်ကို မလိုက်နိုင်တော့ဘူး။ အန်တီကလည်း သူ့ကိုပြုစုစောင့်ရှောက်ရမှာဆိုတော့ သမီးတစ်ယောက်တည်း ဆိုင်ကိုသွားလာနေရတာ စိတ်မချလို့ စိတ်ချရတဲ့ လူရိုးလူကောင်းတစ်ယောက်ကို ရှာခိုင်းတာပါ"

ဒေါ်မြနှင်းဦးက အခြေအနေတွေကို ပြောပြနေလျှင် နေသူရ သဘောပေါက်ရသည်။ မိသားစုသုံးယောက်တည်းရှိပြီး ဖခင်က ကျန်းမာရေးမကောင်း၊ မိခင်က ဖခင်ကိုပြုစုရမည်။ သမီးတစ်ယောက်တည်း ဆိုင်ထွက်ရပုံ။ ဘာဆိုင်ပါလိမ့်၊ အစ်ကိုမြဒင်နှင့်တော့ ဆွေမျိုးရင်းတွေ သဖွယ်။

"ညီမလေးလည်း သူ့ကားသူမောင်းတတ်တယ် မဟုတ်လား အန်တီရဲ့"

"မောင်းတတ်ပါတယ်၊ ဒါပေမဲ့ လမ်းမှာ လိုက်ပြီးလုပ်တာ နှစ်ကြိမ်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ပါသွားသေးလား"

"ပါတော့မပါပါဘူး၊ အဲဒါကြောင့် ရိုးသားဖြောင့်မတ်တဲ့ ဒရိုင်ဘာတစ်ယောက် လိုချင်တာ၊ အိမ်မှာလည်း အရေးဆို အားကိုးရတာပေါ့"

ဒေါ်မြနှင်းဦးကို နေသူရ စကားတစ်ခွန်း ဝင်ပြောရသည်။

"ညတော့ မအိပ်ရဘူးမဟုတ်လား အန်တီ၊ ကျွန်တော့်မှာ အမေတစ်ခုသားတစ်ခုမို့ အိပ်လို့မဖြစ်လို့ပါ"

"အေးပါကွယ်၊ ဒါပေမဲ့ လိုအပ်တာလေးတော့ ကူညီပါ။ အရေးပေါ်ကိစ္စတွေရှိရင်တော့ အိပ်ပေးစေချင်တယ်။ ဒရိုင်ဘာအတွက်လည်း တိုက်သတ်သတ်ရှိပါတယ်။ ဒါမှမဟုတ် မောင်နေသူရရဲ့အမေကိုပါ ဒီမှာခေါ်ထားရင်ရော အဆင်မပြေဘူးလား"

"မဖြစ်ပါဘူး အန်တီ၊ မေမေက အေးအေးနေချင်တာပါ။ သူ့မှာလည်း အိမ်လေးခြံလေးရှိပါတယ်"

"အေးပါ၊ ဒါက ပြဿနာမဟုတ်ပါဘူး. . . မနက်လာ ညနေပြန်ပေါ့။ သမီးဆိုင်ထွက်တဲ့အချိန်ရောက်အောင် လာနိုင်ရင် ပြီးပါတယ်။ ညနေကျတော့လည်း ဆိုင်သိမ်းပြီးမှ ပြန်ရမှာပေါ့။ ဒီကြားထဲလည်း အန်တီတို့ ဆေးခန်းလေး ဈေးဝယ်လေးသွားရင်လည်း လိုက်ပို့ပေးပေါ့ကွယ်။ ဒါထက် မောင်နေသူရ ကားမောင်းကျွမ်းပါတယ်နော်"

"ဟုတ်ကဲ့. . . ကျွမ်းကျင်ပါတယ်"

"ဟုတ်ပါပြီ၊ ဒါဆို ဒီနေ့ကစပြီး အလုပ်ဝင်ပါတော့။ လစာကိုလည်း ကြိုလိုချင် ပေးပါ့မယ်"

"မယူပါဘူးခင်ဗျာ၊ ကျွန်တော့်ကို လကုန်မှပဲပေးပါ"

"ကဲ! ဒါဆိုလည်း ဒီနေ့ သမီး ဆိုင်သွားဦးမှာလား"





"သွားမယ် မေမေ၊ ဆိုင်က နေ့တိုင်းရောက်မှ။ ခုလည်း နေ့လယ် ဆယ့်တစ်နာရီပဲ ရှိသေးတယ်။ ရှင့်အလုပ်က ကျွန်မကိုစောင့်နေရမှာ"

"ရပါတယ်၊ အိပ်စောင့်လည်းဖြစ်တယ်မဟုတ်လား"

"ဝီရိယကတော့၊ မေမေတော့ လူရွေးမှားပြီထင်တယ်"

"ဒရိုင်ဘာရွေးတာပဲဗျာ၊ သားမက်လောင်းရွေးတာမှမဟုတ်ဘဲ။ ဘဝန်နဲ့ချိပြီး နှစ်နာစရာမရှိပါဘူး"

သူတို့နှစ်ယောက် စကားတွေ ခပ်ကျိတ်ကျိတ်ပြောဖြစ်ကြတာ ဒေါ်မြနှင်းဦး နေရာမှထသွားလို့ပါပဲ။ အစ်ကိုမြင့်ကတော့ အားလုံးကို နှုတ်ဆက်၊ သူ့ကိုလက်မထောင်ပြပြီး ပြန်သွားပါတော့သည်။

နေသူရ ပခုံးတွန့်ပြီး ငွေနှင်းလေပြည်နောက်သို့ လိုက်ရသည်။ ဆင်ဝင်မှာရပ်ထားသည့် လင့်ခရူဆာကားနက်ကြီးရှေ့သို့ရောက်လျှင် ငွေနှင်းလေပြည်က. . .

"ဒရိုင်ဘာဆိုတာ အလုပ်ရှင်ကို တံခါးဖွင့်ပေးရတယ်၊ ပိတ်ပေးရတယ်။ သိပါတယ်နော်"

"ဟုတ်ကဲ့. . . သိပါတယ်ခင်ဗျ"

တမင် ယဉ်ကျေးကျိုးနွံသည့်ပုံစံနှင့် သူ ခါးလေးညွတ်ပြီး တံခါးဖွင့်ပေး ပိတ်ပေးတော့ ဆုလာဘ်အဖြစ် ငွေနှင်းလေပြည်၏မျက်စောင်းလှလှကို လက်ခံရရှိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

အားပါး! သူ့ဆိုင်ဆိုတာရှေ့သို့ ကားရပ်လိုက်ရတော့ နေသူရ ဖြုံသွားရသည်။ သူ့ဆိုင်ဆိုတာကြီးက စိန်ရွှေရတနာ ရောင်းနေတာလေ။ ယူနီဖောင်းဆင်တူနှင့် အလုပ်သမားတွေကလည်း မနည်း။ ကောင်တာတွေကလည်း မနည်း။ 'မိုး'ရတနာရောင်းဝယ်ရေး. . . တဲ့။

ဩော်. . . သူက စိန်ရွှေရတနာရောင်းနေတာကိုး။ ဒါဆိုရင် ဒီလောက်တော့ မျက်နှာကြောတင်းသင့်ပါတယ်။ တင်းပေါ့။ သူမအရင် နေသူရ ကားပေါ်မှ အရင်ပြေးဆင်းလိုက်ပြီး တံခါးကို ပြာပြာသလဲဖွင့်ပေးလိုက်လျှင် ငွေနှင်းလေပြည်၏မျက်စောင်းဆုလာဘ်ကို ရလိုက်ပြန်သည်။

"မပိုနဲ့. . . အိုဗာတင်းတွေ"

"ဩော်. . . သူ့ဆန်စားတော့လည်း ရဲရတော့တာပေါ့ ခင်ဗျာ"

တကယ်လည်း နေသူရ တမင်လုပ်ပြနေတာပါ။ သူ့စရိုက်က ဘာကိုမှဂရုစိုက်လှတာမဟုတ်။ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်၊ ကိုယ့်မင်းကိုယ်





ချင်း နေချင်သူ။ သို့သော် သူဟာ ဗုဒ္ဓဘာသာမြန်မာလူမျိုးပီပီ ဂရဝေါစ နိဝါတောစတွေကို နားလည်ပါသည်။

ရှိသေထိုက်သူကို ရှိသေပြီး လေးစားထိုက်သူကို လေးစားပါမည်။ အဲ. . . ရှိသေထိုက်အောင်မနေ၊ လေးစားထိုက်အောင်မနေလို့ကတော့ နေသူရ ဘာကောင်လဲဆိုတာ ဖော်ပြလိုက်ရုံ။

"ကျွန်တော် ဒီမှာ ကားထဲမှာ ထိုင်စောင့်နေရမှာလားခင်ဗျ"

"ညနေငါးနာရီမှ ဆိုင်ပိတ်မှာလေ၊ ဆိုင်ပိတ်မှပြန်ရမှာ။ ခုမှ ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး"

"ဟုတ်ကဲ့. . . ဒီတော့"

"ရှင်လည်း အလကားမနေနဲ့ပေါ့။ ဆိုင်ထဲဝင်ပြီး သူများလုပ်တာ ကိုင်တာ အကဲခတ်၊ ကိုယ့်ဆိုင်လို့သဘောထား"

"ဗျာ! ကျွန်တော့်ဆိုင်လို့သဘောထားရမယ်၊ ဟုတ်လား"

"စကားကို အကျမကောက်ပါနဲ့ရှင့်၊ ကိုယ့်ဆိုင်လိုသဘောထားပြီး လိုအပ်တာကူညီလို့ပြောတာ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါခင်ဗျ"

ကားပေါ်မှ သူပါဆင်းပြီး ငွေနှင်းလေပြည်၏နောက်မှ ရိုကျိုးစွာ လိုက်ပါလာတော့ ဆိုင်ဝန်ထမ်းတွေက အကဲခတ်ကြ၏။ ဒီတစ်ခါ ဒရိုင်ဘာက သားနားလှချည်လားပုံစံနှင့်။ သို့သော်. . .

ငွေနှင်းလေပြည်က ဆိုင်ဝန်ထမ်းအားလုံးသို့ မိတ်ဆက်ပေးလိုက်သည့်စကားကြောင့် နေသူရ Roll မြင့်သွားရသည်။

"ဒီမှာ ဝန်ထမ်းအားလုံးနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်မယောင်္ကျား နဲ့မိတ်ဆွေရဲ့သားပါ။ ဒီမှာလာပြီး လုပ်ငန်းလေ့လာနေတာ။ ကျွန်မတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျိုးတူပူးပေါင်းမယ့်လူမို့ သူစိတ်ပျက်အောင် မလုပ်စေချင်ပါဘူး။ ဒါပါပဲ၊ ကိုယ့်တာဝန်အတိုင်း ဆက်လက်ဆောင်ရွက်ကြပါ''

ငွေနှင်းလေပြည်၏နောက်သို့ နေသူရ လိုက်ပါသွားရပါသည်။ သူမက ဆိုင်တစ်ခုလုံးကို ဆီးမြင်နေရသည့်နောက်ဘက်ကောင်တာမှာ ထိုင်လျှင် နေသူရ သူ့ဘေးမှာထိုင်ရပါသည်။ ထိုင်ပြီးသည်နှင့် သူမအသံက ခပ်တိုးတိုး။

''ရှင့်ကိုအထင်သေးမှာစိုးလို့ပြောတာ မဟုတ်ဘူးနော်။ ကျွန်မအတွက် အသုံးချချင်လို့ပြောလိုက်တာ''

''ဖြစ်ပါတယ်၊ ခင်ဗျားအဆင်ပြေရင် ပြီးတာပဲ။ ထင်တော့ထင်သား၊ တစ်လ လေးသိန်းပေးမယ်ဆိုကတည်းက ဒရိုင်ဘာအလုပ်တင် မကပါဘူးလို့''

''ဟုတ်တယ်၊ ဒီဆိုင်ကို အစက ဖေဖေနဲ့မေမေ ဦးစီးလာတာ။ ကျွန်မက အပျော်တမ်းလေ့လာသူလောက်ပဲ။ ပြီးခဲ့တဲ့လက ဖေဖေ လေဖြတ်သွားတော့ မေမေပါ ဆိုင်ကိုမလာနိုင်တော့ဘူး။ ကျွန်မတစ်ယောက်တည်း အိုးနင်းခွက်နင်းဖြစ်နေတယ်''

ယခုတော့လည်း သူမအသွင်က သနားစဖွယ်။ လူတွေရှေ့မှာ မာန်တင်းထားရပေမယ့် ပကတိရုပ်ကလေးက အရိုးခံ။

''ဖောက်သည်ဆိုင်တွေကလည်း ကလိမ်ကကျစ်လုပ်ချင်လာတယ်။ မေမေတို့ရှိတုန်းကလို မဟုတ်တော့ဘဲ အကြောင်းအမျိုးမျိုးပြပြီး ငွေအကျေမပေးချင်ကြဘူး။ ဆိုင်ဝန်ထမ်းတွေကလည်း အချိန်မမှန်ချင်ကြဘူး။ အလုပ်ဖြုတ်ပစ်တာ၊ စည်းကမ်းကိုင်တာ လုပ်ချင်ပေမယ့် ဝါရင့်အလုပ်သမားတွေမို့ နှမျောနေမိတယ်''





သူမခမျာ ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့်ပါလားနော်။ နေသူရ စဉ်းစဉ်းစားစားနှင့် အကြံပေးလိုက်သည်။

''အဲဒီအတွက်ဆို ခင်ဗျား အီကိုဘွဲ့ရတစ်ယောက်ယောက်ကို အလုပ်ခန့်ဖို့ကောင်းတယ်။ ကျွန်တော်က အဝေးသင်ဘွဲ့လေးပဲ ရထားတာ။ ကျွန်တော့်အရည်အချင်းက ဒရိုင်ဘာလုပ်ဖို့ပဲ သင့်တော်တာပါ''

''ရှင့်ကို အဲလိုရိုးသားပွင့်လင်းလို့ကြိုက်တာ''

''ဗျာ!''

''ရှင်ကလည်း ဘာဖြစ်နေတာလဲ၊ ကျွန်မပြောတာက ရှင့်အရည်အချင်းကိုကြိုက်တယ်လို့ပြောတာ။ ကျွန်မလုပ်ငန်းအဆင်ပြေဖို့အတွက် အီကိုဘွဲ့ရတစ်ယောက်ထက် ရှင့်လိုဂေါ်ဒ်ဖားသားရုပ်မျိုးနဲ့ ဖြူစင်ရိုးသားတဲ့နှလုံးသားရှိတဲ့ရုပ်မျိုးပဲ လိုအပ်တာ''

''ဗျာ!''

ပြောရက်လိုက်တာ။ ဂေါ်ဒ်ဖားသားရုပ်မျိုးတဲ့။ ရှင်းရှင်းပြောရရင် ဆိုက်ရုပ်နဲ့ ရိုးသားဖြူစင်တဲ့နှလုံးသားရှိတဲ့လူမျိုးကို လိုအပ်တာပေါ့။ နေသူရ သဘောကျစွာဖြင့် ဟက်ခနဲရယ်လိုက်မိ၏။

''ဒါ့ဆို ခင်ဗျား ကျွန်တော့်ကိုမြင်ဖူးတာပေါ့''

''မြင်ဖူးတယ်လေ၊ ရှင့်ရဲ့ရိုးသားမှုနဲ့ ရှင့်ရုပ်ကိုကြိုက်လို့ ကျွန်မ ကိုယ်တိုင်ပဲ အစ်ကိုမြဒင်ကို တောင်းဆိုလိုက်တာ''

''သြော် . . . ပြီးတော့မှ မိဘတွေသဘောတူသလိုလို ကိုယ်မသိသလိုပုံမျိုး ချီးလိုက်တာပေါ့လေ''

''ရှင်နော် . . . ရှင်စကားပြောတာ ရင့်လှချည်လား။ ကျွန်မက အလုပ်ရှင်ဆိုတာလည်း သတိထားဦး''



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဗျာ၊ ကျုပ်ရုပ်မျိုးနဲ့ဆို ဘယ်မှာပဲ အလုပ်ဝင်ဝင် ရ ပါတယ်"

"ပြောမိတာနဲ့ ဘဝင်ကမြင့်ပြီး။ ကဲပါ. . . ရှင့်ကို ကျွန်မအဖေ ရဲ့မိတ်ဆွေရဲ့သား၊ ရှယ်ယာရှင်လိုလိုဘာလိုလိုပြောထားတာက ရှင် ဘာပဲ လုပ်လုပ် ထင့်တယ်အောင်၊ လုပ်ပိုင်ခွင့်ရှိအောင် လုပ်ပေးထားတာ။ ရှင့် အလုပ်က ကျွန်မကို အကြွေးတောင်းပေးဖို့နဲ့ ဆိုင်အလုပ်သမားတွေကို ကောင်းကောင်းအုပ်ချုပ်ပေးဖို့ပဲ"

"ဒါဆိုရင် ခင်ဗျားပေးတဲ့လစာ နည်းတာပေါ့"

နေသူရ ခပ်တည်တည်နှင့်ပြောလျှင် ငွေနှင်းလေပြည်ထံမှ မျက် စောင်းဆုလာဒ်ကို ထပ်မံရပြန်သည်။

"ရှင်ဟာလေ၊ လောဘတော်တော်ကြီးတယ်။ ကျွန်မက ရှင့် ရုပ်ပြထားတဲ့အဆင့်အတန်းနဲ့ညီအောင် အဝတ်အစား အသုံးအဆောင်တွေ ကအစ ပြောင်းပေးရဦးမှာ။ ဥပမာ– ရှင့်ဖုန်းကအစပေါ့၊ ရှင်ကိုင်ထားတဲ့ ဟန်းဆက်က ညံ့တယ်။ ကျွန်မက အမြင့်စားဝယ်ပေးမှာ"

"ဒါတွေမလိုပါဘူးဗျာ"

"လိုတာပေါ့။ ချက်ချင်းပဲ ရှင့်ကို အထက်တန်းစားရုပ်ပေါက်သွား အောင် ဒီဇိုင်းပြောင်းပေးမှာ"

"ခင်ဗျားပြောတော့ လူမိုက်ရုပ်မို့ သဘောကျတာဆို။ ကျုပ်ကို နုတ်ခမ်းမွေးတွေများ ပြန်ထားရတော့မလားလို့"

"ကဲပါ၊ ခဏနေရင် နေ့လယ်စာစားရမယ်၊ ပြီးရင် ရှင် ဆိုင်ကို ကို ခပ်တည်တည်နဲ့ လျှောက်ကြည့်ပါ။ စည်းကမ်းပျက်ချင်တဲ့ မကျိုး တဲ့အလုပ်သမားစာရင်း ရှင့်ကိုပေးထားမယ်။ ကြည့်လုပ်ပေတော့။ ည





ကျရင်လည်း ဖောက်သည်ဆိုင်ခွဲတွေကို ကြွေးလျှောက်တောင်းရဦးမယ်။ ရှင့်အရည်အချင်းကို ကျွန်မကြည့်မယ်"

"အိုကေလေ. . . ရတယ်၊ ဒါထက် ကျုပ် အိမ်ပြန်ဖို့အတွက် ဘယ်လိုစီစဉ်ထားလဲ"

"အောင်မာ! ရှင့်ကိုအလုပ်ခန့်ကတည်းက ဒီကိစ္စမပါဘူးလေ။ ရှင့်ဘာသာ အဆင်ပြေသလိုပြန်ပေါ့။ တက္ကစီ စီးစီး. . . လိုင်းကားစီးစီး ပေါ့"

"ရတယ်လေ၊ ဒါဆိုလည်း ကျုပ်အလုပ်ချိန် အနည်းအပါးချွတ် ချော်ရင် အပြစ်မပြောနဲ့ပေါ့"

သူမထံမှ နောက်ထပ်မျက်စောင်းတစ်ခု ထပ်မံရရှိပြီး ဆောင့် အင့်အင့်ပြောလိုက်တာက. . .

"ကဲ! အိမ်မှာ ကားလေးတစ်စီးရှိတယ်၊ ရှင်အသွားအပြန်ယူ မောင်းပေါ့။ ရပြီလား"

"ရပြီ. . . ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး။ ရှင့်တာဝန်တွေသာ ရှင်ကျေပွန်အောင် ထမ်းဆောင် ပါ"

"စိတ်ချပါ၊ ပေးအပ်တဲ့တာဝန်ကိုကျေပွန်အောင် ထမ်းဆောင် ပါ့မယ်တဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ငွေနှင်းလေပြည်. . .

နူးညံ့သိမ်မွေ့သည့် သူဌေးသမီးလေး။ ဖေဖေနှင့်မေမေရဲ့အရိ
အောက်မှာ နေမဒ လေမဒ နေလာရရာမှ ဖေဖေ့ကျန်းမာရေးမကော
သည်နှင့် သူမရဲ့ပင်တိုင်စံဘဝလေး အိုးနင်းခွက်နင်းဖြစ်ရရှာခဲ့ပြီ။

အစပထမက ကျောင်းတက်လိုက်၊ သင်တန်းတွေတက်လို
နေရာမှ ဗြုန်းဆို လုပ်ငန်းခွင်ထဲရောက်ရသည့်အခါ အလျှင်အမြန်
လုပ်ငန်းသဘောတွေ မေမေ့ထံမှဆည်းပူးရသည်။ တစ်သက်လုံးက မျ
ရည်နားရည်ဝခဲ့သည်မို့ သည်လုပ်ငန်းနှင့်မစိမ်းပေမယ့် စီးပွားရေးနယ်
မှာ လုပ်ငန်းခွင်မှာ တစ်သားတည်းကျဖို့က မလွယ်။

သည်အခါ သူမသွားပြီးမြင်ယောင်မိတာ နေသူရဆိုသည့်
ဆိုးကြီးပါ။ အစ်ကိုမြဒင်ဟာ သူမတို့မိသားစုနှင့် ခင်မင်သူမို့ နေသူ
လည်း သူသွားရင်းလာရင်း မြင်ရသည်။ နောက် သူ့ရဲ့ရိုးဖြောင့်သည့်စိ
နိုင်ကြည်သည့်စိတ်ဓာတ်တွေကိုလည်း သိနေရ၏။





ကြည့်ပါဦး. . . ချစ်သူကို ခုနစ်နှစ်လုံးလုံး အလုပ်လုပ်ပြီး ကျွေး
ထားခဲ့သူ။ သူ့ဘဝတစ်လျှောက်လုံးကို ချစ်သူအတွက် ပေးဆပ်ခဲ့သူ။
ဒါမျိုး ဒီဘက်ခေတ်မှာ ရှားပါးပစ္စည်းပါပဲ။ အဲ! နောက်ဆုံးသတင်းကတော့
မဖွယ်မရာ။ ဖြစ်တတ်တာပါပဲလေ။ မိန်းမဆိုတာ နိုင်ကျည်သည့်အမျိုး
မှမဟုတ်တာဘဲ။ အများစုက လျှပ်ပေါ်လော်လည်သည့်မျောက်တွေ။ သာ
သည့်အပင်သို့ ခုန်ကူးတတ်သူတွေ။

အစ်ကိုမြဒင်ကတော့ နေသူရကိုဆိုလျှင် တအားခင်သည်မို့ သူ့
အကြောင်းပြောတုန်းက ဒေါနှင့်မောနှင့်။

"အခုကျ ပန်းတိုင်ရောက်လုလုဆိုတော့ နေသူရကို မလိုတော့
ဘူးလေ။ ဘုရားပြီးသွားလို့ ငြမ်းဖျက်လိုက်ကြပြီပေါ့။ ငါသာ သူ့နေရာ
မှာသာဆို အကုန်လုံးကို နောင်ကျဉ်အောင် လိမ်ရိုက်ပစ်ခဲ့တယ်။ သူမို့
လို့. . ."

"နှင့်အလုပ်တွေ သူလုပ်နိုင်ပါလိမ့်မယ်။ သူ့ရုပ်က ခပ်မိုက်မိုက်
ဆိုတော့ လူရှိန်တယ်။ ဘွဲ့ရိုးရိုးပေမယ့် သူ့မှာ အရည်အချင်းတွေရှိတယ်။
နှင့်အတွက် ငါ အာမခံပါတယ်"

'သူ့အတွက် အာမခံရမှာ အစ်ကိုရဲ့"

"အေးအေး. . .နှစ်ယောက်လုံးအတွက် ငါ အာမခံတယ်ဟာ။
ငါ့လူက တကယ့်ကို ရွှေထုပ်တဲ့မြပ်ဝါဟ။ သိလား"

"ကိုယ့်လူကိုယ်ညွှန်းနေလိုက်တာ၊ ငွေနှင်းက ကိုယ့်အလုပ်
အဆင်ပြေရေးအတွက်ပဲ အသုံးချမှာ"

"အေးပါ. . .အေးပါ၊ နှင့်သဘောပါ။ ငါ့လူက ဆောင်အား
မမှား ဖိုးမများဆိုတဲ့ တကယ့်အဖိုးတန် အမျိုးမှန်"

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား"

ရယ်ရယ်မောမောနှင့် ပြောဖြစ်ခဲ့ကြသည့်စကားတွေ။ ဟော! အခု သူရောက်လာသည့်တစ်လအတွင်း ငွေနှင်းရဲ့လုပ်ငန်းတွေအားလုံး နီးပါး အဆင်ပြေလာကြပြီ။ ဆိုင်မှာလည်း စည်းကမ်းပျက်လွန်းလှသည့် အလုပ်သမားတချို့ကို နမူနာစံပြအဖြစ် ထုတ်ပစ်လိုက်တော့ ကျန်သူတွေ အားလုံး အဆင်ပြေသွားကြပေပြီ။

နေသူရရဲ့အသွင်အပြင်ကလည်း သန့်ပြန့်သွားပြီး နဂိုရုပ်ထွက်လာသဖြင့် လူချောလူလှတစ်ယောက်ဖြစ်လာခဲ့၏။ အဝတ်အစား အသုံးအဆောင်တွေကအစ အသွင်ပြောင်းပေးထားသဖြင့် နေသူရအသွင်က လူကုံထံတစ်ယောက်လိုပါပဲ။

အိမ်မှာလည်း ဖေဖေနှင့်မေမေ ဆေးခန်းသွားလည်း လိုက်ပြီး ပို့ပေး။ ဆောင်ရွက်ပေးသဖြင့် လူကြီးများကလည်း နှစ်သက်နေကြသည်။

"သာမန်ဘွဲ့ရလေးပေမယ့် ဒီလိုကျိုးနွံတဲ့သူမျိုး ဒီဘက်ခေတ်မှာ ရှားတယ်။ သမီးအနားမှာ ကပ်နေကြတဲ့ သိုက်တူးသမားတွေနဲ့တော့ မတူဘူးနော်"

"ဟုတ်တယ်၊ သမီးနော်. . . အိမ်ထောင်ဖက်ရွေးရင် အများကြီး သတိထားပါ။ မေမေတို့ကိုလည်း တိုင်ပင်။ အခု သမီးအနားမှာရှိနေတဲ့ လူသုံးယောက်ကတော့ မေမေတို့အမြင်မှာ သိုက်တူးသမားတွေချည်းပါပဲ"

"နေသူရကရော သိုက်မတူးချင်ဘူးလား။ သူလည်း လူပဲ မေမေရဲ့"

"သူက ရိုးပါတယ်၊ ပစ္စည်းဥစ္စာ မမက်မောပါဘူး။ သမီး သူနဲ့ သွားလာနေတာပဲလေ။ တန်ဖိုးရှိတဲ့ပစ္စည်းတွေနဲ့သွားနေတာ သူ တစ်ချက်





မျက်စောင်းထိုးကြည့်လို့လား"

"တော်ပါ မေမေရယ်၊ မေမေ့လူက အေးဝေးသင်ဘွဲ့လေးပဲ ရထားတာ"

"အင်း. . . ဒီတစ်ချက်ပဲ ပြောစရာရှိတာ၊ ဒါပေမဲ့အေ၊ အရည်အချင်းရှိလို့ ကြီးပွားတိုးတက်နေတဲ့လူတွေ ရှိပါသေးတယ်။ များတော့ မများဘူးပေါ့"

"မေမေက သူနဲ့သမီးကို အကြောင်းပါစေချင်တာလား"

"ဒီလိုလည်းမဟုတ်သေးပါဘူး၊ ဒါပေမဲ့ ညည်းအနားမှာ ကပ်နေတဲ့ သုံးယောက်ကိုတော့ လုံးဝသတိထားနော်"

မေမေပြောတာတွေကိုကြားယောင်ရင်း ငွေနှင်းလေပြည် ဆိုင်သွားရန်အတွက် ပြင်ဆင်နေရသည်။ ကိုယ်က အသက်အစိတ်ပင်မပြည့်သေးပေမယ့် လုပ်ငန်းရှင်သူဌေးမကြီးမို့ တည်ငြိမ်ရင့်ကျက်အောင် ဝတ်ဆင်ရပါသည်။

ကိုယ့်နဲ့ရွယ်တူတွေလို စကတ်တွေ ဂါဝန်တွေ စတော်ကင်တွေ ဝတ်လို့မဖြစ်။ မြန်မာဝတ်စုံအိအိလေးတွေကိုပဲ ငွေနှင်း ဝတ်ဆင်ရပါသည်။ ခါးထိရှည်သည့်ဆံနွယ်တွေကို ထုံးဖွဲ့ပြီး မြန်မာဝတ်စုံ ဖက်ဖူးစိမ်းလေးကို ဝတ်ဆင်လိုက်တော့ သူမအသွင်က မင်းသမီးလေးလိုပါပဲ။

ရတနာကုန်သည်ပေမယ့် ရတနာတွေ ပြွတ်သိပ်နေအောင်ဝတ်တာ သူမ ဝါသနာမပါ။ သူမဝတ်လေ့ရှိတာ စိန်နားကပ်သေးသေးလေးရယ်၊ နောက်စိန်လက်စွပ်နှင့် လည်ပင်းမှာ ပလက်တီနမ်းကြိုးလေး။ ဒါပဲပဲ။

အင်း. . . သူ့ကိုလည်း လက်စွပ်လောက်တော့ ဆင်မြန်းမည်



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ အို! သူ့အသရေကလည်း ရွှေငွေမလိုပါဘူးလေ။ လှကတော့ မာနခပ်ကြီးကြီး။ ဟင်း. . . ဒီလိုလူမျိုး နိုင်းစားမည့်သူနဲ့ပဲ တန်သည်။

ငွေနှင်း ပြင်ဆင်ပြီးထွက်လာရင်း မနက်စာအတွက် ထမင်းစားခန်းသို့သွားစဉ် နေသူရ၏ကားလေး ရောက်လာခဲ့သည်။ အမယ်! ကိုယ့်လူ စီရီယကောင်းသားပဲ။ နာရီကြည့်လိုက်တော့ ခုနစ်နာရီ။

သူက ဧည့်ခန်းထဲမှာ ထိုင်စောင့်မနေဘဲ ကားထုတ်၊ ကားသုတ်နေတော့ ထမင်းစားခန်းမှာရောက်နှင့်နေသည့် ဖေဖေနှင့်မေမေက ပြုံးနေသည်။ ဖေဖေ့ခမျာ ပိုးချဲပေါ်မှာထိုင်ရင်း မိသားစုနှင့်နွေးနွေးထွေးထွေး နေချင်လို့ ထမင်းစားခန်းထဲမှာ လိုက်စားတာပါ။

ခြေလက်တွေမသန်သေးသလို စကားလည်း ကောင်းကောင်း ပြောလို့မသေး။ အာလေးလျှာလေးရှိပြီး မေ့ကလည်း မေ့တတ်သေးသည်။

"သမီး. . . မောင်နေသူရကိုပါ ခေါ်လိုက်ပါဦး"

"မေမေကလည်း သူ့ဘာ့ကိုခေါ်နိုင်းလိုက်ပါ။ သမီးခေါ်တော့ ဘဝင်မြင့်နေပါဦးမယ်"

သူဇာသွားခေါ်လည်း သူက လိုက်မလာပါ။

"စားခဲ့ပြီတဲ့ မမလေး၊ သူ့အမေ ကျွေးလိုက်ပါတယ်တဲ့"

"ဒါဆိုလည်း ပြောစရာရှိလို့ ခဏလိုက်ခဲ့ပါလို့ သွားပြောပါ"

သူဇာ တစ်ခါထွက်သွားခေါ်မှ ကိုယ်တော်ချော ပါတော်မူလာ၏။

"ထိုင်ပါ၊ ရှင့်ကိုပြောစရာရှိလို့"

"ရပါတယ်၊ ကျွန်တော် နားထောင်နေပါတယ်"

ငွေနှင်းလေပြည်ကလည်း နေသူရရှေ့မှာ မျက်နှာကြောခပ်တင်းတင်း။ ရင်ထဲမှာ နှစ်လိုပေမယ့် သူ့ကိုမျက်နှာသာမပေး။ နေသူရ သူ့ရှေ့မှာ လက်နှစ်ဖက်ကိုရှေ့စုပြီး လေးလေးစားစား နားထောင်နေပုံမှာ တမင်ရှိကျိုးထားသည့်ဟန်။

"ရှင် ကော်ဖီတစ်ခွက်နဲ့မုန့်တစ်ချပ် ထပ်စားလိုက်တော့ ဘာများဖြစ်သွားမှာမို့လဲ"

သူ့ကိုရန်လုပ်ပြီး အစားအသောက်ကျွေးမွေးနေသည့် ငွေနှင်းလေပြည်ကို နေသူရ ရယ်ချင်နေ၏။ အပေါ်ယံကတော့ ဘီလူးခေါင်းဆောင်းလို့။

"ကျွန်တော် စားပြီးလို့ပါခင်ဗျ။ မေမေက ထမင်းပူပူကို ပဲပြုတ်ဆီဆမ်းပြီး ကျွေးလိုက်ပါတယ်"

သူပြောလျှင် ဦးဝေဇင်ပင် စားချင်စိတ်ပေါက်သွားသည်ထင့်။

"ဖေဖေလည်း စားချင်တယ်" တဲ့။ ကြိုးစားပြောရှာသည်။

ငွေနှင်း သူ့ကိုမျက်စောင်းထိုးမိသည်မှာ မလွန်။ လောလောဆယ် အိမ်မှာ ပဲပြုတ်မရှိဘူးလေ။

"ဖေဖေ မနက်ဖြန်မှ လုပ်ပေးမယ်နော်။ ဒီနေ့ ပဲပြုတ်မရတော့လို့ပါ။ ကဲ! ရှင့်ကိုပြောစရာရှိတာက ဒီနေ့ ကျွန်မတို့ ပဲခူးက ဖောက်သည်ဆိုင်ဆီ ကြွေးသွားတောင်းရမယ်၊ အခုမနက် ဆိုင်ကိုသွားကြည့်ပြီး ပဲခူးဆက်သွားရမယ်"

"ဟုတ်ကဲ့. . . ကျွန်တော် အသင့်ရှိနေပါတယ်"

"အဲဒါကြောင့် ရှင့်ကိုမုန့်ထပ်ကျွေးတာ။ စား. . . ကျွန်မက ကျွေးရင် စားမှကြိုက်တယ်"

သည်တော့မှ နေသူရ ကုလားထိုင်မှာဝင်ထိုင်ပြီး ကော်ဖီသောက် မုန့်စားတော့သည်။ ဟင်း. . . တော်တော်လက်ပေါက်ကပ်တဲ့လူပဲ။ ပြီးမှ




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းအရင် သူကထရပ်ပြီး လူကြီးများကို လေးလေးစားစားနှင့် နှုတ်ဆက်သည်။

"အန်ကယ် နေလို့ထိုင်လို့ကောင်းရဲ့လားခင်ဗျ။ သဘက်ခါ ဆေးခန်းပြရမယ့်ရက်နော်"

"အန်တီ ဝယ်ချင်တာရှိရင် မှာလိုက်ပါ။ ကျွန်တော် ဝယ်လာခဲ့ပါ့မယ်။ သစ်သီးတွေ ကျန်သေးလား၊ ဟိုတစ်နေ့က သဘောသီးမှည့်လေး ချိုရဲ့လား"

လူကြီးတွေနှင့် ရွှန်းရွှန်းဝေနေသည့်နေသူရကို ငွေနှင်း ထားခဲ့ပြီး ကားဆီသို့သွားလိုက်သည်။ သည်တော့လည်း ကမန်းကတန်းလိုက်လာကာ ကားတံခါးဖွင့်ပေးလေသည်။

မိဘများကိုနှုတ်ဆက်ပြီး ကားထွက်လာတော့ ကားမောင်းနေသည့်နေသူရကို ငွေနှင်းလေပြည် တစေ့တစောင်း အကဲခတ်လာ၏။ စိမ်းညို့နက်မှောင်သော မျက်ခုံး မျက်တောင်နှင့် မျက်လုံး၊ နှာတံပေါ်ပြီး ပြတ်သားရဲရင့်သည့်နှုတ်ခမ်းများက အနီရောင်ခပ်လှလှ။ မျက်နှာကျက ယောကျ်ားပီသပြီး လောကကြီးကို ထီမထင်သည့်ရုပ်နှင့်။

အင်း. . . ဒီရုပ် ဒီဥပမိကြောင့်ပဲ ကြွေးတွေတောင်းလို့ ရှောရှောရှူရှူရခဲ့တာ။ သူမက ရှေ့မှစကားပြောလျှင် သူက နောက်မှခပ်တည်တည်နှင့် မျက်မှောင်ကြုတ်ပြီး တစ်ခွန်းနှစ်ခွန်း ခပ်တောက်တောက်ဝင်ပြောလိုက်ရုံနှင့် ရသည်ချည်း။

ကောင်းတယ်။ အဲဒီရုပ်ကပဲ လူကြီးသူမများ ဈေးဝယ်သူများနှင့်တွေ့လျှင် ဖော်ရွေပြုံးချိုပြီး သဘောမနောကောင်းသည့်ရုပ်ဖြစ်သွားပြန်ရော။ တတ်လည်းတတ်နိုင်သည့်လူ။





နေသူရ. . . ငွေနှင်း သူ့ကိုအကဲခတ်နေတာ သိပါသည်။ ခတ်ပေါ့။ မိန်းမတွေများ တစ်လလောက် အတူမြင်နေရတာတောင် အကဲခတ်လို့မပြီးသေးဘူး။ အလုပ်သမားငှားတာပဲ၊ အိမ်ထောင်ဖက်ရွေးတာ ကျနေတာပဲ။ ဒါကြောင့် အပျိုကြီးဖြစ်တော့မှာ။ ကြည့်နေ။

သို့သော် နေသူရ ငွေနှင်းလေပြည်ကို ကျေးဇူးတင်သကဲ့ရ ခင်မင်ရပါသည်။ မိဘနှစ်ပါးအပေါ် အင်မတန်သိတတ် သိမ္မာတဲ့မိန်းကလေး။ ဆိုင်ထွက်နေချိန်မှလွဲလျှင် ကျန်အချိန်များမှာ မိဘနှစ်ပါးရဲ့အနားကပ်ပြီး လိုအပ်သမျှ ကိုယ်တိုင်ပြုစုလုပ်ကျွေးသူ။

သူတို့မိသားစုသုံးယောက်ဘဝထဲသို့ အဖျက်သမားတစ်ယောက်မှ မဝင်ပါစေနဲ့လို့ နေသူရ ကြိတ်ပြီးဆုတောင်းပေးမိသည်။ ငွေနှင်းလေပြည်ရဲ့အနားတွင် ပျားပိတုန်းဝဲသလို ဝဲနေကြသည့် သုံးယောက်စလုံး သိုက်တူးသမားတွေဟု ပြောသံကြားရသည်။ သူနှင့်တော့ တစ်ခါမှ ထိပ်တိုက်မတိုးမိသေး။

ဆိုင်ရောက်လျှင် ငွေနှင်းရောသူပါ ဆိုင်ထဲမှာလျှောက်ကြည့်ပြီး စာရင်းများကို စစ်ဆေးကြသည်။ သူ့ဇာတ်ရုပ်က ရှယ်ယာဝင်ထားသည့်သူဌေးသားလေ။ ကားမောင်းပို့တာကတော့ ရင်းနှီးမှုပေါ့။

အင်း. . . သူ့ကို ကားဒရိုင်ဘာလို့ပြောမထားဘဲ လုပ်ငန်းစပ်တူလုပ်သူဟုပြောထားသည့်အတွက် ထိုကိစ္စနှင့်ပတ်သက်ပြီး ငွေနှင်းလေပြည်ရဲ့မိတ်ဆွေသုံးယောက်နှင့် အချေအတင်တွေ စကားပြောရမှာ အသေအချာ။

နေ့လယ်စာစားပြီးတော့ သူတို့နှစ်ယောက် ပဲခူးသို့ကြွေးတောင်းရန် ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

ပဲခူးကပြန်ထွက်လာခဲ့ကြတော့ ငါးနာရီကျော်နေပေပြီ။ ဆောင်းရာသီအစမို့ အအေးဓာတ်က သိသိသာသာ။

''ကားကိုမြန်မြန်မောင်းစမ်းပါရှင်။ တော်ကြာ မှောင်တော့မယ်။ အေးလည်းအေးလာပြီ''

''မောင်းနေတာပဲဗျ၊ ဒီထက်မြန်ရင် ဒုံးပျံဖြစ်တော့မယ်။ ကျုပ်မောင်းတာ အားမရရင်လည်း ခင်ဗျားကိုယ်တိုင်မောင်းပါလား''

''ရှင် စကားကိုဆင်ခြင်ပြော၊ ကိုယ်တိုင်မမောင်းချင်လို့ ဒရိုင်ဘာ ငှားထားတာ။ ရှင့်တာဝန်က ကားမောင်းဖို့ပဲ''

စိတ်ဆိုးစရာဖြစ်နေပေမယ့် နေသူရစိတ်မဆိုးနိုင်။ ပဲခူးရွှေဆိုင်က လက်ပေါက်ကပ်နေသဖြင့် ငွေကိုမနည်းတောင်းခဲ့ရသည်ကြောင့် ခုလို မှောင်နေတာပါ။

တကယ်ဆို ဘဏ်တွေနဲ့ပဲ ချိတ်ဆက်ပြီး အလုပ်လုပ်ဖို့ကောင်း





ပေမယ့် ဆိုင်တွေမှာ ကလိမ်ကကျစ်လုပ်နေသဖြင့် ယခုလိုကိုယ်တိုင်လာပြီး တောင်းရခြင်းပင်။

တောင်းယူလာသည့်ငွေအမောင့်က သိန်းနှစ်ရာကျော်နေသဖြင့် သမ်းမှာလိုက်လုမှာလည်း စိုးရိမ်ရသေးသည်။ ပြောလို့ရတာမဟုတ်။ သူတို့တောင်းလာခဲ့ရသည့် ရွှေဆိုင်ပိုင်ရှင်ရဲ့ရုပ်က တစ်မျိုး။ နေသူရစိတ်ထဲ တစ်ခုခုဖြစ်လိမ့်မည်ဟု ကြိုပြီးစိုးရိမ်နေမိသည်။

ကြောက်လို့မဟုတ်ပေမယ့် ကြိုတင်ပြင်ဆင်မှုတွေနှင့် သတိအမြဲရှိနေရသည်။ ဒီကြားထဲ ဘေးမှ ဘုမသိဘမသိနှင့် တဆူဆူလုပ်နေသဖြင့် သူစိတ်တိုမိသည်။

''ငြိမ်ငြိမ်လိုက်ပြီး မသကာစရာတစ်ခုခုတွေ့ရင် ပြောပြ''

''ဘာ. . . ဘာဖြစ်လို့လဲ''

''ခင်ဗျားငွေတွေ လိုက်လုလိမ့်မယ်ထင်လို့''

''ရှင်! ''

စောစောက ပြဿနာရှာနေသည့်မချော ခုမှ ကျောစိမ့် ကြောက်ရွံ့သွားတော့သည်။ တစ်ခါတည်း ပါးစပ်ပိတ်သွားပြီး နောက်ကြည့် ရှေ့ကြည့်နှင့်။

မြို့အပြင်ဘက်ရောက်လာပြီး မကြာမီ ခပ်လှမ်းလှမ်းမှ ကားတစ်စီးပျက်လို့ ရပ်နေပုံနှင့် ကားဖုံးကိုဖွင့်ပြီး ဟိုနှိုက်ဒီနှိုက်လုပ်နေတာ မြင်လိုက်ရသည်။ ကားထဲမှာ လူရှိပုံရသည်။ ကားဆင်းနှိုက်နေတာကတော့ တစ်ယောက်တည်း။ ထိုလူက သူတို့ကားကိုတားလျှင် နေသူရ ရပ်မပေးဘဲ အရှိန်ပိုတင်ပြီး မောင်းလိုက်၏။

''ရှင် ရှေ့ကအကူအညီလိုလို့ တောင်းနေတာ မမြင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပါးပါးကြည့်ပေးရောပေါ့။ စိတ်ပုပ်တဲ့လူ''

''ကားထဲမှာ ငွေတွေပါလာတာကြောင့် ဘယ်သူ့မှမယုံနိုင်ဘူး။ တကယ်ကားပျက်တာ ဟုတ်ချင်မှဟုတ်မှာ''

''ရှင့်ကိုက ဥစ္စာခြောက်နေတာ''

''ကျုပ်ဥစ္စာမဟုတ်ဘူး၊ ခင်ဗျားအတွက် ခြောက်ပေးနေရတာ''

နှစ်ယောက်သား စကားများနေကြစဉ် ရှေ့မှ အဘိုးကြီးတစ်ယောက် ကားတားနေသဖြင့် သူ ဇဝေဇဝါနှင့် ဘေးဘေးဘီဘီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ဒါရော တကယ်အကူအညီလိုတာမှ ဟုတ်ရဲ့လား။ အင်လား။

သူ ကားကိုအတင်းမောင်းထွက်သွားပြန်လျှင် ငွေနှင်း သူ့ကို အပြစ်တင်နေလေသည်။

''ရှင် ဘယ်လိုလူလဲ၊ ရှင့်မှာ နှလုံးသားမရှိဘူးလား။ ရှင့်မှာ လူစိတ်မရှိဘူးလား''

''ရှိပါသော်ကောဗျာ၊ အပေါ်နှလုံးရော အောက်နှလုံးပါ ပေါင်းလေးလုံးတောင် အပြည့်ရှိပါတယ်''

''ဟင်! ရှင်. . . ရှင်''

''ဆောရီး. . . ဒီနေ့အဖို့တော့ ကျုပ် ဘယ်သူ့မှမယုံနိုင်ဘူးဖြစ်နေတယ်''

''အဘိုးကြီး သနားပါတယ်''

''သနားမနေနဲ့၊ အဘိုးကြီးတွေလည်း ဖွတ်စ်ဆုပ်နိုင်ရင် ဟိုက်ဂျစ်စိတ်ဝင်စားသေးတယ်''

''ဘယ်ကိစ္စလဲ''





''ဟိုက်ဂျစ်ပါဆိုမှ၊ ဘယ်ကိစ္စရှိရဦးမှာလဲ။ ဗိုလ်ကိစ္စပေါ့ဗျ။ ခင်ဗျား တော်တော်နားဝေးတာပဲ''

''ဩော. . . ရှင်ကတော့ ကားသမားပဲ၊ ပ်းပါးလေးပေါ့''

''တော်တော်. . . ဟိုနိုက်ဒီနိုက်မပြောနဲ့''

သည်စဉ် သူတို့နောက်သို့ စောစောက ပျက်ချင်ယောင်ဆောင်နေသည့်ကား အမြန်မောင်းလိုက်လာတာ တွေ့ရသဖြင့် နေသူရ ကားကို အရှိန်မြင့်မောင်းလိုက်သည်။

''တွေ့လား. . . စောစောကကား လိုက်လာပြီ''

''သူ့လမ်းသူသွားတာလည်း ဖြစ်မှာပေါ့''

''သူ့လမ်းသူသွားပါစေလို့ ကျုပ်လည်း ဆုတောင်းပါတယ်''

''ရှင်ဟာလေ သိပ်ရိုင်းတာပဲ၊ ကျုပ်. . . ကျုပ်နဲ့''

''ဒီအချိန်မှာ အနုအရွတွေ ပြောမနေချင်တော့ဘူး၊ ကားကို ခုစိုက်မောင်းတော့မယ်။ ခင်ဗျားငြိမ်ငြိမ်နေ''

ကားလမ်းမကြီးမှာ မှောင်ပြီး၊ နှင်းတွေ ခပ်ပါးပါးစီးဆင်းနေသလို ကားလမ်းမတစ်လျှောက် ကားရှင်း လူရှင်းနေလေ၏။ နေသူရ ကားကို အမြန်နှုန်းနှင့်မောင်းနေစဉ် ရှေ့မှ ကားတစ်စီး ဘွားခနဲပေါ်လာပြီး သူနှင့် ခေါင်းချင်းဆိုင်လုလုဖြစ်သွားသဖြင့် ကားကို ဘေးသို့ဆွဲချလိုက်ရ၏။

သည်အခါ နောက်မှကားက ကျော်တက်ပြီး သူ့ကားရှေ့မှာ ထိုးရပ်လိုက်သည်။ အခြေအနေက ညှပ်ပူးညှပ်ပိတ်။ နေသူရ ကားထွက်သာတော့။

လူတွေကတော့ မျက်နှာစိမ်းတွေ။ မျက်မှန်မည်းတွေနှင့် လူဆိုးတွေပါ။ ရှေ့ကားမှ လူနှစ်ယောက်၊ နောက်ကားမှ လူနှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း လေးယောက်။ သူတို့ဘက်မှာ နှစ်ယောက်ဆိုပေမယ့် မချောက ဘာမှသုံးစားရမှာမဟုတ်။

လူလေးယောက်က သူတို့ကို ဝိုင်းလိုက်သည်။

"ကဲ! မိတ်ဆွေတို့၊ ကားပေါ်က ခဏဆင်းပေးကြပါ။ မိတ်ဆွေတို့ကားကို ရှာစရာလေးရှိလို့"

နေသူရစဉ်းစားနေလျှင် ငွေနှင်းလေပြည် သူ့လက်မောင်းကို လာကိုင်ပြီး တိုးတိုးပြောမိသည်။

"ပေးလိုက်ပါရှင်၊ လူထက် ဘာမှတန်ဖိုးမရှိပါဘူး"

"တကယ်လား။ တော်ကြာမှ ရှုံးသွားဦးမယ်"

"ဟေ့! ဆင်းဆိုတာ မဆင်းကြဘူးလား"

နေသူရ ဆင်းတော့မလိုလိုနှင့် ကားကိုဘက်ဆုတ်ပြီး ဂူးခနဲ မောင်းပြေးလျှင် နောက်မှလူတွေဖရိုဖရဲဖြင့် ဒေါသတကြီးဆဲဆိုကြိမ်းမောင်းရင်း ကားနှစ်စီးဖြင့် လိုက်ကြပြန်သည်။

"ဒုက္ခပါပဲ၊ ဘယ်ကားမှလည်း မတွေ့ပါလား"

ဖြတ်သွားဖြတ်လာ ကားလေးတစ်စီးတလေကိုလည်း အားကိုးလို့မရ။ နေသူရ ကားကိုသာ မိုင်ကုန်စွတ်မောင်းနေရင်း လွတ်အောင်ပြေးနေရသည်။ ဦးနှောက်ကလည်း အလုပ်ပေးနေရသည်။ ပဲခူးနှင့်ရန်ကုန် ခရီးက လိုသေးသည်။ လမ်းမှာ မှောင်လည်းမှောင်၊ ကားပြတ်လူပြတ်နှင့်။ ဒီနေ့မှ နှင်းတွေကလည်း ကျနေလိုက်သေး။

ဒီလိုနှင့် သူ၏ကားမောင်းကျွမ်းကျင်မှုနှင့် ကားစက်ကောင်းခြင်းတို့ကြောင့် ရန်သူကားနှစ်စီးကို လွတ်အောင်ရှောင်နိုင်ခဲ့ပြီး သူတို့ကား ရန်ကုန်ထဲသို့ ဝင်ခဲ့ကြသည်။





နောက်မှ ကားနှစ်စီးလည်း ဆက်မလိုက်တော့။ နေသူရ ဂိတ်မှာ ထိုအဖြစ်အပျက်ကို တိုင်ချက်ဖွင့်ပစ်ခဲ့သည်။ နောက်မှလိုက်သည့်ကား အမျိုးအစား၊ နံပါတ်နှင့်လူပုံစံတွေ။

သူတို့နှစ်ယောက် အိမ်ပြန်ရောက်တော့ ညကိုးနာရီ။ လူကြီးတွေ စိတ်မပူအောင် ဖုန်းကြိုဆက်ထားသဖြင့် တော်သေးသည်။ သူ့ဘက်ကိုယ့်ဘက်ပေါ့။ တစ်လမ်းလုံး ခက်ခက်ခဲခဲနှင့် လွတ်အောင်စွမ်းဆောင်ခဲ့ရသဖြင့် နေသူရတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လို့။

ငွေနှင်းလေပြည်ကို သူ့အိမ်အရောက်ပို့ပြီး နေသူရ ချက်ချင်းပြန်ဖို့ပြင်လျှင် သူမ တားထားမိသည်။

"ရှင် အရမ်းပင်ပန်းနေပြီ။ ဒီမှာပဲ အိပ်လိုက်ပါလား"

"ရပါတယ်၊ ပြန်လိုက်မယ်။ မေမေ မျှော်နေမှာ"

"ဖုန်းဆက်လိုက်ရင် ရတာပဲလေ၊ ရှင်အရမ်း Sterss ဖြစ်နေလို့ ညှိန်မက တားတာ။ ပြီး ဟိုကားက. . ."

"ကိစ္စမရှိဘူး၊ ဒီမှာက လူမပြတ် ကားမပြတ်ပါဘူး။ အန္တရာယ်ရှိပါဘူး"

"ကဲ! ဒီလောက်တောင်ဖြစ်နေလည်း သွားရှင်"

ငွေနှင်းလေပြည် သူ့ကိုစိတ်မချနေတာ သူ့အတွက်လား ကိုယ့်အတွက်လား။

နေသူရ ငွေနှင်းလေပြည်ကိုနှုတ်ဆက်၊ လူကြီးတွေကိုနှုတ်ဆက်ပြီး သူ ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

မြလင်းကြည်ဖြူ. . .

ဟောက်(စ်)ပြီးဖို့ ဆေးကျောင်းပြီးဖို့ လေးလခန့် လိုသေးသည်။ မပြီးခင် အောင်သက်ထွန်းနှင့်တွဲနေတာ နေသူရသိသွားသဖြင့် သူမကို မထောက်ပံ့တော့။

အောင်သက်ထွန်းကလည်း ကားနှင့်ပေမယ့် ငွေကျွေတော့ပေးဖို့ စိတ်ကူးမရ။ လက်ဆောင်ပစ္စည်းတွေသာ အမျိုးမျိုးဝယ်ပေးခဲ့သည်။ အဝတ်အစား၊ ဖိနပ်၊ လက်ကိုင်အိတ်၊ မိတ်ကပ်ဘူး၊ ရေမွှေး၊ နောက် အိမ်အတွက် မုန့်၊ သစ်သီးဝလံ။

ငွေတော့မပါ။ မြလင်းတို့ကို ဒီလောက်မဆင်းရဲဘူးထင်လို့လားပင်။ သည်တော့ သူမမှာ ခရီးစရိတ်၊ ကျောင်းစရိတ်၊ သွားရင်းလာရင်း သုံးစွဲဖို့ကအစ အဆင်မပြေ။

မြလင်းကြည်ဖြူ တစ်ခါတလေတော့လည်း ကိုယ့်ဘဝအစကို





ပြန်တွေးကြည့်မိပါရဲ့။ နေသူရနဲ့ ချစ်ကြည်ဖြူခဲ့တာတွေ။ နေသူရဟာ ဘာပဲပြောပြော သူ့အတွက် အများကြီးပြောင်းလဲခဲ့ရသူ။ အနစ်နာခံခဲ့ရသူ။ သို့သော် သူမရဲ့မိသားစုက တတွတ်တွတ်နှင့် နားချသိမ်းသွင်းလွန်းသည့်အခါ မြလင်းစိတ်တွေ တိမ်းပါးကုန်ခဲ့ရသည်။

"ဟဲ့! နင် သူ့ကိုယူလို့ကတော့ ဒရိုင်ဘာမယားပဲဖြစ်မယ်။ ဘယ်တော့မှ လူမွေးလူတောင်ပြောင်မှာမဟုတ်ဘူး။ ကိုယ့်ဘဝအဆင်ပြေဖို့ပဲ ကြည့်ရမှာပေါ့"

"ကိုယ်က ဂုဏ်ပဲရှိမှာ၊ ငွေရှိတဲ့လူရွေးမှ အဆင်ပြေမှာပေါ့ဟဲ့။ ငွေရှိတဲ့လူ၊ ကားရှိတိုက်ရှိတဲ့လူကိုရွေးမှဖြစ်မယ်လေ။ အောင်သက်ထွန်းဆို ဘယ်လောက်အဆင်ပြေလိုက်မလဲ။ တိုက်နဲ့ကားနဲ့လုပ်ငန်းနဲ့။ ဒီလိုမျိုးမှမရွေးရင် နင် ဘယ်လိုလူမျိုးကိုရွေးမလဲ"

"ပြီးတော့ နေသူရက ကားသမား၊ ကားသမားဆိုတာ လမ်းပေါ်တွေ။ ရောက်ရာအရပ်မှာ တည်းခိုခန်းသွားပြီး ညည့်ငှက်တွေနဲ့ ပျော်နေတာ။ ခုလောက်ဆို အတော် ကိုက်နေလောက်ပြီ"

"မေမေရယ်. . . နေသူရခမျာ ခုနစ်နှစ်လုံးလုံး အဆင်းရဲအပင်ပန်းခံပြီး ကျောင်းထားခဲ့ရတာ။ အခုမှ ကန်ထုတ်ရင် သမီး လူမဆန်ရာရောက်သွားမှာပေါ့"

"ဟဲ့! ဒါတွေတွေးနေလို့ နင်တစ်သက်လုံး လူဖြစ်လာမှမဟုတ်ဘူး။ သူက နင့်ကိုချစ်လို့ စေတနာရှိလို့ ကျောင်းထားတယ်များ မှတ်နေသလား။ ဝက်မွေးသလို အစာကျွေးနေတာဟဲ့. . . သိရဲ့လား"

"အစာကျွေးတယ်ဆိုလည်း မေမေရယ်၊ ခုနစ်နှစ်နီးပါး ကျောင်းထားပေးခဲ့ရတာ သမီး သူ့ကိုလက်ထပ်မှ တရားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ အဲလိုသာ ကျေးဇူးရှင်ဆိုပြီး ယူရရင် နင့်ဘဝ အညွန့်တုံးသွားမှာပေါ့။ ဖောင်ဒေးရှင်းတွေကထောက်ပံ့လို့ ကျောင်းတက်နေတဲ့လူတွေ ဘယ်လိုလုပ်မလဲ။ မိမြလင်းနော်. . . နင် သူ့ကိုယူရဲ့ ကြည့်။ ငါတို့မိသားစုနဲ့ အရင်ဆုံးတွေ့မယ်မှတ်။ အလကား နုံအ မနေနဲ့ မိန်းမဆိုတာ လင်ကုန်ရှုံးရင် တစ်သက်လုံးမှောက်ပဲ။ နင်ကျောင်းပြီးရင် လည်း အလုပ်ရဖို့ လူမွေးလူတောင်ပြောင်ဖို့ဆိုတာ အများကြီးကြိုးစား ရဦးမယ်"

တစ်နေ့ တစ်နေ့ မိသားစုနှင့်အတိုက်အခံပြုရရင်း ယခုကျ သူ ကိုယ်တိုင် မမျှော်လင့်ဘဲ ကိုအောင်သက်ထွန်း၏မေတ္တာကျော့ကွင်း သက်ဆင်းမိပေပြီ။ ကိုအောင်သက်ထွန်းက သူမရဲ့မိသားစုဝင်များအ အလိုလိုက် အကြိုက်ဆောင်ပြီး လက်ဆောင်ပစ္စည်းများ ခဏခဏ ခြင်း။ သူမကိုလည်း လက်ဆောင်ခဏခဏဝယ်ပေးလေ့ရှိသည်။

ယခု နေသူရ ကျောင်းစရိတ်ဖြတ်သွားသဖြင့် မေမေက အော သက်ထွန်းထံမှ အကူအညီတောင်းမည်တကဲကဲ။ မြလင်းကြည်ဖြူ အတ တန်တားထားလို့သာ။

"မေမေရယ်၊ သူနဲ့ချစ်သူတွေဆိုပေမယ့် နေသူရလို ငယ် ချင်းစားမဟုတ်ဘူး။ တော်ကြာ ငြိုငြင်စရာ အထင်သေးစရာတွေဖြစ် ပါမယ်"

"ဒီလောက်တောင် အားမကိုးရရင်လည်း ပြတ်ပြတ်အေး။ ည ကလည်း ကိုယ့်ဘဝအတွက် အလုံးစုံဖြည့်စွမ်းပေးမယ့်လူမျိုးကို ရှာ မဟုတ်ဘူး"

"မေမေကလည်း အဲဒါဆိုလည်း စပွန်ဆာရှာမှရမယ်။ သ





က နေသူရကိုတောင် မတရားလုပ်ခဲ့ပြီးပြီမို့ ရပ်ကွက်ထဲမှာ အရမ်းလှုံ့မုန်း များနေရတာ"

"အမယ်လေး. . . ဒါတွေထည့်တွက်နေလို့ကတော့ ဒီတစ်သက် လူဖြစ်မှာတောင်မဟုတ်ဘူး"

"ကဲပါ. . . သမီးအတွက် စရိတ်ပေး"

"ဟဲ့! ဟိုတစ်နေ့ကတောင် တစ်သောင်းချေးငှားပေးလိုက်သေး တယ်"

"အဲဒါ ဆေးရုံတွေကူးရတဲ့စရိတ်၊ ဟိုစရိတ်ဒီစရိတ်တွေနဲ့တင် ကုန်ပြီ"

"ခက်တော့တာပဲ၊ နေဦး. . . ငါ ဟိုဘက်အိမ်သွားချေးလိုက် ဦးမယ်"

ဒေါ်လင်းလင်းဖြူ ကော့ကော့ ကော့ကော့နှင့် ဆင်းသွားလျှင် မြလင်းဖြူ နေသူရကိုသတိရနေမိသည်။ တစ်လ တစ်လ လိုသလောက် ရှာပေးခဲ့တဲ့ချစ်သူ။ အခုတော့ သူမကိုအရမ်းစိတ်နာသွားမှာပဲ။ ငါးစိမ်းမြင် ငါးကင်ပစ်၊ မြွေဟောက်လို လျှာနှစ်ခွ. . . ဘာညာနှင့် စွပ်စွဲတော့မှာပဲ။

တကယ်ဆို သူ အများကြီးပေါက်ကွဲသင့်ပါသည်။ အော်ဟစ် ရိုက်ပုတ်တောင် သွားသင့်ပါရဲ့။ သို့သော် သူဟာ လူကောင်းမို့ တန်ရုံပဲ ပေါက်ကွဲသွားခဲ့သည်။

ယခုဆို သူမလာတာတောင် ကြာပါရော။ သူမကလည်း ဖုန်း မဆက်ပါ။ သူကလည်း မာနနှင့်ပါ။ ရုပ်ချောပြီး ဂျစ်ကန်ကန်နိုင်သည့် နေသူရဟာလည်း သူ့အသိုင်းအဝိုင်းမှာတော့သူ ၈တား။

"အိုလေ. . . ငါက အမြင့်ကိုကြိုက်လို့ အမြင့်ဆုံးကိုတက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



လူပဲ။ နေသူရဟာလည်း ငါနင်းတက်ခဲ့တဲ့လှေကားတစ်စင်းပေါ့။ ဆောရီး ပဲ နေသူရရေ့ ငါ အတိတ်ကိုပြန်လည်လွမ်းမောမနေတော့ဘူး။ အနာဂတ် ကိုပဲ ရွှေရောင်တဝင်းဝင်းတောက်ပလာအောင် ကြိုးစားတော့မယ်။ ဂွတ် ဘိုင် နေသူရရေ၊ နင့်ရဲ့ပြစ်ချက်က ပညာနည်းတာနဲ့ ဆင်းရဲခြင်းပါပဲ။ ဆောရီးနော်. . . ငါ့ အနူးအညွတ်တောင်းပန်ပါတယ်''

နှစ်ပေါင်းများစွာ ချစ်ခဲ့ကြသူတွေမို့ သံယောဇဉ်တင်းငင်နှင့် နေသူရကို မချိမဆန့် ခွာချရမှတ်ပေမယ့်. . . မာနမင်းသားက ပါးတောင် တစ်ချက်မရိုက်လိုက်ရဘဲ စကားနှင့်ပင် ကျောခိုင်းသွားခဲ့ချေပြီ။ သည်စဉ် ဒေါ်လင်းလင်းဖြူ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပြန်လာခဲ့ပြီး မြလင်းကို ငါးထောင်တန်တစ် ရွက် လှမ်းပေးလိုက်သည်။

''အလုပ်ကလည်း ပါးလိုက်တာအေ၊ ယောက်ျားက မူး၊ သား က မူးဆိုတော့ တော်ရုံတန်ရုံဖောက်သည်တွေက ဘယ်လာအပ်ချင်တော့ မလဲ။ ဈေးထဲကတစ်ဆင့်ယူချုပ်ရတော့ လုပ်အားခက တစ်ဝက်ပဲရတော့ တယ်။ ငွေချေးရတာလည်း အရပ်လေးမျက်နှာကို နံ့နေပြီ''

''ဒါ မေမေဆင်တဲ့ဖဲလေ၊ မေမေချုံးတဲ့အကွက်။ အစက နေသူရ ကျောင်းထားပေးနေရတော့ မေမေ အနေသာကြီးမဟုတ်လား။ အခု သုံးလေးလတာဝန်ကို ထမ်းကြည့်ပါဦး''

''အောင်မယ်! အောင်မယ်! ငါတို့က ညည်းကောင်းစားဖို့ လုပ် နေတာပါ။ ငါတို့အတွက် မဟုတ်ပါဘူး။ ဒါကြောင့် အောင်သက်ထွန်းဆီ ကျောင်းစရိတ်တောင်းမယ်ဆိုတော့ ညည်းပဲ ကာဆီးကာဆီးနဲ့''

''တော်ပြီမေမေရာ. . . သွားမယ်''

အိမ်မှာ စိတ်ချမ်းသာစရာကတော့ တစ်ကွက်မှမရှိ။ အဖေက





အရက်သမားပီပီ ဘာမှမလုပ်တော့ဘဲ အရက်ဖိုး ဘယ်ကရပါ့မလဲဟုတွေး နေတတ်သူ။ အစ်ကိုကလည်း ဆိုက်ကားနင်းတာ ဖန်းပြထားပေမယ့် ရသည့်ပိုက်ဆံက သူသောက်ဖို့ပင် အနိုင်နိုင်။ ညီမဖြစ်သူကလည်း သွား စရိတ်လာစရိတ်တွေနှုတ်လိုက်တော့ တစ်လ ငါးသောင်းပင် မေမေ့ကို ငွေမအပ်နိုင်။

မေမေတစ်ယောက်တည်း ရုန်းနေရသည့်အိမ်။ သူကလည်း ပန်းတိုင်မရောက်သေး။

ကားဂိတ်သို့ လိုင်းကားတိုးစီးရန် သူထွက်လာခဲ့တော့ နေသူရ ကို ကားတစ်စီးနှင့်တွေ့လိုက်ရလျှင် မြလင်းကြည်ဖြူ ငေးခနဲဖြစ်သွား၏။ သူ့စတိုင်က အလန်းစား။ နဂိုက လူပုံခပ်မိုက်မိုက်မှာ အကောင်းစားမျက် မှန်၊ အဝတ်အစားတွေနှင့်။ ကားကလည်း အကောင်းစား။

ကောန္တ သူ သူဌေးတစ်ယောက်ရဲ့ကားကို မောင်းနေတာများလား ကိုယ်က အရက်ရှိသူမို့ ဟိုမျက်နှာတစ်မျိုး၊ ဒီမျက်နှာတစ်မျိုး မလုပ်ချင် တော့။ သူမ လောလောဆယ် အောင်သက်ထွန်းနှင့်တွဲနေပြီမို့ နေသူရ ကို မခေါ်ရဲတော့။ ကိုယ်က သစ္စာမဲ့ခဲ့သူမို့ ဆင်ဖြူ့မျက်နှာ ဆင်မည်း မကြည့်ဝံ့။

နေသူရလည်း မြလင်းကြည်ဖြူကို မြင်ပါသည်။ သစ္စာဖောက်မ။ ကျောတစ်ရာရင်တစ်ရာရိုက်ပြီး နေလှန်းပစ်ဖို့ပဲကောင်းသည်။ သူ့ရင်ကို ခြေကုပ်ယူပြီး မိုးထိအောင် လှေကားထောင်ကာ ကိမ်ညွှန့်စားမည့်မိန်းမ မို့ သူ ရင်နာနာနှင့်ပင် ကျောခိုင်းလိုက်ပါသည်။

မြလင်းကြည်ဖြူအနားမှ ကားကိုဖြည်းညင်းစွာမောင်းလာခဲ့ပေ မယ့် သူမကိုခေါ်မတင်တော့ပါ။ နေသူရဆိုတာ မာနနှင့်လူ။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အညံ့စား အနိမ့်စားဆိုပြီး တစ်မိသားစုလုံး ခွေးတစ်ကောင်လိုဆက်ဆံခဲ့ကြတာ။

ဒါကို သူက အမှတ်မရှိ အမြီးနန့်ပြီး သွားရည်ကျ၊ လျှာနဲ့ယက်ပြီး ဖက်တက်ရမှာလား။ ဝေးပါသေးရဲ့၊ သစ္စာမဲ့တာ အမုန်းဆုံး။

နေသူရ၊ သူမရဲ့အလွန်မှာ ကားရပ်သွားတော့ မြလင်းကြည်ဖြူ မျက်စိတွေ ပြာသွားသည်။ အောင်သက်ထွန်းကလည်း အရမ်းသဝန်တိုတတ်သူ။ သူမထက် ဆယ်နှစ်လောက်ကြီးသည့် စီးပွားရေးသမားပီပီ မြလင်းကို ဘယ်တော့မှစိတ်မချ။

လက်ထပ်ပါရစေဟု အမြဲလောနေသူ။

ချောမောလှပခန့်ငြားနေသည့် နေသူရကို ခြေဖျားလက်ဖျားတွေ အေးစက်နှင့်ကြည့်နေစဉ် သူက လမ်းတစ်ဖက်ရှိ ကွမ်းယာဆိုင်မှာ ခပ်အေးအေးပင် ကွမ်းသွားဝယ်ပြီး စတိုင်များများနှင့် ကားထဲသို့ပြန်ဝင်သည်။ နောက် ဘီးလိမ့်ရုံလေး မောင်းသွားလိုက်ပုံက သူမကိုတမင်ချိုးသွားတာ။

"တောက်! ပြေးရိုက်ပစ်ဖို့ကောင်းလိုက်တာ။ တကယ်ဆို ဒီလောက်အကြာကြီးချစ်ခဲ့တဲ့ချစ်သူတစ်ယောက်ကို လွယ်လွယ်လေး ကျော်နိုင်းစရာလား။ ငါ့ကို စကားနာတွေထိုး၊ ရန်တွေ့ပါလား။ မျက်ရည်ခံထိုးပြီး အသနားခံပါလား။ ခုတော့ အကြမ်းနည်းလည်းမသုံး၊ အနုနည်းလည်း မဖက်ဘဲ တုံးတိကြီး ကျော်နိုင်းသွားတယ်"

မြလင်းကြည်ဖြူ မခံမရပ်နိုင်နှင့်ပင် လိုင်းကားကျပ်ကျပ်တောက်တောက်ကို တိုးစီးပြီး ကျောင်းထဲသို့ရောက်ခဲ့ရသည်။ သူမတစ်ကိုယ်လုံး ခွန်အားတွေ ဆုတ်နစ်နေမိတာ ဘာကြောင့်မသိ။



**အခန်း ( ၁၂ )**

ယခုအခါမှာတော့ ဆိုင်ဝန်ထမ်းတွေနှင့် ငွေနှင်းလေပြည်ရဲ့ အသိုင်းအဝိုင်းမှာ နေသူရ နေရာရနေပါသည်။ ငွေနှင်းလေပြည်ရဲ့ နေရာပေးမှုနှင့် နေသူရရဲ့အရည်အချင်းကြောင့်ဖြစ်မည်။

အပြင်ပန်း ဥပမိတင်မက နေသူရမှာ မြှုပ်ကွယ်နေသည့်အရည်အချင်းတွေက အများအပြား။

မည်သည့်လုပ်ငန်းမဆို စိတ်ဝင်တစားနှင့် တတ်မြောက်လွယ်သလို ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာလည်း ပင်ဆုံပါသည်။ ခုနစ်နှစ်လောက် ကားမောင်းသမားလုပ်ခဲ့ရလို့ဆိုလျှင်ဖြင့် ချစ်ဦးသူ မစိမ်းကားကြီးကို သူလှမ်းပြီး ကျေးဇူးတင်မိပါသည်။

ရင်ဘတ်ထဲမှာ စူးအောင့် နာကျင်နေအောင် ခံစားခဲ့ရပေမယ့် အလွမ်းတွေကို သူ အနာနှင့်ဖြေပါသည်။ ချစ်သူမစိမ်းကားကြီးဟာ လေထဲမှုန်းတွေဆိုလျှင်ဖြင့် ထိုနှင်းတွေကို သူ လက်သီးနှင့်ထိုးထိုးပြီး ဖေးလိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အပေါ် ဘာဖြစ်လို့ သစ္စာမဲ့တာလဲ. . . နှင့်နှလုံးသားက ဘာဖြစ်လို့ ဒီလောက်အညှာလွယ်ရတာလဲ။ ဘာဖြစ်လို့ မဖြူစင် မသန့်ရှင်းရတာလဲ"

သစ္စာမဲ့မှုမှလွဲလျှင် ကျန်သည့်ပြစ်ချက်အားလုံးကို သူခွင့်လွှတ်နိုင်ပါသည်။ နှံသာခွက်ထဲကို မစင်တစ်စက် ကျသွားသလိုပါပဲ။ သူ့ချစ်သူရဲ့ချစ်စရာကောင်းမှုတွေအားလုံးဟာ သစ္စာမဲ့မှုတည်းဟူသော မစင်တစ်စက်ကျခဲ့မှုကြောင့် သူ စိတ်ကိုတင်းပြတ်စွာ ကျောခိုင်းခဲ့ပါပြီ။

ချစ်သူမိန်းမဆိုးရေ. . .

မင်းဘဝ သာယာဖြောင့်ဖြူးလှပပါစေ. . .

ငါတပ်ဆင်ပေးလိုက်တဲ့ အတောင်ပံတစ်စုံနဲ့ မင်းကျင်လည်ရှင်သန်ချင်တဲ့ ကောင်းကင်လွင်ပြင်ကျယ်မှာ စိတ်ရှိလက်ရှိ ကူးခတ် ပျော်မြူးနိုင်ပါစေ. . .

ငါကတော့ မြေပြင်မှ မြက်ခင်းလေးတစ်ခုသာမို့ မင်းကျက်စားချင်တဲ့ကွင်းတစ်ခု မဟုတ်ခဲ့ပါ။

ကားကို ခြံရှေ့မှာရပ်ပြီး ရီမုနှင့်ဖွင့်လိုက်တော့ ခြံတံခါးပွင့်သွားခဲ့လျှင် အိမ်ဆင်ဝင်မှာ ရပ်ထားသည့်ကားတစ်စီးကို သူမြင်လိုက်ရသည်။ ဒါလား. . . ငွေနှင်းလေပြည်ကို ပိုးနေပါသည်ဆိုသည့် လူကုံထံရဲ့ကားလား။ စောစောစီးစီး။

အချိန်က မနက်ရှစ်နာရီမို့ သူ ညေ့ခန်းသို့ဝင်လိုက်တော့ ငွေနှင်းလေပြည်ကို မျက်နှာရှစ်ခေါက်ချိုးနှင့် တွေ့လိုက်ရသည်။ သူ့ရှေ့မှာတော့ အသက်သုံးဆယ်လောက်အရွယ် လူရည်သန့်တစ်ယောက်။ ပြီးတော့ ညေ့ခန်းထဲမှာပဲ အန်ကယ့်ဗိုးချဲရော၊ အန်တီ့ကိုပါ တွေ့ရသည်။





"ဘယ်အချိန်ရှိပြီလဲ၊ ရှင် ကိုယ့်အလုပ်ချိန် ကိုယ်မသိဘူးလား"

ကြွက်မနိုင်လို့ ကျိမ်းနဲ့ရှိတာလား။ ကုလားမနိုင်လို့ ရခိုင်မဲတာလားပင်။ ခါတိုင်းထက်တော့ နာရီဝက်လောက် နောက်ကျတာပေါ့လေ။ သို့သော် မနေ့ညကတင် အသက်လုတိုက်ပွဲတွေကို ဒိုးတူပေါင်ဖက် ဆင်နွှဲလာခဲ့ရသည့်ရဲဘော်ရဲဘက်တစ်ယောက်ကို ဒီလိုဆက်ဆံသင့်ပါရဲ့လား။

နေသူရ ယဉ်ကျေးစွာပင် ပြန်ဖြေလိုက်ပါသည်။

"ဆောရီးပါခင်ဗျာ၊ ကျွန်တော့်ချစ်သူကို ဆေးကျောင်းဝင်ပို့နေရလို့ပါ"

သူ တမင်ပြောပစ်လိုက်တာပါ၊ သည်အခါ ညှိုမည်းပြာနှမ်းသွားသည့်ရုပ်ကို ဗီဒီယိုမှတ်တမ်းပင် တင်ထားချင်စရာ။

"ဘာရှင့်. . . ရှင့်ကို ကျွန်မ လခပေးပြီး ခန့်ထားတာ၊ ဒီလို ညည်းပျက်ကမ်းပျက် လျှောက်လုပ်နေဖို့မဟုတ်ဘူး. . . တောက်၊ "

သူမ ဘာဖြစ်လို့ ဒီလောက်ဒေါသထွက်နေမှန်း သူစဉ်းစားလို့ရ။ ကေဇ္ဇ ရှေ့မှပုဂ္ဂိုလ်ကြောင့်လား။ သူနားမလည်နိုင်စွာနှင့် လူကြီးနှစ်ယောက်ကိုကြည့်လိုက်တော့ အန်ကယ်ဦးဝေဇင်က ဘက်ပြင်းချလိုက်ပြီး

"နေသူရ. . . အန်ကယ့်ကို အခန်းထဲပြန်ပို့ခဲ့ပါကွယ်၊ မြနှင်းကသမီးနားမှာနေခဲ့"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော်တောင်းပန်ပါတယ်ခင်ဗျာ။ အန်ကယ်တို့မိသားစုရဲ့သာယာတဲ့အနေအထားလေး ကျွန်တော့်ကြောင့် ပျက်သွားရတာ အနူးအညွှတ်တောင်းပန်ပါတယ်"

အန်ကယ့်ဗိုးချဲကို နိုင်နိုင်နင်းနင်းတွန်းရင်း သူ အန်ကယ့်အခန်းထဲကို လိုက်ပို့ခဲ့ပြီး ပြန်ထွက်လာတော့ ငွေနှင်းလေပြည်ကို စောစောက



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်နှင့် ပြုံးပြုံးရွှင်ရွှင်စကားပြောနေတာတွေ့ရလျှင် နေသူရ ပခုံးတွန့်မိသည်။

"မိန်းမတွေများ နားလည်ရခက်လိုက်တာ၊ မနေ့ညကတင် သူ့အိမ်မှာ အတင်းအိပ်ခိုင်းနေပြီး။ ဟော! ဒီမနက်လည်းကျရော အစိမ်းလိုက်ဝါးစားတော့မယ့်ရုပ်နဲ့။ သူကြည်ဖြူချင်တဲ့လူကျတော့လည်း ပြုံးပြုံးရွှင်ရွှင်။ ခု ဒေါ်သတွက်လိုက် ခု ပြုံးလိုက်နဲ့။ ဒါကြောင့်လည်း ရှေးစာဆိုကြီးတွေက မိန်းမဆိုတာ ဆောင်းလေရူးလိုပဲ ဟိုဒီလွင့်မျောတတ်တယ်လို့ ဆိုကြတာကိုး"

နေသူရကတော့ အန့်တို့ကိုပြုံးပြပြီး သူတို့နှစ်ယောက်ရှေ့မှ ခပ်ယို့ယို့ထွက်လာခဲ့သည်။ နောက် ငွေနှင်းရဲ့ကားကို သန့်ရှင်းရေးလုပ်ပေးရင်း သခင်မအလာကို စောင့်နေလိုက်သည်။

မကြာမီ နှစ်ယောက်အတူ ထွက်လာခဲ့ပြီး ထိုပုဂ္ဂိုလ်က သူ့ကားထဲ သူဝင်၊ သခင်မကတော့ သူဖွင့်ပေးသည့်ကားထဲသို့ ခပ်မိန့်မိန့်ဝင်ထိုင်လိုက်သည်။

နေသူရ ကားကို ထိုပုဂ္ဂိုလ်အရင် ခပ်ကြမ်းကြမ်းပဲ မောင်းထွက်ပစ်လိုက်သည်။ ပြီး ထိုကားကိုမစောင့်ဘဲ ခရီးလမ်းကြောင်းအတိုင်း မောင်းပစ်လိုက်တော့ ငွေနှင်းလေပြည် မျက်စိစုံမှိတ်ပြီး တရားစာရွတ်နေတာတွေ့လိုက်ရသည်။

ဟင်း. . . မိန်းမတွေများ နားကိုမလည်တော့ဘူး။ ဘာမဟုတ်တာကျ ဆူပူနေပြီး ယခု ကားတိုက်မှုဖြစ်တော့မတတ် မောင်းနေတာကျ မဆူတော့။ သည်စဉ် မီးပွိုင့်တစ်ခုမိသဖြင့် သူ ကားရပ်နေရတော့ နောက်မှ ထိုပုဂ္ဂိုလ်၏ကား မီလာပြီး ကားတံခါးလျှောကျသွား၏။





"ငွေ. . . ဒီဒရိုင်ဘာကိုဖြုတ်ပစ်လိုက်၊ ငွေ အသက်ရှည်ချင်ရင် သူ့ကိုဖြုတ်ပစ်မှဖြစ်မယ်"

ငွေနှင်းလေပြည် ဘာမှမပြောနိုင်သေးခင် မီးပွိုင့်စိမ်းသွားသဖြင့် နေသူရ နောက်သို့လှည့်မကြည့်စတမ်း မောင်းချလာခဲ့သည်။ ဆိုင်ရောက်တော့ နောက်မှ ထိုပုဂ္ဂိုလ်ရဲ့ကားလည်း ပါလာခဲ့လျှင် နေသူရ တော်တော် စိတ်တိုမိသွားသည်။ သံယောဇဉ်က အမျှင်မပြတ်ပါလား။

နေသူရ ကိုယ့်တာဝန်အတိုင်းပင် ငွေနှင်းလေပြည်ကို သူ့ကောင်တာသို့ လိုက်ပို့ပြီး ကိုယ့်အလုပ်ဖြစ်သည့် ဆိုင်ကိုလှည့်ပတ်ကြည့်ရှုခြင်း၊ ဝန်ထမ်းတွေစုံမစုံကြည့်ခြင်းနှင့် စာရင်းဇယားများကို စစ်ဆေးခြင်းတို့ကို ပြုလုပ်သည်။

နောက် ဆိုင်မှာရောင်းဝယ်နေကြသည်များကို ကြည့်ရှုစောင့်ရှောက်ပေးနေလိုက်သဖြင့် ထိုပုဂ္ဂိုလ် ဘယ်အချိန်ပြန်လို့ပြန်မှန်းပင် မသိလိုက်ပါ။

နေ့လယ် (၁၂)နာရီမထိုးခင် နေသူရ ဆိုင်နှင့်မျက်စောင်းထိုးရှိ ဘမင်းဆိုင်မှာ အရင်သွားစားဖို့စီစဉ်လိုက်သည်။ ခါတိုင်း ငွေနှင်းလေပြည်နှင့် နှစ်ယောက်အတူစားရပေမယ့် သည်နေ့ သူ ငွေနှင်းလေပြည်ရဲ့မျက်စိရှေ့မှာ မနေချင်။

မိန်းမတွေများ မရှိတာဘဲ ကောင်းတယ်၊ ချစ်ဦးသူ စပယ်ဖြူလေးကလည်း ကမ္ဘာကြီးထဲမှာ အရောင်ပြောင်းပြီး အဆိပ်ပွင့်တွေဖြစ်သွားတယ်။

ဟော! ပညာတတ် လုပ်ငန်းရှင်အမျိုးသမီးကလည်း လူကိုသူ့အရုပ်တစ်ရုပ်လို လိုရာခိုင်းစေတယ်။ သူသဘောကျနေရင် အရှိမ်းဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပြီး သူမှန်းနေတော့လည်း အော်လားဝေါက်လားနဲ့။ လူကိုဘာများ မှတ်နေသလဲမသိဘူး။

နေသူရဆိုတာ နာမည်တစ်လုံးနဲ့နေတာပါ။ သို့သော် သည်မျှ လောက်နှင့် သူ လောကကြီးကို လက်မြှောက်အရှုံးပေးဖို့ စိတ်ကူးမရှိ။ ဒါ ဘာဆန်းသလဲ။ ဒါဟာ လောကဓံတစ်ခုပဲ။ အဲ. . . လောလောဆယ် ငွေနှင်းလေပြည်နှင့် မျက်နှာချင်းမဆိုင်ချင်တာလေးတစ်ခုပါ။

သည်တော့ ထော်ရိလျော်ရိ၊ သို့သော် သန့်သန့်ပြန့်ပြန့်ရှိသည့် ထမင်းဆိုင်လေးမှာ ထမင်းတစ်ပွဲ၊ ကြက်သားဟင်းစပ်စပ်နှင့် ဝယ်စား ပစ်လိုက်သည်။

သူဟာ ကားသမားတစ်ယောက်မို့ အကြမ်းပတမ်းခံပါသည်။ ဟိုတယ်ကြီးတွေမှာ စားဖူးသလို သည်လိုဆိုင်လေးတွေမှာလည်း စား တတ်သည်။ သူ ထမင်းကိုခပ်သွက်သွက်စားနေစဉ် ဆိုင်ရှေ့သို့ ငွေနှင်း လေပြည် မျက်နှာရှစ်ခေါက်ချိုးနှင့် ကားမောင်းကာ ရောက်လာခဲ့သည်။

သူ့ကိုလှမ်းခေါ်လျှင် သူ လက်ကာပြလိုက်သည်။ ဒီမှာ ထမင်း စားလို့မပြီးသေးဘူး။ သူ ထမင်းကို ပြီးအောင်ဆက်စားပြီး ငွေရှင်းပြီးမှ ဆိုင်ထဲမှထွက်ခဲ့သည်။

"တက်. . . သွားစရာရှိလို့"

သူ ကားပေါ်တက်လိုက်တော့ သူမက ဖယ်မပေးဘဲ ကားကို အရှိန်ပြင်းပြင်းမောင်းနေ၏။ အားပါး. . . သူမလည်း ကားမောင်းကြမ်း တာပါပဲလား။

နောက် အဆင့်မြင့်စားသောက်ဆိုင်တစ်ခုမှာ ရပ်လိုက်လျှင် နေ သူရ ငြင်းဆိုလိုက်ပါသည်။





"ကျွန်တော်မလိုက်တော့ဘူး၊ ကားထဲကပဲ ထိုင်စောင့်မယ်"

"ရှင့်ကိုလည်း မခေါ်ပါဘူး။ ဦးမင်းဒီပါနဲ့ ဒီဆိုင်မှာ ချိန်းထား ...လာတာ"

"ဘာ! "

"ရှင် ရိုင်းလှချည်လား"

"ခင်ဗျားကရော ကျုပ်ကို ဘယ်လိုသဘောထားနေလဲ။ ကျုပ် ... ငွေဝယ်ကျွန်တစ်ယောက်လိုများ သဘောထားနေသလား။ ခင်ဗျား ...စားနဲ့ချိန်းတွေ့တာ ကျုပ်ကိုခေါ်စရာလား"

"ရှင့်တာဝန်က ကျွန်မ ဘယ်သွားသွား. . . ကားမောင်းပို့ရမှာ ...။ ရှင့်မှာ ဒီနေ့ အပြစ်တွေ အရမ်းများနေပြီ"

"ခင်ဗျားကပဲပြောရတယ်ရှိသေး၊ ကျုပ်ကို ခွေးတစ်ကောင်လို ...ဟောက်နေပြီး။ ခင်ဗျားက အနိုင်ကျင့်နေတာ"

"ဘာပဲဖြစ်ဖြစ် ဟိုကရောက်မလာခင် ရှင် ကျွန်မအနားမှာ ...စောင့်ပေးနေရမယ်"

"ကဲ! ဒီလောက်စောင့်စေချင်လည်း စောင့်မယ်ဗျာ"

...မင်းသူရ စိတ်လိုက်မာန်ပါနှင့်ဆင်းပြီး ငွေနှင်းလေပြည် လျှောက် ...သို့ နောက်မှလိုက်ခဲ့၏။ သည်နေ့ ငွေနှင်းလေပြည်မှာ အစိမ်းရောင် ...တစ်စုံလေးနှင့် သိပ်လှနေပြီး သူကတော့ ရုပ်အဖြူလက်ရှည်နှင့် ကချင် ...ဆင်အပြာ။ နှစ်ယောက်စလုံး သန့်၊ ချောနေကြတာတော့ အမှန်။

စားပွဲတစ်ခုမှာ နေရာယူပြီးလျှင် ငွေနှင်းလေပြည်က အစား ...သောက်တွေမှာယူလေ၏။

"ခင်ဗျားလူလာမှ သူကြိုက်တာမေးပြီး မှာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှာတာတွေကလည်း အများကြီး၊ ကျုပ်ကိုတော့ အာ
မကိုးနဲ့နော်။ ကျုပ်စားပြီးသွားပြီ"

သူပြောနေပေမယ့် သူမအသွင်က ဂရုမစိုက်။ အေးပေါ့လေ
သူတို့က သူဌေးတွေပဲ၊ ငွေရေးကြေးရေး ဘယ်ဂရုစိုက်မလဲ။

နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ရင်း နေသူရ ဟိုဟိုဒီဒီကြည့်
နေပေမယ့် ငွေနှင်းလေပြည်ကတော့ မျှော်လည်းမမျှော်၊ ကြည့်လည်
မကြည့်ပါ။ အစားအစာများကို စတင်စားသောက်လျှင် နေသူရ မျက်လုံ
ပြူးရသည်။

"မင်းဒီပါကို မစောင့်တော့ဘူးလား"

"ရှင်သိလို့လား"

"မသိပါဘူး၊ ဒါပေမဲ့ ခင်ဗျားပြောတာလေ။ မနက်က ပုဂ္ဂိုလ်
မဟုတ်လား"

"မနက်ကပုဂ္ဂိုလ်နာမည်က ကိုစွမ်းပြည့်တဲ့၊ သူလည်း စီးပွား
ရေးသမားတစ်ဦးပဲလေ။ သူတို့လည်း ရွှေငွေရတနာရောင်းဝယ်ရေးပဲ"

"ဩော်. . . ခင်ဗျားက ရည်းစားတွေဘယ်နှယောက်တော
ထားနေတာလဲ"

နေသူရ နားမလည်နိုင်စွာမေးလျှင် ငွေနှင်းလေပြည် ဒေါသ
ထွက်သွားရသည်။

"ဘာရှင့်! ရှင် ဘာစကားပြောတာလဲ၊ ယောကျ်ားတစ်ယော
နဲ့စကားပြောတိုင်း ရည်းစားဖြစ်ရရောလား"

"ဒါဆို ဒီနေ့ ဒီနေရာမှာ ဒိတ်လုပ်တာရော၊ ရည်းစားမဟုတ်
ဒိတ်လုပ်တာ ကျုပ်သိပ်မတွေ့ဖူးဘူး။ အမေရိကန်တို့ အင်္ဂလန်တို့ဆို





တော့ မသိဘူးပေါ့ဗျာ"

"ရှင်တော်တော်လျှာရှည်ပါလား၊ ကဲ. . . ရှင်ပါ ကူစားလေ။
တော်ကြာ ဒီအတိုင်းထားခဲ့ရမှာ နှမြောစရာ"

"မင်းဒီပါ မလာတော့ဘူးလား"

"မလာတော့ဘူး၊ စောစောက ဆိုင်ရှေ့ရောက်လာပေမယ့် ရှင်
နဲ့အတူထိုင်နေတာမြင်လို့ ချာခနဲလှည့်ပြန်သွားပြီ။ သူက အရမ်းစိတ်နု
တာ"

"ဆောရီး. . . ဒါကြောင့် ကျုပ် ကားထဲမှာ ကျန်ခဲ့မယ်ပြောတာ။
ဘယ်လိုလဲ. ... လိုက်တောင်းပန်ရှင်းပြပေးရမလား"

"မလိုပါဘူး၊ တစ်တော ရှင်းတာပေါ့"

"ဗျာ! ခင်ဗျား ဘယ်လိုမိန်းမစားလဲ။ ရည်းစားတွေ လွယ်လွယ်
ထားပြီး လွယ်လွယ်ဖြတ်ပစ်တတ်သလား"

"သူတို့သုံးယောက်စလုံး ကျွန်မချစ်သူတွေမှ မဟုတ်သေးတာ။
ငြိမ်းနေတဲ့ကြားက အတင်း ကျားပိန်တွယ် တွယ်နေကြလို့ ခက်နေတာ။
အင်း! တစ်ယောက်တော့ ရှင့်ကိုမြင်ပြီး နောက်ဆုတ်သွားပြီ။ နှစ်ယောက်
ကျန်သေးတယ်"

သည်တော့မှ နေသူရ ငွေနှင်းလေပြည်၏သဘောထားကို သိ
ရတော့သည်။ သူ့အစီအစဉ်က ကြောင်ရုပ်နှင့် ကြွက်သေစေလိုခြင်းပေါ့။

သည်တော့လည်း နေသူရတစ်ယောက် ကိုယ့်ရှေ့မှာရှိသည့်
စားကောင်းသောက်ဖွယ်တွေကို အပီအပြင်ဆွဲပစ်လိုက်သည်။

ကြောင်ယောင်ဆောင်ခပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"ဒီနေ့ည ညနေခံပွဲတစ်ခုကိုသွားစရာရှိတယ်။ ကျွန်မတို့ဆိုင်ရဲ့ လက်ခွဲဖော်သည်တွေမို့ မသွားမဖြစ်သွားရမယ်"

"သွားပေါ့၊ ကျုပ်ကိုခွင့်ပန်စရာမလိုပါဘူး"

"ရှင်တော်တော်ပေးပါလား၊ ရှင့်ကိုခွင့်ပန်ရအောင် ရှင်က ကျွန်မ အဖေမှမဟုတ်ဘဲ"

ဆိုင်ကအပြန် ကားပေါ်မှာလည်း ဘုနဲ့ဘောက်။ ဒီမိန်းမ ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ။ သူ့ချစ်သူမြလင်းဆို ချစ်သူသက်တမ်းတစ်လျှောက်လုံး နူးညံ့ချိုမြိန်ခဲ့လိုက်တာ။ အဲ. . . နောက်ဆုံး သစ္စာဖောက်သွားတော့မှသာ မိုးကြိုးထစ်ချုန်းသလို စကားများ အသံများကို ကြားခဲ့ရဖူးတာ။

"ခင်ဗျားအဖေလည်း မဖြစ်ချင်ပါဘူး၊ ကျုပ်ကိုနိုင်းစရာ ရှိတာ သိတယ်။ ပြော. . . ကျုပ်ဘာလုပ်ပေးရမလဲ"

"ရှင်လိုက်ပို့ရမှာပေါ့၊ ညနေခံပွဲက ညဆယ်နာရီမှပြီးမယ်"





"ကောင်းပြီ၊ ဒါပဲမဟုတ်လား။ ပြီးတဲ့အချိန် ကျုပ်ပြန်မယ်"

ပြောပြီး သူ မီးပွိုင့်မိနေတုန်း မေမေ့ထံ အကြောင်းကြားလိုက်သည်။

"မေမေ. . . သား. . . သားရဲ့သူဌေးကို ပွဲတစ်ခုလိုက်ပို့ရမယ်။ ညဆယ်နာရီထိ နေမှာမို့ သား သူ့ကိုလိုက်ပြီးစောင့်ရှောက်ရမယ်"

"အဟင်းဟင်း. . . မပူပါနဲ့မေမေရယ်၊ သားသူဌေးမက သဘောကောင်းပါတယ်။ အခုပဲ အဝတ်အစားတွေ ဝယ်ပေးတော့မယ်ထင်တယ်။ သားတို့ မားကက်တစ်ခုကို ရောက်တော့မယ်"

"ရှင်နော်. . . မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ရှင့်မေမေ မဟုတ်တာတွေ ထင်ကုန်မယ်"

ငွေနှင်းလေပြည် မခံမရပ်နိုင်နှင့် ဝင်ပြောနေပေမယ့် သူက ဖုန်းပြောမပျက်။ မအေနှင့်စကားပြောနေတော့ ရယ်လို့မောလို့။ ဟင်း! သူမနှင့်ကျ မျက်နှာကြောမာမာကြီးနှင့်။

"စိတ်ချပါ မေမေ၊ သားသူဌေးက အသက်သုံးဆယ်ကျော်နေပါပြီ။ ပြီးတော့ မြလင်းလောက်မလှဘူး မေမေရဲ့၊ သားကိုစိတ်မပူနဲ့နော်၊ မေမေ အိမ်တံခါးခြံတံခါး သေချာပိတ်ထား၊ သားပြန်လာရင် နှိုးမှာပေါ့။ ဒါပဲနော် မေမေ"

တကယ်က သူဖုန်းပိတ်ပြီးမှ နောက်စကားတွေနှင့် ငွေနှင်းလေပြည်ကို ကလိနေတာပါ။ ငွေနှင်းလေပြည် ကျိတ်မနိုင်ခဲမရဖြစ်နေတာကို ကြည့်ပြီး သူမရယ်မိအောင် မနည်းနေရသည်။

သူ့ထက် တစ်နှစ်ငယ်သည့်ငွေနှင်းလေပြည်ဟာ မြလင်းထက် ပိုပြီးချစ်စရာကောင်းပါသည်။ လူကြီးနှင့်တူအောင် ရင့်အောင်ဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်ထားပေမယ့် ကလေးဆန်ပြီး ချစ်စရာကောင်းနေတာ ဘာကြောင့်မသိ။ ယခုလည်း မရမ်းစေ့ရောင်ဝတ်စုံနှင့် ဆံထုံးပွပွလေးထုံးထားသည့် သူမဟာ တော်တော်လေးလှနေပါသည်။ ကိုယ့်ရှင်ထဲဝင်မလာပေမယ့် လှတာကို လှတယ်လို့တော့ သူမြင်မိသည်။

"အဲဒီမှာ ရပ်"

"သိနေတယ်လေ"

ညစာခံပွဲခေါ်သွားမည်ဆိုကတည်းက သူ့ကို သူမနှင့်လိုက်ဖက်အောင် ဆင်ယင်ပေးတော့မည်ဆိုတာ အလိုလိုသိနေတာ။ သို့သော် သူမ အလျှော့မပေး။

"ရှင့်ကိုစေတနာရှိလို့မဟုတ်ဘူး၊ ကျွန်မတစ်ယောက်တည်းဆိုပိုးချင်ပန်းချင်တဲ့သူတွေများလို့"

"အဟက်. . ."

"ဘာလဲ၊ ရှင်က ကျွန်မကြွားနေတယ်ထင်လို့လား"

"မထင်ပါဘူးဗျာ၊ ခင်ဗျားဒီလောက်ချမ်းသာနေတာပဲ။ သိက်တူးချင်တဲ့ကောင်တွေ ဝိုင်းဝိုင်းလည်နေမှာပေါ့။ ဥပမာ မင်းဒီပါတို့ မနက်ကလာတဲ့ စွမ်းပြည့်တို့"

"အဲဒီလူတွေက ရှင့်ထက်အသက်ကြီးတယ်၊ ရှိရှိသေသေနေ့မှပေါ့။ ရှင်ဘယ်လိုလူလဲ. . . ရိုင်းလှချည်လား"

"ဆောရီးပါဗျာ. . . ဒီလောက် ဆတ်ဆတ်ခါမယ် မထင်လို့ပါ။ ဩော်. . . ကျုပ်ကို အဝတ်အစားဝယ်မပေးပါနဲ့။ ကျုပ်က ဒရိုင်ဘာပဲ၊ ခင်ဗျားရဲ့ ဘော်ဒီဂတ်ပဲ။ ခုလောက်ဆိုလည်း မဆိုးပါဘူး။ နောက်က အထုပ်ကိုင် လိုက်ရမှာမဟုတ်လား"





"ဘယ်ဖြစ်မလဲ၊ လိုအပ်လို့ဝယ်ပေးမှာ. . . ရှင်သိပ်ပြီး အတွန့်တက်ပါနဲ့"

"ဩော်. . . တော်ကြာ ခင်ဗျား လာဘ်ပိတ်သွားမှာစိုးလို့ပါ။ ကျုပ်က သိပ်အဆင်ပြေနေရင် လူတွေက ယုန်ထင်ကြောင်ထင် ထင်ကုန်ကြမှာပေါ့ဗျ"

"ရတယ်. . . ထင်ပစေ"

"ခင်ဗျား တကယ်ချစ်တဲ့သူတွေ့တော့ ဘယ်လိုရှင်းမလဲ"

"ရှင့်အပူမဟုတ်ဘူး၊ ကဲ! ငြိမ်ငြိမ်လိုက်ခဲ့"

သူမနှင့်အတူ ဆိုင်ထဲသို့ဝင်လိုက်ရပြီး သူမရွေးချယ်ပေးသမျှ ယူရသည်။ မကြာခင် ပြန်ထွက်လာပြီး ငွေနှင်းလေပြည်အား အိမ်သို့လိုက်ပို့ပေးရပါသည်။

အချိန်က ညနေခြောက်နာရီ နီးပေပြီ။ သူမအသွင်က ပျာယီးပျာယာ။

"ညစာခံပွဲက ခုနစ်နာရီလောက် ရောက်သွားမှဖြစ်မယ်။ ရှင်က အောက်ထပ်ရေချိုးခန်းမှာ အမြန်ချိုးလိုက်၊ ပြီးရင် စောစောက ဝယ်လာတာတွေကို အဆင်ပြေအောင်ဝတ်ထား"

"ကျုပ်က မြန်ပါတယ်၊ ခင်ဗျားသာ အမြန်သွားပြင်ပါ"

"အဲဒီ ကျုပ်. . . ကျုပ်ဆိုတာလည်း ပြင်။ ဘယ်လိုအရိုင်းအစိုင်းမှ လာတိုးနေရတယ်မသိဘူး"

သူမ အပေါ်ထပ်တက်သွားလျှင် နေသူရ ပခုံးတွန့်ပြီး သူပြသည့် အခန်းထဲဝင်၊ ရေအမြန်ချိုးပြီး အဝတ်အစားလဲရသည်။

မင်္ဂလာညစာခံပွဲမို့ထင့်။ အဝတ်အစားတွေက ပွဲနေပွဲထိုင်အဆယ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ။ အဝါငွေ့ ပန်းရောင်တွေမဟုတ်လို့ တော်ပါသေးရဲ့။ သူ့ဝတ် က စိမ်းဖန့်ဖန့်လေး။ လူမှာအဝတ် တောင်းမှာအကွပ်ဆိုသည့်အတိုင် ရုပ်လက်ရှည်စိမ်းဖန့်ဖန့်နှင့် ရှိုင်ဆင်ပုဆိုး စိမ်းဖန့်ဖန့်ဝတ်လိုက်ပြီး ခေါ် ဖြီးလိုက်လျှင် သူ့ရုပ်က တော်တော်သန့် ခန့်သွား၏။

အဝတ်အစားလဲပြီးသည်နှင့် သူ လူကြီးများ၏အခန်းသို့ နှု ဆက်ရအောင် သွားလိုက်သည်။ ဦးဝေဇင်ရော ဒေါ်မြနှင်းဦးပါ သူ့ ပြုံးရွှင်စွာ ဆီးကြိုကြသည်။

"အန်ကယ်နဲ့အန်တီ ထမင်းသုံးဆောင်လို့ပြီးပါပြီလား ခင်ဗျာ ကျွန်တော် ဘာများလုပ်ပေးရဦးမလဲ"

"အိပ်ရာပေါ်ကနေ ဝှီးချဲပေါ်ကို ပြောင်းတင်ပေးခဲ့ပါကွယ်။ မေ အန်ကယ်. . . ဧည့်ခန်းသွားချင်လို့"

"ဟုတ်ကဲ့ပါ အန်တီ"

သူ ဦးဝေဇင်ကို ဝှီးချဲပေါ်တင်ပေးပြီး ဧည့်ခန်းထဲသို့ တွန်း လာခဲ့သည်။

"အန်ကယ့်ကို ဘောလုံးပွဲ ဖွင့်ပေးခဲ့ပါကွယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

သူ တီဗီကိုဘောလုံးပွဲဖမ်းပေးပြီး အန်တီမေးသမျှ ဖြေကြား စဉ် ခုနစ်နာရီထိုးသွားလေသည်။ ဒေါ်မြနှင်းဦးခမျာ သူ့သမီးဆင်းလာ လှေကားသို့သာ တမျှော်မျှော်။

"ဟော! သမီးဆင်းလာပြီ၊ မောင်သူရ သမီးကိုအိမ်ထိအော ပြန်ပို့ပေးမှာမဟုတ်လား။ မင်းလည်း ညဉ့်နက်ရင် ဒီမှာပဲအိပ်လို့ရပါတယ်"

"မေမေတစ်ယောက်တည်းမို့ပါ အန်တီ။ ကျွန်တော် ဘော





အိမ်အရောက်ပြန်ပို့ပေးမှာပါ ခင်ဗျာ"

ဒေါ်မြနှင်းဦးနှင့် ဦးဝေဇင်တို့မှာ နေသူရ၏ကျိုးနွံမှုနှင့် မိခင်အပေါ် သိတတ်မှုတို့ကို နှစ်လိုမိနေကြ၏။ သည်စဉ် ငွေနှင်းမလပြည် သူ့ဖေဖေ နှင့်မေမေ့အနားသို့ ရောက်လာပြီး နှုတ်ဆက်လိုက်သည်။

"ဖေဖေနဲ့မေမေ သမီး စောစောပြန်ခဲ့မှာပါ။ ဒါပေမယ့် နေရာ က နည်းနည်းဝေးတော့ အသွားတစ်နာရီ အပြန်တစ်နာရီလောက် မောင်း နေရမှာ။ ဟိုမှာ တစ်နာရီလောက်နေသင့်တာဆိုတော့"

"အေးပါ သမီးရယ်၊ မေမေတို့စိတ်ချပါတယ်။ မောင်နေသူရ ပါနေတာပဲ။ ဟိုတစ်ခါ ပဲခူးကိစ္စနဲ့တင် သူ့ဖျတ်ထိုးဉာဏ်နဲ့ ရဲရင့်မှုကို သိရပါပြီ။ ကိုယ်က ရတနာတွေ ဝတ်ဆင်သွားတာဆိုတော့ သတိထား ပေါ့သမီးရယ်။ ညပွဲလည်း ညပွဲ"

"လိုင်းကားနဲ့သွားတာမှ မဟုတ်ဘဲမေမေရယ်။ စိတ်မပူပါနဲ့။ ဒါထက် မေမေ့မောင် ဦးဖိုးတာရဲ့ကိစ္စရော ပြေလည်သွားပြီလား"

"မပြေလည်သေးဘူး. . . မေမေက ထပ်ချွဲပေးပေမယ့် သူက လောဘကြီးတယ်လေ။ သတင်းစာကနေ အရှက်ခွဲမယ် ကြေငြာမယ် လုပ်နေတယ်"

"တရားကို နတ်စောင့်ပါတယ်မေမေရယ်၊ ကဲ! အဲဒါတွေ မတွေး နဲ့နော်၊ အဆင်ပြေအောင်လုပ်ပေးလိုက်ကြတာပေါ့။ ဖေဖေ ဒီနေ့ နေလို့ ထိုင်လို့အဆင်ပြေရဲ့လား"

"ပြေပါတယ်သမီးရယ်၊ ကဲကဲ. . . သွား. . . သွားကြ"

"သမီးပြန်လာမှ ကြေးအိုးပူပူလေး ဝင်ဝယ်လာမယ်နော်။ ရွှေ ပုစွန်က မုန့်လည်းဝယ်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ကဲ...သွား...သွားကြ"

နှစ်ယောက်သား လူကြီးများရှေ့မှ ရိုကျိုးစွာ ထွက်ခဲ့ပြီး ကားပေါ်တက်ကာ မောင်းထွက်ခဲ့ကြသည်။ လမ်းမှာ မီးပွိုင့်စောင့်နေရခိုက် ငွေနှင်းလေပြည် သူ့ကိုအတွင်းရေးတွေ ရှင်းပြမိတာ ဘာကြောင့်မသိ။

"စောစောကပြောတဲ့ မေမေ့မောင် ဦးဖိုးတာဆိုတာ မေမေ့ရဲ့ဖအေတူ မအေကွဲ မောင်ပေါ့။ အဖိုးမကွယ်လွန်မီ အမွေတွေ အတူတူခွဲပေးပြီးသားပါ။ မေမေကတော့ ရတဲ့အမွေတွေရယ်၊ ဖေဖေ့ရဲ့ပစ္စည်းတွေရယ်၊ နောက် ဖေဖေ့ရဲ့လုပ်ငန်းအောင်မြင်မှု လာဘ်မြင်မှုတွေကြောင့်ရယ် အများကြီး ကြီးထွားလာခဲ့တယ်"

"မနှစ်ကတည်းက အဲဒီဦးဖိုးတာ မေမေ့ဆီက အမွေထပ်တောင်းနေတာ။ မေမေက တိုက်ခန်းတစ်ခန်းနဲ့ကားတစ်စီး ထပ်ပေးတာကို နည်းလို့ဆိုပြီး မယူဘဲ ပြဿနာရှာနေတာ"

"ရဲကိုတိုင်လိုက်လေ၊ သူကရော ဆင်းရဲသွားလို့လား။ ကိုယ့်ဘာသာတော့ မကြိုးစားဘဲနဲ့"

"သူရတဲ့မိန်းမက အခြေခံကြီးကြီး၊ အထည်ကြီးပျက်ပုံစံမျိုးဆိုတော့ အသုံးအဖြုန်းကြီးတယ်။ အခုအခြေအနေမကောင်းတော့လို့ အစ်မဆီလာပြီး အမွေထပ်တောင်းတာ။ သူက သတင်းစာကနေ ကြော်ငြာမယ်၊ အရှက်ခွဲမယ်ပေါ့လေ၊ အမွေတွေလက်ဝါးကြီးအုပ်တယ်၊ မတရားလုပ်တယ်ဆိုရင် နာမည်ပျက်မယ်ပေါ့။ မေမေနဲ့ဖေဖေ့ကို အဲလိုခြိမ်းခြောက်နေခဲ့တာ"

"ဒါ မင်းမဲ့တိုင်းပြည်မှမဟုတ်ဘဲဗျာ၊ သူတို့ မတရားလုပ်တိုင်း ငုံ့ခံနေရမှာလား။ တစ်ခုခုတုံ့ပြန်ပေါ့။ နောက်တစ်ခါ အဲဒီလိုလုပ်ပြီးတောင်း





ဆိုရင် မတရားခြိမ်းခြောက်မှုနဲ့ တိုင်ချက်ဖွင့်လိုက်။ ရာဇဝတ်မှုပေါ့"

"မေမေက သူ့မောင်ဆိုတော့ ညှာတာတယ်လေ။ ဟိုကလည်း လောဘတက်လာ၊ ရောင့်တက်လာလိုက်တာ။ မေမေတို့မှာရှိတဲ့ပစ္စည်းကို တစ်ဝက်ခွဲပေးရမယ်ကိုဖြစ်ရော"

"မတရားလုပ်လို့မရပါဘူးဗျာ၊ သူနဲ့အမွေခွဲထားတဲ့စာချုပ်စာတမ်းတွေ ရှိတယ်မဟုတ်လား"

"ရှိတယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက အမွေခွဲပေးထားခဲ့တာ"

"သက်သေခိုင်ခိုင်လုံလုံရှိခဲ့တာပဲဗျာ၊ နောက် သူခြိမ်းခြောက်ရင် ဒီကပြန်ပြီး တိုင်ချက်ဖွင့်လိုက်။ ပြီးရော"

"အင်းလေ...ဒါပေမဲ့ ဖေဖေနဲ့မေမေခမျာ ဆုပ်လည်းစူး၊ စားလည်းရူးဖြစ်နေရရှာတယ်။ အိမ်မှာ ဖေဖေကလည်း လေဖြတ်ထားလို့ သန်မစွမ်းနဲ့။ မေမေကလည်း အရင်လို စိတ်သွားငြိုင်း ကိုယ်မပါနိုင်ရှာဘော့ဘူး။ သွေးတိုး၊ နှလုံး၊ လေးဖက်နာတွေနဲ့။ ကျွန်မကလည်း ဦးလေးကိုတော့ ရွံကြောက်ကြီးလေ။ အားကိုးစရာ မားမားခတ်မတ် ဘယ်သူမှ မရှိတော့ဘူး သူလုပ်ချင်တိုင်းလုပ် လုပ်ချင်တိုင်း လုပ်နေတော့တာပေါ့ရှင်"

"အခု ကျွန်တော်ရှိနေပြီပဲဗျာ၊ ခင်ဗျားတို့လိုအပ်ရင် ကျွန်တော် အမြဲရှိပေးနေမှာပါ"

မီးပွိုင့်လွတ်သွားပြီမို့ ကားမောင်းထွက်ရလျှင် ညနေခံပွဲသို့ ရှစ်နာရီလောက်မှာ ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ညှော်ခံပွဲကျင်းပရာသည့် သတို့သမီး၏အိမ် မြက်ခင်းပြင်မှာပင်၊ ချမ်းသာကြွယ်ဝသူတို့၏ပွဲမို့ စိန်ရွှေရတနာတွေ ပြိုင်ဝတ်နေကြသလား မှတ်ယူရသည်။

ငွေနှင်းလေပြည်ကတော့ ပွတ်သိပ်နေအောင် မဝတ်ထားပါ။ ဆောင်းညချမ်းဝတ်ထားတာ နက်ပြာရောင် ဇင်းမယ်ဝတ်စုံလေးနှင့် စိန်တစ်ဆင်စာ။ စိန်လည်တုံလေးက ဝင်းပသည့်ရင်ညွှန့်မှာ တဖျပ်ဖျပ်လက်ခါနေပြီ၊ နောက် စိန်လက်စွပ်၊ စိန်နားကပ်နှင့် စိန်လက်ကောက်ပျော့လေးတစ်ကွင်းစီ။ ဒါတောင် ယခုပေါက်ဈေးနှင့်ဆို သိန်းထောင်ချီနေမှာပင်။

ငွေနှင်းလေပြည်က သူနှင့်အတူယှဉ်သွားတော့ စိတ်ဝင်တစားကြည့်ကြ၊ ခေါင်းချင်းဆိုင်ကြပေမယ့် သူမကတော့ ပြုံးပြုံးလေးနှင့်ပင်

နေသူရ ကြားထဲမှ အားနာနေမိသည်။ အားငယ်စိတ်ကတော့ မဝင်ပါ။ ဘာဆိုင်တာမှတ်လို့။ လူတိုင်းမှာ တန်ဖိုးကိုယ်စီရှိကြသည်ပဲ။





အထူးကုဆရာဝန်ကြီးမဟုတ်လို့၊ ကုမ္ပဏီပိုင်ရှင်ကြီးမဟုတ်လို့၊ ကမ္ဘာကျော်သူဌေးကြီးမဟုတ်လို့ဆိုပြီး သိမ်ငယ်နေလို့ရှိလျှင် လောကကြီးမှာ ဘယ်လိုနေထိုင်ရမှာလဲ။

ကောင်းကင်မှာပဲကြည့်၊ နေတွေလတွေဆိုတာ ဘယ်နှစင်းရှိသို့လဲ။ ကြယ်တွေသာ တစ်မိုးလုံးအပြည့်။

လူဆိုတာလည်း ရိုးသား ကြိုးစားသည့် တန်ဖိုးရှိသည့်လူသာ ဖြစ်ပါစေ။ လူတိုင်းမှာ တန်ဖိုးရှိသည်ပဲ။

သည်လိုခံယူချက်ကြောင့် သူဌေးတွေ ဂုဏ်သရေရှိသူတွေရဲ့ ကြားမှာပေမယ့် နေသူရကလည်း ကိုယ့်ဂုဏ်နှင့်ကိုယ်။

ငွေနှင်းလေပြည်ရဲ့ဘေးမှာ သူကလည်း အားလုံးနှင့်အတူ တစ်သားတည်းစီးမျောလို့၊ သူမရဲ့မိတ်ဆွေသူငယ်ချင်းများက ငွေနှင်းလေပြည်ကို အရေးပါသည့်ဝိုင်းတစ်ဝိုင်းသို့ ခေါ်သွားကြသည်။

ချက်ချင်းပင် သတို့သားနှင့်သတို့သမီးစုံတွဲ ရောက်ရှိလာကြပြီး နှုတ်ဆက်ကြ၊ ရယ်မောပြောဆိုကြသည်။ သတို့သားနှင့်လည်း တော်တော်ရင်းနှီးပုံ။ သတို့သားက ငွေနှင်းကို. . .

"ငွေနှင်း. . .ဘယ်သူနဲ့တွဲလာတာလဲ၊ ဒေါက်တာချမ်းငြိမ်းတစ်ယောက် အသည်းကွဲနေပါဦးမယ်။ သူလည်း ဟိုဘက်ဝိုင်းမှာရှိတယ်"

ငွေနှင်းက ဘာမှပြန်မပြောဘဲ ရယ်မောနေတာ။ သတို့သားနှင့်သတို့သမီး ဖြတ်ကျော်သွားတော့ သူတို့ဝိုင်းမှာ သူတို့နှစ်ယောက်နှင့်အဘွားကြီးနှစ်ယောက်ပဲရှိတော့သည်။ ငွေနှင်းလေပြည်က သူ့နားသို့ခေါင်းလေးကပ်လာပြီး. . .

"ဟို. . .စားပွဲနံပါတ် (၆)ကိုလှမ်းကြည့်၊ ဒါဒီကနေ ဒီဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



စားမတတ်ဝါးမတတ် ကြည့်နေတာ ငွေနှင်းဦးလေး ဦးဖိုးတာလေ။ အေး က သူ့အမျိုးသမီး။ မသိမသာကြည့်နော်"

"သြော်. . . သူလာမယ်ဆိုတာ ခင်ဗျားသိလား"

"သိတာပေါ့၊ ဒါ ကျွန်မတို့မိတ်ဆွေ၊ သူနဲ့လည်း မိတ်ဆွေပဲ လေ"

"သူ့ပုံကြည့်ရတာ ရုးရုးရဲရဲနဲ့၊ လူမိုက်ပုံကြီး"

"ဟုတ်တယ်၊ ငယ်ငယ်ကတော့ လမ်းသရဲသာသာပဲ။ ဒီကြားထဲ ရတဲ့မိန်းမက မထိန်းတတ်မသိမ်းတတ် အသုံးနဲ့အဖြုန်းပဲ နားလည်တဲ့ မိန်းမဆိုတော့ ပိုဆိုးတာပေါ့"

"ဒါပေမဲ့ မကြောက်ပါနဲ့ဗျာ၊ ကျွန်တော်တစ်ယောက်လုံး ပါနေ တာပဲ။ ရန်ကုန်မြို့ကြီးထဲ လိုက်တော့မလုရဲပါဘူး"

"ပြောလို့ရတာမဟုတ်ဘူးလေ"

သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး စကားတီးတိုးပြောနေကြ စဉ် သူတို့အနားသို့ ဒေါက်တာချမ်းငြိမ်း ရောက်လာခဲ့သည်။ ပညာတတ် ပီပီ သန့်ပြန့်သောရုပ်ရည်နှင့် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး၊ မျက်မှန်နှင့် လူပုံချောပါပဲ။ အသက်သုံးဆယ်နီးပါး။

"ငွေနှင်း. . . ဟိုညကဖုန်း ဘာလို့ပြန်မဆက်သလဲ"

ငွေနှင်းရဲ့အနားမှာထိုင်လိုက်ပြီး သူမမျက်နှာကို အစွမ်းကုန်ညို့ ထားပုံက ပညာအပြည့်။ ကျန်သည့်သူတွေကို လုံးဝဂရုမစိုက်သည့်ပုံ၊

"ကျွန်မ အရမ်းပင်ပန်းနေလို့ပါ။ အန်တီငြိမ်းရော နေကောင်း ရဲ့လား"

"မေမေနေကောင်းပါတယ်၊ ယူ့ဖေဖေရော ကိုယ်ထိုင်တဲ့ဆေး





ခန်းမှာ ပြောင်းပြလေ။ ကိုယ်ရှိတော့ ပိုပြီးအဆင်ပြေတာပေါ့။ အန်ကယ် က လေဖြတ်တယ်ဆိုပေမယ့် သွေးတိုး နှလုံးလည်းရှိနေတော့ စိုးရိမ်ရ တယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ လူကြီးဆိုတော့ စွဲမိစွဲရာလေ၊ သူ ပြလက်စဆေးခန်းမှာလည်း အဆင်ပြေပါတယ်ရှင်"

ငွေနှင်းလေပြည် လူမှုရေးအရ အပြုံးနှင့်ပြေပြစ်စွာ ပြောနေရ ၏။ ဒေါက်တာချမ်းငြိမ်းက နေသူရကို လုံးဝဂရုမစိုက်။ သို့သော် ငွေနှင်း လေပြည် တမင်ပင် မိတ်ဆက်ပေးလိုက်သည်။

"ဒေါက်တာ. . . သူက ကိုနေသူရတဲ့၊ ငွေတို့ဆိုင်ရဲ့ပါတနာ၊ မန်နေဂျာလေ။ ကိုနေသူရ. . . သူက ဒေါက်တာချမ်းငြိမ်းတဲ့၊ ပါရဂူ ဒေါက် တာကြီးပေါ့။ ငွေနှင်းရဲ့မိတ်ဆွေပါ"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

နေသူရ လက်ဆန့်ထုတ်ပြီး နှုတ်ဆက်ဖို့ကြိုးစားပေမယ့် ဒေါက် တာကြီးက ချက်ချင်းလက်မထုတ်။ ငွေနှင်းကိုပင် အကြည့်မလွှဲ။

"ငွေ့မန်နေဂျာကလည်း ငယ်လိုက်တာ။ ဒီလောက်ကြီးကျယ် တဲ့ဆိုင်ကြီးကို အရည်အချင်းပြည့်တဲ့မန်နေဂျာရှာမှပေါ့။ ကိုယ်ရှာပေးရ မလား။ အီကိုဘွဲ့ရ၊ စာရင်းကိုင်သင်တန်းဆင်း၊ ဘွဲ့သုံးလေးခုလောက် ရထားတဲ့သူတွေ ရှိက်သတ်လို့မကုန်ပါဘူး။ လိုချင်ရင်ပြော"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဘွဲ့တွေ ဒီဂရီတွေထက် ရိုးသားမှု က ပိုပြီးအရေးပါပါတယ်။ ပြီးတော့ သူကိုယ်တိုင် ရှယ်ယာရှင်လေ။ သူ့ဆိုင်ဆိုတော့ သူပိုပြီးလေးစားတာပေါ့"

"ဒါနဲ့ အရင်ကပြောတော့ ငွေတို့ဆိုင်က ရှယ်ယာမရှိဘူးဆို။

www.burmeseclassic.com



အခု ခေါ်ပြီလား၊ ဒါဆို ကိုယ်လည်း ငွေ့ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံမယ်''

စကားတွေက ဟိုငြိသည်ငြိ။ နေသူရ အသွက်လွန်မိသည့် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲရင်း ခပ်တည်တည်နှင့်ပင် လက်ကိုရုတ်သိမ်းလိုက်ရသည်။

ဒေါက်တာချမ်းငြိမ်းနှင့် ငွေနှင်းလေပြည်တို့ ပြောနေသည်စကားတွေကိုလည်း စိတ်မဝင်စားနိုင်တော့။ သည်တော့ ညှော်ခံပွဲမှာရှိနေသည့် ညှော်ပရိသတ်များကို မျက်စိကစားမိသည်။

''ဟင်! ''

သူတို့နှင့်တစ်ဝိုင်းကျော်မှာ မြလင်းကြည်ဖြူနှင့် အောင်သက်ထွန်းကိုတွေ့လိုက်ရသဖြင့် နေသူရမျက်နှာ ကွက်ခနဲပျက်ရသည်။ သူ့ရင်ဘတ်ကြီးက မခံစားနိုင်ဘူးလေ။ ယခုထိ သူမကိုမြင်လျှင် သူ့ရင်တွေ စူးအောင့်နာကျင်တုန်း။

''ဘာလဲ. . . ဘာလဲ''

သူ့အမူအရာပျက်သွားသည်နှင့် ငွေနှင်းလေပြည် သတိထားမိသည်ပါပဲ။ သူကြည့်ရာသို့ လှမ်းကြည့်လိုက်လျှင် ပန်းနုရောင်ဝတ်စုံလေးနှင့် မြလင်းကြည်ဖြူကို မြင်သွားသည်။

''သူလား. . . ရှင့်ချစ်သူဆိုတာ''

''ဟုတ်ခဲ့တယ်၊ အခုမဟုတ်တော့ပါဘူး။ သူက ဒေါက်တာမကြီးဖြစ်သွားပြီလေ''

''ဪ. . . ရှင့်ကိုထားခဲ့တယ်ပေါ့''

''ခင်ဗျား လူတစ်ဖက်သားရဲ့အရှိက်ကို တော်တော်ထိုးနှက်တတ်ပါလား''





''ဆောရီး''

ဒေါက်တာချမ်းငြိမ်း သူတို့ကြည့်ရာသို့ လိုက်ကြည့်လျှင် မြလင်းကြည်ဖြူတို့နှစ်ယောက်ကို မြင်သွားလေ၏။

''ဪ. . . ဟိုဒေါက်တာမလေးလား၊ စာအရမ်းကြိုးစားတယ်။ ဘွဲ့လွန်တွေဘာတွေအထိ တက်ဖို့ကြိုးစားနေတာပဲ။ သွားပြီးနှုတ်ဆက်လိုက်ဦးမယ်။ ငွေ လိုက်ခဲ့ပါလား''

''နေပါစေတော့ရှင်၊ ငွေလည်း မိတ်ဆွေတွေကိုနှုတ်ဆက်ပြီးပြန်တော့မယ်''

''ကိုယ်လိုက်ပို့မယ်လေ''

''ကိုနေသူရပဲ လိုက်ပို့ပါလိမ့်မယ် ဒေါက်တာ''

''ကိုယ်သတင်းကြားထားတာပြောရင် ငွေစိတ်ဆိုးမှာလား''

''ဆိုးစရာဆိုရင်လည်း ဆိုးမှာပေါ့''

''ဪ. . . ကိုယ်တို့က မိတ်ရင်းဆွေရင်းတွေဆိုတော့ သတိသင့်ရင် ပေးရမှာမို့ပါ။ ငွေကချမ်းသာတော့ သိုက်တူးချင်တဲ့သူတွေဆိုတာ ရိုက်သတ်လို့မကုန်ဘူးလေ''

''ငွေနားလည်ပါတယ်၊ သတိပေးတာ ကျေးဇူးတင်ပါသတဲ့ရှင်၊ ခွင့်ပြုပါဦး''

ငွေနှင်းလေပြည် သူ့မိတ်ဆွေများကို နှုတ်ဆက်နေစဉ် နေသူရ ကိုယ့်စားပွဲမှာပင် ထိုင်ကျန်ခဲ့ရင်း စားသောက်စရာများကို တို့ကနန်း ဆိတ်ကနန်း စားသောက်နေမိသည်။

သူ့လိုပဲ မြလင်းကြည်ဖြူလည်း နေသူရကိုဝင်လာကတည်းက မြင်ပါသည်။ အရင်လို စုတ်တီးစုတ်ဖတ်မဟုတ်တော့တဲ့ ရှင်းသန့်ပြီး သား



www.burmeseclassic.com

www.burmeseclassic.com



သားနားနားဖြစ်နေသည့် နေသူရအသွင်က ခမ်းနား တောက်ပနေလျက် အဝတ်အစား အသုံးအဆောင်ကအစ။

အောင်သက်ထွန်းလည်း မြင်ပါသည်။ သူက ယောကျ်ားတန်မဲ့နှင့် နှုတ်ခမ်းကိုမဲ့လိုက်ပြီး. . .

"ယောကျ်ားပိုင်းလုံးပဲ၊ အဲဒီအမျိုးသမီးက အရမ်းချမ်းသာတာ။ သူ့အနားမှာ သိုက်တူးချင်တဲ့ကောင်တွေဆိုတာ ဝိုင်းဝိုင်းလည်နေတာပဲ"

"ခြော်. . . အဲဒီအမျိုးသမီးက သူဌေးသမီးလား၊ နေသူရ တော်သားပဲ။ တကယ့်ဒင်ကိုမှ ရွေးနိုင်တယ်"

"အလကားပါ. . . သူ့ကို ဟိုကနိုင်းကောင်းလို့ တွဲနေတာ နေမှာပေါ့။ ဟိုက ပညာတတ်၊ သူဌေးသမီးပဲ။ သူ့လောက်ကို ဘယ်စဉ်းစားမလဲ။ ပညာမတတ်တဲ့အရိုင်းအစိုင်းကို"

နေသူရကို ဖိနှိပ်ပြောဆိုနေတာ အောင့်သက်ထွန်း ဂျေဝင်နေတာပါ။ သို့သော် မြလင်းကြည်ဖြူ စကားအတွက်အခံမပြောမနေချင်တော့ပါ။ သေသေချာချာတွဲကြည့်တော့မှ အောင်သက်ထွန်းဆိုတာ အတ္တခံများများနှင့်ယောကျ်ား။ သူ မြလင်းကိုလိုချင်တာ ရုပ်ချော၊ သဘောကောင်းမည့်ဆရာဝန်မလေးမို့။ အရုပ်တစ်ရုပ်ကို အပိုင်သိမ်းသလိုမျိုး လိုချင်တာ။

နေသူရလို အနစ်နာခံပြီး ချစ်မည့်ယောကျ်ားမျိုးမဟုတ်။ မြလင်းကြည်ဖြူ၊ နေသူရတို့စုံတွဲကို ဆွေးဆွေးမြည့်မြည့်ကြည့်နေမိတော့ အောင်သက်ထွန်း ကျွဲမြီးတိုနေသည်။

"မြလင်းနဲ့သူနဲ့ကော ငြိခဲ့ဖူးသလား၊ ဟိုက မြလင်းကို ကျောင်းစရိတ်တွေဘာတွေ ထောက်ပံ့ဖူးတယ်ဆို"





အောင်သက်ထွန်း အစ်လိုက်လျှင် မြလင်းကြည်ဖြူ ဖြောင့်ကွယ်ကွယ်ရသည်။

"သူနဲ့က အရမ်းရင်းနှီးတဲ့သူငယ်ချင်းတွေမို့ အကူအညီပေးရင်လည်း ယူရတာပဲပေါ့။ မြလင်းတို့က ဆင်းရဲတယ်လေ"

"တော်ပြီ၊ နောက် ငွေလိုရင် ကိုယ့်ဆီကပဲယူ။ သူနဲ့အဆက်အသွယ်မလုပ်နဲ့တော့"

"သူငယ်ချင်းတွေပဲကိုး၊ သူခေါ်တော့လည်း စကားပြန်ပြောရမှာပေါ့"

"အင်း. . . အဲဒီလောက်ပဲ သဘောထားတော့၊ အလကား ကားသမားလူလည်၊ သူဌေးမရဲ့ဒရိုင်ဘာလုပ်ရင်း အခြေအနေကြည့်ပြီး လှုပ်ရှားတာနေမှာ။ ဒါပေမဲ့ ကြည့်နေ. . . ခွေးရူးကောင်စား တစ်မွန်းတည့်ပဲ"

အောင်သက်ထွန်း မစ္ဆရိယစိတ်တွေ ပွားများနေစဉ် နေသူရကတော့ ငွေနှင်းလေပြည်ဇာဦးလေးဆိုသူကိုသာ တစေ့တစောင်း အကဲခတ်နေမိ၏။ သူမသိမသာအကဲခတ်နေတုန်း ဦးတာနှင့် သူ့အမျိုးသမီးတို့ ခေါင်းချင်းဆိုင်တိုင်ပင်ကြပြီး နေရာမှထသွားတာ မြင်လိုက်ရ၏။

လူမိုက်မှာ ဆေးမရှိဆိုသလိုပဲ တူမဖြစ်သူ ဝတ်ဆင်ထားသည့် ဆက်ဝတ်ရတနာတွေအား လောဘတက်နေသလားမသိ။ နေသူရအနားသို့ ငွေနှင်းလေပြည်ပြန်ရောက်လာလျှင် သူလည်းထရပ်ကာ ပြန်ဖို့နှုတ်ဆက်ကြ ပြင်ဆင်ကြတာကို စောင့်ရသည်။

နှစ်ယောက်အတူပြန်ခဲ့ကြတော့ အောင်သက်ထွန်းနှင့် မြလင်းကြည်ဖြူတို့၏စားပွဲနားသို့ ဖြတ်လျှောက်ရလျှင် ငွေနှင်းလေပြည် ခေါ်မင်



www.burmeseclassic.com

www.burmeseclassic.com



ပင် မြလင်းကိုနှုတ်ဆက်လိုက်သည်။

တစ်မျိုးစီလှသည့်မိန်းမချောလေးနှစ်ယောက်။ ငွေနှင်းကတော့ စိန်တွေ တဖျပ်ဖျပ်နှင့်ပေါ့။

"မြလင်းကြည်ဖြူနော်၊ မပြန်သေးဘူးလား။ နေသူရ တမွှမွှ ချီးမွမ်းလွန်းလို့ သိနေတာ။ တို့လိုက်ပို့ရမလား"

"နေပါစေရှင်၊ ကိုကို လိုက်ပို့ပါလိမ့်မယ်။ တွေ့ရတာဝမ်းသာပါတယ် မ. . ."

"ငွေနှင်းလေပြည်ပါ၊ သူက တစ်ခါမှမပြောဖူးဘူးလား"

"သူငယ်ချင်းတွေဆိုပေမယ့် မတွေ့ဖြစ်တာ ကြာပါပြီရှင်။ သူလည်း သူ့အလုပ်နဲ့သူရှုပ်နေ၊ မြလင်းကလည်း ဆေးရုံတွေ ပြေးနေရတာနဲ့"

"သွားဦးမယ်နော်၊ နောက်တွေ့ရင် မိတ်ဆွေတွေလိုပဲ သဘောထားပါနော်"

ငွေနှင်းလေပြည်နှင့် မြလင်းတို့သာ စကားတွေ ရွှန်းရွှန်းဝေနေပေမယ့် နေသူရနှင့် ဒေအာင်သက်ထွန်းကတော့ စကားတစ်ခွန်းမှ မပြောဖြစ်ကြ။ မီးထွက်မတတ် မျက်လုံးတွေကိုသာ ထိန်းချုပ်လျက်။

ကားနားကိုရောက်လျှင် နေသူရ ဘေးဘီကြည့်လိုက်၊ ကားကို စစ်ဆေးလိုက်လုပ်နေသည်။ ငွေနှင်းလေပြည် မျက်ခုံးပင့်သွားသည်။

"ဘာဖြစ်လို့လဲ"

"ခင်ဗျားဦးလေးကို မသင်္ကာလို့၊ သူတို့ပြန်သွားခါနီး လင်မယားနှစ်ယောက် တိုင်ပင်နေကြတာ မရိုးသားဘူးထင်လို့"

"အို. . . ဒုက္ခပါပဲ၊ အချိန်ကလည်း ဆယ်နာရီကျော်နေပြီ"





"မကြောက်ပါနဲ့၊ သတိထားရင် ရပါတယ်။ ကဲ. . . တက်"

ငွေနှင်းလေပြည်ကို ကားတံခါးဖွင့်ပေးရင်း နေသူရ ကားမောင်းထွက်လာခဲ့ရပေမယ့် သူ့စိတ်ထဲမှာ မြလင်းကိုနောက်ဆံတင်းနေမိသည်။ မိန်းကလေးဖြစ်ပြီး ခုထိမပြန်သေးဘူး။ ဟိုကောင်ကလည်း ဘယ်တော့ ပြန်ပို့မှာလဲ။ တောက်! ပညာတတ်တွေ၊ လူကုံထံတွေဟာ လူမှုရေးစည်းကမ်းကို ဂရုမစိုက်ကြဘူးဆိုတာ အမှန်ပဲ။

သူကားမောင်းနေရင်း စိတ်ကိုပြန်လည်စုစည်းရပြန်သည်။ ဦးတာဆိုတာ အရင်က ဂျလေဗီ၊ လူဆိုး၊ လမ်းသရဲပဲဟဲ့။ ငွေနှင်းလေပြည်ကလည်း ရှိသရွေ့ထုတ်ဝတ်ပြီး ကြွားနေတယ်။ ဘာတွေများဖြစ်လာဦးမလဲမသိဘူး။

ကားရှင်းလူရှင်းနေသည့်လမ်းမှာ သူတို့ကားကို ဖြည်းဖြည်းမောင်းသာကြစဉ် ကားလေးတစ်စီး သူတို့ကားနောက်သို့ ကမူးရှူးထိုးမောင်းလာကပ်လာခဲ့သည်။ သူတို့မြန်မြန်မောင်းလျှင် လိုက်မြန်ပြီး သူတို့နှေးကြည့်တော့ နှေးသည်။ သည်လိုနှင့် လူအရှမ်းရှင်းသည့်တစ်နေရာသို့ရောက်လျှင် ကားလေးက သူတို့ကားရှေ့သို့ ဖြတ်ကျော်တက်ပြီး လမ်းကိုကန့်လန့်ဖြတ်ပိတ်လိုက်၏။

ဘရိတ်ဖမ်းသံများနှင့် ဆူညံသွားစဉ် တစ်ဖက်ကားမှ ပါးစပ်အဝတ်နက်စည်းထားသည့် လူသုံးယောက်ခုန်ဆင်းလာပြီး သူတို့ကားနားသို့ အပြေးကပ်လာကြသည်။ သူတို့လက်ထဲမှာ လက်နက်တွေနှင့်။

ကားတံခါးကိုအမြန်ဆွဲဖွင့်ပြီး သူတို့ကိုဆွဲချကြပုံက မြန်မှမြန်။ နှစ်ယောက်က နေသူရကိုညှပ်ပြီး မလှုပ်နိုင်အောင် ဓားနှင့်ထောက်ထားကြ၏။ နောက်တစ်ယောက်ကတော့ ငွေနှင်းလေပြည်ကို ဓားပြတိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သူတို့ကားပေါ်မှာ ဒရိုင်ဘာနေရာမှာ လူတစ်ယောက်က အသင့်စောင့်လျက်။ ရသည်နှင့် မောင်းပြေးကြမည့်အနေအထား။

ငွေနှင်းကလည်း ကောင်းကောင်းမပေး။ ပစ္စည်းဖြုတ်နေသည်လက်က တုန်နေသလိုနှင့် ပစ္စည်းတွေက အောက်လွတ်ကျသွားသည်

"တောက်! ဒီကောင်မတော့ သေတော့မယ်"

အားလုံးပင် သူတို့နှစ်ယောက်ကို အာရုံစိုက်နေကြစဉ် ငွေနှင်လေပြည် စိန်ဘယက် ကုန်းကောက်နေသည့်လူဆိုးကို ဒူးနှင့်တိုက်ပြီး ကိုယ့်ဘယက်ကိုယ် ဆတ်ခနဲကောက်ကာ ကားထဲဝင်ပြေး၏။ ချချင်းပင် ကားနောက်ဆုတ်ကာ မောင်းထွက်သွားပုံက လျှင်လွန်းလို့ အာလုံး ဖရိုဖရဲ။

"ဟာ. . .ဟေ့. . .ဟေ့"

"ဟိုကောင် မိန်းကလေးတစ်ယောက်တည်းကိုတောင် မနိုင်ဘူခွေးကောင်"

လူဆိုးတွေထဲမှာ နေသူရကိုလွှတ်ပြီး ကားနောက်သို့ပြေးလိုက်ရန် ကားပေါ်သို့ပိုင်းတက်နေကြလျှင် နေသူရ နောက်မှရပ်ကြည့်နေရ

မချောက သတ္တိအကောင်းသားပဲ။ သူ့မှာဖြုတ်ထိုးဉာဏ်ကလည်ရှိတယ်။ သို့သော် လမ်းမှာဒုက္ခရောက်နေမှာစိုးလို့ သူ နီးစပ်ရာ နယ်ရဲစခန်းဆီသို့ သတင်းပို့လိုက်သည်။

"ကားနံပါတ် . . . ကို နောက်ကကားလေးတစ်စီး ဓားပြတိုရအောင် လိုက်နေပါတယ်။ ကျွန်တော်က အဲဒီကားက ဒရိုင်ဘာဓားပြတိုက်နေတုန်း ဖရိုဖရဲနဲ့ မောင်းပြေးကြ၊ နောက်ကလိုက်ကြနဲ့၊ ဟု





ကဲ့. . . . . .လမ်းအတိုင်း မောင်းနေကြပါတယ်"

သူကတော့ လမ်းကြောင်းအတိုင်း ခြေလျှင်လျှောက်ရုံ။ ကားကြုံတွေ့လျှင်လည်း တားစီးရုံပေါ့။

●●●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

သူ ကားကြုံစီးပြီး ငွေနှင်းလေပြည်တို့ကို လမ်းတစ်လျှောက် ရှာပေမယ့် မတွေ့တော့ပါ။ ငွေနှင်း၏ဖုန်းကို လှမ်းဆက်သွယ်ကြည့်သည်။

"ဟဲလို. . . ခင်ဗျား အိမ်ပြန်ရောက်ပြီလား"

"ရောက်ပြီ"

"မနက်မှတိုင်ချက်ဖွင့်ရအောင်၊ ကားနံပါတ်နဲ့လူတွေရဲ့ပုံစံကို မှတ်မိတာပဲ"

"တော်ပြီ၊ သံသရာတွေရှည်လို့ မတိုင်တော့ဘူး။ ရှင် အခုဘယ်မှာလဲ"

"ခင်ဗျားတို့လမ်းထိပ်မှာ၊ ဒါပေမဲ့ ခင်ဗျားပြန်ရောက်ပြီဆိုလို့ စိတ်အေးသွားပြီ။ ကျွန်တော်ပြန်တော့မယ်"

"ရှင် အိမ်မလာတော့ဘူးလား၊ အိမ်ကကားကို ဝင်မယူတော့ဘူးလား"





"တော်ပြီ၊ တက္ကစီနဲ့ပဲပြန်တော့မယ်။ ခင်ဗျားကို ကျွန်တော် တကယ်လေးစားပါတယ်။ ချီးလည်းချီးကျူးပါတယ်။ ခင်ဗျားပုံစံက ဒရိုင်ဘာလည်း မလို၊ သက်တော်စောင့်လည်းမလိုတဲ့ပုံမျိုး"

"ရှင်က နှစ်ယောက်ထိန်းထားလို့ပါ. . . ဟင်းဟင်းဟင်း"

"ဟာဗျာ. . . တော်ပြီဗျာ"

တစ်ဖက်မှရယ်သံလေး ကြားရတော့ နေသူရ ရှက်လည်းရှက် ၍ ဒေါသလည်းထွက်ရသည်။ သူ့မှာ လူဆိုးနှစ်ယောက် ဓားနှင့်ထောက်ထားလို့ ခုထိ နံကြားမှာ စပ်ဖျင်းဖျင်းဖြစ်နေတုန်း။ ဒါကိုများ။

ဒီက ဘယ်လိုဖောက်ထွက်ရမလဲလို့ ကြံစည်နေတုန်း သူမက အမေရိကန်ဂျက်မလို တိုက်ခိုက်ထွက်ပြေးသွားခဲ့နိုင်တာ မဟုတ်လား။ တက္ကစီနှင့်သူ အိမ်ပြန်လာခဲ့တော့ လမ်းထိပ်မှောင်ရိပ်မှာ အောင်သက်ထွန်းရဲ့ကားကိုတွေ့ရလျှင် ရင်ထဲ ကျင်ခနဲ။

ဟိုကောင် တဏှာရူး။ ကားတံခါးပိတ်ပြီး ဘာတွေလုပ်နေသလဲ။ တောက်!

"ရပ်. . . ရပ်. . . ဒီမှာပဲရပ်၊ ကျုပ်လမ်းလျှောက်ပြီး ပြန်သွားလိုက်တော့မယ်"

တက္ကစီသမားကို ငွေရှင်းပေးပြီး သူမူးလာသည့်စတိုင်နှင့် ယိုင်တိယိုင်ထိုးလမ်းလျှောက်ရင်း သီချင်းအော်ဆိုလိုက်သည်။ တကယ်က မြလင်းအတွက် သူအကာအကွယ်ပေးလိုက်ခြင်းပါ။

ကားထဲမှာ မြလင်းကို အတင်းပင်ပွေ့ဖက်ပြီး နမ်းစုပ်နေသည့် အောင်သက်ထွန်းမှာ အချစ်ဒီရေတွေ အချစ်မုန်တိုင်းတွေကို တိုက်ခိုက် ၍ ကြိုးစားနေတုန်း နေသူရ၏အသံပြဲကြီးကို ကြားလိုက်ရလျှင် ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာသွား၏။ နေသူရကလည်း အမူးသမားအသံနှင့် . . .

"ဟ! ဒီကားက ဘာကားလဲ၊ အမှောင်ထဲမှာ ဘာပြုလို့ရပ်ထားတာလဲ။ ကေန္တတော့ ကေန္တပဲ။ ဟေ့ . . . ဟေ့ . . . ဟေ့ . . . မှန်း"

ကားက ဖြုန်းခနဲစက်နိုးကာ မြလင်းကြည်ဖြူ၏အိမ်သို့ မောင်းထွက်သွားသဖြင့် နေသူရ ပုံမှန်ပင် ကိုယ့်အိမ်ဘက်သို့ ဆက်လျှောက်လာ၏။

ဒုက္ခပါပဲ . . . မြလင်းရယ် . . .

နင့်ကို ငါစိတ်နာပေမယ့်၊ မုန်းပေမယ့် ငယ်ငယ်ကတည်းက ရစ်ချည်ခဲ့တဲ့သံယောဇဉ်ကြိုးကြောင့် မဟုတ်တာ မဖြစ်စေချင်ဘူး။

မိန်းကလေးတစ်ယောက်ဖြစ်ပြီး နင် အရဲကိုးလွန်းတယ်။

နင့်ကို လောကကြီးက ဒဏ်မခတ်ပါစေနဲ့လို့ ငါဆုတောင်းပါတယ်။



## အခန်း ( ၁၆ )

အောင်သက်တွန်းမှာ မြလင်းတို့တစ်အိမ်လုံးကို ပစ်ပေါင်းထားသဖြင့် အရာရာ သူ့သဘောအတိုင်း။ ခကိသည်မှာ မြလင်းတစ်ယောက်သာ။

မနှောညကလည်း (၁၁)နာရီထိုးခါနီးမှ ညှော်ခံပွဲမှပြန်ပို့ရင်းမှ သူ့အိမ်ခေါ်သွားဖို့စီစဉ်တော့ ကမ္ဘာပျက်မတတ် ငြင်းလိုက်တာ။

"ဘယ်လိုလဲကွာ၊ မြလင်း . . . ကိုကို့ကိုမချစ်လို့လား"

"ဘာဆိုင်လဲ၊ ချစ်တာက ချစ်တာပဲပေါ့။ မြလင်းတို့က မြန်မာလူမျိုးတွေပါ။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံကို ထိန်းသိမ်းရမှာပေါ့"

"မြလင်းတစ်ယောက်ပဲ ထိန်းသိမ်းနေ၊ ဘယ်တက္ကသိုလ်ကျောင်းသူကျောင်းသားဖြစ်ဖြစ် ချစ်သူတွေ ချိန်းတွေ့ကြတယ်။ တည်းခိုခန်းတွေမှာ အိပ်ကြတယ်။ ဒါ ဘာဆန်းသလဲ"

"ရှင် အယူမှားနေပြီ၊ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပျက်စီးနေကြတာမဟုတ်ဘူး။ အနည်းစုပျက်စီးနေတာနဲ့ ရာနူန်းပြည့်ဆိုပြီး လက်ညှိုးမထိုးချင်ပါနဲ့''

"ရာခိုင်နူန်းတော်တော်များများ ပျက်စီးနေပါပြီကွာ။ ဆင်သေကို ဆိတ်ရေနဲ့ မဖုံးချင်စမ်းပါနဲ့။ မြလင်းတို့ ဆေးကျောင်းသူတွေဆိုတာ ပိုပြီးလွယ်သေးတယ်။ ကိုယ်ဝန်မရအောင် မင်းတို့နေတတ်ထိုင်တတ်ပါတယ်''

"ဟင်! ရှင်. . . ရှင် စော်ကားလှချည်လား။ ရှင့်သဘောက ဘာလဲ။ ကျွန်မကို လက်ထပ်မယူသေးခင် စော်ကား ဖျက်ဆီး နင်းချေချင်နေတာလား။ ရှင့်ကိုအထင်ကြီး လေးစားမိတာမှားတာပဲ။ တော်ပြီ. . . ကျွန်မကို ခုချက်ချင်း အိမ်ပြန်ပို့။ နောက် ရှင်ခေါ်ရင် ဘယ်ကိုမှမလိုက်တော့ဘူး''

မြလင်း ဒေါပွသွားတော့မှ လျှောချရင်း အနူးအညွတ်ပြန်ချော့သည့် အောင်သက်ထွန်းဟာ မြလင်းထက် ဆယ်နှစ်လောက်ကြီးပါသည်။ ဒေါသတွေ အရမ်းထွက်နေသည့် ချစ်စရာကောင်မလေးကို တတွတ်တွတ်ချော့ရင်း တောင်းပန်ရင်းနှင့် အိမ်အထိလိုက်ပို့သည်။ သို့သော် အိမ်သို့မရောက်မီ လမ်းထိပ်အမှောင်ရိပ်မှာ ကားကိုရပ်ပြီး. . .

နွားသိုးကြိုးပြတ်၊ နွားငတ်ရေကျနှင့် ကမူးရှူးထိုး ပွေ့ဖက်နမ်းနေစဉ် နေသူရ ကောင်းမှုကြောင့်သာ သူမ ချမ်းသာရာရခဲ့တာ။ မြလင်းကြည်ဖြူ တစ်ခါတလေကျတော့ အတိတ်ကို သေသေချာချာပြန်စဉ်းစားကြည့်မိသည်။ လွမ်းမောဖွယ်ပုံရိပ်တွေက အစီအရီ။

အဲဒီတုန်းက အချစ်ဆိုတာ ဖြူစင်သန့်ရှင်းနူးညံ့လိုက်တာ။ နေသူရနှင့်တွေ့ကြ ချစ်ကြစဉ်တစ်လျှောက်လုံး သူမတို့ဟာ တွေလီကာလီ





လုပ်ဖို့ စိတ်မကူးမိကြ။ ကစားကွင်းတွေ တိရစ္ဆာန်ဥယျာဉ်တွေ ဘုရားပွဲတွေမှာ လျှောက်သွားတော့လည်း တစ်ယောက်လက်ကိုတစ်ယောက်ကဆုပ်ကိုင်ကာ၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားတွေပြောရုံနှင့် အချစ်ကိုသရုပ်ဖော်ခဲ့ကြသည်။

ယခုကျတော့ အောင်သက်ထွန်းဟာ သူမကို ဘယ်လိုအမှည့်ခြွေ ခြွေရမလဲပဲ စိတ်ကူးလေသလားမသိ။ သူမတို့မပြေလည်မှုန်းသိနေသဖြင့် ကျောင်းစရိတ် အိမ်စရိတ်တွေပေးပေမယ့် သူပေးသမျှကို ပြန်လိုချင်နေသလားမသိ။

ဟိုတစ်ခါကလည်း သူ့အဘွားကို ဆွေပြမျိုးပြပြချင်လို့ပါ၊ မိတ်ဆက်ပေးချင်လို့ပါဆိုပြီး သူမကိုခေါ်ထုတ်သွားလိုက်တာ ကံကောင်းလို့။ သူမ အကင်းပါးလို့သာ။

တဖြည်းဖြည်းနှင့် အောင်သက်ထွန်းကို မြလင်း လန့်လာမိပါသည်။ ဒီလိုလူမျိုးနဲ့ဆက်ပြီး စခန်းသွားလို့ဖြစ်ပါ့မလား။ အနစ်နာခံမည့်ယောကျ်ားမျိုးမှဟုတ်ရဲ့လား။

သူကိုယ်တိုင်ချမ်းသာပေမယ့် သူမရဲ့မိသားစုကိုထောက်ပံ့ချင်စိတ် ရှိမရှိမသေချာ။ ယခုအချိန်မှာတော့ ပေးမှာပေါ့၊ ကမ်းမှာပေါ့။ မရခင် ဖျာလိပ်လိပ်ပြီး ထိပ်ပေါ်တင်ရမည့်အချိန်ကိုး။

အောင်သက်ထွန်းကြည့်ရတာ သူမကိုအမြန်ဆုံးနည်းနှင့် သိမ်းပိုက်လိုက်ချင်ပုံ။ ဆရာဝန်မချောချောလေးကို ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ရယ်ဆိုပြီး အမြန်ဆုံးပွဲသိမ်းလိုက်ချင်ပုံ။

ယခုမှ သူမမှာ ဆုပ်လည်းစူး စားလည်းရူး ဖြစ်နေရတော့သည်။ တစ်သက်လုံးက ကိုယ့်သဘောအတိုင်း လိုက်လျောခဲ့သည့်ချစ်သူနှင့်ဆို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရသည်မို့ အောင်သက်ထွန်းလို အတွေ့ကြုံလွန်းသည့်ယောကျ်ားနှင့် တွေ့သည့်အခါ မြလင်းကြည်ဖြူ စိတ်ပျက်ရပါသည်။

သို့သော် နေသူရရော သူမပါ သုညလိုဘဝမျိုးတွေမို့ ရှေ့မှ ကိန်းဂဏန်းတစ်ခုခုနှင့်တွဲဖက်မှသာ တန်ဖိုးမြင့်တက်လာပေမည်မဟုတ် ပါလား။

မည်သို့ပင်ဖြစ်စေ သူမကတော့ ကိုယ် စမိသည့်လမ်းကိုသာ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ပြီးဆုံးအောင်သာ လိမ္မာပါးနပ်စွာလျှောက် လှမ်းရတော့မည်သာ။



## အခန်း ( ၁၇ )

ညက ညဥ့်နက်တာရယ်၊ နံကြားသို့ မားတွေစုံဝင်ခဲ့တာရယ် ကြောင့် ဒီမနက်မှာတော့ နေသူရ ဖိန်းတိန်းရှိန်းတိန်းနှင့် ဖျားချင်နေပေ ပြီ။

"အား. . . ကျွတ်. . . ကျွတ်. . , ကျွတ်"

အိပ်ရာထဲမှာ သူညည်းညူရင်း ညကဆေးထည့်ထားသည့် နံ ကြားကိုစမ်းကြည့်နေစဥ် မေမေ အိပ်ခန်းထဲသို့ဝင်လာခဲ့သည်။

"သား. . . ညက ညဥ့်နက်လိုက်တာ၊ တစ်ညလုံးလည်း ညည်း နေတယ်။ မှန်းစမ်း! ဖျားနေသလား"

"ဖျားတော့မဖျားသေးဘူး မေမေ၊ ဖျားချင်ချင်ဖြစ်နေတာ ထင် တယ်။ ကျွတ်. . . ကျွတ်"

"ဒါဆို မေမေ မြလင်းကိုဖုန်းလှမ်းဆက်လိုက်မယ်လေ၊ သူ ဒီအချိန်ဆို ဆေးရုံမသွားလောက်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ခမျာ သူနှင့်မြလင်း၏အကြောင်းကို အသေးစိတ်မသိရှာ။ မေမေထင်နေတာ နည်းနည်းပါးပါးစိတ်ဆိုးနေကြသည်လောက်။

"ဟာ. . . မေမေကလည်း ဘာမှမဖြစ်ပါဘူးဆိုနေမှ။ သားဖွာသာ ဆေးသောက်အိပ်လိုက်မယ်။ ဒီနေ့ ဆိုင်မသွားတော့ဘူး။ မနေ့က ကံကောင်းလို့ မသေ. . . အဲ"

စကားကို ဘရိတ်လွှတ်သွားသဖြင့် သူထိတ်လန့်သွားပေမယ့် မေမေ မကြားလိုက်လို့ တော်သေးသည်။

"ဖုန်းတော့ဆက်လိုက်ဦးနော် သား၊ ကိုယ်က အလုပ်သမားဆိုတော့ အလုပ်ရှင်ကို လေးစားရိုသေရတယ်။ သားအလုပ်ရှင်က တော်ပါတယ်ကွယ်"

"တစ်လ လေးသိန်းပေးလို့လား မေမေ"

"ဒါလည်းဒါပေါ့၊ ဒါ့အပြင် အသွားအပြန်လည်း ကားပေးတယ်၊ အဝတ်အစားလည်း အဆင်ပြေအောင် ဝယ်ပေးတယ်ဆိုတော့ ဒီလောက်ကောင်းတဲ့အလုပ်ရှင်မျိုး ဘယ်မှာသွားရှာမလဲ သားရယ်"

"ကဲပါ၊ မေမေပြောနေတာတွေကြားပြီး ဟိုက ဘဝင်တွေ စွတ်မြင့်နေပါဦးမယ်။ မေမေ ဘယ်သွားမလို့လဲ၊ အဝတ်အိတ်တွေဘာတွေ ပြင်လို့"

"မေမေ တရားစခန်းဝင်မလို့ သားရဲ့၊ မေမေ့မိတ်ဆွေ ဒေါ်ညိုတို့ခေါ်လို့။ တောင်ငူမှာ သွားဝင်ရမှာ"

"ဟာ! မေမေကလည်း ဒီရန်ကုန်ထဲမှာလည်း တရားစခန်းတွေ အများကြီးရှိသားနဲ့"

"ဩော်. . . သားရယ်၊ ဒေါ်ညိုတို့က အဲဒီမှာ ကမ္မဋ္ဌာန်းကျောင်း





ပိုင်ရှိတယ် သားရဲ့။ ဆွမ်းကွမ်းကိစ္စကအစ အားနာစရာမရှိဘူးလေ။ သူတို့က အလှူ့အစ်မတွေ မဟုတ်လား၊ များများမဟုတ်ပါဘူး သားရယ်။ တစ်လတည်းပါ။ မေမေ့အသက်လည်း မငယ်တော့ဘူးကွယ်၊ သားငဲ့သမီးငဲ့နဲ့ သေရင် ကိုယ့်နောက်ပါမယ့်အလုပ်လေးတော့ လုပ်ပါရစေဦး။ သားလည်း တစ်လလောက် မေမေမရှိဘဲ နေကြည့်နော်။ မြလင်းလည်း ရှိသားပဲ"

"ဟာ. . . မေမေမသိဘဲ လျှောက်ပြောနေ။ မြလင်းက သားကိုထားခဲ့ပြီး သားထက်သာတဲ့သူဌေးတစ်ယောက်နဲ့တွဲသွားပြီ။ အဲဒါ အတည်ဖြစ်သွားပြီ"

"ဟင်! "

တရားပြည့်ပါသည်ဆိုသည့်မေမေ့ခမျာ သူ့သားနှင့်မြလင်းကြည်ဖြူကို မျှော်လင့်ထားခဲ့သည်မို့ ယခုလိုအဆုံးထိ ပြီးဆုံးသွားပြီ၊ ဇာတ်လမ်းချုပ်သွားပြီဆိုတော့ စိတ်မကောင်းဖြစ်ရသည်။

"ဩော်. . . မေမေက သားတို့လူငယ်တွေ ကတောက်ကဆဖြစ်ပြီး ပြန်အဆင်ပြေသွားမယ်ထင်နေတာ။ သား သူ့အပေါ်စောင့်ရှောက်လာရတာလည်း နည်းတာမှမဟုတ်တာ"

"ကဲပါ မေမေရယ်၊ သူ့အကြောင်း မေ့ထားလိုက်ရအောင်ပါ။ မေမေသွားချင်လည်းသွားပေါ့။ ဘယ်တော့လဲ. . . မနက်ဖြန်လား"

"ဒီနေ့ညနေပဲ သွားကြမှာ သားရဲ့။ သူတို့အိမ်ကကားနဲ့ လာကြိုမယ်။ မေမေတို့စုစုပေါင်းငါးယောက် သွားကြမှာ"

"စိတ်ဖြောင့်ဖြောင့်သာ သွားပါမေမေ။ သားက ကားသမားပါ။ ဖြစ်သလို ကြုံသလိုနေတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးသူ သားကိုစိတ်မချပေမယ့် သံယောဇဉ်နှောင်ကြိုးကို တစ်ထစ်လျှော့ပြီး နောင်သံသရာဘဝကူးဖို့အတွက် စိတ်ကို မဲတင်းလိုက်ရသည်။

မေမေအလုပ်ရှုပ်နေစဉ် သူ ငွေနှင်းလေပြည်ထံ ဖုန်းခေါ်လိုက်သည်။ အလုပ်ရှင်ဘော့(စ်)ထံ ခွင့်ပန်ရဦးမှာပေါ့။

"ဟဲလို. . . ဒေါ်ငွေနှင်းလေပြည်၊ ကျွန်တော့်ကို ဒီတစ်ရက်ခွင့်ပေးဖို့ လှမ်းပြီးခွင့်ပန်တာပါ"

"ရှင်ပဲ ဒီနေ့တိုင်ချက်ဖွင့်မလို့ဆို"

"ခင်ဗျားပဲ သံသရာတွေရှည်လို့ မတိုင်တော့ဘူးဆို"

"ကဲပါ၊ ရှင် ဘာဖြစ်လို့မလာချင်ရတာလဲ။ ဒီမှာ ပြဿနာတွေ ရှုပ်ထွေးနေရတဲ့ကြားထဲ။ ဦးလေးကတစ်မျိုး. . . ဟိုဘဲတွေက တစ်မျိုး"

"ဒါတော့ ခင်ဗျားကြည့်ရှောင်နေလိုက်လေ။ ဒီတစ်ရက်နဲ့တော့ ခင်ဗျား ကမ္ဘာမပျက်လောက်ပါဘူး"

"ရှင်ကရော ဘာဖြစ်လို့ အဲကြောင်းမဲ့ခွင့်ယူရတာလဲ၊ ဖျားလို့လား နာလို့လား. . . ပြော"

"ဒါကတော့ ကျုပ်လည်း လူပဲဗျ. . . ကိုယ်ရေးကိုယ်တာကိစ္စ အရေးကြီးကိစ္စတွေ မရှိရတော့ဘူးလား။ ကျုပ်လည်း အရေးကြီးလို့ ခွင့်ယူရတာပေါ့"

သူ တမင်လှမ်းပြောမိတာ ဘာကြောင့်မသိ။ တစ်ဖက်မှာ ဒေါ်ဆွေ့ခုန် ဆတ်ဆတ်တုန်သွားမယ်လည်း မထင်မိလို့ပါ။ ယခုတော့. . .

"ဟင်! ရှင်နော်. . . ရှင် မြုပ်ကွက်တွေ လျှို့ဝှက်ချက်တွေနဲ့ ရှင့်ကို ကျွန်မက လူရိုးလူကောင်းလို့သတ်မှတ်ထားတာ။ ရှင်လည်း ဘာ





ထူးလဲ"

အိမ်မြှောင်အမြီးပြတ်သည့်အသံနှင့် တစ်ဖက်က ငွေနှင်းလေပြည် ၏အသံကို သူဘာမှတုံ့ပြန်ချက်မပေးတော့ဘဲ ဖုန်းဖြတ်ချလိုက်သည်။ တော်ပြီ. . . မိန်းမတွေများ နည်းနည်းအရေးသာတာနဲ့ ခေါင်းပေါ်တက် ဆိုင်ချင်ကြတော့တာပဲ။ ငါနဲ့သူနဲ့ ဘာဆိုင်တာကျနေတာပဲ။

"အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေတာကို သည်းခံပြီး သူ မျက်နှာသစ် အဝတ်လဲရင်း လမ်းတစ်ဖက်ရှိဆေးခန်းသို့ ကြိုးစားသွားဖို့ ပြင်ရသည်။

"မေမေ. . . သား ဆေးခန်းခဏသွားလိုက်ဦးမယ်နော်"

"အေး. . . သား၊ နေဦး. . . မေမေ ဆိုက်ကားခေါ်ပေးမယ်"

"ရတယ်မေမေ့. . . ရတယ်၊ လမ်းလျှောက်သွားလိုက်မယ်"

မေမေ့ကိုလှမ်းပြောပြီး သူ အိမ်ထဲမှဖြည်းညင်းစွာ ထွက်ခဲ့သည်။ အနွေးထည်ခေါင်းစွပ်ကိုဆောင်းပြီး သူ လမ်းဘေးမှလျှောက်သွားနေစဉ် သူ့ရှေ့မှာ မြလင်းကိုတွေ့လိုက်ရသဖြင့် သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား ရသည်။

မြလင်း ကားဂိတ်ကိုသွားတာဖြစ်မည်။ သူ့ခြေလှမ်းနှင့်ဆို ကျော်တက်သွားမှာပဲ။ မြလင်းကိုမြင်တိုင်း ရင်ထဲမှာ နာကျင်စူးအောင့်ရကာ မြင်ချင်စိတ်မရှိဖြစ်ရသည်။ စိတ်နာလွန်းလို့ဖြစ်ရမည်။ ခွင့်လွှတ်ချင်စရာ မရှိအောင် သူ့အပေါ်လုပ်စားသွားသည့်မြလင်း။

သူက 'အချစ်ရူးသမား ဒေဿဂီရိ' ဆိုပြီး ပေါကြောင်ကြောင်နဲ့ တွန်းခဲ့ရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



တွေးမိတိုင်း အရှုံးနာသည်၊ အမျိုးပါ ဆဲချင်လှလေး. . . ဆို သလိုပါပဲ။ သူ ယောကျ်ားပီပီ ကိုယ့်စိတ်ကိုယ်ဆုံးမပြီး တရေးချနေရပေမယ့် မြလင်း၏မျက်နှာကို ဘာမှမဖြစ်သလို ဟန်ဆောင်ပြီး ကြည့်မနေနိုင်သေး။

ကိုယ်က အမှန်တရားရဲ့ဘက်တော်သား၊ သူတို့သာ ကလိမ်ကကျစ်တွေဆိုပြီး တွေးလိုက်ရင်း ခေါင်းကိုမော့ပြီး မြလင်းဘေးမှ ဖြတ်ကျော်တက်သွားလိုက်သည်။

"ဟင်. . . နေသူရ"

မြလင်းကြည်ဖြူ အထိတ်တလန့် လှမ်းခေါ်လျှင် သူ မျက်မှောင်ကြုတ်ပြီး လှည့်ကြည့်လိုက်သည်။

"နင် ငါ့ကိုခေါ်ရဲသေးတယ်နော်"

"သူငယ်ချင်းတွေပဲဟာ"

"အဟက်! သူငယ်ချင်းတဲ့လား၊ နင်တော်တော်မျက်နှာပြောင်တာပဲနော်။ ဆေးဘွဲ့တစ်ခုရဖို့အတွက် ဖြူစင်ရိုးသားတဲ့ကောင်လေးတစ်ယောက်ရဲ့ပခုံးကိုနင်း၊ နှလုံးသားကို နင်းကွက်ခဲ့သလို ဟော! ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကိုရဖို့အတွက်ကျ နင့်ခန္ဓာကိုယ်၊ နင့်ဂုဏ်သိက္ခာကို တံတားခင်းပြီး နင်းအလျှောက်ခံပါရောလား။ ဘယ့်နှယ် ညက ဘာတွေဖြစ်သွားသေးလဲ"

နေသူရစကားက အမှန်ဆိုပေမယ့် အရိုက်ကို ဖနောင့်နှင့်ပေါက်သလို အခံရခက်စေလျှင် မြလင်း ဆတ်ဆတ်ခါနာရသည်။

"ဟင်! နင်. . . နင် ပြောရက်လိုက်တာ၊ နင့်ကျေးဇူးတွေရှိလို့ ငါဒီလောက်သည်းခံနေတာ။ နို့မို့ နင်မလွယ်ဘူး"





"ဘာလဲ. . . မှန်တာပြောတော့ အကြားရခက်သလား။ ဆောရီး မြလင်း၊ နောက် နင် ငါ့ကိုဘယ်တော့မှနှုတ်မဆက်ပါနဲ့။ ရင်ထဲမှာ ပုပ်ဟောင်နံစော်နေတဲ့နင်တို့အသိုင်းအဝိုင်းကို ငါရွံတယ်"

ပြောပြီး နေသူရ ချာခနဲလှည့်ထွက်သွားတော့ မြလင်း အငိုက်မိ အရိုက်ထိ ကျန်ခဲ့ရသည်။ သူကတော့ အမှန်သာမားမို့ တစ်သက်လုံး ခေါင်းမော့ ရင်ကော့နေမှာပဲ။ သူမတို့မှာသာ ဆင်ဖြူမျက်နှာ ဆင်မည်း ကြည့်ဝံ့ဘဝနှင့် တစ်သက်လုံး လိပ်ပြာမသန့်ဖြစ်နေရတော့မှာ။

မြလင်း စိတ်ထိခိုက်၊ နောက်ကျိစွာနှင့် ဖြည်းဖြည်းချင်း လှမ်းနေစဉ် အောင်သက်ထွန်း ကားနှင့်ရောက်လာပြီး သူမကို ဆေးရုံပို့ပေးဖို့ ဆောက်တင်သွားခဲ့သည်။

သူ့ကားနှင့်ဖြတ်သွားတော့ နေသူရ ဆေးခန်းထဲဝင်သွားတာ မြင်လိုက်ရလျှင် မြလင်းရင်မှာ ကျင်ခနဲ။ ဆရာဝန်မတစ်ယောက်ဖြစ်လာ ဖို့ နင် အပင်စိုက်ပေးခဲ့ပေမယ့် အခြေအနေအရ ဒီအပင်ရဲ့အသီးအပွင့်ကို နင်မစားသုံးရတော့ဘူးနော်။

သာမန်ဆေးခန်းသေးသေးလေးရဲ့ရှေ့မှာ ထိုင်စောင့်နေသည့် နေသူရရှိရာသို့ မြလင်းတစ်ယောက် စိတ်ထိခိုက်စွာကြည့်သွားခဲ့သည်ဆို ငြင်လည်း သူကတော့ ယုံမည်မထင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

ညနေလေးနာရီမှာ မေမေ့ကို လာခေါ်သွားကြပြီးလျှင် နေသူ
တစ်ယောက်တည်း အိမ်မှာကျန်ခဲ့သည်။ သူ့ရင်ထဲမှာ အားငယ်စိတ်လ
ဘာလား ဝင်လာ၏။

မိသားစုနှင့်ပျော်ပျော်ပါးပါးနေလာခဲ့ကြသည့် မေမေ့အိမ်။
တော့ သူတစ်ယောက်တည်း ခြောက်သွေ့လို့။

မနက်က ဆေးထိုးဆေးသောက်လုပ်ထားပေမယ့် သူ့ခေါင်း
အုံချင်ချင်။ ဘာဖြစ်တာပါလိမ့်။ တစ်လျှောက်လုံး ပေပေတေတေ
လို့များ ယခုစုပြုံပြီး ဒဏ်ခတ်လိုက်တာလား။

အိပ်ရာထဲမှာ ပက်လက်လှန်ရင်း နေသူရ ရုပ်ရှင်အနေ့းပြ
လို ကိုယ့်ဘဝကိုယ် အစမှပြန်မြင်ယောင်နေမိစဉ် သူ့အိမ်ရှေ့မှာ
ရပ်သံကြားလိုက်ရသဖြင့် လန့်သွား၏။

ငွေနှင်းလေပြည်လား။ မဖြစ်နိုင်ပါဘူး။ လူတိုင်းအပေါ် သ





ကောင်းသလိုပုံစံနှင့် အခြေခံကြီးကြီးသူဌေးသမီးဟာ သူ့အပေါ်ကျ နိုင်ချင်သလို နိုင်စားလိုက်တာ။

ခေါင်းတွေနောက်နေသည်မို့ သူ မျက်စိမဖွင့်ဘဲ ပေတေနေမိစဉ် သူ့နဖူးပေါ်သို့ နူးညံ့မွေးပျံ့သည့်လက်ကလေးတစ်ဖက် ရောက်ရှိလာပြီး

"ဟင်! ရှင် ကိုယ်တွေပူနေတာပဲ၊ ရှင်ဖျားနေတာ ဘာဖြစ်လို့ မပြောသလဲ။ ကိုယ်ရေးကိုယ်တာကိစ္စလေးဘာလေးနဲ့။ လူအထင်ကြီးအောင် လျှောက်ပြောနေရသေးတယ်။ ရှင့်အိမ်မှာလည်း ရှင်တစ်ယောက်တည်းပါလား။ လူတွေ ဘယ်ရောက်ကုန်ပြီလဲ။ ကေန္တ ရှင့်ကို လူဆိုးမို့ အားလုံးစွန့်ခွာထွက်ပြေးသွားကြတာထင်တယ်။ ရှင့်ရဲ့ချစ်သူက အစ"

အကောင်းပြောနေရင်းမှ သူမစကားက အရိုက်ကို လက်သီးနှင့်ထိုးသလိုဖြစ်လာလျှင် နေသူရ ကိုယ်ကိုစောင်းပြီး စောင်ကိုခေါင်းမြီးဆွဲခြုံပစ်လိုက်၏။

"သွားဗျာ. . . ကျုပ်နေမကောင်းဘူး၊ ကျုပ်ကို လူတွေအားလုံးက စွန့်ပစ်ထားခဲ့ကြတယ်၊ အဲဒါ ဘာဖြစ်လဲ။ ခင်ဗျားပြောသလို ကျုပ်က လူဆိုးပဲထားလိုက်ပါ။ ကဲ! လူဆိုးကြီး နာဖျားနေပါတယ်ခင်ဗျား။ တစ်ပတ်လောက် နားပစ်လိုက်ချင်လို့ ခွင့်ပေးပါ"

"အို. . . မရပါဘူး။ ကဲ. . . ပြော၊ ရှင့်အိမ်သား တွေ ဘယ်ရောက်ကုန်ပြီလဲ"

"အစကတည်းက မေမေပဲရှိတာ၊ အခု မေမေ တရားစခန်းဝင်သွားပြီ။ ကျုပ်တစ်ယောက်တည်းရှိတဲ့အိမ်မှာ ခင်ဗျားနေလို့ မသင့်တော်ဘူးနော်။ ကျုပ်က ကိစ္စမရှိဘူး. . . အသည်းရော လူရော နာဖျားနေတဲ့ ဒုက္ခသည်တစ်ယောက်"

www.burmeseclassic.com



"ကဲပါ. . . ရှင့်ကိုယ်ရှင်လည်း အရမ်းတွေ အမွှန်းတင်မနေနဲ့၊ နာဖျားနေတဲ့ဒုက္ခသည်ကြီးကို ကျွန်မအိမ်လိုက်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"

"ဟာဗျာ. . . နေပါစေ၊ အားနာပါတယ်။ ခင်ဗျားမှာလည်း မိဘတွေနဲ့"

"အောင်မာ! ကျွန်မက ရှင့်ကို ဘာမှမှုယ်မရာလုပ်ရအောင် ခေါ်နေတာ ကျနေတာပဲ။ အခု အိမ်မှာ မေမေ့မောင် ဦးတာ အတင်းလာနေလို့ရှင့်. . . သိရဲ့လား။ ရှင့်ကို အားကိုးတကြီးလာပြီးပင့်တာ"

"ဟင်! ရဲကိုတိုင်ပြီး ဆွဲချုပ်ပါလား။ ဘာဖြစ်လို့လက်ခံရတာလဲ"

"ဩော်. . . မေမေ့ရဲ့မောင်အရင်းခေါက်ခေါက်ကြီးပဲ။ အလည်လာသလိုလာတဲ့ကိစ္စ၊ ရဲတိုင်လို့ဖြစ်တဲ့လားရှင့်။ စဉ်းစားကြည့်ပါဦး"

"ညကကိစ္စ ကျုပ်တော့ သူ့ပယောဂလို့ထင်တယ်"

"ဒါလည်း သေချာတာ သက်သေပြစရာရှိတာ မဟုတ်ဘူးလေ။ ဘာပဲဖြစ်ဖြစ် ရှင့်အိမ်မှာလည်း ဘယ်သူမှမရှိတဲ့အတူတူ၊ ကျွန်မတို့အိမ်မှာ ခဏလိုက်နေပေးပါ"

"အန်ကယ်တို့ရော သဘောတူလို့လား"

"ရှင် တော်တော်ဈေးကိုင်တဲ့လူ၊ မေမေကိုယ်တိုင် လက်သိမ်ထိုးပြီး ခေါ်ခိုင်းတာ။ သိရဲ့လား"

"ဒါဆိုလည်း လိုက်ရတာပေါ့ဗျာ"

သူ ဒယီးဒယိုင်နှင့် ထရပ်တော့ ငွေနှင်းလေပြည်ကပင် သူ့အဝတ်အစားတွေ လေးငါးစုံခန့်ထည့်ပြီး အိမ်တံခါးပိတ်၊ သော့ခတ်ကာ နေသူရကိုခေါ်လာခဲ့သည်။

ဩော်. . . ဒါဟာ မရှယ်ဘဲ စော်ကဲမင်းဖြစ်တာလား။ ဒါမှမဟုတ်





သေချင်တဲ့ကျား တောပြောင်းတာလား။

မင်း. . . ဖြစ်ဖြစ်၊ ကျား. . . ဖြစ်ဖြစ်. . .

နေသူရတစ်ယောက် ဖုတ်သွင်းရထားဆိုက်သလို ကောင်မလေးမောင်းသည့်ကားပေါ်မှာ အခန့်သား ပါလာခဲ့ရတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

ငွေနှင်းလေပြည့် အိမ်ဝင်တော့ ညခုနစ်နာရီရှိပေပြီ။ တမင်ပင် ဦးတာတို့ ထမင်းစားခန်းထဲ ရောက်နေမည့်အချိန်ကိုမှန်းပြီး ဝင်ရတာပင်။ နို့မို့ စကားတွေရှည်နေဦးမည်။

“လာလာ. . . ရှင်နေရမယ့်အခန်းကို လိုက်ပို့မယ်”

“ဟို. . . ခြံထဲကတိုက်ကလေးမှာ မနေရဘူးလား”

“သြော်. . . ရှင့်ကိုအားကိုးတစ်ခုနဲ့ခေါ်ပါတယ်ဆိုမှ ဟိုတိုက်ကို သွားပို့လို့ဖြစ်မလား။ ရှင့်တာဝန်က အိမ်ကိုစောင့်ရှောက်ရမှာ”

“ကျုပ်တို့ဆိုင်သွားနေတုန်း လူကြီးနှစ်ယောက်တည်းဆိုရင် ဒီ တို့ကြိုက်သလိုလုပ်လို့ရတာပဲ”

“နေ့ဘက်တော့ အတင့်မရဲလောက်ပါဘူး။ ညရေးညတာမှာ လှုပ်ရှားမယ်ထင်တယ်။ နေ့ဘက်ကျ အပြင်မှာလည်း လူတွေနဲ့လေ”

“မထင်နဲ့၊ အတွင်းရောက်နေတဲ့ရန်သူဟာ အချိန်မရွေးလုပ်မှာ





လို့ရတယ်။ ကျုပ်သဘောအရဆိုရင်တော့ သူတို့ကိုလက်မခံဘဲ နှင်ထုတ်စေချင်တာ။ တော်ကြာ ညဘက် သူတို့လူတွေကို တံခါးဖွင့်ပေးရင် ဘယ်လိုလုပ်မလဲ”

“မပူနဲ့၊ တံခါးတွေအားလုံး သော့ခတ်ထားမယ်။ ကျွန်မ အမြဲသတိထားပါ့မယ်”

“တကယ့်သူခိုးဓားပြတွေဆိုရင် သော့တုတွေ လက်နက်ကိရိယာတွေနဲ့ ဘဏ်လိုအခိုင်အမာကြီးတွေတောင် ဖောက်လို့ရတယ်ဗျ”

“ကဲပါ၊ လာ. . . ရှင့်အခန်းကို လိုက်ပို့မယ်”

ငွေနှင်း သူ့ကို အောက်ထပ်ရှိအခန်းတစ်ခုတွင် နေရာချထားလိုက်သလို သူ့ဦးလေးလင်မယားနေသည့်အခန်းကိုလည်း ပြလိုက်၏။

“ရှင့်ရှေ့ကအခန်းပဲ၊ သူတို့ကို ရှင်စောင့်ကြည့်လို့ရတာပေါ့။ သူတို့ကတော့ ရှင်ဒီမှာရှိနေတာ ကြိုက်မှာမဟုတ်ဘူး”

ပြောပြီး ငွေနှင်းလေပြည့် ထမင်းစားခန်းသို့လျှောက်သွားလျှင် နေသူရ သူ့ရဲ့အခန်းကိုလှည့်ပတ်ကြည့်နေခဲ့သည်။

အခန်းက ကျယ်ကျယ်ဝန်းဝန်းရှိပါသည်။ ကုတင်၊ ဗီရို၊ စားပွဲ၊ ကုလားထိုင်နှင့် သန့်စင်ခန်း၊ ရေချိုးခန်းပါတွဲလျက်။ ပြည့်စုံသည့်အခန်းပါပဲ။ သူတံခါးပိတ်လိုက်တော့ အတွင်းမှချောင်းကြည့်လို့ရသည့်အပေါက်လေး မြင်လိုက်ရသဖြင့် ကျေနပ်သွား၏။ ဟိုလူတွေကိုချောင်းကြည့်၊ အကဲခတ်လို့ရတာပေါ့။

ဒီနေ့အဖို့တော့ သူ ဘာမှမစားချင်တော့ပါ။ ပြင်ထားသည့်အိပ်ရာပေါ်မှာလှဲရင်း အနားယူနေခဲ့သည်။

ငွေနှင်းလေပြည့်မှာ ထမင်းစားခန်းထဲမှာ ပြဿနာတက်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေ၊ မေမေနှင့်ဦးတာတို့လင်မယား ထမင်းစားနေကြစဉ် ငွေနှင်းကပင်. . .

"ဖေဖေ. . .ဖေဖေ ခုတလော ကျန်းမာရေးမကောင်းချင်လို့ သမီး ကိုနေသူရကိုခေါ်လာခဲ့တယ်။ အရေးကြုံရင် အားကိုးလို့ရတာပေါ့"

"ကောင်းတယ် သမီး၊ မောင်နေသူရက တော်တော်သဘောကောင်းပြီး အလိုက်သိတဲ့လူငယ်ပဲ"

ငွေနှင်းမိဘများ၏မျက်နှာများ ပြုံးသွားပေမယ့် ဒေါသထွက်သွားတာကတော့ ဦးတာတို့လင်မယားပါပဲ။

"ဘာ! မမက ကိုယ့်မှာ သမီးပျိုလေးရှိရဲ့နဲ့ ယောကျ်ားပျိုတစ်ယောက်ကို အိမ်မှာလက်ခံရသတဲ့လား။ ဟိုတစ်နေ့က ညစာခံပွဲမှာ တွေ့လိုက်ရတဲ့ကောင်လား။ သူက ဘာလဲ၊ ဒရိုင်ဘာလား"

"ဒရိုင်ဘာမဟုတ်ပါဘူး။ ဖေဖေ့မိတ်ဆွေရဲ့သားပါ။ သူတို့လည်း ဆိုင်ထဲမှာ ရှယ်ယာပါတယ်လေ။ လုပ်ငန်းသဘောနားလည်အောင် လာပြီးလေ့လာနေတာပါ"

'ဘယ်သူလဲ၊ ဘယ်မိတ်ဆွေလဲ"

"ဦးတာ တဆိတ်လွန်နေပြီ၊ ဒီအိမ်မှာ ဦးတာက ညှိသည်ပါ။ ဝင်ပြီးမစွက်ဖက်ပါနဲ့၊ မကြိုက်ဘူး"

"ဘာ! နင်ဘာစကားပြောတာလဲ၊ မမ. . .နင့်သမီး မိုက်ရိုင်းလှချည်လား။ မဆုံးမဘူးလား"

လူကြီးများမှာ ဘာမှဝင်မပြောဘဲ သူတို့တူဝရီး စကားများနေကြသည်ကို ကြောင်ပြီးကြည့်နေကြသည်။

ကိုယ့်လူ ဆုံးမရအောင် သူကရော စေတနာဆိုးနဲ့ရောက်လာ





ခဲ့တာမဟုတ်လား။ ငွေနှင်းကလည်း နေသူရအားကိုးနဲ့ သတ္တိတွေအပြည့်။

"ဦးတာကရော ကိုယ့်အစ်မကိုလေးစားလို့လား။ အမွေတွေရပြီးသားကို မတရားထပ်တောင်းလိုတောင်း၊ အခုရော ဒီအိမ်ကို ဘာအကြံအစည်နဲ့ အတင်းတက်လာတာလဲ"

"ဟဲ! ကိုယ့်ယောက်ဖ နေမကောင်းဘူးဆိုလို့ သတင်းလာမေးတာပဲ။ နင်ကရော သူဌေးဆိုပြီး ငွေဂုဏ်မောက်နေတာလား"

"ဖေဖေနေမကောင်းဖြစ်နေတာ ကြာပြီ၊ ခုမှ ဘာတစ်ရေးနိုးလာတာလဲ၊ ငွေနှင်းတို့က ကိုယ့်အပေါ်ကောင်းရင် ပြန်ကောင်းဖို့ ဝန်မလေးဘူး။ ဦးတာလို လောဘတွေငေါငေါတက်နေတဲ့၊ ရှေရတဲ့နည်းနဲ့ ယူမယ့်ဆွေမျိုးများတော့ မကြိုက်ဘူး"

"ဒါကတော့ နင့်အမေက အမွေကိုအပြည့်ခွဲမပေးဘဲ သူ့အတွက်အများကြီးယူထားလို့ မတရားလို့ ငါကတောင်းရတာပါ။ အဲဒီကိစ္စတွေသည်း ပြီးပါပြီ။ ငါအမြင်မှန်ရပါပြီ။ အခုက ငါ့ယောက်ဖတော်တော်နေကောင်းဘူးကြားလို့ ပြုစုရအောင်လာတာပါ။ ကြာကြာလည်းမနေပါဘူး၊ တစ်ပတ်လောက်ပဲနေမှာပါ"

"ကဲကဲ. . .တော်တော့သမီး၊ ကိုယ့်ဦးလေးက ဦးလေးပဲ။ ငရဲတာ မနေဘူး၊ ဖိုးတာကလည်း တစ်ပတ်ပဲနေ။ ဘာပဲပြောပြော နင်ကသူစိမ်းဖြစ်နေပြီ။ နင်ရှိတာ ငါတို့စိတ်ထဲ မသိုးမသန့်ခံစားရတယ်၊ မလုံခြုံသလိုခံစားရတယ်။ တစ်ပတ်ပြည့်ရင်ပြန်တော့"

ဒေါ်မြနှင်းဦး ဝင်ပြောလိုက်လျှင် ဦးဖိုးတာမျက်စိမျက်နှာပျက်သွားသည်။ သူ့အမျိုးသမီးမာရီယာကတော့ ဟန်ပင်မဆောင်နိုင်။

မာရီယာမှာ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး လူက စိတ်လွန်



www.burmeseclassic.com

www.burmeseclassic.com



အဆင်အပြင်နှင့်။ ဆံပင်ကိုရွှေအိုရောင်ဆိုးထားပြီး အလိပ်အလိပ်ယိုက်ကောက်ထားသလို ဖြူဥနေသည့်အသားမှာ အနက်ရောင်ကိုယ်ကျပ်ဝတ်ထားလိုက်တာက ခပ်ဟိုက်ဟိုက်နှင့်ခပ်ပါးပါး။

ရင်ထွားထွား၊ တင်ထွားထွားနှင့် ဝတ်ပုံစားပုံက ပက်စက်တော့ ယိုသူမရှက် မြင်သူရှက်ပုံစံ။ မျက်နှာကလည်း ကာလာစုံနှင့်။ လှတော့ လှပါသည်။ သို့သော် မောင်နှမ၊ သားနှင့်အမိ မကြည့်ဝံ့သည့်ပုံစံ။

ဦးတာကလည်း ရှေးခေတ် အမေရိကန်ကားတွေထဲက ဟစ်ပီလိုလို၊ ဘီတဲလ်လိုလို၊ ကောင်းဘွိုင်လိုလိုပုံစံ။ အသက်လေးဆယ်ကျော်ပေမယ့် သဘော်သားတွေလို ဆေးမင်ကြောင် ထိုးထားခဲ့သလားမသိ။

ဆံပင်ကိုနောက်ဘက်မှ သရေကွင်းနှင့်စည်းထားပြီး နားတစ်ဖက်မှာ နားကပ်နှင့်။ ဝတ်ပုံစားပုံက ခပ်ဟောဟော့။ စပို့ရှပ်နှင့် ဂျင်းဘောင်းဘီနှင့်။ ဆိုကြပါစို့။ မြန်မာမဆန်သည့်လင်မယား။ ခေတ်လွန်နေသည့်လင်မယားမှာ မြန်မာစိတ်ဓာတ်လည်း ရှိမည်မထင်။ ရမည်ဆိုလျှင် ဘနဖူး သိုက်တူးကြမည့်ပုံစံ။

မေမေပျော့ညံ့လို့သာ ဒီလင်မယားကိုလက်ခံဖြစ်ခြင်းပင်၊ ဒါဟာ မြွေပွေးခါးပိုက် ပိုက်ခြင်းပါပဲ။

ဦးတာရော မာရီယာပါ မခံမရပ်နိုင်နှင့်. . .

"မမတို့က သူစိမ်းတော့ အိမ်ပေါ်တင်ထားပြီး ကိုယ့်မောင်အရင်းကျတော့ မယုံသင်္ကာဖြစ်နေတယ်။ ကျွန်တော်က မမအတွက်ဆို လိုအပ်ရင် အသက်တောင်ပေးမယ့်သူပါဗျာ။ ခုလို မရှိခိုးနိုး မလှစုန်းရှိုး ထင်းရတာတော့ ကျွန်တော် တကယ်ဝမ်းနည်းတယ်ဗျာ"

ဦးတာပုံစံက တကယ့်ကို အကယ်ဒမီကွက်နင်းနေလျှင် ဒေါ်မြ





နှင်းဦးမှာ ကိုယ့်လက်ပေါ်ကြီးခဲ့ရသည့်မောင်မို့ စိတ်မကောင်းတွေဖြစ်လို့။

"ကဲကဲ. . . နင်ကလည်း နင်ကိုး၊ ခုကစပြီး တို့မောင်နှမတွေ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေကြရအောင်နော်။ နင်လည်း ကောင်းကောင်းနေတော့"

"ပြီးတော့ မမက ကျွန်တော်တို့လင်မယားကို အောက်ထပ်မှာထားတာလည်း ခံစားရတယ်ဗျာ။ ဒါ ဖေဖေရှိတုန်းက အတူနေခဲ့ကြတဲ့ မိသားစုအိမ်ကြီးမို့ ကျွန်တော် အလွမ်းပြေရောက်လာရတာပါဗျာ။ တခြားဘာရည်ရွယ်ချက်မှမရှိပါဘူး။ မိဘတွေကိုလွမ်းလွန်းလို့ပါဗျာ။ လွမ်းလွန်းလို့ပါ"

ဦးတာ မျက်ရည်တွေဘာတွေ ကျ၊ အသံတွေဘာတွေ တုန်လာခဲ့လျှင် ဒေါ်မြနှင်းဦး အရည်ပျော်တော့မတတ်။

"ကဲပါ ဖိုးတာရယ်၊ နင်အသေးစိတ်တွေ ခံစားမနေနဲ့၊ ကိုဇင်က ကျန်းမာရေးမကောင်းတော့ အာရုံနောက်မှာစိုးလို့ မထားတာပါ။ နင်တို့အောက်ထပ်မှာ လွတ်လွတ်လပ်လပ်နေလို့ရတာပေါ့"

"ကောင်းပါပြီဗျာ၊ လက်ခံတာပဲ ကျေးဇူးတင်ရမှာပါ"

ထမင်းစားပွဲမှာ ပြန်လည်ငြိမ်သက်သွားကြပြီး အတွေးကိုယ်စီနှင့် ထမင်းစားနေကြရာ ငွေနှင်းလေပြည် မေမေ့ကိုယ်စား အသည်းယားနေမိသည်။

မေမေ့လိုအသည်းနုပုံမျိုးနဲ့ မေမေ့မောင်က တုတ်ထိုးလုပ်စားသွားလိမ့်မယ် မေမေရေ. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

ညကတော့ ဘာမှအခြေအနေတွေ မထူးခြား။ ရောက်ရောက်ချင်းလည်း သူတို့လှုပ်ရှားကြမည်မထင်။

နောက်တစ်နေ့မနက်မှာ ငွေနှင်းရော နေသူရပါ ဆိုင်သို့မသွားကြ။ ဆိုင်မှာ အုပ်ချုပ်သူ မမေသန်းရှိသည်။ လောလောဆယ် အိမ်တွင်းသူပုန်က ပိုပြီးအရေးကြီးနေသည်မဟုတ်ပါလား။

နေသူရမှာလည်း မနက်ရောက်သည်နှင့် ရောဂါတွေက ယူပစ်သလို ပျောက်သွားပေပြီ။ ခါတိုင်းက ဦးဝေဇင်ကို ဘယ်သူ ဘယ်လိုပြု လုပ်ကိုင်ပေးသည်မသိပေမယ့် သူရှိတုန်းတော့ နေသူရ အန်ကယ်ကို ထမင်းစားခန်းသို့ ဝှီးချဲနှင့်ခေါ်လာခဲ့သည်။

ပြုစုချင်လို့ပါဆိုသည့် ဖိုးတာတို့ဇနီးမောင်နှံကတော့ အိပ်ရာက ပင် မထသေး။ ထမင်းစားပွဲမှာ ငွေနှင်းတို့မိသားစုသုံးယောက်နှင့် နေသူရ အိမ်အကူအမျိုးသမီးနှစ်ယောက်က လိုအပ်တာတွေ ပြင်ဆင်ပေးနေပါ





လက်ဖက်ရည်နှင့်မုန့်မျိုးစုံ။ သူက မနက်ဆို ထမင်းပူပူနှင့် စားတော်ပဲပြုတ်ဆီဆမ်း စားရမှ။ သည်တော့ လည်ပင်းရှည်ကာ ဟိုကြည့်ဒီကြည့်။ ခေါ်မြနှင်းဦးက ပြုံး၍မေးရှာသည်။

"မောင်နေသူရ ဘာများလိုအပ်လို့လဲကွယ်"

"ဟို...အန်တီ၊ ကျွန်တော်က ထမင်းဆီဆမ်းနဲ့ပဲပြုတ် စားနေကျမို့ပါ။ အဲဒါ ရနိုင်မလားလို့ပါခင်ဗျာ"

ငွေနှင်းလေပြည် မျက်စောင်းထိုးပေမယ့် သူကတော့ မတတ်နိုင်။

"ဪ...ရပါတယ်၊ ထမင်းကျက်ပါပြီ။ မပြုံးရေ...ထမင်းနဲ့ပဲပြုတ် လုပ်ပေးလိုက်ပါကွယ်"

ငွေနှင်းကတော့ နှုတ်ခမ်းလေး စူပွစူပွနှင့်...

"ဘယ်လိုညှီသည်လဲမသိဘူး၊ အလိုက်မသိ အားမနာနဲ့"

"ဪ...မတတ်နိုင်ဘူးလေ၊ ကျွန်တော်မှ ဒါတွေမကြိုက်ဘဲ။ အစားစားသလို တန်အောင်လည်း လုပ်ပေးပါ့မယ်ဗျာ။ ခိုင်းချင်တာခိုင်းပါ"

"ပြီးရော...ကိုယ့်စကားကိုယ်မှတ်ထား"

ထမင်းစားပွဲမှာ တစ်ယောက်အကြောင်းတစ်ယောက်ကိုမေးရင်းစိတ်ချမ်းသာနေကြစဉ် ဦးတာနှင့်မာရီယာ ဝင်လာကြလေသည်။ ပုံကြည့်ရတာ အပြင်သွားကြမည့်ပုံ။ နှစ်ယောက်စလုံး ပြင်ဆင်ခြယ်သထားကြလေသည်။

ဦးတာက ဘောင်းဘီသရီးကွာတားနှင့် အပေါ်က ပါတိတ်ရှပ်၊ မာရီယာကတော့ ရင်ပြတ်အနက်ပေါ် အနက်ပါးပါးထပ်ဝတ်ပြီး ခေါင်းတော်



www.burmeseclassic.com

www.burmeseclassic.com



က ဒူးအထက်အနက်၊ ပါးပါးပျော့ပျော့။ တကာယ့်ကို မော်ဒယ်ရှိုးပြတော့ မည့်အတိုင်း။

"လာ. . .ဖိုးတာတို့ ဘယ်သွားကြမလို့လဲ"

"အပြင်ခဏသွားမလို့ မမ၊ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူးကွယ်၊ မသွားခင် စားသွားကြဦး"

"မစားတော့ဘူးမမ၊ ညနေမှပြန်လာမယ်နော်"

"ဩော်. . .အေးအေး. . .လူပိုတွေတော့ ထပ်ခေါ်မလာနဲ့နော် ရှင်းရှင်းလင်းလင်းသိအောင် ပြောထားရတာ"

ဒေါ်မြနှင်းဦး၏စကားကြောင့် လင်မယားနှစ်ယောက်လုံး မျက်နှာ တွေ ပျက်သွားကြသည်မှာ သိသိသာသာ။ ကောင်း လူပိုတွေခေါ်ရအောင် သွားလေသလားမသိ။

"ဟုတ်ကဲ့. . .မခေါ်ပါဘူးမမ၊ ကဲ! သွားပြီနော်"

နှစ်ယောက်သား ထွက်သွားပြီး သူတို့ကားနှင့်သူတို့ မြို့ထဲသို့ ထွက်ခွာသွားကြသည်ကို နေသူရတို့လေးယောက်လုံး မတိုင်ပင်ဘဲ ငေး ကြည့်နေမိကြသည်။ အရင်ဆုံး ဒေါ်မြနှင်းဦး သက်ပြင်းချ၏။

"ခက်တာပဲကွယ်၊ ဆုပ်စုး စားရှူးဆိုတာ ဒါမျိုးဖြစ်မယ်"

"အန်တီက အားနာတာကိုး၊ ခုတော့ အိမ်ထဲမြွေဟောက်ဝင် နေသလို တထိတ်ထိတ်ဖြစ်နေပြီ"

"ကဲပါ. . .ရှင်ကလည်း မေမေ့ကိုစိတ်ဆင်းရဲအောင် ပြောမနေ ပါနဲ့တော့။ ဒါ မင်းမဲ့တိုင်းပြည်မှမဟုတ်ဘဲ။ သူလုပ်ချင်တိုင်း လုပ်လို့တော့ မရပါဘူး။ ပြီးတော့ ရှင်တစ်ယောက်လုံးရှိနေတာပဲ"

"ဟုတ်တာပေါ့၊ ကျုပ်က ဟာကျူလီကြီးပဲ။ ကဲပါ. . .လူကြီး





တွေ စိတ်ဆင်းရဲနေပါဦးမယ်။ အစားအသောက်တွေ ပျက်နေပါဦးမယ်"

"ဟုတ်ပါတယ်လေ၊ သတိနဲ့နေရင် အားလုံးအဆင်ပြေသွားမှာ ... မြို့လယ်ခေါင်ကြီးပဲ"

နံနက်စာဝိုင်းလေးခမျာ မနည်းပြန်ပြီးစိုပြည်အောင် လုပ်နေကြ သည်။ နေသူရ လူကြီးများကို စိတ်အနှောင့်အယှက်မဖြစ်စေလို။ တာဝန် ... သူ့အပေါ်မှာ။

သည်တော့ သူပဲ အားလုံးလုံခြုံအောင်စီစဉ်၊ စောင့်ရှောက်ရမည် ... နံနက်စာစားပြီးသည်နှင့် ခြံထဲဆင်းကာ တစ်ခြံလုံးကိုလျှောက်ပြီး အကဲ ... တ်သည်။ ခြံက အုတ်တံတိုင်းခတ်ထားပြီး တံတိုင်းပေါ်မှာ သံချွန်တွေ ...က်ထားသည်။

သို့သော် သူတို့ရန်သူက အပြင်မှလာမည့်ရန်သူမဟုတ်။ အတွင်း ...ာက်နေသည့်ရန်သူ။ ရန်သူကို အိမ်ထဲသွင်းထားပြီးမှ ဒုက္ခရောက်နေ သည့်အဖြစ်။

နေသူရ အိမ်ထဲသို့ ပြန်ဝင်လာပြန်သည်။ မီးခံသေတ္တာကတော့ ...ပေါ်ထပ်မှာ။ လူကြီးတွေရဲ့အခန်းထဲမှာ။ ညဘက်မှာ အပေါ်ကိုတက် ... ဒုက္ခပေးရင်တော့ ငါ လက်ဦးမှဖြစ်မယ်။

နေသူရတစ်ယောက် ခြံထဲဆင်းလိုက် အိမ်ထဲလျှောက်ကြည့် ...က်နှင့် ဂဏှာမငြိမ်ဖြစ်နေသည်ကို ငွေနှင်းလေပြည် တစ်နေရာမှစောင့် ...ည့်နေ၏။ သူမ ဆိုင်သို့ဖုန်းဆက်ညွှန်ကြားပြီးသည်နှင့် နေသူရအနား ... လျှောက်သွားလိုက်သည်။

"ရှင် ဘာတွေစဉ်းစားနေသလဲ၊ ရှင့်အကြံအစည်ရှိရင်လည်း ...ဦး"



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ဝရန်တာမှာ သူတို့နှစ်ယောက်ရပ်ပြီး စကားပြော နေကြခြင်းဖြစ်သည်။ ဦးဝေဖင်တို့ဇနီးမောင်နှံကတော့ အောက်ထပ်ညြ ခန်းထဲမှာပင် စကားစမြည်ပြောနေကြသည်။

"ကိုယ်တွေးမိတာကတော့ အန္တရာယ်ဆိုတာ အပြင်ကမလာ ဘူး။ အထဲကပဲလာမှာ။ ဒီတော့ ကိုယ့်ကို သူတို့အခန်းရှေ့မှာ နေရာ ထားတာထက် ဒီ အန်တီတို့အခန်းနားမှာ တိတ်တဆိတ်နေရာချပေးထာ စေချင်တယ်။ မင်းယုံကြည်မယ်ဆိုရင်ပေါ့လေ"

"ရှင်နော်. . . ယုံကြည်လို့ပဲ ရှင့်ကိုအိမ်ပေါ်တင်ထားတာပေ့ ကောင်းပါပြီ။ ရှင့်ကို မေမေတို့အခန်းနဲ့တစ်ခန်းကျော်မှာ နေရာပေးမယ်"

"သူတို့အမြင်မှာတော့ သူတို့ရှေ့ကအခန်းမှာပဲ နေတယ်လို့ထ ပါစေ"

"သြော်. . . သူတို့ကိုလှည့်စားချင်လို့ပေါ့။ ဟုတ်လား"

"ဟုတ်တယ်၊ သူတို့အမြင်မှာ သူတို့ရှေ့မှာပဲ နေတယ်ထင်ပစေ"

နေသူရ၏အကြံကို ငွေနှင်းလေပြည် သဘောပေါက်သွားသည် ရင်ထဲမှာတော့ မအေးချမ်းသေး။ သူဦးလေးဖိုးတာ ညနေပြန်လာခဲ့လျှ မည်သို့ဒုက္ခတွေပေးဦးမည်လဲဟုတွေးပြီး စိတ်ရှုပ်ထွေးမိသည်။



## အခန်း ( ၂၁ )

သစ္စာစူးတယ်ဆိုတာ ဒါလား။ သစ္စာတွေ မေတ္တာတွေ သိပ်ပြီး အယုံအကြည်မရှိသည့်အသိုင်းအဝိုင်းမှာ ကြီးပြင်းခဲ့သူမို့ မြလင်းကြည်ဖြူ သစ္စာစူးတယ်ဆိုတာ လက်မခံချင်ပေမယ့်. . .

ယခု လောလောဆယ် သူမခံစားနေရဟာ ဘယ်လိုတံဆိပ် ကပ်ရမှာလဲ။

အိမ်မှာဆိုလည်း ဖခင်က အရက်သောက်၊ မိခင်က အောင် သက်ထွန်းထံမှ ရသမျှချူယူ၊ အစ်ကိုကျတော့ရော ဆိုက်ကားနင်းရသမျှ အကုန်သောက်ရုံတင်မက၊ အရပ်တကာလှည့်ပြီး ရန်ဖြစ်လိုက်သေး။

သူတို့ကိုယ်သူတို့ သမီးက ဆရာဝန်လောင်း၊ ချောချောလှလှ၊ သားမက်လောင်းက ချမ်းသာသည့်သူဌေးရယ်လို့ အခြောက်တိုက် ဘဝင် မြင့်နေကြပုံမှာ သေသေချာချာတွေးကြည့်လျှင် သနားစဖွယ်။

ကျောင်းပြီးတော့မည်မို့ မြလင်းကြည်ဖြူ အလုပ်တစ်ခုရှာနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကိုယ့်ဝမ်းနာကိုယ်သာသိ။ သူမတို့အဖြစ်က ဆန်မရှိ အစားကြီး နေရသည့်ဘဝမို့။

အရေးထဲ အောင်သက်ထွန်းကလည်း မပိုင်မိက နိုင်ချင်နေလိုက်တာ။ ဟိုအလုပ်ဆိုလည်း ကန့်ကွက်၊ ဒီအလုပ်ဆိုလည်း ကန့်ကွက်နှင့်။

သူမက ဆရာဝန်ဖြစ်တော့မှာမို့ ဆယ်တန်းကလေးတွေကို ဂိုက်လုပ်ပေးသည့်အလုပ်ကျတော့လည်း အောင်သက်ထွန်းက ကန့်ကွက်ခဲ့သည်။

"မဖြစ်ပါဘူး၊ မြလင်းက အရွယ်တင်တယ်။ ဆယ်တန်းကလေးတွေနဲ့ အရွယ်ချင်းမကွာဘူးဖြစ်နေတယ်။ ကဲပါကွာ. . . ဘာအလုပ်မှလုပ်မနေနဲ့။ ကိုကို့ကိုပဲ အမြန်ဆုံးလက်ထပ်တော့"

"မဖြစ်ပါဘူး၊ ဖေဖေနဲ့မေမေ့ကို ပြုစုလုပ်ကျွေးရဦးမယ်"

"မြလင်းမိဘတွေက တစ်သက်လုံးလုပ်ပေးလည်း လူမွဲရာတောင် ပြောင်မှာမဟုတ်ပါဘူးကွာ"

"ဘာရှင့်! ရှင်ဘာပြောလိုက်တယ်။ ရှင်. . . ရှင်"

မြလင်းကြည်ဖြူ ဒေါသတွေထွက်လာတော့မှ အောင်သက်ထွန်း လျှော့ချသွားမြဲ။

"ကဲပါ မြလင်းရယ်၊ မြလင်းသာ ကိုကို့ကို အမြန်ဆုံးလက်ထပ်လိုက်။ ကိုကို ယူ့မိဘတွေကို တစ်လနှစ်သိန်း ထောက်ပံ့မယ်။ တစ်သက်လုံးနော်"

"အဲလို သူများနာခေါင်းပေါက်နဲ့ အသက်မရှူချင်ပါဘူး။ မြလင်းမိဘတွေကို မြလင်းဘာသာ လုပ်ကျွေးမှာ"

"အတူတူပဲပေါ့ မြလင်းရယ်၊ ကိုကိုနဲ့လက်ထပ်ပြီးမှ မြလင်း





စိတ်ကြိုက်လုပ်ပါ။ မြလင်းကို ကိုကိုစိတ်မချဘူးကွာ။ မြလင်းက ငယ်ငယ်ချောချောလေး။ ကိုကိုက အသက်သုံးဆယ်နားနီးနေပြီ။ လက်ထပ်ကြရအောင်. . . နော်. . . နော်"

မြလင်းအဖြစ်က ဆုပ်ရိုး စားရှုးဆိုတာမျိုး။ ချစ်သူကိုစွန့်ခွာပြီး သာရာနားမီသည့် ငှက်မလေးတစ်ကောင်။ ယနုဟာလော နေသူရကို သူ့အိမ်မှာ တွေ့ပင်မတွေ့ရတော့။ ညွှေခံပွဲမှာ ဆုံပြီးကတည်းက မတွေ့ရတော့တာ။

နှစ်ရှည်လများ သူမအပေါ် အနစ်နာခံပြီး ကျောင်းထားပေးခဲ့သည့်ချစ်သူကို သတိရမိတိုင်း မြလင်းရင်မှာ နာကျင်ရမြဲ။ ဘယ်လိုမှ နောက်ကြောင်းပြန်လှည့်လို့မရသည့်အဖြစ်ကို ရောက်ခဲ့ပြီ။ သူမ မည်သူ့ကို ရင်ဖွင့်ရမှာလဲ။

ကိုယ့်မိသားစုကိုတော့ ဖွင့်လို့ရမှာမဟုတ်။ ကြည့်ပါဦး၊ အလကား နေရင်း ဘဝင်မြင့်နေလိုက်ကြတာ တစ်ရပ်ကွက်လုံး အော့ကြော့လန်နေပြီ။ အဖေ့ကိုရော အစ်ကို့ကိုပါ တစ်ရပ်ကွက်လုံး မကြည်ဖြူကြ။ မေမေနဲ့ သူမကိုပါပေါ့လေ။

သည်နေ့လည်း အောင်သက်ထွန်းက သူ့တူမ မင်္ဂလာဆောင်သို့လိုက်ရမည်ဆိုလို့ မြလင်း စိတ်မပါပေမယ့် ပြင်ဆင်နေရသည်။ မည်သို့ပင်ဖြစ်စေ သူ့ဘက်မှာ မြလင်းကိုပွင့်ပွင့်လင်းလင်းမိတ်ဆက်ပေးထားပြီမို့ သူ့အမျိုးအဆွေတို့၏ သာရေးနာရေးမှာ မြလင်း မလိုက်မဖြစ်လိုက်ပါနေရစမြဲ။

သူဝယ်ပေးထားသည့်ဝတ်စုံကို ဝတ်နေရစဉ် အိမ်ရှေ့မှကားဟွန်းသံ ကြားလိုက်ရသည်နှင့်အတူ မေမေ့ကြိုဆိုသံက ဆက်တိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော! မောင်အောင်သက်ထွန်းတောင် ရောက်လာပြီ။ သမီ ရေ. . . ဒီမှာ သမီးကိုကိုလာပြီ။ မေမေ ဈေးသွားလိုက်ဦးမယ်နော်။ ဪ မေမေ့ကိုဈေးဖိုးလေး ပေးပါဦး၊ သမီးစာအုပ်ဖိုးက မနက်ဖြန်မှပေးရမှာ မဟုတ်လား။ မေမေအချိန်မီပြန်ပေးမယ်နော်"

"ဪ. . . အန်တီ၊ ကျွန်တော့်ဆီက ယူသွားပါ။ မြလင်း စိတ် အနှောင့်အယှက်ဖြစ်နေပါဦးမယ်"

အသံတွေကြားနေရပြီး မေမေနှင့်သူ အဆင်တွေပြေနေရကာ မေမေ အိမ်ပေါ်မှဆင်းသွားသံနှင့်မရှေးမနှောင်းပင် သူ မြလင်းအခန်းထဲ သို့ဝင်လာခဲ့သည်။ မြလင်း မျက်စိတွေ ပြာသွားသည်။

"အို! ကို. . . ဘာဖြစ်လို့ဝင်လာတာလဲ၊ ဖေဖေနဲ့အစ်ကိုနဲ့ တ ယောက်ယောက် ပြန်လာတာနဲ့တွေ့ရင် ပြဿနာတွေတက်ကုန်မယ်"

"ဒီအချိန်မပြန်ပါဘူး မြလင်းရယ်၊ ကိုကိုက မြလင်း ပြင်တ ဆင်တာတွေ အဆင်ပြေမပြေကြည့်မလို့ပါ။ ပြီးတော့ မြလင်းကို လ ဝတ်လက်စားလေးဘာလေးလည်း ဆင်ချင်လို့ပါ"

"မြလင်း မဝတ်ချင်ပါဘူး၊ တော်ကြာ ပျောက်ရှကုန်ရင် ဒုက္ခ"

"မပျောက်ပါဘူးကွာ၊ ကားနဲ့သွားတာပဲ။ မင်္ဂလာဆောင်သွ မှာမို့ ကိုယ့်ဂုဏ်နဲ့ညီအောင် ဝတ်ရမှာပဲ"

သူက အတင်းပင် မြလင်းကို လက်ဝတ်ရတနာတွေ ဆင်မြ ပေးနေတော့ မြလင်းစိတ်မသက်မသာနှင့် ဝတ်ဆင်နေရသည်။ ပြီးတော့ သူ့အသွင်က သူမကိုပွေ့ဖက်တော့၊ နမ်းရှုံ့တော့မည့်အသွင်ဖြစ်လ လျှင် မြလင်း အလိမ္မာနှင့် အခန်းပြင်သို့ အတင်းထွက်ခဲ့ရသည်။

ဪ. . . နေသူရနှင့်တုန်းကတော့ ဒီလိုမဟုတ်။ သူမကိုသ





သန့်လေးပဲ ချစ်ခဲ့တာ။

"မြလင်းကလည်းကွာ၊ သေသေချာချာတောင် ပြင်လို့ဆင်လို့ မပြီးသေးဘူး"

"တော်ပြီ ကို၊ အရပ်ထဲမှာ မြလင်းကို အရမ်းကဲ့ရဲ့နေကြပြီ။ ကိုကားကြီး အိမ်ရှေ့မှာရပ်ထားပြီး လူတွေက အခန်းထဲရောက်နေလို့ ဘယ်ဖြစ်မလဲ။ သွားကြစို့"

"မြလင်းက လူတွေကို သိပ်ပြီးဂရုစိုက်တာကွာ။ ကိုကိုတို့အမြန် ဆုံးလက်ထပ်ကြရအောင်ဆိုတော့လည်း လက်မခံ"

သူ့စကားကိုပြန်ပြီးဖြေရှင်းမနေတော့ဘဲ မြလင်းကြည်ဖြူ ကား ပေါ်သို့သာ တက်လိုက်သည်။

ဒီလူနဲ့တော့ ရှေ့လျှောက် ဘယ်လိုစခန်းသွားရပါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

ညရှစ်နာရီလောက်ကျမှ ဦးတာနှင့်မာရီယာတို့ ပြန်လာကြသည်။ နေသူရ သူတို့ကားထဲမှာ လူပိုပါမပါ ရှာကြည့်ချင်ပေမယ့် ဒေါ်မြနှင်းဦးက အားနာနေသည်။

"ကားက အမြင်သာကြီးပါ နေသူရရယ်၊ သူတို့ကို မသက်ာရမလားဆိုပြီး ဒေါ်သတွေထွက်နေပါဦးမယ်"

"ကျွန်တော်ကတော့ ရှာလိုက်ချင်တယ်၊ ဒါပေမဲ့ အန်တီသဘောပါ"

ဦးတာနှင့်မာရီယာတို့ အထုပ်တွေဆွဲပြီး ပြုံးရွှင်စွာ ပြန်လာကြရင်း ညေ့ခန်းထဲမှာရှိသည့် ဦးဝေဖင်နှင့် ဒေါ်မြနှင်းဦးကို တလေးတစားနှုတ်ဆက်ကြသည်။ နေသူရကိုတော့ အရေးပင်မလုပ်။

နေသူရ ချက်ချင်းပင် အိမ်တံခါးကိုပိတ်လိုက်သည်မှာ မမေ့မလျော့။ ငွေနှင်းလေပြည် သူ့ဦးလေးစုံတွဲကို မျက်ခြည်မပြတ် အကဲခတ်နေ၏။





"မင်းတို့ပြန်လာတာ နောက်ကျလိုက်တာ၊ ကဲ! ထမင်းသွားစားကြ"

"မစားတော့ဘူး မမ၊ အပြင်က စားလာခဲ့ပြီ။ အစ်ကိုကြီးရော ဒီနေ့ ထမင်းစားလို့ကောင်းရဲ့လား။ ကျွန်တော် ကြေးအိုးဝယ်လာတယ်။ မာရီယာရေ. . . ရော့! သွားပြီးပြင်ယူခဲ့ပါကွာ"

"နေပါစေ ဖိုးတာ၊ ငါမစားတော့ဘူး"

"စားပါ အစ်ကိုကြီးကလည်း၊ ကျွန်တော်က စားစေချင်လို့ ပူပူလေးဖြစ်အောင် လုပ်ယူလာရတာ"

မာရီယာက ချက်ချင်းပင် ပန်းကန်နှင့်ပြင်ယူလာတော့ အငွေ့တထောင်းထောင်းနှင့် စားချင့်စဖွယ်။ ဦးဝေဖင် စားချင်ပုံရသဖြင့် ဒေါ်မြနှင်းဦး ခွဲ့ပေးရတော့သည်။

တစ်ဝက်လောက်ကျတော့ ဦးဝေဖင် ဝသွားသဖြင့် ဒေါ်မြနှင်းဦး ဆက်သောက်လိုက်သည်။ ဦးတာနှင့်မာရီယာမှာ ပီတိအကြည့်တွေနှင့်။

"ပြီးရင်ပေး. . . မမ၊ မာရီယာ ဆေးလိုက်မယ်"

ပန်းကန်သွားဆေးနေစဉ် ဖိုးတာက ဦးဝေဖင်ကိုနှိပ်ပေးနေပြန်ရာ နေသူရနှင့် ငွေနှင်းလေပြည်တို့ မျက်လုံးပြူးနေရသည်။ ဒါ မာယာတွေလား။

"ကျွန်တော်အမြင်မှန်ရပါပြီ မမရယ်၊ ပြေးကြည့်မှ သွေးသားရယ်လို့ မောင်နှမနှစ်ယောက်တည်းရှိတော့တဲ့အဖြစ်။ ပစ္စည်းဥစ္စာဆိုတာ သခါရပါ။ ကိုယ့်သွေးသားထက် ဘာမှတန်ဖိုးမရှိပါဘူး"

မာရီယာ အပြင်ပြန်ရောက်လာတော့လည်း ဒေါ်မြနှင်းဦးကို ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကြောတွေ နှိပ်ပေးနေပြန်လေရာ လူကြီးနှစ်ယောက်မှာ သဘောအကျကြီးကျနေလေ၏။ နေသူရကတော့ ဘာတွေညာဏ်ဆင်နေသလဲဟုသာ တွေးနေမိပါသည်။

ညကိုးနာရီကျော်သည်အထိ ဧည့်ခန်းထဲမှာ စကားပြော၊ တီဗီကြည့်နေကြပြီး ဖိုးတာတို့လင်မယားက ဦးဝေဖင်နှင့်ဒေါ်မြနှင်းဦးကို တစ်လျှောက်လုံးနှိပ်ပေးနေလေသည်။

ကိုးနာရီခွဲလောက်ကျမှ လူစုခွဲကြသည်။

"ကဲကဲ. . .အန်ကယ့်ကိုလိုက်ပို့ပါဦး မောင်နေသူရ။ မောင်တို့တော့ ဆက်ကြည့်ချင်ကြည့်ပေါ့"

"ဟာ. . .ကျွန်တော်လိုက်ပို့မှာပေါ့ အစ်ကိုကြီးရယ်။ သူစိမ်းတွေကို အပေါ်အတက်ခံလို့ဘယ်ဖြစ်မလဲ"

"ကဲ! ပို့ချင်လည်းပို့ကွာ"

ဦးဝေဖင်ကို ဖိုးတာနှင့်မာရီယာတို့ ဗိုးချဲတွန်းကာ လိုက်ပို့ပေမယ့် ဒေါ်မြနှင်းဦးနှင့်ငွေနှင်းလေပြည်တို့လည်း ထပ်ချပ်လိုက်ပါသွားကြသည်။ အခန်းထဲရောက်တော့ ဦးဝေဖင်ကို ဖိုးတာနှင့်မာရီယာတို့ ဆက်ပြီး နှိပ်နယ်ပေးကြပြန်သည်။ ဒေါ်မြနှင်းဦးမှာ သူ့မောင်ကို အားတွေနာလို့။

"တော်ပါပြီ ဖိုးတာရယ်၊ ငါတို့မှာ မောင်နှမနှစ်ယောက်ပဲရှိတာနင် ဒီလိုလိမ္မာတော့ ငါအားကိုးရတာပေါ့"

"စိတ်ချပါမမရယ်၊ ရှေ့ဆက်ပြီး မမစိတ်ချမ်းသာရမှာပါ။ အရေးကြီးတော့လည်း သွေးနီးရတာပါပဲဗျာ။ သွေးဆိုတာ ရေထက်ပျစ်ပါတယ်"

ဖိုးတာ စကားကြီးစကားကျယ်တွေ ပြောနေပေမယ့် ရုပ်တည်





ကြီးနှင့်မို့ ဒေါ်မြနှင်းဦး ကျေနပ်ယုံကြည်နေမိသည်။ နောက် သူတို့တွေထွက်လာခဲ့ကြတော့ ညဆယ်နာရီကျော်နေပေပြီ၊

နေသူရ ဖိုးတာနှင့်မာရီယာတို့ အောက်ပြန်ဆင်းလာမှ သူတို့ရှေ့မှာပင် ကိုယ့်အခန်းထဲသို့ အဝင်ပြလိုက်သည်။ နောက် သူတို့အလစ်မှာ အပေါ်ထပ်သို့ လစ်တက်ခဲ့ပြီး ဦးဝေဖင်တို့အခန်းနားမှာ နေရာယူလိုက်သည်။

ဒီည ဘာတွေဖြစ်လာဦးမှာလဲ။ သတိအပြည့်နှင့် စောင့်ကျပ်ကြည့်ရှုရင်း မိုးလင်းခါနီးမှ မေးခနဲအိပ်ပျော်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

"အောင်မယ်လေး! လာကြပါဦး. . . လာကြပါဦး"

မနက်ခြောက်နာရီလောက်မှာ လူကြီးများအခန်းမှ အော်ဟစ်သံကြောင့် နေသူရ ဆတ်ခနဲလန့်နိုးသွားပြီး ကိုယ့်အခန်းထဲမှ ပြေးထွက်သွား၏။

ဘုရား! ဘုရား! တစ်ညလုံးစောင့်တုန်းက ဘာမှမဖြစ်ဘဲ ယခု မိုးလင်းခါမှ ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်။

နေသူရ လူကြီးများအခန်းသို့ပြေးဝင်သွားစဉ် သူ့နောက်မှ ငွေနှင်းလည်း ချက်ချင်းရောက်လာသလို မရှေးမနှောင်းပင် ဦးတာတို့လင်မယားလည်း ရောက်ချလာသည်။

"ဟင်! အန်. . . အန်ကယ် ဘယ်လိုဖြစ်တာလဲ"

"ဆေးရုံ. . . ဆေးရုံပို့ရအောင်"

"ဆရာဝန်ခေါ်မှဖြစ်မယ်"





ကုတင်ပေါ်မှာ ဖက်ကျိုးနေသည့်ဦးဝေဖင်အသွင်က အသက်မရှိတော့။ တစ်ယောက်တစ်ပေါက်အသံများကို နားထောင်ရင်း နေသူရ တစ်ယောက် ကြက်သေသေနေ၏။

ဘယ်လိုဖြစ်ရတာလဲ။ အဖြစ်အပျက်က မယုံနိုင်စရာ။ အစာအဆိပ်သင့်တာလား။ ညဦးပိုင်းက ကြေးအိုးသောက်တယ်။ သို့သော် ဒီကြေးအိုးကိုပဲ ဒေါ်မြနှင်းဦးလည်း သောက်သည်မဟုတ်ပါလား။

ဒါဆို ဘာဖြစ်တာလဲ. . .

"ဆေးရုံ. . . ဆေးရုံပို့ရအောင်၊ ဖေဖေ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အသက်ရှင်ရမယ်"

ငွေနှင်းလေပြည်တစ်ယောက် တဆတ်ဆတ်တုန်နေပြီး ဖခင်အနားမှာ သွေးရူးသွေးတန်း။

"နေသူရ. . . အရေးပေါ်ကားတစ်စီးစီး ခေါ်လိုက်ပါ။ အမြန်ဆုံးလုပ်လေ"

နေသူရ အရေးပေါ်ကားကို လှမ်းခေါ်နေစဉ် တစ်အိမ်လုံးရှိ အလုပ်သမားတွေပါ အိမ်ပေါ်သို့ရောက်လာကြသည်။ တစ်ယောက်တစ်ပေါက်အသံများက တိုးပေမယ့် ကြားနေရသည်။

"သူ့ဌေးဆုံးသွားပြီ၊ ဘာဖြစ်လို့လဲ"

"ဆေးရုံပို့ရင်ရော ပြန်ရှင်လာမှာလား"

"ဟာ. . . သေပါပြီ၊ သေတာသေချာပါတယ်"

"ညဦးတုန်းကတင် အကောင်းကြီး။ ဘယ်လိုဖြစ်တာလဲ။ ဒါ သွေးရိုးသားရိုးလား"

ငွေနှင်းလေပြည်နှင့်ဒေါ်မြနှင်းဦးတို့သားအမိ ဖခင်အနီးမှာထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်ရည်တွေနှင့် ပျာယာခပ်နေရသည်။ သေတယ်ဆိုတာ လုံးဝကို လက်မခံနိုင်ကြသေး။

"ဟော! အရေးပေါ်ကား လာပြီ"

ကားဆီသို့ နေသူရ ပွေ့ချီခေါ်သွားမည်ပြင်ပေမယ့် ဦးဖိုးတာက အတင်းဝင်ပွေ့သည်။ သူ့မှာလည်း မျက်ရည်လည်ရွဲ။ မာရီယာကလည်း လူးလှိမ့်ငိုနေလိုက်တာ။

အရေးပေါ်ကားနှင့်တင်သွားပေမယ့် ဦးဝေဇင်မှာ အသက်မရှိတော့။ စက်အမျိုးမျိုးနှင့်စမ်းသပ်စစ်ဆေးပေမယ့် သေခြင်းတရားကို ပြောင်းလဲလို့မရ။

ဆေးစစ်ကြည့်တော့လည်း ဦးဝေဇင်သေတာ ရိုးရိုးသားသား။ လေဖြတ်ရောဂါရှိသူမို့ ဒုတိယအကြိမ်ထပ်မံလေဖြတ်သွားခြင်း။ သို့မဟုတ် ဦးနှောက်သွေးကြောပြတ်သွားခြင်းပါ။

နောက်ဆုံး ဦးဝေဇင်ကို ရေခဲတိုက်ပဲပို့လိုက်ကြရသည်။ သည်အခါ အိမ်မှာတွင်ကျယ်နေတာ ဦးတာနှင့်မာရီယာ။ ကာယကံရှင်သားအမိနှစ်ယောက်နှင့် နေသူရတို့ အသုဘကိစ္စအဝဝနှင့် အလုပ်တွေရှုပ်နေကြချိန်မှာ သူတို့လင်မယားကဝင်ပြီး အမှတ်ယူကြ အရေးသယ်ကြသည်။ တောမီးလောင် တောကြောင် လက်ခမောင်းခတ်။

အသုဘကိစ္စပြီးတော့ အိမ်မှာ ပူဆွေးသောကတွေနှင့် သားအမိနှစ်ယောက်လုံး ငူငူငိုင်ငိုင်။ တစ်ပတ်ပဲနေပါမည်ဆိုသော ဦးတာတို့လင်မယား ပြန်မည့်စကား မပြောကြတော့။ နေသူရမှာလည်း ဘာဆက်လုပ်ရမှန်းမသိ။ ဒီအိမ်မှာ ဆက်နေရမည်လား၊ ပြန်ရမည်လား။ မေမေကလည်း အိမ်ပြန်မလာသေး။





ဦးဖိုးတာနှင့်မာရီယာတို့ အိမ်မှာ ဗိုလ်ကျနေတာ သူ့ကိုဒွဲချဲနေတာတွေ ငွေနှင်း သိမည်မထင်။ ဒေါ်မြနှင်းဦးလည်းသိမှာမဟုတ်။ မနက်ကပဲ ထမင်းစားခန်းထဲမှာပြောတာကြည့်။ ငွေနှင်းတို့သားအမိ မရှိတာမို့ ထမင်းစားပွဲမှာ သူတို့သုံးယောက်တည်း။

"နေသူရ. . . မင်း လူလိုသိတတ်ဖို့ကောင်းပြီ"

သူ ဦးတာကိုမျက်ခုံးပင့်ကြည့်လိုက်တော့ သူ့ပုံစံက မခိုးမခန့်။ မာရီယာကလည်း ခပ်လှောင်လှောင်ရုပ်နှင့်။

"အခု ဒီအိမ်မှာ မိန်းမသားနှစ်ယောက်တည်းရှိတော့တယ်။ မင်းနေလို့ဘယ်သင့်တော်မလဲ။ ဒါကိုမတွေးမိဘူးလား"

"ဩော်. . . မောင်ရယ်၊ စကားပုံလည်းအရှိသား၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတာလေ။ သူကတော့ ဒါတွေဘယ်တွက်နေမလဲ၊ ကြိုက်မရှက် ငိုက်မရှက်တာလား၊ ဒါမှမဟုတ် သိုက်တူးတာလား။ ရှင့်ဘူမကလည်း သူ့ဘက်က ရပ်နေတော့"

မာရီယာ့စကားကလည်း ပက်စက်သည်။ သို့သော် သူတို့လင်မယားကတော့ သူ့ကို ဒီအိမ်မှလွှင့်ထွက်အောင် လုပ်မှာပါပဲ။ သူစိတ်ဆိုးပြီး ထွက်သွားအောင် လုပ်နေတာ။

နေသူရ ဘာစကားမှမပြောဘဲ နံနက်စာစားပွဲမှ ထွက်ခဲ့တော့ နောက်ဘက်မှလှောင်ရယ်သံတွေက ကပ်ပါလာခဲ့၏။

"တောက်! "

နေသူရ လက်သီးနှစ်ဖက်ကိုဆုပ်ပြီး အံကြိတ်ထားမိစဉ် သူ့အနားသို့ ငွေနှင်းရောက်လာ၏။

"ဘာဖြစ်နေတာလဲ၊ ဟိုလင်မယား ပြဿနာရှာလည်း ရှင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မသွားရဘူးနော်''

ငွေနှင်းလေပြည် သူ့ဘာဖြစ်နေတယ်ဆိုတာ ကြိုသိနေသည့်အလား။ နေသူရ ခြံထဲမှာ ကိုယ့်ဒေါသ ကိုယ်ဖြေလျှော့နေတာပါ။

''အိမ်မှာ မေမေက နေမကောင်းတော့ဘူး။ ဟိုလင်မယားကလည်း မေမေ့ကို စကားလုံးတွေနဲ့ခြိမ်းခြောက်ထားတယ်။ ဒီကြားထဲက ရှင်ထွက်သွားရင် ကျွန်မတို့သားအမိ ဘာဖြစ်သွားမလဲ''

''ကျုပ်ဘက်ကလည်း ကြည့်ဦး၊ ယောက်ျားသိက္ခာတစ်ပြားသားမှမရှိအောင် ပြောနေတာ။ ကျုပ်ကပဲ ခင်ဗျားကိုလိုချင်လို့ သိုက်တူးချင်လို့ အတင်းတွယ်ကပ်နေတဲ့ပုံ''

''ဒါ သူတို့ဆင်တဲ့ကွင်းလေ။ သူတို့ပြောလို့ ရှင်ထွက်သွားရင် သူတို့အောင်ပွဲခံမှာပေါ့။ ကိုယ်မဟုတ်ရင် ပြီးတာပဲရှင်။ ရှင်ထွက်သွားတာနဲ့ ကျွန်မတို့သားအမိကို သူတို့ဒုက္ခပေးကြတော့မှာ၊ ရှင်လည်းသိသားနဲ့''

''ဒါဆိုလည်း သူတို့လင်မယားကို နှင်ထုတ်လိုက်ကြပေါ့''

''အပြောရကျပ်လိုက်တာရှင်၊ သူတို့က မေမေ့ကိုသွေးဆောင်ထားကြပါတယ်ဆိုမှ။ သူတို့နှစ်ယောက်က မေမေ့ကိုအစွမ်းကုန် ဂရုစိုက်ပြီး အစွမ်းကုန်ဖြားယောင်းနေကြတာ။ ရှိခိုးပါရဲ့ရှင်. . . ရှင်ထွက်မသွားပါနဲ့နော်''

ငွေနှင်းလေပြည် အနူးအညွတ်တောင်းပန်နေလျှင် နေသူရမှာ သက်ပြင်းရှည်ကြီးချရသည်။

''ခွေးဟောင်လို့ တောင်မရွေ့ပါဘူးရှင်၊ သူတို့ဘာဆိုတာလည်း သိနေသားနဲ့။ ကျွန်မတို့ကို စောင့်ရှောက်ပါနေသူရရယ်။ ကျေးဇူးဘယ်တော့မှမမေ့ပါဘူးရှင်''





''ခင်ဗျားကျေးဇူးက အသာထားပါ။ ကျုပ်ကိုယ်ကျုပ် မနည်းဘရားချရဦးမယ်။ ကျုပ်ဘာသာနေတာ အကောင်းသားနဲ့ဗျာ''

သည်စဉ် သူတို့အနီးသို့ မာရီယာရောက်လာပြီး ငွေနှင်းကို ဖုန်းလှမ်းပေး၏။

''ဒေါက်တာချမ်းငြိမ်းဆီက လာတာ။ တူမလေးရယ်. . . အိမ်ထောင်ပြုမယ်ဆိုရင်လည်း ဂုဏ်သရေရှိလူကြီးလူကောင်းတွေထဲက ရွေးပါ။ ဒီလို ဗန်းနားစုတ်နဲ့ ဒရိုင်ဘာမျိုးကို ယောင်လို့တောင်စိတ်မကူးပါနဲ့။ အမျိုးဂုဏ်ထိခိုက်ပါတယ်''

''ရှင့်အကြောင်းမဟုတ်ဘူး။ ကျွန်မကိစ္စထဲ ဘာမှဝင်မပါပါနဲ့။ ရှင်တို့ရော တစ်ပတ်ကြာရင် ပြန်မယ်ဆိုပြီး ဘာလို့မပြန်ကြသေးတာလဲ။ မျက်နှာပြောင်လှချည်လား''

ငွေနှင်း ရန်လုပ်ပေမယ့် မာရီယာ့အသွင်က မဖြုံ။ ညှိုးဖျော့သည့်ရုပ်နှင့်. . .

''တူမလေးရယ်၊ ဘယ်လိုပြောလိုက်တာလဲကွယ်။ ပြေးကြည့်မှ သွေးမျိုးသားချင်းရယ်လို့ ဒီမောင်နှမနှစ်ယောက်ရှိတာပါ။ ကိုယ့်အစ်မတစ်ယောက်လုံး ဒုက္ခရောက်နေတာ၊ ဘယ်မောင်က မျက်နှာလွှဲသွားရက်မှာလဲ။ တူမလေးကတော့ လူငယ်ဆိုတော့ ဒါတွေဘယ်နားလည်ဦးမလဲ။ အန်တီတို့ကတော့ သွေးမျိုးဝတ္တရားအရ ကာကွယ်စောင့်ရှောက်ပေးနေရတာပါ။ သင့်တော်တဲ့လူနဲ့လည်း အိမ်ထောင်ဖက် ရွေးချယ်ပေးရဦးမယ်''

ငွေနှင်း ဖုန်းပိတ်လိုက်ပေမယ့် ဒေါက်တာချမ်းငြိမ်း ထပ်ခေါ်၏။

''ဟဲလို. . . ငွေနှင်းလေး၊ ဆိုင်မလာတာကြာပြီမို့ ဖုန်းဆက်တာ။ နေမကောင်းရဲ့လားလို့။ ကိုယ်လာပြီး ဆေးစစ်ပေးမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနေကောင်းပါတယ်၊ ဖေဖေ့ကိစ္စနဲ့ အိမ်မှာလည်း မိသားစု အရေးအခင်းနဲ့မို့ ဆိုင်ကိုမလာဖြစ်သေးတာပါ"

"အန်ကယ့်ကိစ္စတုန်းက ကိုယ်ခရီးလွန်နေလို့ မလာဖြစ်တာ ခွင့်လွှတ်ပါ။ ဒီညနေတော့ သတင်းမေးရင်း အန်တီ့ကိုလည်းကြည့်ရင်း ကိုယ်လာခဲ့ပါရစေ"

"အားနာပါတယ်ရှင်၊ ဒေါက်တာ အလုပ်ရှုပ်နေပါ့မယ်"

"ငွေနှင်းပြောတာ သူစိမ်းဆန်လိုက်တာကွယ်။ ကိုယ်လာခဲ့မယ်"

ငွေနှင်း နေသူရကို အားတုံ့အားနာနှင့် လှမ်းကြည့်နေမိစဉ်မှာပင် ဒေါ်မာရီယာက ပြောင်ကျကျ တိုက်ခိုက်လေ၏။

"အန်တီကတော့ ကိုယ့်တူမလေးကို ဒေါက်တာချမ်းငြိမ်းလို လူမျိုးနဲ့ပဲ သဘောတူတယ်နော်။ သိုက်သမားတွေနဲ့ သဘောမတူနိုင်ဘူး"

ငွေနှင်းဘာမှပြန်မပြောခင် ဒေါ်မာရီယာ အိမ်ထဲသို့ဝင်ပြေးလေ၏။ နေသူရအဖြစ်က ဆုပ်စူး စားရူးဘဝ။ ရှေ့ခရီးက မီးလောင်ပြင်နွေ



## အခန်း ( ၂၆ )

ဒေါ်မြနှင်းဦးရဲ့အခန်းထဲမှာ. . .

ဘာပဲပြောပြော ဖိုးတာဆိုတာ သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရသည့်မောင်ငယ်။ အမွေတွေတောင်းပြီး ရိုင်းစိုင်းခဲ့လို့သာ စိတ်ဆိုးနေရပေမယ့် ယခုလို ဖက်လှဲတကင်းနှင့် ပြုစုယုယပြနေတော့ ဒေါ်မြနှင်းဦး အရည်ပျော်ရသည်။

ဖိုးတာမှာ အစ်မဖြစ်သူရဲ့ပခုံးကြောတွေကို နှိပ်ပေးနေရင်း ချိုချိုသာသာစကားတွေပြောလို့။ မာရီယာကလည်း ယောင်းမ၏ခြေသလုံးများကို နှိပ်ပေးနေလေ၏။

"မမ. . .ဟိုကောင်လေးက ဘာလဲ၊ မမကိုယ်တိုင် ငွေနှင်းနဲ့ သဘောတူလို့ အိမ်ပေါ်ခေါ်တင်ထားတာလား"

"မဟုတ်ပါဘူး ဖိုးတာရယ်၊ ဒါပေမဲ့ သူက သမီးအတွက် အားကိုးရတယ်။ သမီးကိုအကာအကွယ်ပေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမက တစ်ကွက်ပဲမြင်တာကိုး၊ ကလေးစိတ်ချရဖို့အတွက် ယောက်ျားပျိုတစ်ယောက်ကို ခုလိုပူးပူးကပ်ကပ်ထားပေးလိုက်တော့ ကျွန် တဲ့ပြဿနာတွေဝင်လာမှာ ထည့်မတွက်တော့ဘူးလား"

"နေသူရက ရိုးပါတယ် ဖိုးတာရယ်။ သမီးအနားကပ်နေတဲ့ ကောင်လေးတွေထက်တော့ စိတ်ချရပါတယ်"

"မမ မှားနေပြီ၊ တော်ကြာ ကြိုးချင်းထား ကြိုးချင်းငြိဆိုသလို ဘာမဟုတ်တဲ့ကောင်နဲ့ ကိုယ့်သမီးငြိသွားမှ ဒုက္ခဖြစ်နေဦးမယ်"

"နေကြစမ်းပါဦးဟာ၊ ငါ့ကိုစိတ်ရှုပ်အောင် အာရုံနောက်အောင် လာပြောမနေကြစမ်းပါနဲ့။ ကဲ! သွား. . . သွားကြ၊ ငါအနားယူလိုက်ဦးမယ်"

ဒေါ်မြနှင်းဦး အတင်းနှင်ထုတ်တာတော့ ဖိုးတာတို့လင်မယား ချက်ချင်းထွက်ချင်ပုံမပြ။ သို့သော် ရှေ့အဖို့ အကွက်တွေရှိသေးတာမို့ ဖိုးတာ အစ်မ၏ဆန္ဒအတိုင်း အပြင်ထွက်ပေးလိုက်ကြသည်။

ညရှစ်နာရီထိုးပေမယ့် ငွေနှင်းနှင့် နေသူရတို့ အိမ်သို့ပြန်မရောက် ကြသေး။ ဆိုင်သို့မရောက်တာကြာပြီမို့ စာရင်းတွေစစ်၊ လိုအပ်တာတွေ စီစဉ်ညွှန်ကြားနေရသည်။ မနက်ကလည်း ဆိုင်ခွဲတစ်ခုသို့သွားပြီး ပြဿနာ တွေရှင်းနေရလို့ ဒီနေ့တစ်နေ့လုံး ငွေနှင်းလေပြည် အိုးပစ်အိမ်ပစ်ဖြစ်နေ ရသည်။

အိမ်မှာ မေမေတစ်ယောက်တည်းဆို သူမ ဒီလောက်စိတ်မပူ အလုပ်သမားကောင်မလေးနှစ်ယောက်က အားကိုးရသည်။ သူစိတ်ပူနေ တာ အိမ်မှာ ဦးတာတို့လင်မယားရှိနေလို့ပါပဲ။

မြွေဝင်နေသလို စိတ်မချရသည့်လူနှစ်ယောက်။ ဖေဖေသေဆုံး





ရတာရော သွေးရိုးသားရိုးမှဟုတ်ရဲ့လား။ ဆရာဝန်တွေ မျက်စိလည်သွား အောင် ဘာဆေးနဲ့ သတ်လိုက်များတာလဲ။ သူတို့ကျွေးသည့်ကြေးအိုးကို သောက်ပြီး မနက်မှာ ဆုံးပါးသွားခဲ့တာ။

ဖေဖေက နဂိုကတည်းက ရောဂါအခံရှိသူမို့ ရောချလိုက်ပေ မယ့် ဒါဟာ သွေးရိုးသားရိုးမဟုတ်နိုင်တာ ငွေနှင်း ရိပ်မိသည်။ ယခုလည်း မေမေ့ကိုချဉ်းကပ်ကြပြန်ပြီ။ သူတို့အကြံအစည်က ဘာလဲ၊ ငွေနှင်း မေမေ့ ကိုတော့ လုံးဝအထိမခံနိုင်တော့။ တစ်ဦးတည်းကျန်တော့သည့်မေမေ့ကို သူမအသက်နှင့်လဲပြီး ကာကွယ်ပေးရမည်။

သည်အခါ သူမကိုကူညီနိုင်မှာ၊ သူမယုံကြည်တာ နေသူရတစ် ယောက်ပါပင်။ ကျန်တာ မည်သူ့ကိုမျှ သူမ မယုံကြည်။ ခက်နေသည် မှာ သူမက ဦးတာတို့လင်မယားကို ပြန်သွားစေလိုပြီး မေမေက သူ့မောင် လင်မယားကို တဖြည်းဖြည်း ပိုပြီးယုံကြည် အားကိုးလာနေခြင်းပါပင်။

ဟိုလင်မယားကလည်း နတ်ဆိုးတွေလို မေမေ့ကိုအစွမ်းကုန် သိမ်းယူနေကြသည်။ ခြေဆုပ်လက်နယ်ပြုစုပေးနေသလို ပီယဝါစာချစ်ဖွယ် စကားတွေကလည်း စကားတန်ဆာဆင်ထားလိုက်တာ။ အစ်မအတွက်ဆို အသက်ပင် ပေးလိုက်တော့မတတ်။

ဘေးမှငွေနှင်းတို့က ဒါ မာယာထောင်ချောက်တွေဆိုတာ သိ နေပေမယ့် မေမေ့ခမျာ မသိရှာ။ အဟုတ်ကြီးထင်နေရှာသည်။ သည် ကြားထဲ နေသူရကိုလည်း အမြစ်ပြုတ်အောင် တိုက်ထုတ်နေလေပြန်ရာ ငွေနှင်းမှာ ခေါင်းအခဲကြီးခဲနေရတော့သည်။

အပြန်လမ်းမှာ နေသူရ ကားမောင်းနေသည်ကို ငွေနှင်း မသိ သောခိုးကြည့်မိတော့ သူ့အသွင်က တစ်စုံတစ်ခုကို အတွေးနက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အသွင်။ အိမ်ပြန်ရောက်လျှင် စကားပြောဖို့အချိန်မရှိတော့သည်မို့ ယခုပဲ သူမ မေးမြန်းပြောဆိုရ၏။

"ရှင်ဘာဖြစ်နေတာလဲ"

"ကျုပ်ဖြစ်သင့်ဖြစ်ထိုက်တာတွေကို တွေးနေတာပါ"

"ရှင် ကျွန်မကိုထားပစ်ခဲ့ဖို့တော့ စိတ်မကူးနဲ့နော်။ အခြေအနေတွေကို ရှင်သိသွားနဲ့။ ဖေဖေလည်း သူတို့ကြောင့် သေသွားခဲ့ရပြီ။ အခု မေမေ့ဘက် မြားဦးလှည့်နေကြတယ်။ ကျွန်မတို့အစွမ်းကုန် ကာကွယ်ရမှာပဲ။ ရှင့်အကူအညီမရရင် လုံးဝမဖြစ်ဘူး"

"ခင်ဗျားတို့က အိမ်ထဲ ကျားငစဉ်းလဲတွေ သွင်းထားပြီးမှ လာကြပါ...ကယ်ကြပါလို့ အော်နေကြတာပဲဗျ"

"အဲဒါ သိတယ်၊ ဒါပေမဲ့ သူတို့က မေမေ့ကိုအပိုင်ချုပ်ကိုင်ထားကြတယ်လေ။ ရှင်မြင်သားပဲ။ ကျွန်မဘယ်လိုမှ မတတ်နိုင်ဘူး"

"ကျုပ်ကလည်း သစ်ငုတ်တိုကြီးမဟုတ်တော့ သူတို့နှစ်ယောက်တိုက်ခိုက် ခနဲ့သမျှ ရွဲ့သမျှ ဘုရားလောင်းလို သည်းမခံနိုင်တာ ခက်တယ်။ အိမ်မှာ မေမေရှိရှိမရှိရှိ...ကျုပ်အိမ်ပြန်တော့မယ်။ ခါတိုင်းလိုပဲ အိမ်ကနေ လာခဲ့မယ်။ ခင်ဗျားခိုင်းချင်တာ ခိုင်းပေါ့"

ဆုံးဖြတ်ချက်ချပြီးသူလို နေသူရ တည်ငြိမ်စွာပြောလိုက်လျှင် ငွေနှင်း ဆောက်တည်ရာမရဖြစ်သွားရသည်။ မျက်ရည်တွေ အလိုလိုစီးကျလာသလို အသံတို့ကလည်း တုန်တုန်ယင်ယင်။

"ဟင်! ရှင်...ရှင် တစ်ကိုယ်ကောင်းဆန်လှချည်လား။ ကျွန်မှာဖြင့် ရှင့်ကိုအားကိုးမိလိုက်ရတာ။ အခြေအနေတွေကို ရှင်သိနေရဲ့သားနဲ့ ကျွန်မတို့ကိုဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့မယ့်ဟုတ်လား။ ရှင်...ရှင် အရမ်း





ရက်စက်တဲ့လူ"

သူ့ပခုံးကိုထုရိုက်မိရင်း ငွေနှင်း မျက်ရည်တွေစီးကျနေပါလျှင် နေသူရရင်ထဲ ဖြောင်းဆန်သွားသလို ခံစားလိုက်ရသည်။ ဘာဖြစ်တာလဲ။

"ကျုပ်နားမလည်ဘူး။ ကျုပ်က ခင်ဗျားရဲ့အလုပ်သမားပါ။ ဒရိုင်ဘာတစ်ယောက်ပါ။ ကျုပ်လိုအုတ်ကြားမြက်ပေါက်တစ်ယောက်ကို ခင်ဗျားဘာအားကိုးစရာရှိလို့လဲ။ ခင်ဗျားဘေးမှာ ကူညီချင်တဲ့ငနဲတွေ၊ ဘဲတွေ ဝိုင်းဝိုင်းလည်လို့ပါဗျာ။ အဲဒီထဲက တစ်ယောက်ယောက်ကို ရွေးချယ်ပြီး အကူအညီတောင်းလိုက်ပါ"

သူပြောပစ်လိုက်လျှင် ငွေနှင်း နှုတ်ခမ်းကိုပြတ်မတတ် ကိုက်ရင်း သူ့ကိုစူးစူးရဲရဲ နာနာကြည်းကြည်းကြည့်နေပြီးမှ...

"ကောင်းပြီ၊ ရှင်က ဒီလိုဖြစ်စေချင်ရင်လည်း ကျွန်မ ရှင်အကြံပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်ရုံပေါ့။ ကောင်းပါပြီ...ခုညကစပြီး ရှင် ကိုယ့်အိမ်ကိုယ်ပြန်ပြီး စိတ်ချမ်းသာလက်ချမ်းသာနဲ့ အနားယူအိပ်စက်ပါ။ ကျွန်မတို့သားအမိ ဘာဖြစ်ဖြစ် ဘယ်သူသတ်လို့ပဲ သေသေ၊ ရှင်နဲ့အနေသာကြီးပဲ။ ရတယ်...သိပ်ရတယ်"

ပြောပြီး ငွေနှင်း တစ်ဖက်သို့လှည့်ကာ မျက်ရည်တွေ အဆက်မပြတ်စီးကျနေလျှင် နေသူရ မောင်းနေသည့်ကားကို ထိုးရပ်မိပြီး သူမကို ကမူးရှူးထိုးပွေ့ဖက် တုန်လှုပ်မိခဲ့သည်။

"ကျုပ်ကို စကားနာတွေ မထိုးနဲ့ဗျာ၊ ဝေ့လည်ကြောင်ပတ်တွေ မပြောနဲ့။ မာယာတွေနဲ့ မလှည့်စားပါနဲ့။ ကျုပ်ကို ဘာဖြစ်လို့ယုံကြည်တာလဲ။ ကျုပ်လို ကလေကချေ ကားဒရိုင်ဘာတစ်ယောက်ကို ခင်ဗျားလို ရွှေဘုံစံမင်းသမီးတစ်ယောက်က ဘာဖြစ်လို့ ယုံကြည်ရတာလဲ၊ ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါ။ ခင်ဗျားနိုင်းရင် ကျုပ်က သေတောင်ပြလိုက်ချင်သူပါခင်ဗျာ။ ကျုပ်ကိုခပ်ရှင်းရှင်းပြောပြီး အမိန့်တွေပေးလိုက်စမ်းပါ။ တစ်သွေးတစ်သံ တစ်မိန့်နဲ့ လက်ညှိုးညွှန်လိုက်စမ်းပါ။ ကျုပ်ရဲ့အချစ်နတ်ဗုရားမကြီးရယ်''

နောက်ဆုံးတော့ နေသူရ ပေါက်ကွဲလွန်းကျူးမိပါပြီ။ ပြီး. . . ချက်ချင်းပင် ငွေနှင်းကို အလန့်တကြား လွှတ်လိုက်မိပြီး အံကိုတင်းတင်းကျိတ်မိ၊ လက်သီးဆုပ်မိထားတာ၊ ကိုယ်ဟာ ဘုရင့်ပွဲတော်အုပ်ကိုမှ မျက်စောင်းထိုးမိတဲ့ ငမိုက်သားတစ်ယောက်မို့ပါ။

သူ စကားတစ်ခွန်းမျှ ဆက်မပြောဝံ့တော့ဘဲ တုန်လှုပ်နေရင်းရင်ထဲမှ ရှိုက်ငင်သံနှင့်. . .

''ကျုပ်ကိုသေဒဏ်သာ ပေးလိုက်ပါတော့ဗျာ။ ကျုပ်ဟာ သားရေပေါ်အိပ် သားရေနားစားမိတဲ့ ခွေးတစ်ကောင်ပါ။ မတန်မရာ ရွှေဘုံစံမင်းသမီးကိုမှ ချစ်မြတ်နိုးမိတဲ့ ငမိုက်သားပါ''

သူ့အရမ်းခံစားနေရတာကိုကြည့်ပြီး ငွေနှင်းရင်ထဲ ကြည်နူးမိသလို၊ ထောက်တည်ရာရသွားမိသလိုလို။ သူမ ပြုံးပင်ပြုံးမိလေသလား။

''ဒါဖြင့် ရှင့်ရင်ထဲမှာ ဒေါက်တာမလေး မရှိတော့ဘူးပေါ့။ ဟုတ်လား။ ရှင် အမှန်အတိုင်းပြောနော်''

သူ ငွေနှင်းကို ကြောက်ရွံ့စွာ မော့ကြည့်ပြီးမှ ခေါင်းကိုတဖြည်းဖြည်း ငုံ့ချမိခဲ့သည်။

''ကျုပ်ရင်ထဲမှာ သူဘယ်တုန်းက ထွက်သွားခဲ့ပြီး ခင်ဗျားဘယ်လိုဝင်ရောက်နေရာယူသွားတယ်ဆိုတာ မသိလိုက်ခဲ့ဘူး။ ကျုပ်ကို ခွင့်လွှတ်ပါ။ ကျုပ်ကိုအပြစ်ပေးပါ။ ကျုပ်ဟာ သစ္စာမရှိတဲ့၊ သခင်ကိုပြန်ကိုက်ဖို့ကြိုးစားမိတဲ့ ခွေးတစ်ကောင်ပါ''





သူ ခေါင်းမဖော်ဝံ့ဖြစ်နေတာကြောင့် ငွေနှင်း ပြုံးနေတာ သူမမြင်။

''ကိုယ့်ကိုယ်ကိုယ် ဒီလောက်ထိ မနှိမ့်ချချင်ပါနဲ့ရှင်။ ဒါပေမဲ့ ခက်တာက ကျွန်မကလည်း ခွေးသိပ်ချစ်တတ်တာရှင့်''

''ဗျာ! ''

''မဗျာနဲ့. . . ရှင့်ကို ကျွန်မအပြစ်ပေးရမယ်။ ရှင်ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ရှင့်ကိုအပြစ်ကြီးကြီးပေးရမယ်''

နေသူရ သူမကိုမရဲတရဲမော့ကြည့်နေတုန်း သူမက အမိန့်ချမှတ်ခဲ့သည်မှာ. . .

''အဲဒါကတော့ ရှင် ကျွန်မတို့သားအမိကို တစ်ဖဝါးမှမခွာဘဲ စောင့်ရှောက်ပေးရမယ်။ ရှင့်အမေပြန်လာရင်လည်း အိမ်ကိုပဲခေါ်ထားရမယ်။ (၂၄)နာရီ အချိန်ပြည့်ဝန်ထမ်းနော်''

''အဲလိုတာဝန်ထမ်းဆောင်ဖို့က ခင်ဗျားနဲ့ကျွန်တော် ခုလိုနေလို့ဖြစ်ပါ့မလား''

''ဟိုး. . . ဒါကတော့ ဖြည်းဖြည်းပေါ့ရှင်၊ လောလောဆယ် ဒီလိုပဲ အိမ်မှာနေပြီး ကျွန်မအနားမှာ တစ်ဖဝါးမှမခွာဘဲ စောင့်ရှောက်ပေးရမယ်''

''ကောင်းပါပြီဗျာ၊ ဒါပေမဲ့ ဒီလောက်နိုင်းစားမယ် ကျေးတော်ကျွန်တော်မျိုးကြီးကို ဆုတော်လာဘ်တော်လေးလည်း ချသင့်တာပေါ့''

''ပြောကြည့်လေ၊ ရှင်လိုချင်တဲ့ဆု''

''မပြောရဲပါဘူးဗျာ၊ သိုက်တူးတယ်လည်း အထင်မခံချင်ပါဘူး။ ကျုပ်ရဲ့အချစ်နတ်ဗုရားမ စေခိုင်းသမျှ ကျုပ်က အရိုးကြေကြေ အရေ



www.burmeseclassic.com

www.burmeseclassic.com



ခန်းခန်း ဆောင်ရွက်နေမှာပါ''

''ရှင့်ကို အရိုးတွေကြေအောင်လည်း မခိုင်းပါဘူး။ ရှင်သတိထားရမှာ ဦးတာတို့လင်မယားပဲ''

''ကောင်းပါပြီခင်ဗျာ၊ ဒါထက် ကျုပ်က ခင်ဗျားရဲ့ဘာလဲဟင်။ ဘာရာထူးလဲ''

''ကျွန်မရဲ့သက်တော်စောင့်၊ ကိုယ်ရံတော်တပ်မှူးလေးပေါ့ရှင်''

''တစ်နေ့ကျ ဘုရင်မနဲ့သက်တော်စောင့် ဘယ်လိုတွေဖြစ်ဦးမှာလဲ''

''ဒါကတော့ ရှင့်အပေါ်မူတည်ပါတယ်။ ကဲပါ. . . အိမ်ကိုမြန်မြန်မောင်းပါတော့။ ကိုးနာရီထိုးခါနီးနေပြီ။ မေမေ့အတွက် စိတ်ပူလှပြီ။ နောက်ဆို ဆိုင်ကို တစ်ပတ်တစ်ခါပဲ သွားတော့မယ်။ ဖုန်းနဲ့လှမ်းညွှန်ကြားမယ်။ လိုအပ်ရင် ရှင်ပဲသွား''

''မဖုရားရဲ့အမိန့်တော်အတိုင်းပါ ခင်ဗျာ''

ရင်ထဲမှာ စိုးထိတ်နေပေမယ့် ချစ်ခြင်းကြောင့် တခဏ ရွှင်လန်းသွားမိတာ အမှန်။



## အခန်း ( ၂၅ )

ငွေနှင်းတို့ကား ခြံထဲဝင်တော့ ညကိုးနာရီ။ ဒေါ်မြနှင်းဦးနှင့်အတူ ဦးတာနှင့်မာရီယာတို့ပါ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေကြ၏။

ငွေနှင်း အရင်ဆင်းလိုက်သည်နှင့် ဒေါ်မြနှင်းဦးအနားသို့ရောက်လာကြပြီး ဒေါ်မာရီယာက လက်မောင်းကိုတွဲဖက်လျက်။

''နောက်ကျလိုက်တာ သမီးရယ်၊ လမ်းမှာ ဘာတွေများဖြစ်နေသလဲလို့ မေမေစိုးရိမ်နေတာ''

''နေသူရ ပါသားပဲမေမေရယ်၊ ဘာမှမဖြစ်ပါဘူး။ ဆိုင်ကိုမသွားတာ တစ်ပတ်လောက်ရှိပြီဆိုတော့ စာရင်းတွေကြည့်နေရလို့ပါ''

''မေမေက ဟိုတစ်ခါလို လမ်းမှာ ငွေတွေဘာတွေများ အလုခံနေရသလားလို့''

''ငွေကို အိမ်မသယ်ပါဘူး မေမေ၊ တစ်ခါတည်း ဘဏ်အပ်ခဲ့ပါတယ်။ အိမ်မှာ လမ်းမှာဆို အန္တရာယ်များတယ်လေ။ မေမေ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားပြီးပြီလား။ သမီး သစ်သီးလေးတွေ ဝယ်လာတယ်။ မေမေမအိပ်ခင် စတော်ဘယ်ရီသီးလေးတွေ စားရအောင်နော်”

“အန်တီ ဖျော်ရည်လုပ်လိုက်မယ်”

“နေပါစေ အန်တီ၊ ဒီအတိုင်းစားတာက ပိုပြီးအာဟာရဖြစ်ပါတယ်။ ရေခဲသေတ္တာထဲ ခဏလောက်ထည့်ထားပြီးရင် ယူလာခဲ့မယ်နော် မေမေ”

“အေးကွယ်. . . အေး. . . သမီးတို့ရေချိုးဖို့တောင် အေးနေပြီ။ နောက် ဒီလောက်ကြီးကြာအောင် အလုပ်မလုပ်ပါနဲ့ကွယ်။ မေမေ့မှာ ဒီသမီးလေးတစ်ယောက်တည်းမဲ အားကိုးနေရတာ။ သမီးကျန်းမာရေး ကောင်းမှဖြစ်မှာ”

မေမေ့စကားကြောင့် ငွေနှင်းရင်ထဲ နင့်ခနဲဖြစ်သွားရစဉ် ဦးတာက တဟင်းဟင်းရယ်ရင်း. . .

“မမရယ်၊ ကျွန်တော်လည်းရှိပါသေးတယ်။ မောင်နှမဆိုတာ သွေးအရင်းကြီးပါဗျာ။ အရေးကြီးရင် သွေးနီးပါတယ်။ သူစိမ်းထက်တော့ အများကြီးအားကိုးရပါတယ်”

သူ့စကားက နေသူရကိုတိုက်ခိုက်ပေမယ့် နေသူရ သူ့အခန်းထဲရောက်သွားပေပြီ။ ရေအမြန်ချိုးပြီး ထမင်းစားခန်းသို့ရောက်လာတာ သူက ဆာတတ်လို့ပါ။

အလုပ်သမားကောင်မလေး ထမင်းပွဲပြင်နေစဉ် ဒေါ်မာရီယာ ဝင်လာပြီး. . .

“ချဉ်ဟင်းနဲ့ငပြာရည်ကြော်ပဲ ထည့်ပေးလိုက်။ ဟင်းတွေက အိမ်ကြီးရှင်တွေစားဖို့။ ဒရိုင်ဘာက နင်တို့နဲ့အတူတူ ချဉ်ရည်ဟင်း၊ ငပြာ





ရည်ကြော်ဆို တော်ပြီ”

နေသူရ ဒေါ်ပွမနေတော့ပါ။ သူတို့တာဝန်က နေသူရစိတ်ဆိုးပြီး ဒီအိမ်ကထွက်သွားအောင် လုပ်နေကြတာ။

နေသူရ ငွေနှင်းကို ထမင်းစားရင်းမှပင် စောင့်နေစဉ်၊ ငွေနှင်း ချက်ချင်းပင် ဝင်လာခဲ့သည်။

“ဟင်! ဘာဟင်းမှလည်း ချမပေးပါလား။ သူဇာ”

သူဇာ ပြေးလာပြီး ဟိုကြည့်ဒီကြည့် ကြည့်နေတုန်း ဒေါ်မာရီယာ အပြုံးမျက်နှာနှင့်ဝင်လာခဲ့၏။

“သူဇာ. . . နင့်မမလေးကို ဟင်းတွေချပေးလိုက်။ ဒရိုင်ဘာက လည်း ခုထိစားလို့မပြီးသေးဘူး။ အဲဒါပေါ့၊ အရေးပေး ရွှေရေးပန်းကန် တက်ဆိုတာ။ လူဆိုတာ ဒူးနေရာဒူး တော်နေရာတော်၊ သိတတ်မှပေါ့။ ကေန္တ ဟင်းကပ်စားချင်လို့ထင်တယ်”

မာရီယာကို ငွေနှင်း မျက်မှောင်ကြုတ်ပြီး ကြည့်ရပြီ။

“အန်တီ တရားလွန်နေပြီ။ အန်တီက ဒီအိမ်မှာ ဧည့်သည်၊ ဧည့်သည်လိုနေပါ။ ကိုယ့်ကိုယ်ကိုယ် အိမ်ရှင်များမှတ်နေသလား။ ဧည့်သည်ဆိုတာ အလိုက်သိရတယ်ရှင့်။ နေရာတကာဝင်မပါရဘူး”

ငွေနှင်း. . . နေသူရဘက်သို့လှည့်ပြီး. . .

“မရှိတာထက် မသိတာခက်ဆိုတာ ဒီလူတွေပေါ့ နေသူရရေ၊ အလိုက်မသိ ဘာမသိနဲ့ တစ်သက်လုံးများ ကပ်နေဦးမလားမသိဘူး”

နေသူရကတော့ ဘာမှမပြောဘဲ ကြားနေဝါဒကိုသာ ကျင့်သုံးလိုက်သည်။ ငွေနှင်းကိုယ်တိုင် ထည့်ပေးသည့်ဟင်းများကိုစားရင်း ဒေါ်မာရီယာ ခြေဆောင့်ထွက်သွားသည်ကို လိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်တွင်းသူပုန်ရှိနေတာ မကောင်းပါဘူးဗျာ။ ဒီလိုတွေပြောနေရမယ့်အစား ပွင့်ပွင့်လင်းလင်းပြောပြီး ဖြန်ဖြေနိုင်းတာ ကောင်းပါလိမ့်မယ်"

"မေမေ့ကိုစည်းရုံးထားကြတာ နေသူရဲ့။ မေမေက သူ့မောင်လင်မယားကို ပြန်မလွှတ်ချင်ဘူး။ ဒီလိုပဲ စိတ်ဆင်းရဲနေရဦးမှာ"

"ကဲကဲ. . . ထမင်းပဲဝင်အောင်စားပါ။ ပြီးရင် အန်တီ့ကို စတော်ဘယ်ရီသီး သွားပို့ရဦးမှာမဟုတ်လား"

နှစ်ယောက်အတူ ထမင်းစားကြပြီး ငွေနှင်း မေမေရှိရာ အပေါ်ထပ်အခန်းသို့ စတော်ဘယ်ရီသီးပန်းကန်နှင့်တက်လာခဲ့တော့ နေသူရလည်း နောက်မှလိုက်ပါလာခဲ့သည်။

အခန်းနားအရောက်တွင် စကားသံများ ကြားလိုက်ရသဖြင့် ငွေနှင်း ရပ်နားထောင်လိုက်၏။

"မာရီယာတို့ ပြန်ပါရစေတော့ မမရယ်၊ တူမလေးက ဘယ်လိုမှမကြည်ဖြူတော့ဘူး။ မာရီယာက ကိုယ့်တူမလေးမို့ မသင့်တော်တဲ့လူနဲ့မဖြစ်စေချင်လို့ ကောင်လေးကိုပြန်ပြေးအောင် အနုနည်းနဲ့တိုက်နိုက်တိုင်း တူမလေးနဲ့ထိပ်တိုက်တိုးရတယ်၊ ကလေး ရေကြီးနေမှာ စိုးပါတယ် မမရယ်။ မာရီယာတို့ ပြန်ပါရစေတော့။ မမကို အဝေးကပဲ စောင့်ရှောက်ပါတော့မယ်ရှင်"

မျက်ရည်လည်ရွဲနှင့် ဒေါ်မာရီယာ။ ဦးဖိုးတာကလည်း ရင်ထဲမှအသံနှင့်. . .

"မမရယ်. . . ဒီမှာနေရတာ အဆင်မပြေရင် မောင်လေးနဲ့လိုက်ခဲ့ပါဗျာ။ မမကို အိမ်ဦးခန်းမှာထားပြီး ကျွန်တော်တို့လင်မယား ပြုစုစောင့်ရှောက်ပါ့မယ်။ တူမလေးကတော့ အဲဒီကောင်လေးနဲ့ ကောင်းကောင်းငြိနေပါပြီ။ ကျွန်တော်တို့မတားဆီးနိုင်တာ ခွင့်လွှတ်ပါ။ ကျွန်တော်တို့ရှိနေရဲ့နဲ့ တူမလေး ဒီလိုလူနဲ့ဖြစ်သွားတယ်ဆိုရင်လည်း မကောင်းပါဘူး။ ကျွန်တော်တို့ပြန်ပါရစေတော့"

"အို. . . မောင်လေးတို့ မပြန်ရပါဘူး၊ မမမှာ တစ်ယောက်တည်းအားငယ်နေရတုန်း ဆွေမျိုးရင်းခြာဆိုလို့ မောင်လေးပဲရှိတာ။ သမီးကအလုပ်တစ်ဖက်နဲ့။ မမအနား အမြဲမနေနိုင်ပါဘူးကွယ်။ ဟိုကောင်လေးနဲ့လည်း မငြိပါဘူး၊ သမီးမှာ ဦးနှောက်ရှိပါတယ်။ မောင်လေးတို့က သူနဲ့ထိပ်တိုက်မတိုးအောင် နေပေးပါကွယ်။ သမီးမကြိုက်တာ မပြောနဲ့ မလုပ်နဲ့ပေါ့။ မမအနားမှာ ရှိနေပေးကြပါဦးကွယ်. . . နော်"

ဒေါ်မြနှင်းဦးမှာ ခင်ပွန်းသည် ဆုံးပါးသွားပြီးကတည်းက စိတ်အားတွေငယ်ကာ မျက်ရည်လွယ် ခံစားမှုတွေလွယ်ကာ ငိုကြွေးရှိုက်ငင်နေလျှင် ငွေနှင်းလေပြည် မေမေ့အခန်းထဲသို့ပြေးဝင်ကာ မေမေ့ကိုဖက်တွယ်ထားမိသည်။

"မငိုပါနဲ့မေမေရယ်၊ မေမေစိတ်ချမ်းသာအောင် သမီးထားမှာပါ။ မေမေ့ကိုထားပြီး အလုပ်ကိုလည်း ခဏခဏမသွားတော့ဘူး။ တစ်ပတ်တစ်ခါလောက်ပဲသွားပြီး စစ်ဆေးတော့မယ်။ မေမေ့အနားမှာပဲ မေမေ့ကို ပြုစုယုယပါ့မယ်နော်"

"သမီးရယ်"

ဒေါ်မြနှင်းဦးမှာ မောင်ကိုလည်း လက်မလွှတ်ချင်။ သမီးကိုလည်း စိတ်ချမ်းသာစေချင်နှင့် သောကတွေ များနေလျှင် ငွေနှင်း မေမေစိတ်ဆင်းရဲအောင် မလုပ်ချင်တော့ပါ။







www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘေးမသီရန်မခအောင်သာ သူမအနားမှ တစ်ဖဝါးမှ မခွာ ပြုစုစောင့်ရှောက်ဝါတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီညကစပြီး သမီး. . . မေမေနဲ့အတူအိပ်ပေးမယ်။ မေမေက ကျန်းမာရေးမကောင်းတော့ အားငယ်နေမှာ"

"ကောင်းတာပေါ့ သမီးလေးရယ်၊ နှစ်ယောက်အိပ်ကုတင်ကြီးမှာ မေမေတစ်ယောက်တည်း အထီးကျန်နေရတာ။ မေမေ အားရှိလိုက်တာကွယ်"

သားအမိတွေ ချစ်ခင်စည်းလုံးနေကြလျှင် မျက်စိပျက် မျက်နှာပျက်နေကြသူတွေမှာ ဖိုးတာနှင့်မာရီယာ။

●●●



အခန်း ( ၂၆ )

နေသူရတာဝန်က ငွေနှင်းတို့သားအမိကို ကာကွယ်စောင့်ရှောက်ခဲ့။ သည်တော့ ဦးတာတို့မျက်နှာချင်းဆိုင်မှအခန်းကို ဝင်ချင်ယောင်ဆောင်ပြီး အခန်းတံခါးပိတ်ကာ၊ နောက်ဘက်မှ တိတ်တဆိတ် ခိုးထွက်ခဲ့။ နောက် ငွေနှင်းတို့ဘေးခန်းမှာ နေရာယူသည်။

တစ်နေ့လုံး ပင်ပန်းနေပေမယ့် နေသူရ အားရပါးရ မအိပ်ရဲ။ သူအိပ်နေတုန်း တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ။

နားကလည်း အပြင်ဘက်ကိုနားစွင့်ထားရ၏။ သည်လိုနဲ့ သူခနဲအိပ်ပျော်သွားတုန်း နားထဲမှာ ခြေသံလိုလိုကြားရသည်နှင့် သူနိုးသွား၏။

သူက အအိပ်ဆတ်သူပါ။ သတိလည်းထားအိပ်နေသည်မဟုတ်လား။ ကိုယ့်အခန်းချောင်းကြည့်ပေါက်မှ အပြင်ဘက်သို့ချောင်းကြည့်လိုက်လျှင်. . .

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး!"

ကိုယ့်ပါးစပ်ကိုယ် ပိတ်ထားလို့သာ အသံအပြင်ထွက်မသွား။ အခန်းအပြင်စင်္ကြံမှာ မတ်တပ်ကြီးရပ်နေတာ တစ္ဆေလား၊ ဝိညာဉ်လား လို့ထင်ချင်စရာ။ သူက သရဲတစ္ဆေတွေ အယုံအကြည်မရှိသူမို့ ဒါဟာ လုပ်ကြံမှုတစ်ခုလို့ထင်ပြီး မကြောက်တာ။

မီးမသားများမြင်လျှင် လိပ်ပြာလွင့်ပြီး သေမှာမလွဲ။ ကြည့်ပါဦး. . .သေမင်းလို အင်္ကျီမည်းမည်းကြီးဝတ်ပြီး မျက်နှာကြီးက အရိုးရုပ်ကြီး သဖွယ်။ ဒါ ဘယ်သူလဲ။ သူဘယ်လိုကာကွယ်ရမှာလဲ။

နေသူရ ကြက်သေသေပြီး ကြည့်နေတုန်း၊ ထိုအကောင်ကြီးက ငွေနှင်းတို့သားအမိ၏ အခန်းပြတင်းပေါက်ဆီသို့ ကပ်သွားပုံက လွှင့်ခနဲ နောက် အခန်းထဲမှအော်သံများနှင့်အတူ ထိုအကောင်ကြီး လှစ်ခနဲပြေး ထွက်ပျောက်ကွယ်သွားပုံမှာ မြန်လွန်းလို့ သူ့အခန်းတံခါးဖွင့်။ ပြေးလိုက် ရှာပေမယ့် မမီလိုက်တော့ပါ။

သူ ထိုအကောင်ကြီးကိုရှာနေတုန်း အပေါ်ထပ်သို့ချက်ချင်းပြေး တက်လာကြသူများမှာ ဖိုးတာနှင့်မာရီယာ။

"ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်လို့လဲ"

ငွေနှင်းတို့အခန်းကိုအတင်းဖွင့်ပြီး ဝင်ကြတော့ အထဲမှာ ဒေါ် မြနှင်းဦး လဲကျနေပြီး ငွေနှင်းလေပြည်ကတော့ ထိတ်လန့်ကြောက်ရွံ့လွန်း လို့ ကြောင်စီစီ။

"သရဲ. . .သရဲ. . .ဟိုမှာ သရဲ"

"ဟာ! မဟုတ်နိုင်ပါဘူး၊ အန်တီ့ကို ဆေးရုံပို့ရအောင်"

နေသူရ ဒေါ်မြနှင်းဦးကို အတင်းပွေ့ချီပြီး အောက်ထပ်သို့ဆင်





လာလျှင် ငွေနှင်းလေပြည် ပိုက်ဆံအိတ်ကိုယူကာ အခန်းတံခါးပိတ်သည်။ နောက် သူ့နောက်မှပြေးလိုက်ခဲ့သည်။

ဖိုးတာနှင့်မာရီယာမှာ ပျာယာခပ်ချင်ယောင်ဆောင်ရင်း သူတို့ နောက်သို့ ပြေးလိုက်လာလေသည်။

"အန်တီတို့ပါ လိုက်ရမလား"

"ကျန်ခဲ့တော့၊ ရှင်တို့အဝတ်လဲတာ စောင့်မနေနိုင်တော့ဘူး"

သူတို့၏အိပ်ရာဝင်ဝတ်စုံတွေက မမြင်ဝံ့မရှုဝံ့စရာတွေ။ နေသူရ ကားကို နီးရာဆေးရုံသို့အမြန်မောင်းလာရင်း ငွေနှင်းကိုနှစ်သိမ့်ရသည်။

"ဘာသရဲမှ မဟုတ်ဘူးနော် ငွေနှင်း။ ကိုယ်မြင်လိုက်ရပါတယ်။ အလကား. . .ဦးဖိုးတာပဲနေမှာ"

"မဟုတ်ဘူး. . .သရဲက အရပ်အရှည်ကြီး။ ဦးတာက အရပ် ပုတယ်"

"သြော်! ပဋ္ဌလက်တွေနဲ့လုပ်မှာပေါ့ကွာ။ အလကား. . .တုတ် ထိုးရုပ်တွေ။ ဘာမှမကြောက်နဲ့နော်"

"ဟင့်အင်း. . .တုတ်ထိုးရုပ်မဟုတ်ဘူး။ ငွေနှင်းအရမ်းကြောက် တယ်။ သွားကြီးဖြီးပြတော့ အထဲက သွားမည်းမည်းကြီးတွေပါ မြင်ရ တာ"

မျက်ရည်တွေနှင့် သူမ ကြောက်လန့်နေသလို မိခင်အတွက်ကို လည်း စိုးရိမ်သောကဒုက္ခ ရောက်နေရရှာသည်။

"မေမေ. . .မေမေ မကြောက်နဲ့နော်၊ ဆေးရုံရောက်တော့မယ်"

နီးရာပုဂ္ဂလိကဆေးခန်းတစ်ခုသို့ အမြန်ဆုံးဝင်ပြီး ဒေါ်မြနှင်းဦး ကို ကုသကြသည်။ ဒေါက်တာက သေသေချာချာစမ်းသပ်စစ်ဆေးပြီး



www.burmeseclassic.com

www.burmeseclassic.com



"ထိတ်လန့်စရာတစ်ခုကိုမြင်ပြီး ရှော့(ခ်)ရသွားတာ။ လူနာက နှလုံးလည်း အားနည်းနေတယ်။ နောက်တစ်ခါဆို အသက်ပါသွားနိုင်တယ်"

"ဟုတ်. . .ဟုတ်ကဲ့ပါ ဒေါက်တာ၊ နောက် ဒီလိုမဖြစ်အောင် ကြိုးစားကာကွယ်ပါ့မယ်"

"ဆေးရုံမှာ တစ်ရက်နှစ်ရက်လောက် နားလိုက်ပါ။ အားပြည့်မှ ပြန်ဆင်းတာကောင်းမယ်"

ဆရာဝန်စကားအတိုင်း ဒေါ်မြနှင်းဦးကို ဆေးရုံတင်လိုက်ရပေမယ့် အိမ်မှာ ဖိုးတာတို့လင်မယားအတွက် စိတ်မချရဖြစ်နေသဖြင့် ငွေနှင်း အကျပ်ရိုက်နေရသည်။

"နေသူရ. . .ရှင် အိမ်ပြန်ပြီး အိမ်စောင့်လုပ်ပါ။ ကျွန်မ မေမေ့ကိုစောင့်မယ်"

"ငွေနှင်းပြန်ပြီး ကိုယ်စောင့်ပေးလို့ရော မဖြစ်ဘူးလား"

ဒုက္ခတွေနှင့် ရင်ဆိုင်တွေ့နေရသည့်ငွေနှင်းအား သနားလှသည်မို့ နေသူရ ကျုပ်မှုကိုယ်ဖြစ်သွားရတာ သတိပင်မထားမိလိုက်။

"အို! မဖြစ်ပါဘူး၊ မေမေက ပိုပြီးအရေးကြီးတယ်။ ကျွန်တာဘာမှအရေးမကြီးဘူး။ ကျွန်မ မေမေ့ကိုစောင့်ပေးမယ်။ ရှင် အိမ်ပြန်လိုက်၊ ကျွန်မနဲ့မေမေ အိပ်တဲ့အခန်းမှာ မီးခံသေတ္တာရှိတယ်. . .သော့က"

"ဟာ! ကိုယ့်ကို ဒါတွေမပြောနဲ့လေ၊ သော့ကို ကိုယ့်ဖာသာယူထားပေါ့။ ဒုက္ခပါပဲ. . .သော့ကိုလွယ်လွယ်ထားရသလား။ ခုလောက်ဆို ဟိုလင်မယားမွှေလို့ ကုန်လောက်ပြီ"

"သော့က လွယ်လွယ်မထားပါဘူး၊ ကျွန်မနဲ့မေမေနှစ်ယောက်တည်းပဲ သိတဲ့နေရာမှာထားတယ်။ သူတို့မွှေလို့မရပါဘူး။ ဒါပေမဲ့ ရှင် အိမ်ပြန်ပြီးစောင့်ပေးလေ"





"ဒီမှာ ငွေနှင်းတို့သားအမိနှစ်ယောက်တည်း အဆင်ပြေပါ့မလား၊ သူဌေးတွေများ ဥစ္စာကလည်း ခြောက်ရတယ်နော်"

"ငွေနှင်းတို့ အဆင်ပြေပါတယ်. . .ဆိုင်က အလုပ်သမားတစ်ယောက်လောက် ခိုင်းဖို့ခေါ်လိုက်မယ်။ ရှင့်တာဝန်က အိမ်ပြန်စောင့်ပေးဖို့ပဲ"

ငွေနှင်း သူ့ကိုအမိန့်တွေပေးနေလျှင် နေသူရ မနာခံနိုင်ဖြစ်နေရသည်။ သူက ဖြစ်နိုင်လျှင် ငွေနှင်းအနားမှာပဲ အားပေးနေချင်သည်။ ဒေါ်မြနှင်းဦးအတွက် လိုအပ်တာတွေ လုပ်ကိုင်ပေးချင်သည်။

သို့သော် ကိုယ်က သူ့ဝန်ထမ်း။ ဒါပေမဲ့ သူက အလုပ်ပြုတ်မှာကြောက်သူမဟုတ်။ တစ်ခါတော့ အာခံပစ်လိုက်ချင်သည်။

"ငွေနှင်း အရမ်းအားငယ် ကြောက်လန့်နေတယ်၊ ငွေနှင်းကိုလည်း ဆေးကုဖို့လိုမယ်လို့ ကိုယ်ယူဆတယ်။ ဒါကြောင့် ငွေနှင်းတို့သားအမိနှစ်ယောက်ကို ကိုယ်စောင့်ပေးပါရစေ"

"ဒါဆို အိမ်ဘယ်သူစောင့်မလဲ၊ အမိန့်မနာခံတာ အမုန်းဆုံးပဲ"

"စိတ်ချရတဲ့မိတ်ဆွေတစ်ယောက်နှစ်ယောက်လောက်ကို အိမ်စောင့်ခိုင်းလိုက်ပါ။ ငွေနှင်းဘယ်လိုပဲပြောပြော ကျုပ်ကတော့ ခင်ဗျားတို့သားအမိနားမှာပဲ နေမယ်။ ခင်ဗျားတို့ လိုအပ်တာပဲ လုပ်ကိုင်ပေးချင်တယ်။ ခင်ဗျားမကျေနပ်လို့ အလုပ်ဖြုတ်ချင်လည်း ဖြုတ်ဗျာ"

အထူးခန်းထဲမှာ နေသူရ ခေါင်းမာနေတော့ ငွေနှင်းကြိတ်ပြီးပြုံးမိသည်။ သူ မသိအောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ. . . ဒီလောက်တောင်ဖြစ်နေရင်လည်း ရှင် ဒီမှာပဲစောင့်ပါတော့။ ကျွန်မ မိတ်ဆွေတစ်ယောက်ယောက်ကိုပဲ အိမ်စောင့်ခိုင်းလိုက်ပါတော့မယ်။ တော်တော်ခေါင်းမာတဲ့လူ"

ကျေနပ်သွားပုံရသည့်နေသူရကို မျက်စောင်းထိုးရင်း ငွေနှင်းအမိန့်ပြင်လိုက်ရပါသည်။



## အခန်း ( ၂၇ )

အထူးခန်းထဲမှာ ဒေါ်မြနှင်းဦး၊ ငွေနှင်းနှင့် နေသူရ။ ဒေါ်မြနှင်းဦးမှာ အသည်းအသန်လူမမာ မဟုတ်သည်မို့ နာ့စ်ငှားစရာမလိုပါ။ ဒီလိုပင် သမီးနှင့်နေသူရ ရှိနေပေးရုံနှင့် အဆင်ပြေနေပေပြီ။

သူမထိတ်လန့်သတိလစ်ခဲ့ရသည့်အဖြစ်ကို သားအမိနှစ်ယောက်အလုအယက်ပြန်ပြောပြနေကြလျှင် နေသူရ ရှင်းလင်းပြောပြရသည်။

"ဟိုနေ့ညက အန်တီတို့ပြတင်းမှန်နားကို သေမင်းရောက်လာလာတာ။ အန်တီ့ကိုခေါ်မလို့ လက်ညှိုးကြီးထိုးပြီး သွားကြီးဖြဲနေလိုက်တာ။ ဘုရား. . . ဘုရား. . . သမီးရဲ့ဖေဖေဆုံးခါနီးတုန်းကလည်း ဒီလိုပဲ။ သေမင်းရောက်လာပြီး လက်ညှိုးထိုး လက်ယပ်ခေါ်နေတာ အန်တီကိုယ်တိုင်မြင်ခဲ့ရတယ်။ မယုံမှာစိုးလို့ ဖွင့်မပြောတာ"

"ဟင်! အဲဒီတုန်းကရော အန်တီ လန့်မအော်ဘူးလား။ သတိမလစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက အန်တီ့ကျွန်းမာရေးကောင်းတယ်လေ။ ကိုတင်က တော့ လေဖြတ်သမားမို့ သေမင်းကိုမြင်လိုက်ပြီး တစ်ခါတည်း ဇက်ကျိုး ကျသွားတော့တာပဲ"

နေသူရ တွေးမိသည်မှာ ဦးတာဟာ အကြံအစည်ကြီးကြီးနှင့် ရောက်လာပြီး တစ်ယောက်ပြီးတစ်ယောက် မတော်တဆနည်းတွေနှင့် သတ်ပစ်နေခြင်း။

"တောက်! ဒါဆို အန်ကယ်သေတာ ဘယ်ရှိုးသားမလဲ။ ကျွန် တော်တို့က ကြေးအိုးထဲမှာများ တစ်ခုခုထည့်တာလားလို့။ အန်တီရယ်၊ အဲဒီကတည်းက ပြောခဲ့ရောပေါ့ဗျာ"

"အန်တီပြောရင် ယုံကြမှာမဟုတ်ဘူးလေ။ အိပ်မက် မက်တယ် လို့ပဲထင်ကြမှာ။ ကိုဇင့်တုန်းကလို သေမင်းတစ်ခါ ထပ်ပေါ်လာပြန်ပြီဆို ပြီး အန်တီ အကြောက်လွန် သတိလစ်သွားခဲ့တာ။ အနားမှာ သမီးရှိနေ လို့သာ။ အန်တီတစ်ယောက်တည်းဆို အကြောက်လွန်ပြီး သေလောက် တယ်"

"တကယ်တော့ အဲဒါ ဦးဖိုးတာရဲ့ခြောက်လှန့်မှုတွေလို့ ကျွန် တော်ထင်တယ် အန်တီ။ သူက တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံ ပြီး နောက်ဆုံးအမွေတွေအကုန် လက်ဝါးကြီးအုပ်မှာ"

"ဟုတ်ရဲ့လား. . . မောင်နေသူရရယ်၊ ဖိုးတာ ဒီလောက်တော့ မရက်စက်လောက်ပါဘူး။ ပြီးတော့ တို့ဗုဒ္ဓဘာသာမှာလည်း လူတွေသေ ခါနီးရင် သေမင်းက လာခေါ်တယ်မဟုတ်လား။ သေမင်းကိုမြင်လိုက်ရ တဲ့သူဟာ သေခါနီးလူပဲ။ ဘုရား. . . ဘုရား. . . အန်တီသေရတော့မယ် ထင်ပါရဲ့ကွယ်။ အန်တီသေမှာထက် သမီးကို တစ်ယောက်တည်းထားခဲ့





ရမှာ ပိုပြီးရင်နာမိပါတယ်"

ပြောရင်းမှ ဒေါ်မြနှင်းဦး မျက်ရည်တွေကျလာခဲ့လျှင် ငွေနှင်း မေမေ့ကိုဖက်ကာ ချော့မော့ရပါသည်။ နေသူရကတော့ အန်တီ့စကားကို လက်မခံနိုင်။

"ကျွန်တော် ဝီရိယပေါ့သွားတယ်၊ တကယ်ဆို အန်တီကြောက် နေတဲ့ အဲဒီသေမင်းကို ရအောင်ဖမ်းထားလိုက်ရမှာ။ ဒါမှ သေမင်းဘယ် သူလဲဆိုတာ သိရမှာလေ။ နောက်တစ်ခါ ကျွန်တော်ရအောင်ဖမ်းပြမယ်"

"သေမင်းကို ဘယ်သူဖမ်းနိုင်မလဲကွယ်၊ သူက လှစ်ခနဲဆို ပျောက်သွားတာ။ လေထက်လျင်တယ်"

သူတို့တွေ စကားအချေအတင်ပြောဆိုနေကြတုန်း အခန်းတံခါး ပွင့်လာပြီး ဆရာဝန်နှင့်နာ့စ်တို့ လူနာစောင့်ရှောက်ရအောင် ဝင်လာကြ သည်။

"မြလင်းကြည်ဖြူ"

ဒီပုဂ္ဂလိကဆေးခန်းမှာ ခေတ္တဝင်လုပ်နေသည်ထင်သည်။ နံနက် ခင်းနှင့်အတူ လှပအသက်ဝင်နေသည့် ဒေါက်တာမလေး။ နေသူရကိုမြင် လိုက်သည်နှင့် မျက်နှာက ပြင်မရအောင် ပျက်ကျသွားခဲ့တာ သိသိသာ သာ။

ငွေနှင်းလေပြည်ကတော့ သူတို့နှစ်ယောက်ကို အကဲခတ်လျက်။ ဒေါက်တာမလေး တုန်ယင်သောလက်နှင့်အလုပ်လုပ်နေတာ၊ ရင်ထဲမှ ခံစားချက်တွေကြောင့်လား။ သူတို့နှစ်ယောက်ဟာ တကယ်ရော ကွဲပြတ် သွားကြလို့လား။

တစ်ယောက်နှင့်တစ်ယောက် စကားမပြော၊ ဘာမပြောနှင့် သူ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းပြင်ပြင်တွေကျလို့။ အဲဒါကိုက မရိုးသားကြတာ။ ဒေါ်မြနှင်းဦးကတော့ ဂျူတီကုတ်လေးနှင့် ချစ်စရာဒေါက်တာမလေးကို သဘောတကျကြည့်ရင်း. . .

"ဒေါက်တာမလေးက ချစ်စရာကောင်းလိုက်တာကွယ်၊ အန်တီ့ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်နော်"

သည်အခါ မလိုတမာဝင်ပြောသူမှာ နေသူရ။

"ဒါ သူတို့အလုပ်ပဲ အန်တီရယ်၊ ဘာကျေးဇူးတင်စရာလိုသလဲ။ အန်တီပေးရတဲ့ငွေတွေလည်း ကြည့်ပါဦး၊ နင့်နေတာပဲမဟုတ်လား။ သူတို့က ငွေမျက်နှာပဲကြည့်တာ၊ အန်တီသာ ဆင်းရဲသား ကားသမားအမေဖြစ်ကြည့်ပါလား၊ လှည့်ကြည့်မှာမဟုတ်ပါဘူး"

"အိုကွယ်! မောင်နေသူရကလည်း ဒေါက်တာ့ကိုအားနာစရာ"

ဒေါ်မြနှင်းဦးမှာ အကြောင်းမသိသူမို့ ကြားထဲမှ အားနာနေပေမယ့် ငွေနှင်းကတော့ အားမနာ။ နေသူရပြောတာ မှန်နေတာပဲလေ။ သို့သော် သူမ ဘာမှမပြောတော့ပါ။ ဒါ သူတို့နှစ်ယောက်ရဲ့ပုဂ္ဂိုလ်ရေးကိစ္စပဲ။

နာစ့်ကတော့ နေသူရကိုမျက်စောင်းထိုးသွား၏။ ဒေါက်တာနှင့်နာစ့် ထွက်သွားလေမှ ငွေနှင်းက မေမေ့ကို မဲ့ကာရွဲ့ကာနှင့် ပြောပြသည်မှာ. . .

"အဲဒါ နေသူရရဲ့ချစ်သူ. . .မေမေရဲ့၊ သူက ဒေါက်တာဖြစ်အောင် ကားမောင်းပြီး ကျောင်းထားပေးခဲ့တာ။ ဟိုက ဒေါက်တာလည်းဖြစ်ရော သူ့ကိုထားခဲ့ပြီး သူဌေးတစ်ယောက်နဲ့တွဲနေတယ်လေ။ ဒါကြောင့် မေမေ့လူ အသည်းကွဲခတ်ဖြစ်နေတာ"





"တော်ဗျာ. . .တော်! ကျုပ်ကိုမခံချင်အောင် မပြောနဲ့။ ခင်ဗျားလူတစ်ဖက်သားရဲ့အရှိက်ကို တော်တော်လက်သီးနဲ့ထိုးတတ်ပါလား။ ဆောရီး. . .အန်တီ၊ ကျွန်တော် အပြင်ခဏထွက်ပါရစေ"

ဒေါ်မြနှင်းဦးဘက်သို့ လက်နှစ်ဖက်ပူးယှက်၍ ကန်တော့သလိုလုပ်ပြခဲ့ပြီး နေသူရ အခန်းအပြင်ထွက်ကာ စင်္ကြံထောင့်မှာ လက်သီးနှစ်ဖက်ဆုပ်ရင်း တောင့်တောင့်ကြီးရပ်နေမိသည်။

ရင်ထဲမှာ ခံစားချက်တွေက ပရမ်းပတာ။ အဲဒါ ဘယ်သူ့ကြောင့်လဲ။ မြလင်းကြည်ဖြူကိုမြင်လိုက်ရလို့လား။ ငွေနှင်းလေပြည်ရဲ့ ခနဲ့စကားတွေကြောင့်လား။

မြလင်းကို သူ ယခုထိ ဥပေက္ခာမပြုနိုင်သေးဘူးလား။ တကယ်ဆို သူ စကားနာတွေ မထိုးသင့်တော့ပါ။ သူ့ဘဝနှင့်သူ လျှောက်လှမ်းတော့မည့်မြလင်းအား ခွင့်လွှတ်လိုက်ခြင်းသာ အကောင်းဆုံး။

ကွဲအက်သွားပြီဖြစ်သည့် ပန်းကန်လုံးတစ်လုံးကို သူပြန်ပြီး ဆက်စေချင်သေးလို့လား။ မည်သို့ပင်ဖြစ်စေ သူကလည်း ငွေနှင်းကို သံယောဇဉ်တွယ်မိ ချစ်ခဲ့မိပြီမဟုတ်ပါလား။ သို့သော် ငွေနှင်း သူ့အပေါ် အထင်တသေးနှင့် မဖိနှိပ်သင့်ပါ။ မခနဲ့သင့်ပါ။

မိန်းမတွေရဲ့စိတ်ကိုလည်း သူဘယ်လိုမှလိုက်မမီတော့ပါလား။ ငွေနှင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲ။ ငွေနှင်း သူ့ကိုကစားနေတာလား။ အရုပ်တစ်ရုပ်လို ကစားနေတာလား။

အင်းလေ. . .သူကလည်း ငပေါကြီးတစ်ယောက်ဖြစ်ခဲ့တယ် မဟုတ်လား။ ဘာမသိဘာမသိနှင့် အချစ်စံအိမ်ကြီး အချစ်နန်းတော်ကြီးတည်ဆောက်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြလင်းကို ပခုံးနဲ့ထမ်းတင်ပြီး ဆရာဝန်ဖြစ်စေခဲ့တာ အကျိုးမျှော်ကိုးလို့တော့ မဟုတ်ခဲ့ပါ။ ကိုယ့်ချစ်သူက စာတော်တယ်၊ ဆရာဝန်ဖြစ်ချင်တာ ဖျတ်ဖျတ်လူးနေလို့ မဖြစ်ဖြစ်အောင် ရှာဖွေပြီး ကျွေးထားပေးခဲ့တယ်။ ဒါပါပဲ။ အဖြစ်အပျက်က ရိုးရိုးလေး။

ဆယ်ကျော်သက်အရွယ်ကောင်လေးတစ်ယောက်ရဲ့ သမားရိုးကျ ဖြတ်သန်းခဲ့သည့်ဇာတ်လမ်းလေးတစ်ပုဒ်ဟာ ခုတော့ အချို့သောလူတွေအတွက် ဟာသစရာ၊ စုတ်သတ်စရာ၊ ခနဲ့စရာတွေဖြစ်ခဲ့ရပါလား။

မျက်ရည်ပါးပါးစီးကျနေမိတာ ဘာကြောင့်လဲ။ သူမျက်စိမှိတ်ထားမိပါသည်။ ဒါဟာ ငါ့ရဲ့အချစ်ဝဋ်ကြွေးတွေပါပဲ။ ငါက ချစ်သူတွေကို မငိုကြွေးစေချင်ဘူး။ သူတို့ဘဝတွေ အဆင်ပြေအောင် ဖြည့်ဆည်းပေးချင်မိတယ်။

ဒါကိုပဲ လူနုံလူအတစ်ယောက်လို့ သဘောထားပြီး လောကကြီးရယ်မောပြောင်လှောင်ချင် ပြောင်လှောင်ကြပါတော့။ သူခံယူလိုက်မည်။ ယခုရော...

သူ့ရဲ့အလုပ်ရှင်မမက သူ့ကိုအလိုရှိသလို စေခိုင်းလှုပ်ရှားစေခဲ့ပြီ။ သူ အသန့်စင်ဆုံးသောစေတနာတွေနှင့် ငွေနှင်းတို့သားအမိအတွက် အသက်ပေး ထမ်းဆောင်လိုက်ပါမည်။

ဒါဟာ သူ့ရဲ့ရိုးသားဖြူစင်မှုတွေပါ။ အရိုးသားဆုံးသော နှလုံးသားနှင့် လုပ်ဆောင်ချက်တွေပါ။ လောကကြီး ရယ်ချင်ရယ်ပါတော့။

စကြံန်ထောင့်မှာ မျက်စိမှိတ်ပြီး ရပ်နေသည့်နေသူရကို လှမ်းကြည့်နေကြသူတွေကတော့ သူနှင့်ဆန့်ကျင်ဘက်အရပ်တွေမှ မိန်းကလေးနှစ်ယောက်ပါ။





တစ်ယောက်က ငွေနှင်းလေပြည်ဖြစ်ပြီး တစ်ယောက်က ဒေါက်တာမြလင်းကြည်ဖြူ။

"နေသူရရယ်၊ နင်သိပ်ခံစားနေရသလား။ ငါ့ကိုခွင့်လွှတ်ပါ။ နင့်ရဲ့သစ္စာတွေ အစူးခံနေရလို့ ငါ့ဘဝကြီးကလည်း ပဒိုင်းသီးစားမိသလို ရှူးနေရပါပြီ။ မပျော်ရွှင်တဲ့ဘဝကြီးမှာ ငါပျော်ချင်ယောင်ဆောင်နေရတော့မှာပါ နေသူရရယ်"

ငွေနှင်းလေပြည်ကတော့ သူ့အနားသို့ တစ်လှမ်းချင်းလျှောက်သွားပြီး သူ့ပါးပြင်မှမျက်ရည်များကို ပိုင်စိုးပိုင်နင်းသုတ်ပေးလိုက်ရင်း...

"ရှင့်ရဲ့မျက်ရည်တွေဟာ ကျွန်မအတွက်လို့ပဲ ယူဆလိုက်မယ်။ စောစောက ကျွန်မ ပေါက်ကွဲမိတာ...ဆောရီး။ နောက် ဘယ်တော့မှ မပြောတော့ဘူး။ လာ...မေမေ ရှင့်ကိုမေးနေပြီ"

သူမခေါ်ဆောင်ရာသို့ နေသူရ လိုက်ပါသွားတာကိုကြည့်ပြီး မြလင်းကြည်ဖြူ မုဒိတာပွားကျန်ခဲ့သည်။

"နေသူရရယ်၊ နင်က စိတ်ကောင်းရှိသူ သစ္စာမှန်သူဆိုတော့ ငါ့လိုကလိမ်ကကျစ်မနဲ့လွဲပြီး သူဌေးမချောချောလေးနဲ့ ခုံစည်းပေးရတယ်။ ငါဝမ်းသာပါတယ်ဟာ။ ကျေနပ်မိပါတယ်"

အလို! သူမရဲ့ပါးပြင်မှာလည်း မျက်ရည်ပါးပါးလေး စီးကျလို့ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

ဆေးရုံမှာ နှစ်ရက်နေပြီး သူတို့အိမ်ပြန်ရောက်တော့ ဖိုးတာတို့ လင်မယားကို အခြေမပျက်တွေ့ရသည်။ သူတို့ကတော့၊ မေမေ နှင်မချ မချင်း အိမ်ပေါ်က ဆင်းမည့်ပုံမမြင်။

ဒေါ်မြနှင်းဦးကလည်း လိမ္မာချင်ယောင်ဆောင်နေသည့်မောင် အား ဒီတစ်သက် နှင်ချမည်မထင်။ ဦးတာတို့ကလည်း ငွေနှင်းကို လူလို့ သဘောထားတာမဟုတ်။ နေသူရဆိုတာကတော့ ခွေးတစ်ကောင်လောက် သဘောထားသူ။

အိမ်ထဲမှာ အဖွဲ့နှစ်ဖွဲ့ တစ်ဖွဲ့ကိုတစ်ဖွဲ့ မျက်ခြည်မပြတ် အကဲ ခတ်ရင်း နေသူရကတော့ ဒေါ်မြနှင်းဦး နောက်တစ်ကြိမ်ရှော့ခ် မရရေး၊ အသက်အန္တရာယ်မဖြစ်ရေးသာ ဂရုစိုက်နေရသည်။

ငွေနှင်းကိုယ်တိုင်ကိုက သေမင်းဆိုတာကို ကြောက်နေပါသည် ဆိုတော့ နေသူရ သူမကိုအရင်အစွဲချွတ်ရသည်။





"သေမင်းမဟုတ်ပါဘူး ငွေနှင်းရဲ့၊ ကိုယ့်အထင် ဦးတာလို့ပဲ ထင်ပါတယ်"

"ဒါဆို သေမင်းက ဘာဖြစ်လို့ ရိပ်ခနဲမြင် ရိပ်ခနဲပျောက်သွား ရတာလဲ"

"အဲဒါတော့ သူ ပညာသုံးထားလို့နေမှာပေါ့ ငွေနှင်းရယ်။ ဒီ ခေတ်ကြီးထဲမှာ သရဲတစ္ဆေ ဖုတ်ပြိတ္တာဆိုတာ မရှိပါဘူး။ အဲ! ရှိရင်လည်း အကောင်အထည်မပြနိုင်ပါဘူးကွာ။ အရိပ်အယောင်တွေပဲ ရှိတာပါ။ အဲ! သရဲက စကိတ်များ စီးထားလားမသိဘူး"

"ငွေနှင်းတို့သားအမိကတော့ တကယ်မြင်လိုက်ရတာပဲ။ သေ မင်းက လျှင်မြန်လွန်းလို့ ရိပ်ခနဲပျောက်သွားတယ်၊ ဒီတစ်ခါထပ်မြင်ရရင် တော့ မေမေ မဆိုထားနဲ့၊ ငွေနှင်းတောင် အသက်ထွက်မလားဘဲ"

ဒီလိုတွေပြောထားသည်မို့ နေသူရ သူတို့သားအမိရဲ့လုံခြုံရေး အတွက် အထူးစဉ်းစားပေးနေရသည်။

"အဲ . . . ဟုတ်ပြီ"

"ဘာလဲ"

အပေါ်ထပ်ဝရန်တာမှာ သစ်ပင်လေးတွေ၊ ပန်းအိုးလေးတွေ ကွယ်နေသဖြင့် ချောင်းနားထောင်သူရှိမရှိ နေသူရ ထဖြီးကြည့်ရသေး သည်။ ဒေါ်မြနှင်းဦးကတော့ အခန်းထဲမှာ အနားယူနေလေပြီ။ အနီးဆုံး ကြည့်ရတာ လုံးဝမလန်း။ စိတ်ထောင်းလို့ ကိုယ်ကျေလေသလား။

"အန်တီ သေမင်းမမြင်ရအောင် အခန်းပြတင်းမှန်တွေကို ဖော့ ကပ်ထားလိုက်မယ်"

"အို! မဖြစ်နိုင်တာ၊ မေမေက အခန်းမှောင်ရင် လုံးဝမနေတတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊၊ နှလုံးသမားဆိုတာ အသက်ရှူရကျပ်တယ်လေ''

ဒီအကြံကို သူလက်လွှတ်ရပြန်သည်။

''ဒါဆို နောက်တစ်နည်း''

''ပြော. . . ဘယ်လိုလုပ်ကြမလဲ''

''ကိုယ် ငွေနှင်းတို့သားအမိရဲ့အခန်းထဲ လာပြီးစောင့်ရှောက်မယ်။ လူများရင် အန်တီမကြောက်တော့ဘူးပေါ့''

ငွေနှင်းမျက်နှာလေး ရှုံ့မဲ့သွားပြန်သည်။

''အို! မဖြစ်ပါဘူး၊ မေမေက ဘယ်လက်ခံမလဲ၊ ကိုယ့်သမီးပျို လေးရဲ့အခန်းထဲ ဘယ်မိခင်က လူပျိုတစ်ယောက်ကို သွင်းထားမလဲ၊ ခုလို အိမ်ပေါ်ခေါ်တင်ထားတာတောင် လွန်လှပြီ။ အန်တီမာရီယာ နှုတ် မှာပုံနဲ့ ခုလောက်ဆို သတင်းတွေ ပွနေပြီးလောက်ပြီ''

သည်တစ်ခါတော့ နေသူရ တကယ်စဉ်းစားပါသည်။ ကိုယ်ကသာ မောင်ပေါက်ကျိုင်းဇာတ်ထုပ်ခင်းပြီး သူမရဲ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးချင်နေပေမယ့် သူမက အမျိုးမျိုးအကြောင်းပြပြီး ငြင်းနေ သည်။

''ကဲ! ဒါဆိုလည်း ခင်ဗျားရဲ့အစီအစဉ် အကြံအစည်လေးများရှိ ရင် မိန့်တော်မူပါဦး''

''အင်း. . . . အဲဒါကတော့ ညဘက်ကျရင် ရှင် ကျွန်မတို့အခန်း ရှေ့မှာ တစ်ညလုံး စောင့်ပေး။ အရပ်ထဲမှာ မီးကင်းစောင့်သလိုမျိုးပေါ့ မကောင်းဘူးလား''

''ပေါ်တင်ကြီးလား''

''အင်းပေါ့၊ ဘာထူးတော့မှာလဲ''





''ကိုယ့်ကိုရော သေမင်းက ကြောက်မှာလား''

''ရှင်ပဲ သေမင်းက ဦးတာဆို''

''အင်းလေ၊ ငွေနှင်းပြောသလိုပဲ ကိုယ် အခန်းရှေ့က စောင့်ပေး နေပါ့မယ်''

''နေ့ခင်းဘက်တော့ ရှင်အိပ်လေ။ ညဘက်ကျ စောင့်ပေးပေါ့။ ဘာပဲဖြစ်ဖြစ် သေမင်းဟာ ဦးတာဆိုရင် ရှင်စောင့်ပေးနေတော့ အတင့် မရဲတော့ဘူးပေါ့။ အဲ! တကယ့်သေမင်းအစစ်ဆိုရင်တော့လည်း ရှင်မဆို ထားနဲ့၊ သိကြားမင်း ဆင်းတားလည်း မြင်ရမှာပဲ''

''ကဲပါ. . . ကိုယ် ညဘက်စောင့်ကြည့်ပေးမယ်။ စိတ်ချလက်ချ သာအိပ်. . . ဟုတ်ပြီလား။ ရှေးဘုရင်တွေ မိဖုရားတွေလက်ထက်ကလို ပေါ့။ ကိုယ်က မင်းတို့ရဲ့အိပ်ဖန်စောင့်''

''ကောင်းပါပြီ အိပ်ဖန်စောင့်ကြီးရယ်။ ကဲ! လာ. . . ထမင်းသွား စားရအောင်။ မေမေလည်း နိုးနေလောက်ပြီ''

ဒေါ်မြနှင်းဦးကိုဝင်ခေါ်ပြီး သူတို့သုံးယောက် အောက်ထပ်ထမင်း စားခန်းသို့ ဆင်းခဲ့ကြတော့ ထမင်းစားခန်းထဲမှာ ဦးတာတို့လင်မယား ရောက်နှင့်နေတာ တွေ့ရ၏။

''ဟော! မမ၊ ဒီနေ့ နေလို့ကောင်းရဲ့လား''

ဦးတာက သူ့အစ်မကိုလှမ်းတွဲနေရာချထားပေးရင်း ယုယနေ သလို၊ မာရီယာကလည်း ပန်းကန်ထဲ ထမင်းထည့်ပေးပါ၏။

''မမကြီး ညဘက်အိပ်ပျော်ရဲ့လား''

''မပျော်ပါဘူးကွယ်၊ ဘယ်အချိန်များ သေမင်းလာခေါ်မလဲလို့ ထိတ်ထိတ်နဲ့။ ရင်ထဲမှာ နွေထက်ပူတယ်။ ဘုရား. . . ဘုရား. . . လူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သေမျိုးပေမယ့် သေခါနီးကျရင် သေရမှာ တုကယ်ကြောက်တယ် နော်''

ဒေါ်မြနှင်းဦးစကားကို ဦးတာနှင့်မာရီယာမှာ ပြုံးပြုံးပြာပြာ နားထောင်နေ၏။

''ဘယ်ကသေမင်းက လာခေါ်မှာလဲ မမရဲ့။ မမနေကောင်းနေပြီပဲ''

''နင်မသိပါဘူး ဖိုးတာရယ်၊ ဟိုနေ့က ငါ့ကိုသေမင်းလာခေါ်တယ်။ သေမင်းကိုမြင်လိုက်ရလို့ ငါ ရှော့ခ် ရသွားတာ။ ကိုဇင့်တုန်းကလည်း သေမင်းကိုမြင်လိုက်ရပြီး တစ်ခါတည်း အသက်ပါသွားတာ''

''ကြဲကြီးစည်ရာ မမရယ်၊ သေမင်းဆိုတာ အကောင်အထည်ရှိလို့လား''

မောင်နှမနှစ်ယောက် ဆွေးနွေးနေကြလျှင် ငွေနှင်းလေပြည်က တားဆီးလိုက်သည်။

''ကဲ! တော်ကြပါတော့၊ ထမင်းစားတွေ ပျက်ကုန်ကြပါ့မယ်။ မေမေ ထမင်းကိုပဲ ဂရုစိုက်စားပါနော်။ အဲဒီကိစ္စမေ့ထားပါဦး''

ထမင်းဝိုင်းလေးခမျာ ခြောက်ကပ်ကပ်နှင့် ဆက်လက်ချီတက်နေရလေသည်။



## အခန်း ( ၂၉ )

ညဆယ်နာရီထိုးသည်အထိ ဒေါ်မြနှင်းဦးရဲ့အခန်းထဲမှာ လူစုမကွဲကြသေး။ ဦးတာတို့လင်မယားနှင့် နေသူရပါ ရှိနေကြသည်။ ဒေါ်မြနှင်းဦး စိတ်ပြေလက်ပျောက်ရှိဖို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြရင်း ခြေဆုပ်လက်နယ်တွေ ပြုနေကြသည်။

ပြုံးရွှင်ချိုကြည်နေသည့် မောင်နှင့်ယောင်းမကိုကြည့်ပြီး ဒေါ်မြနှင်းဦးမှာ တပြုံးပြုံး။ ငွေနှင်းလေပြည်က သူ့မေမေ၏ခြေသလုံးကို ဆုပ်ပေးနေသလို ဖိုးတာက လက်၊ မာရီယာက ပေါင်။ နေသူရကတော့ဖြင့် ကုတင်ဘေးမှာထိုင်ရင်း အကြံထုတ်နေရ၏။

ငါစောင့်နေရင် သေမင်းလာပါ့မလား။ အိုလေ. . .မလာတော့လည်း ကောင်းတာပေါ့။ အန်တီ မထိတ်လန့်ရတော့ဘူးပေါ့။

ငွေနှင်းကတော့ သူထိုင်စောင့်ပေးမှာ လူမသိစေချင်။ ဆယ်နာရီကျော်တော့ ဖိုးတာက နေသူရကိုမျက်မှောင်ကြုတ်ပြီး ကြည့်လိုက်မာန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်! အခန်းထဲကထွက်တော့လေ၊ အပျိုခန်းထဲဝင်ပြီး အလိုက်ကိုမသိဘူး"

ဦးလေးတစ်ယောက်အနေနှင့် နှင်တော့လည်း နေသူရမှာ ပေစောင်းစောင်းနှင့် ထွက်လာရသည်သာ။ သူ အောက်ထပ်အယောင်ပြထားသည့်အခန်းသို့ အဆင်းပြုပြီး ချောင်းကြည့်ပေါက်မှနေ၍ ဦးတာတို့လင်မယားကိုစောင့်ကြည့်ရသည်။

သူတို့နှစ်ယောက် အခန်းထဲဝင်ပြီးကာမှ နောက်ပေါက်မှနေ၍ အပေါ်ထပ်သို့ ပြန်တက်ပြေးရသည်။ နောက် ငွေနှင်းတို့အခန်းရှေ့မှာ ကုလားထိုင်ချ၍ ငုတ်တုပ်ထိုင်စောင့်ဖို့ပြင်ရသည်။

သူ့လက်ထဲမှာ လက်နက်က နှစ်ခု။ တစ်ခုက နံချပ်ကူ။ တစ်ခုက လောက်လေးနှင့် လောက်စာလုံး။

လာစမ်း! သေမင်းဟာ အစစ်ဖြစ်ဖြစ် အတုဖြစ်ဖြစ် နံချပ်ကူနဲ့ရိုက်မယ်။ လောက်လေးနဲ့ပစ်မယ်။

သူ ငွေနှင်းတို့သားအမိ၏အခန်းရှေ့မှာ နေရာအကျအနယူနေတုန်း အခန်းတံခါးပွင့်လာကာ ငွေနှင်း အပြင်သို့ထွက်လာခဲ့သည်။ သူမရုပ်က ကျေနပ်ပီတိရုပ်။

"အိပ်ဖန်စောင့်ကြီး၊ ငိုက်မနေနဲ့နော်။ တော်ကြာ သေမင်းက ရှင့်ခေါင်းကို ခေါက်သွားလိမ့်မယ်"

"လူများ အထင်သေးလို့၊ လုံးဝမငိုက်စေရဘူး။ ဒါထက် မှန်ပြတင်းတွေက ဒီဘက်မှာပဲရှိတာလား။ တော်ကြာ သေမင်းက ဒီဘက်က မလာဘဲ ဟိုဘက်က လာနေရင် ဒုက္ခ"

"ဟိုဘက်မှာ ပြတင်းပေါက်မရှိပါဘူး။ ပူမနေနဲ့၊ ကဲ! မအိပ်မနေ





အသက်ရှည်ပေါ့။ ဂွတ်နိုက်"

ငွေနှင်း အခန်းထဲပြန်ဝင်သွားလျှင် နေသူရ စကားနှင့်လှမ်းပြီး ခနဲ့လိုက်သည်။

"သြော်. . . ဒုက္ခ. . . ဒုက္ခ. . . ငါ့ရဲ့နှလုံးလမ်းကြောင်းမှာ ကျွန်းများ ခံနေသလားမသိဘူး။ မိန်းမနဲ့ပတ်သက်လာရင် အမြဲတမ်း မသက်မသာဘဲ"

သည်အခါ ငေါက်ခနဲဖြစ်သွားသည့်ငွေနှင်းရုပ်ကလေးမှာ ဂျေဝင်သည့်ရုပ်။

"အောင်မာ! အောင်မာ! သေတာတောင် ခံပေါက် မျက်စပစ်ချင်တဲ့လူ။ သွားလေသူကြီးကိုလည်း မမေ့နိုင်သေးဘူးပေါ့လေ။ ဒီလောက်တောင် ကျွန်းခံနေတဲ့ရင်ဘတ်ကြီး. . . ကဲဟယ်. . . ကဲဟယ်"

ငွေနှင်း သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်လေးနှင့် တဗုန်းဗုန်းထုနေလျှင် နေသူရ သူမ၏ကိုယ်လုံးလေးကို လက်ရော်ဘာရော ဖမ်းချုပ်ပစ်လိုက်သည်။

"ကိုယ့်ရင်ထဲမှာ တစ်ယောက်ပဲရှိပါတယ်ကွာ။ ကိုယ့်ရင်ဘတ်က နေရာကျဉ်းပါတယ်။ တစ်ယောက်ပဲဆန့်တယ်။ ကဲ! အခု အဲဒီအချစ်မဖုရားအတွက် ဦးဆွေးဆံမြည့်အမှုတော်ထမ်းရွက်မလို့။ တာဝန်ချိန်မှာ လာပြီးမနှောင့်ယှက်ပါနဲ့။ ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းချုပ်ပစ်လိုက်မယ်"

သူလွှတ်ပေးလိုက်တော့ ငွေနှင်းအရှက်မျက်နှာလေးနှင့် အခန်းထဲ ပြေးဝင်သွားလိုက်သည်မှာ ဆယ်ကျော်သက်လေးတစ်ယောက်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ည(၁၂)နာရီထိုးသည်အထိ အခြေအနေတွေက မထူးခြားသေး။ ဆောင်းတွင်းကြီးမို့ ချမ်းကလည်းချမ်း။ သူ့ကိုယ်မှာ အနွေးထည်၊ ဂျာကင်တွေ ခေါင်းစွပ်တွေနှင့်။ အနက်ရောင်တွေမို့။

"အင်း. . . ခုနေ သေမင်းမြင်ရင် ငါ့ကိုပြန်လန့်နေမယ်။ အခန်းရှေ့က ပိတ်စောင့်တာထက် အခန်းကိုမြင်နေရတဲ့ဝရန်တာလေးက ပုန်းပြီးစောင့်ရင် ကောင်းမယ်ထင်တယ်။ ဒါမှ မသမာမှုတွေ မြန်မြန်ပပျောက်မှာ"

နေသူရ အတွေးနှင့်အတူ ဝရန်တာဘက်သို့ သွားလိုက်သည်။ ဝရန်တာနှင့် အခန်းအကွာအဝေးက ဆယ်တောင်လောက်။ ဝရန်တာမှာ ပန်းပင်လေးတွေ ပန်းအိုးလေးတွေ ချိတ်ဆွဲထားသည်မို့ ရုတ်ခနဲ ကိုယ့်ကို မမြင်ရလောက်။

သူ နေရာရွှေ့ပြီး ဝရန်တာမှစောင့်ကြည့်ပြန်သည်။ အခန်းကို မျက်ခြည်မပြတ်ကြည့်ရင်း အိပ်ငိုက်ချင်စိတ်ကို အားတင်းပြီး ဖယ်ရှားနေရသည်။

ညနှစ်ချက်တီးသံကို သူနားစွင့်နေတုန်း သူ့မျက်လုံးထဲမှာ မည်းခနဲမြင်လိုက်ရလျှင် သူ ဝေါက်ခနဲ အာရုံတွေ နိုးကြားသွားသည်။

လှေကားမှတက်လာတာ မမြင်လိုက်ရပေမယ့် အခန်းရှေ့ စင်္ကြံသို့ သေမင်းရောက်နေပေပြီ။ ဘယ်လိုဘယ်ပုံရောက်လာသည်ဆိုတာ သူမမြင်လိုက်။

နေသူရ ကြက်သေမသေရအောင် စိတ်ကိုတင်းပြီး ပြူးကြည့်နေတုန်း သေမင်း ငွေနှင်းတို့အခန်းနားသို့ ကပ်သွားပုံက ရိပ်ခနဲ။

အဝတ်နက်ကြီးဖုံးထားသည်မို့ ခြေထောက်ကိုမမြင်ရ။





နေသူရ လောက်လေးနှင့်လောက်စာလုံးကိုအသုံးပြုပြီး အဆက်မပြတ် ပစ်ထည့်လိုက်သည်။

"ကဲကွာ"

"ဖုန်း. . . ဖုန်း. . . ဖုန်း. . . ဖုန်း"

လောက်စာလုံးမှန်သံများနှင့်အတူ သေမင်း ရိပ်ခနဲပြေးလွှား ပျောက်ကွယ်သွားပုံက အံ့ဩစရာ။

သေမင်းဟာ လောက်စာလုံးမှန်လို့လည်း မအော်ပါလား။ အဝတ်ကိုပဲ မှန်လို့ အသားကိုမထိဘူးလား။ နေသူရ ဝရန်တာမှပြေးလာပြီး သေမင်းပြေးလွှားရာလမ်းတစ်လျှောက် လိုက်ကြည့်ပေမယ့် ခြေရာလက်ရာတောင် မတွေ့ရတော့ပါ။

ဒါ သေမင်းအစစ်တော့မဟုတ်။ သို့သော် နည်းစနစ်တွေ ပိရိလွန်းလို့ ဘယ်လိုကောက်ချက်ဆွဲရမှန်းပင်မသိ။

ဘာပဲပြောပြော သူလက်ဦးခဲ့သည်မို့ သေမင်းကို ဒေါ်မြနှင်းဦးတို့ မမြင်လိုက်ကြရတာ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

နံနက်စာထမင်းဝိုင်းမှာ ဦးတာပဲ ရောက်ရှိလာပြီး မာရီယာကို မတွေ့ရ။ ဘယ်သွားနေသည်မသိ။ နေသူရ ညကအဖြစ်အပျက်ကို ဒွေ နှင်းတို့သားအမိအား အစီရင်ခံပြီးသား။

"မကြောက်နဲ့တော့နော် အန်တီ။ ညက သေမင်းရောက်လာလို့ လောက်လေးနဲ့ပစ်တာ အဝတ်ကိုထိတဲ့အသံမျိုး ဖုန်း! ဖုန်း! ဖုန်း! နဲ့မြည် သွားတယ်။ ရိပ်ခနဲပြေးလွှားသွားတာကလည်း တစ်နေရာကနေ ကြိုးနဲ့ ဆွဲတာလား၊ စက်ကိတ်နဲ့လားပဲ။ တစ်ခုခုတော့ တစ်ခုခု၊ အကြံအဖန်ရှုပ် ကြီးပါ။ သေချာပါတယ်"

"ဟုတ်လို့လား မောင်နေသူရရယ်"

"ဟုတ်ပါတယ် အန်တီ၊ အန်ကယ့်တုန်းကလည်း ဒီအရှုပ်နဲ့ပဲ ခြောက်တာ။ ကျွန်တော်မသိလိုက်လို့ ခံလိုက်ရတာ။ အန်တီ့ကျ ဘယ်ရ မလဲ။ အဲဒီအရှုပ်ကို ရအောင်ဖမ်းပြမယ်"





"သားအကြံအစည်တွေကလည်းကွယ်၊ အန်တီတို့သေတော့ ရော သူတို့အမွေရမှာကျလို့။ အမွေရချင်းရ သမီးပဲရမှာပေါ့။ ဘုရား! ဘုရား! သမီးကိုပါသတ်ဖို့ ကြံစည်နေကြသလားကွယ်"

"ပြောတော့မပြောနိုင်ဘူးလေ။ အန်တီရယ်. . . အကောင်းဆုံး ကတော့ သူတို့လင်မယားကို အိမ်ပြန်နိုင်းလိုက်တာ အသင့်တော်ဆုံးပါ ပဲ"

"အေးကွယ်. . . အပြောရကျပ်လိုက်တာ၊ အိမ်မှာ သားအမိနှစ် ယောက်တည်းတော့ မဖြစ်ဘူးနော်။ မောင်နေသူရကရော အကြာကြီးနေ ပေးမှာမို့လား။ အမေပြန်လာရင် ပြန်မှာမဟုတ်လား"

"ဒီပြဿနာတွေရှင်းသွားတဲ့အထိတော့ နေပေးမှာပါ အန်တီ။ အကြာကြီးနေဖို့တော့ မသင့်တော်ဘူးမဟုတ်လား"

"ဟုတ်တာပေါ့လေ၊ အန်တီ တစ်မျိုးကြံစည်ရဦးမှာပေါ့"

နံနက်စာစားချိန်က မနက် ရှစ်နာရီ။

"မောင်လေး. . . မာရီယာ မနိုးသေးဘူးလား"

"နိုးပါပြီ မမ၊ သူညီမ နေမကောင်းဘူးဆိုလို့ နေပြည်တော်ကို လိုက်သွားဖို့ အထုပ်အပိုးပြင်နေပါတယ်"

"ဪ. . . ဒါဆို မင်းပါလိုက်သွားရမှာပေါ့"

"ဟုတ်ကဲ့၊ သူညီမက မီးဖွားမှာဆိုတော့ သူသွားမှဖြစ်မယ်။ ကျွန်တော်က ကားမောင်းဖို့ရှိမှာပေါ့။ မမတို့ ဖြစ်ရဲ့လား၊ မမတို့မှာ အခက် အခဲများဖြစ်နေမလား"

"ရပါတယ်ကွယ်၊ မမတို့ဖြစ်ပါတယ်။ ကျန်းမာရေးဆိုတော့လည်း သွားရမှာပေါ့။ မင်းတို့လာနေပေးတာလည်း ကြာပြီပဲ။ ကိုယ့်အိုးကိုယ့်

www.burmeseclassic.com



အိမ်ကိုလည်း ပြန်ကြည့်ရဦးမှာပေါ့''

''ဟုတ်ကဲ့ပါ၊ ခဏနေ ကျွန်တော်တို့သွားတော့မှာ''

''အေးကွယ်. . . အေးအေး. . . နေဦး. . . လမ်းစရိတ် ယူသွားဦး။ သမီး. . . ဖိုးတာကို ငါးသိန်းလောက် ပေးလိုက်ပါကွယ်''

ငွေနှင်း ငွေသွားယူပြီး ဖိုးတာလက်ထဲထည့်လိုက်သည်။ မနှင်းရဘဲ သူ့စရိတ်နှင့်သူ သွားကြပြီမို့ ငွေနှင်းတို့သားအမိ ဝမ်းသာနေကြပေမယ့် နေသူရကတော့ စိတ်ထဲထင့်နေမိသည်။

ဘယ်လိုများ ကြံစည်ကြဦးမှာလဲ. . .

ညက လောက်စာလုံးဒဏ်ကို ဘယ်သူခံလိုက်ရသလဲ၊ အဆင်ကြည့်ရတာတော့ အဝတ်ကိုပဲထိသွားသည့်အသံ။ သို့သော် မာရီယာမှာလည်း ရှုံ့ရှုံ့မဲ့မဲ့။

ဦးဖိုးတာနှင့်မာရီယာတို့ ကားနှင့်ထွက်ခွာသွားသည်ကို လက်ပြကျန်ခဲ့ကြသည့်သားအမိအား နေသူရ ငေးကြည့်နေမိသည်။

အင်း. . . အဖြစ်အပျက်တွေကတော့ တစ်မျိုးကြီးပဲ။ တောက်တဲ့လိုကပ်နေကြတဲ့ ဦးတာနဲ့မာရီယာဟာ ဘာဖြစ်လို့ ခွာထွက်သွားကြတာလဲ။ ဗျူဟာပြောင်းလိုက်ကြတာလား။

သေမင်းနှင့်စစ်ခင်းလည်း နေသူရဝင်ရှုပ်နေသဖြင့် ခရီးမပေါက်လို့များ အကြံမ်းနည်းဖက်ကြဦးမလို့လား။

မာရီယာ သူ့ညီမနောက်လိုက်သည်ဆိုတာ လုံးဝမဖြစ်နိုင်။ ဒါလှည့်ကွက်တစ်ခုပဲ။ ငွေနှင်းနှင့် ဒေါ်မြနှင်းဦးကိုတော့ ရှင်းပြမနေတော့။ တော်ကြာ မိန်းမသားတွေပီပီ အားငယ်နေကြဦးမည်။

သူတစ်ယောက်တည်း အစီအမံတွေ၊ အစီအစဉ်တွေ လုပ်ရဦး





မည်။ အငိုက်မမိအောင် ကြိုးစားရပါမည်။

အဘယ်ကြောင့်ဆို ငွေနှင်းက သူ့ကိုအရာရာယုံကြည်အားကိုးနေလို့ပါပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

တိမ်ကြားမင်းခေါင်လို ဘယ်နေ့ရာက ပေါ်လာမလဲ။ နေသူရရဲ့ကျင့်စဉ်ကတော့ မအိပ်မနေအသက်ရှည်ပါပဲ။ လက်နက်တွေကိုလည်း တိုးပြီးစုဆောင်းထားရသည်။

နံ့ချပ်ကူနှင့်လောက်လေးသာမက တုတ်တွေ ဓားတွေပါ သူဆောင်ထားရသည်။ ငွေနှင်းကလည်း သေနတ်တစ်လက် ပေးထားသည်။

"ဖေဖေ လိုင်စင်နဲ့ကိုင်တဲ့သေနတ်လေးတော့ရှိတယ်။ ရှင်ပစ်တတ်ရင် ယူထားလေ။ ဘာပဲဖြစ်ဖြစ် အသုံးဝင်တာပေါ့။ သေနတ်ပစ်တာ လွယ်လွယ်လေးရယ်။ ကျည်ဆန်ဖြည့်ထားပြီး ခလုတ်ဆွဲလိုက်တာပဲလေ"

"ငွေနှင်း ပစ်ဖူးလို့လား"

"ဖေဖေ ပြထားဖူးတယ်၊ လာ. . . ရှင့်ကိုသင်ပေးမယ်"

"ငွေနှင်းယူထားပါလား၊ ရန်သူနဲ့တွေ့ရင်"

"အို. . . မပစ်ရဲပါဘူး၊ ရှင်ပဲယူထားလိုက်"





သူမ သင်ပေးသည့်အတိုင်း ကြည့်ထားပြီး အရေးကြုံလျှင်သုံးဖို့ ယူထားရသေးသည်။

ဒီည သူ ဘယ်နေရာက စောင့်ရမှာလဲ။ ရန်သူကိုအထင်သေးလို့မရ။ ဦးတာတို့လင်မယားကို သူလျှော့မတွက်။ အိမ်အနိုင်အမာကြီးပေမယ့် အတွင်းလူပါလျှင် မလွယ်။ နောက် သူတို့ဆေးရုံတက်နေတုန်းမှာ ဘယ်သူတွေကိုများ စည်းရုံးထားမည်မသိ။

နေသူရ အိမ်အကူ မသူဇာနှင့်ဒေါ်ဝင်းမွှင်ကို ဂရုစိုက်ကြည့်ရမည်။ ဦးတာ မည်သူ့ကိုစည်းရုံးသွားသလဲ မပြောနိုင်။

နောက်ဆုံး နေသူရ အပေါ်ထပ် ငွေနှင်းလေပြည်တို့ခြေရင်းခန်းမှ တိတ်တဆိတ်စောင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ည ဆယ့်နှစ်နာရီထိုးသံနှင့် မရှေးမနှောင်းပင် အိမ်ပေါ်သို့တက်လာသည့်ခြေသံများကိုကြားလိုက်ရလျှင် နေသူရ ခေါင်းနားပန် ကြီးသွားရသည်။

ရန်သူတွေ လက်ဦးမှုရသွားပြီလား။ သူ ကိုယ့်အခန်းတံခါးကိုဟပြီး ချောင်းကြည့်လိုက်တော့ စုစုပေါင်း လူသုံးယောက်။ လက်ထဲမှာလည်း လက်နက်တွေနှင့်။ သေနတ်က တစ်လက်၊ ဓားက တစ်ယောက်၊ နောက် တုတ်က တစ်ယောက်။

သုံးယောက်စလုံး မျက်နှာဖုံးတွေ စွပ်ထားပြီး အဝတ်နက်တွေနှင့်။ သူ နယ်မြေရဲဌာနကို ဖုန်းဆက်လိုက်သည်။ ပြီးမှ ငွေနှင်းပေးထားသည့်သေနတ်ကိုထုတ်ပြီး အသင့်ပြင်ထားသည်။ သုံးယောက်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆိုတော့ မိုက်ရူးရဲဆန်လို့တော့မရ။

"အဲ လောက်လေး. . . လောက်လေး"

ရန်သူကို အဝေးကတိုက်ခိုက်တာ လောက်လေး အကောင်းဆုံးပဲ။ ဒီတော့ အချိန်အခါရွေးမနေတော့ဘဲ သူ အခန်းတံခါးကို ပြန်းခနဲဖွင့်ကာ လောက်လေးနှင့်ဆက်တိုက်ပစ်တော့ လူဆိုးနှစ်ယောက်၏ရင်ဘတ်များကို ထိသွားကြသည်။

"အား"

"အား"

သူ့လောက်စာလုံးက ကက်သီးတွေမို့ လူဆိုးနှစ်ယောက် တော်တော်အထိနာသွားကြပုံ။ ကိုယ့်ရင်ဘတ်တွေဖိပြီး လူးလိမ့်နေကြစဉ် သေနတ်ကိုင်သည့်တစ်ယောက်က သူ့ကို အလန့်တကြားပစ်ထည့်လိုက်၏။

"ဒိုင်း!"

"အား. . ."

သူ့ပခုံးတစ်ဖက် ပူသွားပြီး လူက အိပ်ရေးပျက်ပေါင်းများပြီမို့ မိုက်ခနဲသတိလစ်သွားလိုက်တာ သူ့ဘဝကြီးတစ်ခုလုံး အမှောင်ကမ္ဘာထဲကျရောက်သွားတော့သည်။

သူက ဘဝမှာ ကုသိုလ်ကောင်းမှုတွေ ဘာမှမပြုလုပ်ရသေးသူမို့ သူရောက်ရှိသွားတာ အဝီစိငရဲ။

လူတွေပြောသလို ဘယ်မှာ ဆီကြော်ဒယ်အိုးကြီးတွေရှိလို့လဲ။ စိမ်းလန်းသော သစ်တော၊ သစ်ပင်များနှင့် စိုစွတ်သော ရေတံခွန်စိမ့်စမ်း





တွေနှင့်။ အဝီစိမှ ကြိုဆိုပါ၏လို့ ဆိုင်းပုဒ်တပ်ထားလို့သာ။

သို့သော် နေရောင်မမြင်ရတာက ခက်သည်။ အင်းပေါ့လေ၊ အဝီစိဆိုတာ ဟိုး. . . ငရဲကြီးရှစ်ထပ်ရဲ့တစ်ခုသောအထပ်ပဲ၊ နေရောင်နဲ့ ဝေးပြီပေါ့။

သူ ပခုံးမှသွေးတွေစိုရွှဲလျက် ပခုံးတစ်ဖက် တွဲလွဲကျကာ ခန္ဓာကိုယ်ကို ဒရွတ်ဆွဲလျှောက်သွားနေရတာ မသက်သာ။

ဟာ! အဝီစိမှာ မျက်နှာစိမ်းတွေချည်းပါလား။ သိတဲ့လူလည်း တစ်ယောက်မှမရှိဘူး။ ဘုရားရေ! . . . ဘုရားရှင် . . . ကယ်ပါ။

မေမေရေ. . . မေမေ ဘုရားရှိခိုးရင် သားကိုလှမ်းပြီး ကုသိုလ်တွေ အမျှပေးဝေပါဦး။ သား သာဓုခေါ်ချင်လို့ပါ။

မေမေရဲ့ ငမိုက်သားလေး. . .

ဘဝမှာ မိန်းမနှစ်ယောက်ကို ချစ်ခဲ့မိပါတယ်။ သားက ဘာမဆို အရူးအမူးမို့ နှစ်ယောက်လုံးကို တစ်မျိုးစီ အရမ်းချစ်ခဲ့မိပါတယ်၊ တကိုက်မတ်မတ်ချစ်ခဲ့မိတယ်။

ပေတစ်သီး ကျီးတစ်သားဆိုပေမယ့် သားကတော့ တစ်ပင်လဲလို့ တစ်ပင်ထူ၊ အဲ. . . တစ်ယောက်က စွန့်ပစ်ခဲ့လို့ နောက်တစ်ယောက်နဲ့ ချစ်သွားမိခဲ့တာပါ။

သူ ပက်ကျိတစ်ကောင်လို အမှောင်ဝါးဝါးကမ္ဘာထဲမှာ ဖြည်းဖြည်းချင်းလျှောက်သွားနေတော့ တစ်စုံတစ်ယောက်နှင့် ဒုန်းခနဲတိုက်မိသွား၏။

သူ ဒေါသဖြစ်ဖြစ်နှင့် အသေအချာကြည့်လိုက်တော့ မြလင်းကြည်ဖြူ။

"နင်ဟာလေ၊ ငါ့ကို ငရဲအထိလိုက်ပြီး ဒုက္ခပေးတဲ့မိန်းမ။ နင်



www.burmeseclassic.com

www.burmeseclassic.com



*ကရော ဘာဖြစ်လို့ ဒီရောက်လာတာလဲ၊ နှင်ရော သေသွားပြီလား။* နှင့်ရည်းစားအကောင်းစားကြီးရော''

''ရှိပါတယ်၊ သူကတော့ မသေသေးဘူးလေ။ ငါ နှင့်ကိုတောင်းပန်ရအောင် လိုက်လာခဲ့တာပါ။ နှင် ငါ့ကိုခွင့်လွှတ်ပါနော်။ ငါလေ. . . နှင့်ကိုပဲ ရင်ဘတ်ထဲက တကယ်ချစ်တာပါ''

သူ့လက်မောင်းကိုဆွဲဆွဲခါပြီး သူပြောနေတော့ ဒဏ်ရာရလို့ တွဲလွဲကျနေသည့်ပခုံးမှသွေးတွေ တပွက်ပွက်စီးဖိတ်ကျ၏။ သူ မြလင်းကြည်ဖြူ၏လက်မှ အတင်းရုန်းပြီး အော်ဟစ်နေရသည်။

''အား. . . သွား. . . သွား. . . နှင်ဟာလေ တကယ့်ကို မော်ကဝေမပဲ။ မာယာတစ္ဆေမ၊ မာယာပရောဂျက်ဆွဲပြီး ယောကျ်ားတွေကို ဒုက္ခတွင်းထဲ ဆွဲနှစ်မယ့်မိန်းမ။ နှင့်ကို ငါကြောက်တယ်၊ နှင်ကျန်ခဲ့တော့၊ ငါ့နောက်မလိုက်နဲ့''

နေသူရ တရွေ့ရွေ့နှင့် ခရုတစ်ကောင်လို အားတင်းလျှောက်သွားနေပြန်သည်။ မကြာမီ တောင်ပူစာလေးအကွယ်ရောက်တုန်း မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်မိပြန်သည်။

သည်တစ်ခါတော့ ပစ်လဲကျသွားသည့်သူ့ကို ကောင်မလေးက ရင်ခွင်ထဲမှာ ဖက်ထားလိုပါလား။

''ဒုက္ခပါပဲ၊ ဒဏ်ရာတွေနဲ့ ငါ့ကိုမဝင်ဝင်တိုက်ကြရသလား။ ဓါ ဟာ အတောင်ကျိုးနေတဲ့ ငှက်ကြီးတစ်ကောင်ပါ''

''ရှင်က ငှက်မဟုတ်ပါဘူး၊ လဒ. . . တကယ့်ကို အနပ်အပါးမရှိတဲ့ လဒကြီး''

အလို! ဒီအသံကြားဖူးတယ်မှတ်တာ။ နောက်ဆုံးကျ ငွေနှင်း





လေပြည် ဖြစ်နေတာကိုး။

''နှင်ဒီလိုမပြောသင့်ဘူးဟာ၊ နှင့်အတွက်ဆို ငါ ကိုယ့်အသက်ကိုတောင် စတေးပေးဆပ်ခဲ့သူပါ။ နှင် ငါ့ကိုသနားသွားတာသင့်ပါတယ်''

''အို! ဒါ. . . ရှင်ညံ့လို့ ရှင်ခံရတာပဲ။ လူဆိုးတွေကိုများ ရှင့်ယောက်ဖတွေမှတ်လို့ လောက်လေးနဲ့ပစ်ရတာလဲ။ တကယ်ဆို ရှင့်ကို ကျွန်မ သေနတ်ပေးထားခဲ့တာပဲ. . . ရှင် သေနတ်နဲ့ပစ်သတ်ရမှာ။ ရှင် လူညံ့''

''ဒီလိုမပြောပါနဲ့ကွာ၊ ငါက လူသတ်ချင်တဲ့ သွေးဆာနေတဲ့ ကောင်မှ မဟုတ်တာ''

''အဲဒီတော့ ရှင်ခံသွားရတာပေါ့''

''ခံရပါစေကွာ၊ ငါ လူတွေကိုလျှောက်မသတ်ချင်ပါဘူး''

''ဒါဆိုလည်း ဒီလောက်သဘောကောင်းလွန်းတဲ့လူ. . . ရှင် အဝီစိမှာပဲ ကျန်ခဲ့ပေတော့''

သူ့လက်ကိုဖြုတ်ပြီး ငွေနှင်း ထွက်ခွာမည်ပြင်လျှင် နေသူရက သူမလက်ကိုအတင်းဆွဲထားရင်း သနားစဖွယ်တောင်းပန်နေလိုက်တာ တစာစာ။

''ငွေနှင်း. . . ငွေနှင်းရေ၊ ကိုယ့်ကိုမထားခဲ့ပါနဲ့ကွာ။ ကိုယ့်ကို သနားပါ။ ငွေနှင်းကို ကိုယ်အရမ်းချစ်ပါတယ်။ အသက်ပေးပြီးတော့ကို ချစ်ပါတယ်။ ယုံပါ. . . ယုံပါကွာ၊ ကိုယ့်ရဲ့မသိစိတ်ကရော သိစိတ်နဲ့ပါ ကိုယ့်အချစ်ဆုံးဟာ ငွေနှင်းပါ''

''အို. . . မယုံပါဘူး၊ ရှင်ဟာ လူလိမ်လူညာ''

''မဟုတ်ရပါဘူးကွာ၊ ကိုယ်မညာတတ်တာ ငွေနှင်းသိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီ. . . အန်တီကူပြောပေးပါဦးဗျာ။ မေမေ. . . ကျွန်တော့်ရဲ့မေမေရော မေမေ. . . ကျွန်တော် ငွေနှင်းကိုချစ်တယ်၊ မေမေ လိုက်တောင်းပေးပါ နော်''

ပခုံးမှ သေနတ်မှန်သည့်ဒဏ်ရာကို ခွဲစိတ်ကုသပြီး သူ့ကို ဆေးရုံတင်ထားရတာ နှစ်ရက်တောင်ရှိပါပြီ။

အထူးခန်းထဲမှာ နေသူရတစ်ယောက် ကယောင်ကတမ်းနှင့် အော်နေလိုက်တာ။

''ငွေနှင်း. . . ငွေနှင်းရေ၊ ကျွန်တော် ခင်ဗျားကိုချစ်တယ်ဗျာ ကျွန်တော့်ကို မထားခဲ့ပါနဲ့။ ကျွန်တော် ခင်ဗျားကိုအသက်ပေးပြီးတော့ ချစ်တာပါ။ ကျွန်တော် မသေချင်သေးဘူးဗျာ။ ငွေနှင်းကိုလက်ထပ်ချင်သေးတယ်။ သားတွေသမီးတွေ အများကြီးလိုချင်သေးတယ်''

နေသူရခမျာ ဒဏ်ရာနက်သွားတာကြောင့် အဆိပ်သင့်ပြီး ဖျားတာရော၊ အိပ်ရေးတွေပျက်လို့၊ ပင်ပန်းလို့ ဖျားတာရော၊ ရောပြီး နှစ်ရက်လုံးလုံး သတိမရပါ။

သူ့အနားမှာ အမြဲရှိနေပေးသူကတော့ သူ တစာစာတမ်းတနေတဲ့ ငွေနှင်းလေပြည်။

ဖြစ်ချင်တော့ သူတက်နေသည့်ဆေးရုံမှာ မြလင်းကြည်ဖြူလည်း အလုပ်ဝင်နေတာ။

လူနာဟာ သတိမရသေးပေမယ့် တစာစာ တမ်းတနေသူဟာ ငွေနှင်းဖြစ်နေလျှင် မြလင်း မျက်ရည်ဝဲရသည်။





''နှင့်အချစ်တွေဟာ သူနဲ့ပဲ ထိုက်တန်ပါတယ် သူရရယ်။ ငါ့လိုသစ္စာမရှိတဲ့ လော်လီဖောက်ပြားတတ်တဲ့မိန်းမနဲ့ မတန်ပါဘူး''

တစ်ယောက်ကလည်း သေလုနီးနေတာတောင် ငွေနှင်း. . . ငွေနှင်းနှင့် တစာစာ တမ်းတလို့။

တစ်ယောက်ကလည်း (၂၄)နာရီလုံးလုံး အနားမှမခွာ။ ပိုက်မျိုးစုံနှင့် ဆက်သွယ်ထားပြီး အနားမှာ စပယ်ရှယ်နာစ့်ရှိနေသည့်ကြားမှပင် ကုတင်ဘေးထိုင်ခုံမှာထိုင်ပြီး နေသူရရဲ့လက်ကိုကိုင်ကာ နေ့နေ့ ညည စောင့်ကြည့်နေလိုက်တာ။

တကယ့်ကို ကံနှိုက်ကံနှာတွေလိုပါပဲလား။ အချစ်ဆိုတာ အချိန်နဲ့ အချိုးမကျပါလား သူရရယ်။

ငါတို့တွေ (၇)နှစ် (၈)နှစ် ချစ်ခဲ့ကြပေမယ့် ဒီလိုမလေးနက်ခဲ့မိဘူးနော်။

ငါ့ရဲ့ပေသီးတွက် တွက်တတ်တဲ့နှလုံးသားထဲမှာ ဂုဏ်တွေ ငွေတွေ ပစ္စည်းဥစ္စာတွေကိုပဲ တမ်းတရှာဖွေနေမိခဲ့တယ်။

ငါ့ကိုခွင့်လွှတ်ပါ သူရ. . .

သစ္စာမှန်တဲ့၊ လုပ်ရပ်မှန်ကန်တဲ့ နင့်အတွက် မိုးနတ်မင်းက တကယ့်အကောင်းစားချစ်သူလေးကို လက်ဆောင်ပေးခဲ့ပါပြီ။

မြလင်းကြည်ဖြူတစ်ယောက် မျက်ရည်အဝဲသားနှင့် ငွေနှင်းကို ပြုံးပြပြီး အထူးခန်းထဲမှ ထွက်ခွာသွားလျှင်. . .

ငွေနှင်း. . . ချွေးတွေစို့နေသည့် နေသူရရဲ့မျက်နှာချောချောကို တစ်ရှူးနုနုလေးနှင့် ဖွဖွတို့သုတ်ပေးနေမိသည်။

နောက် ချစ်ရည်ရွှန်းသောမျက်ဝန်းများနှင့် နေသူရကို ချစ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးစွာ ငေးကြည့်နေဖြစ်သည်။

နေသူရရယ်. . . ရှင့်ရင်ထဲက အချစ်တွေကို ငွေနှင်း နားလည်ခဲ့ရပါပြီရှင်။ ရှင့်ရဲ့မအိပ်မနေစောင့်ရှောက်မှုကြောင့် ကျွန်မတို့သားအမိတွေလည်း အန္တရာယ်တောမှ လွတ်ကင်းရပါပြီ။

ထိုနေ့ညက အဖြစ်အပျက်တွေကို ငွေနှင်း ပြန်ပြီးမြင်ယောင်မိပါသည်။

အခန်းအပြင်ဘက်မှ သေနတ်သံကြောင့် သူတို့သားအမိတွေကြောက်ပြီး တံခါးပိတ်ထားတုန်း လေကားမှတဒုန်းဒုန်းပြေးတက်သံများနှင့်အတူ ရဲအရာရှိများ ရောက်လာကြပြီး လူဆိုးများကို ဖမ်းဆီးနေတော့မှ သားအမိနှစ်ယောက် တုန်တုန်ယင်ယင်နှင့် တံခါးဖွင့်လိုက်ကြသည်

"အမယ်လေး! ကို. . . ကိုနေသူရ"

ပခုံးမှာ သွေးတွေစိုရွှဲနေသည့် နေသူရကို မောက်လျက်သားမြင်လိုက်ရလျှင် ငွေနှင်းတစ်ယောက် ပဏ္ဍာမြေလူးဖြစ်သွားပြီး ပြေးဒွေအော်ငိုမိလိုက်တာ ဘယ်သူ့ကိုမှ မရှက်နိုင်ခဲ့ပါ။

နောက်မှ အမြန်ဆုံးဆေးရုံတင်ပြီး ကုသပေးနေရင်း ရဲအရာရှိများ မေးသမျှစစ်ချက်ကို ဖြေရသည်။

လူဆိုးသုံးယောက်မှာ ဦးတာနှင့် သူ့တပည့်နှစ်ယောက်။ သေနတ်ကိုင်သူလူဆိုးဟာ ဦးတာ။

ယခုတော့ သူမတို့မှာ အန္တရာယ်ရှင်းသွားရပါပြီ။ ထိုညက သူတို့တက်လာတာလည်း သူဖာတို့ တံခါးဖွင့်ပေးလို့မဟုတ်ရပါ။ သူတို့သော့တူတွေ လုပ်ထားခဲ့လို့ပါ။

ငွေနှင်း ဘယ်သူ့ကိုမှ မရှက်နိုင်သလို၊ လူမမာ ကိုရွှေချော





လည်း သတိလစ်နေရင်းမှပင် ကယောင်ကတမ်းနှင့် တမ်းတနေသူဟာ ငွေနှင်းမှ ငွေနှင်းပါ။

နေသူရမျက်နှာကို လက်ဝါးလေးနှင့်ပွတ်ပေးနေရင်း တစိမ့်စိမ့်ကြည့်ကာ အစိုးရိမ်တွေပိုနေတုန်း အခန်းထဲဝင်လာတာ အစ်ကိုမြဒင်နှင့် ဗဒင်တို့ညီအစ်ကို။ နောက်မှပါလာသူကတော့ နေသူရရဲ့အမေ ဒေါ်မိုးသူ။ အစ်ကို မြဒင်က ပြုံးစိစိရုပ်နှင့်. . .

"ငွေနှင်း. . . ဒါ နေသူရအမေ ဒေါ်မိုးသူတဲ့။ သဘောကတော့ ဘာကောင်းသလဲမမေးနဲ့။ နင်နဲ့တည့်မှာ သေချာတယ်"

"ဟာ! အစ်ကိုကလည်း ဘာတွေလျှောက်ပြောနေတာလဲ။ ဒီမှာ လူမမာကိုတော့ စိတ်မပူဘဲနဲ့"

"ဟ! ဘာပူစရာရှိလဲဟ။ ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ နင့်လူ မိုက်သတ်တောင်မသေဘူး။ ဟော့ကောင်! နေသူရ၊ ထ. . . ထတော့။ ဒီလောက်ဖိမ်လုပ်ရ တော်ရောပေါ့ကွာ၊ ဒီမှာ မင်းအတွက် မအိပ်နိုင်မစားနိုင်ဖြစ်နေရတဲ့သူကို သနားပါဦး"

တကယ့်ကို အစ်ကိုမြဒင်နှင့်ဗဒင်တို့နှစ်ယောက် နေသူရကို လှုပ်နိုးနေကြလျှင် ငွေနှင်း ကြည့်နေရတော့သည်။

ခဏကြာလျှင် နေသူရ သတိရလာပြီး မျက်လုံးလေးများ ပွင့်လာသဖြင့် အားလုံး ဝမ်းသာသွားကြသည်။

"သား. . . သူရ၊ မေမေလေ. . . မေမေ"

"ဟော့ကောင်! ထတော့၊ ဒီမှာ ငွေနှင်း မျက်ရည်တွေ ပင်လယ်ဖြစ်တော့မယ်"

နေသူရ ထဖို့ပြင်တော့ ဗဒင်က တွဲထူပေးလိုက်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



နေသူရ လက်လှမ်းတာ ငွေနှင်း၊ ဗဒင် မျက်စောင်းထိုးရင်း အသံတိတ် ဆဲလိုက်သည်။

"နှာဘူး၊ သတိရတာနဲ့ နှာခေါင်းက လာပြီ"

နေသူရ ငွေနှင်းကိုစိုးရိမ်တကြီးကြည့်ပြီး. . .

"ငွေနှင်းတို့ ဘာမှမဖြစ်ဘူးနော်၊ ဘာမှမဖြစ်ဘူးမဟုတ်လား။ ကိုယ် ရဲ့ဗြာနကိုလည်း ဖုန်းဆက်တာ၊ ရောက်မလာကြဘူးလား"

"လူဆိုးတွေ အကုန်ဖမ်းမိပြီ ကို၊ ဦးတာတို့အဖွဲ့ပဲလေ။ အားလုံး ငြိမ်းချမ်းသွားပါပြီ။ အဲဒါ ကို့ကျေးဇူးကြောင့်ပေါ့။ အရမ်းကျေးဇူးတင်တယ် သိလား။ သေမင်းလုပ်တာလည်း သူတို့ပဲ"

"ကို. . ."

နေသူရ အသံတိုးတိုးလေး ရေရွတ်တော့မှ ငွေနှင်းသတိထား မိသွားပြီး လူနာရဲ့ကောင်းနေတဲ့လက်မောင်းကို ဖွဖွထုမိသည်။

လူဆိုး. . .မသိချင်ယောင်ဆောင်နေတာ မဟုတ်ဘူး။ ဒီက ရှက် အောင်လုပ်တယ်။

နေသူရကတော့ ဝင်းထိန်နေသည့်မျက်နှာကြီးနှင့်။

"တော်သေးတာပေါ့ နှင်းရယ်၊ ကိုယ့်မှာ သတိလစ်ရတာတောင် စိတ်မဖြောင့်ဘူး"

"တော်ပါ၊ နှစ်ရက်ကြီးတောင် သတိလစ်နေပြီးတော့များ။ သူ များမှာ ငိုလိုက်ရတာ"

နေသူရ ကြည်နူးသည့်အပြုံးဖြင့် ငွေနှင်းကိုကြည့်မိပြန်သည်။ ဟုတ်ပါရဲ့. . .နှင်းရဲ့ပါးလေးတွေ နှာသီးလေးတွေခမျာ နီနီနီ။ သနပ်ခါး မိတ်ကပ်ကင်းစင်သည့်မျက်နှာလေးမှာ သောကရှုပ်ကု သူ့မျက်စိထဲမှာ





အလှဆုံးပါ။

"ဆောရီး နှင်းရယ်၊ စိတ်ပူအောင်လုပ်မိတယ်"

သူတို့နှစ်ယောက်တည်း ရှိသည့်အလား တစ်ယောက်နှင့်တစ် ယောက် အချစ်တွေနှင့် သံလိုက်စက်ကွင်းလို အပြန်ပြန်အလှန်လှန် ညှို့ ငင်နေကြတော့. . .

အစ်ကိုမြဒင်နှင့် ဗဒင်. . .ဒေါ်မိုးသူကိုပါ အပြင်ထွက်ဖို့ ဆွဲခေါ် လိုက်သည်။

"ကဲ! အန့်တီရေ၊ အန့်တို့သား လူမမာကတော့ လုံးဝဆေးမတိုး တော့ဘူး။ အမြန်ဆုံးတောင်းရမ်း၊ မြန်းပြီး အမြန်ဆုံး မိန်းမပေးစားဖို့သာ တိုင်ပင်ရအောင်"

"ဟုတ်လို့လား မောင်မြဒင်ရယ်"

"ဟုတ်သမှ ဟုတ်. . .ဟုတ်တောင် မြည်နေသေး။ လာ! အန် တီ၊ အပြင်မှာ စကားပြောကြရအောင်"

အားလုံးထွက်သွားကြတော့ ငွေနှင်း သူ့ကို ချစ်မျက်စောင်းလေး ထိုးမိသည်။

"ဘေးလူတွေ မျက်နှာပူရအောင် အားကြီးလုပ်တာပဲ။ သတိ လစ်နေတဲ့ နှစ်ရက်လုံးလုံးလည်း လူကိုပဲအော်ခေါ်နေတာပဲ"

"ကိုယ့်ရင်ဘတ်ကြီးထဲမှာ ငွေနှင်းနဲ့ပြည့်နေတာ ယုံပြီလား"

"မယုံပါဘူး၊ ကျန်ရစ်ကြီး. . .သူများထားခဲ့တဲ့လူကြီး"

"ဟော့! ဟော့! ဒီလိုတော့မပြောနဲ့နော်၊ ငွေနှင်းနဲ့ကျမှ ပြင်းပြင်း ပြပြ ချစ်တတ်လာတဲ့ကောင်ပါ။ မယုံဘူးဆိုရင် ယုံအောင်သက်သေပြ လိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"လူကဖြင့် ဆေးရုံပေါ်မှာ။ ဘာတွေကဲချင်သေးလို့လဲ. . . ဟင်း"

ငွေနှင်းရဲ့ချစ်မျက်စောင်းလေးက နေသူရကို အသည်းယားစေလျှင် သူ ကော်င်းသည့်လက်နှင့် ငွေနှင်းကိုအတင်းဖက်ထားလိုက်မိလေပြီ။

"အား. . . အား. . . ကိုနေ၁ှ် သတိလေးလည်း ထားပါဦး။ ဒါ ဆေးရုံပေါ်မှာရှင့်"

"အရမ်းချစ်တယ် နှင်းရယ်၊ ကိုယ့်ကိုသိုက်တူးသမားလို့ မထင်ဘူးဆိုရင် အမြန်ဆုံးလက်ထပ်လိုက်ချင်တယ်ကွာ"

သူ့အသံက မချင့်မရဲနှင့် ညည်းညည်းတွားတွားလေးဖြစ်နေလျှင် ငွေနှင်း မကျိုးစယ်ရက်တော့ပါ။

"မထင်ပါဘူး ကိုရယ်၊ ငွေနှင်းတို့သားအမိရဲ့အသက်အိုးအိမ်စည်းစိမ်ကို ကို ကာကွယ်ပေးခဲ့လို့ပါ။ ကိုသာ နေကောင်းအောင် အမြန်ဆုံးကြိုးစား၊ နေကောင်းတာနဲ့ လက်ထပ်ပေးမယ်တဲ့"

"အန်တီကလား"

"အင်းပေါ့"

"ဝမ်းသာလိုက်တာ အချစ်ကလေးရယ်၊ ကိုယ့်ရင်ထဲမှာ နွေ ထက်ပူခဲ့ရသမျှ ခုမှပဲ နှင်းစက်လေးနဲ့ ဖျန်းပက်ခံရတော့တယ်"

"ကိုပိုကြီး. . . ဟွန်း"

သည်တစ်ခါ ထိုးလိုက်တဲ့ငွေနှင်းရဲ့ချစ်မျက်စောင်းလေးဟာ နေသူရအတွက် အလှဆုံးရွေရုပ်လွှာ။ ။

**ကြယ်စင်မှူးဝေ**

**7 - 4 - 2014 (Mon:)**

ဩဂုတ်လ ၂၀၁၃ တွင် ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

မိုးနှင့်အတူ

**ကြယ်စင်မှူးဝေ**

နွေထက်ရင့်သောနွေ

**မယ်ခိုင်**

ခရီးသည်

**မိုးစက်ပွင့်**

မရည်ရွယ်ပါ . . . သို့သော်

**အလင်းသစ်**

လရောင်နမ်းတဲ့ ပန်းကလေး

**ခေတ်ပျိုဖြူ**

အပြာရောင် ဒိုင်ယာရီ

www.burmeseclassic.com